# မျိုးသက်မညှိုင်

ကရင်လူမှုဘဝဓလေ့မှတ်စုများ

မန်းနဲ့ကံ(ဖာသိမ်)



# မျိုးသက်မဏ္ဍိုင်

ကရင်လူမှုဘဝဓလေ့မှတ်စုများ

မန်းနဲကံ(ဟာသိမ်)

| | |
|---|---|
| ထုတ်ဝေသူ | ဦးသျှန်တိုးမြင့်ဦး<br>မြန်မာ့ခြေရာစာပေ(၀၁၄၄၁)<br>အမှတ် စ/၂၃၈၊ ဒုတိယထပ် (အေ)၊<br>မေဓာဝီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။ |
| ပုံနှိပ်သူ | ဦးဝင်းအောင်<br>မိန်းပုံနှိပ်တိုက် (၀၁၁၁၉)<br>အမှတ် ၁၉၁(မြေညီထပ်)၊ ၃၉ လမ်း (အလယ်)၊<br>ကျောက်တံတားမြို့နယ်၊ ရန်ကုန် |
| စာအုပ်ချုပ် | KKH |
| အုပ်ရေ | ၁၀၀၀ |
| ပုံနှိပ်ခြင်း | ပထမအကြိမ် ( ၂၀၁၈ – ဩဂုတ်လ) |
| တန်ဖိုး | ၂၅၀၀ ကျပ် |
| Size | 13.7 cm x 20.5 cm |

# မာတိကာ

| | |
|---|---|
| စာရေးသူ၏အမှာစာ | ၁ |
| စကားချီး | ၃ |
| လူသားအစ တွေးခေါ်ယူဆမှု | ၅ |
| ဘာသာရေးအယူအဆ လူသားဖြစ်ပေါ်လာပုံ | ၆ |
| ကရင်လူမျိုးတို့၏ လူသားဖြစ်ပေါ်လာပုံ ဒဏ္ဍာရီ | ၆ |
| ကျောက်ခေတ်လူသား အခြေအနေ | ၈ |
| မြန်မာ့ကျောက်ခေတ် | ၁၀ |
| လူသားမျိုးနွယ် ဆင်းသက်ပျံ့နှံ့လာပုံ | ၁၁ |
| ပင်ရင်းလူ့အမျိုးအနွယ်များ | ၁၁ |
| ကရင်လူမျိုး ဆင်းသက်လာရာ နောက်ခံသမိုင်း | ၁၄ |
| ကရင်လူမျိုးစုတို့၏ မူလဒေသ | ၁၄ |
| မူလဒေသနှင့် မူရင်းနာမည် | ၁၅ |
| ဆင်းသက်လာရာနှင့် ခရီးကြမ်း | ၁၆ |
| ခွဲခွာရာအစ ယူနန်က | ၁၈ |
| ခွဲထွက်လာရာ လမ်းသုံးဖြာ | ၁၉ |
| မဲခေါင်မြစ်ဝှမ်းမှ ဆင်းသက်လာသော ကရင်မျိုးနွယ်စု | ၁၉ |
| ဧရာဝတီမြစ်ဝှမ်းမှ ဆင်းသက်လာသော ကရင်မျိုးနွယ်စု | ၂၁ |
| သံလွင်မြစ်ဝှမ်းမှ ဆင်းသက်လာသော ကရင်မျိုးနွယ်စု | ၂၃ |
| ရှေးဦးလူနှင့် ရေမြေအနေအထား | ၂၃ |
| ရှေးဦးမြန်မာလူမျိုးများ | ၂၄ |
| ပင်လယ်ရေနှင့် ဖွဲကပင် | ၂၅ |
| ရှေးဦးလူနှင့် ကရဏ္ဍကတိုင်း | ၂၆ |
| ရှေးဦးဘုံစနစ်နှင့် ကရင်ဓလေ့ | ၂၇ |
| ပဒ္ဒာဝနမြို့ (ခေါ်) ဒုံရင်းမြို့ ဖြစ်ပေါ်လာရခြင်း | ၂၈ |
| သုဝဏ္ဏဘုမ္မိပြည် ပေါ်ပေါက်ခြင်း | ၂၈ |
| ဖွဲကပင်စေတီ တည်ခြင်း အကြောင်း | ၂၉ |
| မဏ္ဍလသုံးရပ်နှင့် တိုင်းရင်းသားများ | ၃၁ |
| ရာမညဒေသ၏ သထုံပြည် | ၃၃ |

ပအာဝနမင်းသမီး နဂ်လာဒေဝီအကြောင်း ၃၄
ကာလပျက်ချိန်နှင့် သံလွင်မြစ်အရှေ့ဘက်ခြမ်းအခြေအနေ ၃၅
မောင်ဒေဝနှင့် နန်းရွှေကျင်အကြောင်း ၃၆
ယဉ်ကျေးမှုအစ ဒုံရင်းက ၃၈
ရှမ်းယွန်းများဝင်ရောက်လာခြင်း ၃၉
မဂဒူးမင်းဆက်နှင့် ရာမညတိုင်း ၄၀
ကရင်နယ်စားမင်းတို့၏ ဘဝနိဂုံး ၄၀
ပဒေသရာဇ်မင်းတို့၏ အရှုပ်တော်ပုံ ၄၁
မြေရှင်ပဒေသရာဇ်ခေတ်နှင့် ကရင်တို့၏ကံကြမ္မာ ၄၄
လွတ်လပ်ရာဒေသနှင့် ကရင်တို့၏ဘဝ ၄၅
ခေတ်ပြိုင်ပဒေသရာဇ်စနစ်အောက်မှ ကရင်တို့ဘဝ ၄၆
အတိတ်နှောင်းက ဖြစ်ရပ်များ ၄၇
ရှေးဟောင်းလက်စင်းရာအုတ်နှင့် သမိုင်းဆက် ၄၈
ရှေးဟောင်းအမည်မှန်ဖော်ထုတ်ပြန် ၄၉
ဖာသိမ်ဘုရင်၏ ဒက္ခာရီ ၅၀
ဖာသိမ်နယ်နှင့် သမိုင်းနောက်ခံ ၅၁
ဖာသိမ်ရွာ၏မူရင်းအမည် ၅၃
နောက်ထပ်လူသစ်များနှင့် ဖာသိမ်မြေ ၅၅
နော်မုအိုင်နှင့် သူရောင့်အကြောင်း ၅၈
ထူးဆန်းတမူ ဖားဘောင်ဂူ ၆၁
ရှေးဟောင်းလိုဏ်ဂူဘုရားနှင့် အတိတ်ကာလ ၆၂
ဖားဘောင်ဂူ၏ မူရင်းအမည် ၆၃
ကုန်းဘောင်မင်းဆက် ဖန်တီးခဲ့သော မြန်မာနိုင်ငံတော် ၆၆
အင်္ဂလိပ်တို့ အုပ်ချုပ်ခြင်း ၆၈
အမျိုးသားရေးစိတ်ဓာတ် နိုးကြားလာသောကရင်များ ၆၉
ကိုယ်ချင်းစာတရားနှင့် မျိုးချစ်စိတ် ၇၁
အင်္ဂလိပ်နယ်ချဲ့ ဆန့်ကျင်ရေး ၇၂
ဖက်ဆစ်ဂျပန်ဆန့်ကျင်ရေး ၇၃
တော်လှန်ရေးကောင်စီခေတ် ၇၄
ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် ၇၄

| | |
|---|---|
| အာဂကာရှင်ဆိုသည့် မူဝါဒ | ၇၆ |
| လူသားနှင့် ယုံကြည်ကိုးကွယ်မှု | ၇၇ |
| ဝိညာဉ်ရှိမှုကို ယုံကြည်လာခြင်း | ၇၇ |
| သေသည်၏အခြားမဲ့နှင့် ဝိညာဉ်ရှုထောင့်အယူအဆများ | ၇၈ |
| ဝိညာဉ်ခန္ဓာနှင့် ဝိညာဉ်ဘဝ | ၇၉ |
| ရှေးဂရိပညာရှင်တို့၏ ဝိညာဉ်ယူဆမှု | ၇၉ |
| တိဘက်ရှေးဟောင်း ဝိညာဉ်ကျမ်း | ၈၀ |
| ရှေးအီဂျစ်လူမျိုးနှင့် ဝိညာဉ်ယုံကြည်မှု | ၈၁ |
| အနောက်နိုင်ငံနှင့် တမလွန်ဘဝယုံကြည်မှု | ၈၁ |
| အီမာညျူယယ်ဆွီဒင်ဗော့၏ ဝိညာဉ်လေ့လာတင်ပြချက် | ၈၂ |
| ဝိညာဉ်အယူအဆနှင့် ဗရော့၏တင်ပြချက် | ၈၃ |
| တစ္ဆေ ဆိုတာ ဝိညာဉ်လား | ၈၃ |
| စဉ်းစားဝေဖန်သုံးသပ်ချက် | ၈၄ |
| မြန်မာပြည်တိုင်းရင်းသားတို့၏ ဝိညာဉ်ရိုးရာဓလေ့ | ၈၅ |
| ချင်းလူမျိုးတို့၏ ဝိညာဉ်အယူအဆ | ၈၆ |
| ကချင်လူမျိုးတို့၏ ဝိညာဉ်အယူအဆ | ၈၈ |
| ရှမ်းလူမျိုးတို့၏ ဝိညာဉ်အယူအဆ | ၈၉ |
| ရခိုင်လူမျိုးတို့၏ ဝိညာဉ်အယူအဆ | ၉၀ |
| မွန်လူမျိုးတို့၏ ဝိညာဉ်အယူအဆ | ၉၀ |
| ကယားတို့၏ ဝိညာဉ်အယူအဆ | ၉၁ |
| ကရင်လူမျိုးတို့၏ ဝိညာဉ်အယူအဆ | ၉၃ |
| ဘိုးဘွားဝိညာဉ်ကိုးကွယ်မှု | ၉၅ |
| ကရင်ရိုးရာ ဂုဏ်ကျေးဇူးပူဇော်ကန်တော့ပွဲ | ၉၆ |
| သစ္စာတိုင် ဓူဝေ ရိုးရာဓလေ့ယုံကြည်မှု | ၁၀၀ |
| ဝိညာဉ်ခေါ် လက်ရစ်ချည်ခြင်းအကြောင်း | ၁၀၃ |
| ဝိညာဉ်အယူအဆနှင့် ယုံကြည်မှု | ၁၀၄ |
| လက်ရစ်ချည်ခြင်းအကြောင်း (၁၀)မျိုး | ၁၀၅ |
| ဖျားနာသည့်အခါ လက်ရစ်ချည်ဆုတောင်းပေးခြင်း | ၁၀၆ |
| ဝိညာဉ်လိပ်ပြာလွင့်မျော၍ လက်ရစ်ချည်ဆုတောင်းပေးခြင်း | ၁၀၈ |
| ဝိညာဉ်လိပ်ပြာခွဲ၍ လက်ရစ်ချည်ခြင်း | ၁၁၀ |

| | |
|---|---|
| ဘိုးဘိုးကြီး နတ်သစ်ပင် ပူဇော်ပြီးနောက် လက်ရစ်ချည်ခြင်း | ၁၁၁ |
| ကိုယ်ဝန်ဆောင်သူကို လက်ရစ်ချည်ပေးခြင်း | ၁၁၂ |
| မွေးကင်းစကလေးအား လက်ရစ်ချည်ဆုတောင်းပေးခြင်း | ၁၁၃ |
| အရွယ်ရောက်ပွဲ လက်ရစ်ချည်ဆုတောင်းပေးခြင်း | ၁၁၅ |
| ချည်ဖြူသက်သေ လက်ရစ်ချည်ဆုတောင်းပေးခြင်း | ၁၁၇ |
| ထိမ်းမြားမင်္ဂလာ လက်ရစ်ချည်ဆုတောင်းပေးခြင်း | ၁၁၈ |
| ဝါခေါင်လ လက်ရစ်ချည်ဆုတောင်းပေးခြင်း | ၁၂၁ |
| လက်ရစ်ချည်ဆုတောင်းထဲမှ ပညတ်ချက် ၈ ချက် | ၁၂၆ |
| ဂာယ်ဖလို ဂာယ်မိန်၏ အဓိပ္ပာယ်ကောက်နတ်ချက် | ၁၂၇ |
| နောင်လော့ နောင်ခလော် အဓိပ္ပာယ်ကောက်နတ်ချက် | ၁၂၈ |
| နောင်လော့(ခေါ်)နောင်လောက်အကြောင်း ယူဆချက် | ၁၂၉ |
| နောင်ခလော်(ခေါ်)နောင်ခလုံ့အကြောင်း ယူဆချက် | ၁၂၉ |
| ခလုံးဆိုင်း ဆာမောင် အဓိပ္ပာယ်ကောက်နတ်ချက် | ၁၃၁ |
| ခလုံးဆိုင်းအကြောင်း ယူဆချက် | ၁၃၁ |
| စမောင်း (ခေါ်) ဆာမောင်အကြောင်း ယူဆချက် | ၁၃၂ |
| သွခွတ်လွန့်ထိုင်အောဘားလပော အဓိပ္ပာယ်ကောက်နတ်ချက် | ၁၃၄ |
| အောဘားသွခွတ်လပော ယူဆချက် | ၁၃၄ |
| အောဘားလွန့်ထိုင်လပောအကြောင်း | ၁၃၅ |

## စာရေးသူ၏အမှာစာ

ကရင်လူမျိုးတို့၏ ဖြစ်ပျက်ခဲ့သော ဘဝသမိုင်းနှင့် ရိုးရာ ဝိညာဉ် လက်ချည်ဆုတောင်းပွဲအကြောင်းကို စာအုပ်တစ်အုပ်အဖြစ် ရေးသားဖော်ပြရန် အချိန်ကြာမြင့်စွာ ရည်ရွယ်ခဲ့ပါသည်။

သို့ရာတွင် စာပေ မန့်စပ်၍ နနယ်သော အသိဉာဏ်ပိုင်းဆိုင်ရာ အားနည်းခြင်းကြောင့် မရေးဝံ့ မရေးဖြစ်ခဲ့ပေ။ စာရေးသူသည် အမျိုးသားရေးကို တိုးတက်မြင့်မားစေလိုသော ဆန္ဒဖြင့် ရဲဆေးတင်၍ စွမ်းနိုင်သမျှ ရေးသားပြုစုရန် ဆုံးဖြတ်ချက်ချခဲ့သည်။

မိမိဆုံးဖြတ်ချက်အတိုင်း အောင်မြင်မှု ရရှိစေရန်အတွက် လက်လှမ်းမှီသမျှ စာရွက် စာတမ်းများနှင့် ရှေးမီ နောက်မီ လူကြီးသူမများမှတစ်ဆင့် ရှေးဟောင်းရိုးရာ ယဉ်ကျေးမှု သမိုင်းစာပေအထောက်အထားများ ဝိညာဉ်လောက အတွေးအခေါ်၊ စာပေများ တို့ဖြင့် ပေါင်းစပ်၍ ကိုးကားထားပြီး မြန်မာတိုင်းရင်းသားလူမျိုးတို့၏ ဝိညာဉ်အယူအဆ သဘောများနှင့် ယှဉ်တွဲ၍ ရေးသားဖော်ပြထားပါသည်။

သို့ရာတွင် ရိုးရာယုံကြည်မှုသည် အတွေးသစ်အမြင်သစ် ခေတ်နှင့်လျော်ညီစွာ ဖြစ်ပေါ်လာသော အကြောင်းတရားတို့ကြောင့် ရေးသားဖော်ပြရာတွင် နားလည်မှု ယူကြရသည်။ ကရင်လူမျိုးတို့၏ ရိုးရာဝိညာဉ် အယူအဆသည် ရှေးအစဉ်အလာအားဖြင့် ရှိနေပြီဖြစ်သောကြောင့် လူတို့၏ယုံကြည်ကိုးကွယ်မှုနယ်ပယ်၌ ပါဝင်နေသော်လည်း ဤရိုးရာဝိညာဉ်ဓလေ့သည် ဘာသာရေးယုံကြည်မှုနှင့် မသက်ဆိုင်ချေ။ ကရင်လူမျိုးတို့၏ ရိုးရာဓလေ့အစဉ်အလာ ဖြစ်ပျက်ခဲ့သော ယဉ်ကျေးမှုအနေနှင့် အများသိစေလိုသော ဆန္ဒသက်သက်ဖြင့် ဝိညာဉ်အတွေးအခေါ် အယူအဆ သဘောတရားများကို ရေးသားတင်ပြထားခြင်း ဖြစ်သည်။

ကရင်လူမျိုးတို့၏ ဝိညာဉ်ရိုးရာဆုတောင်းခြင်း ဓလေ့အစဉ်အလာများကို ရေးသား ဖော်ထုတ်ရခြင်း ရည်ရွယ်ချက်မှာ ကရင်အမျိုးသားအားလုံး ကွဲပြားနေသော ဘာသာပေါင်းစုံ ကရင်မျိုးနွယ်ပေါင်းစုံတို့အား အချင်းချင်းသင့်မြတ်မှုနှင့် သွေးစည်းညီညွတ်မှု တစိတ်တဝမ်းတည်းဖြစ်အောင် ရည်ရွယ်ပြီး အနာဂတ်လူငယ်မျိုးဆက်များအတွက် လက်တွေ့မှန်ကန်သော ဝိညာဉ်ဆုတောင်းခြင်း အဆိုအမိန့် အချက်အလက်များကို သိသာရန်နှင့် လိုက်နာကျင့်သုံးရန်သာ ဖြစ်သည်။ ဝိညာဉ်ရိုးရာချည်ဖြူဖွဲ့ ဆုတောင်းခြင်း ယုံကြည်မှု

သည် ရှေးဘိုးဘွားကရင်လူမျိုးတို့၏ တစ်ခုတည်းသော ယုံကြည်မှုကို ကရင်လူမျိုးစုတို့ တစ်ချိန်က တညီတညွတ် လက်ခံယုံကြည်သော အယူအဆတစ်ခုပင် ဖြစ်သည်။

ယနေ့ မျက်မှောက်ကာလတွင် ဘာသာအမျိုးမျိုး ယုံကြည်လက်ခံလာသော အခါ ရှေးကရင်ဘိုးဘွား မိရိုးဖလာယုံကြည်မှုတို့သည် ရိုးရာဓလေ့အဖြစ်သာ ထင်ကျန် နေခဲ့သည်။ ထို ရိုးရာဓလေ့ ယုံကြည်မှုတစ်ခုကိုသာ တစ်စုတစ်စည်း နားလည်မှုယူကြပြီး ကရင် လူမျိုးစုတို့၏ ဘာသာရေးယုံကြည်မှုကြားမှ အလယ်ဗဟိုအဖြစ် ရပ်တည်ပေးသည့် ယဉ်ကျေးမှုတစ်ခုကို ကရင်လူမျိုးတို့၏ အသက်မဏ္ဍိုင်ကြီးအဖြစ် နားလည်သဘောပေါက် ကြရမည်။ ရှေးဘိုးဘွားတို့၏ ဝိညာဉ်ဆုတောင်းခြင်း အဆိုအမိန့်လမ်းညွှန်၏ သဘော တရားများကို လိုက်နာဆောင်ရွက်ကြမယ်ဆိုလျှင် ဆုတ်ယုတ်မှု၊ ကျဆုံးမှုသို့ ရောက်နိုင် လိမ့်မည် မဟုတ်ဟု ကျွန်ုပ်တို့ ယုံကြည်သင့်သည်။

ဤဝိညာဉ်ဆုတောင်းခြင်း ရည်ရွယ်ချက်သည် ဝိညာဉ်ကောင်းစားရေးအတွက် (သို့မဟုတ်) ခေတ်အမြင်အားဖြင့်ဆိုလျှင် ဝိညာဉ်အသိစိတ်ဓာတ် ဖွံ့ဖြိုးမြင့်မားစေရန် အတွက် လမ်းပြပေးခြင်း၊ ပညာပေးခြင်း သဘောနှင့်လည်း ယူဆနိုင်သည်။ သို့ဖြစ်၍ ဆု တောင်းရုံနှင့် ပြီးပြည့်စုံခြင်း အောင်မြင်ခြင်းသို့ မရောက်နိုင်ပေ။ မိမိတို့ ကိုယ်တိုင် ထိထိ ရောက်ရောက် လိုက်နာကျင့်သုံးမှုရှိမှ ကျွန်ုပ်တို့လူမျိုးအတွက် အောင်မြင်တိုးတက်နိုင် မည့် လမ်းညွှန်မှုတစ်ခု မီးမောင်းထိုးပြသကဲ့သို့ မျိုးရိုးဇာတိဂုဏ်သည်လည်း ထင်ဟပ် ပေါ်လွင်လာလိမ့်မည်ဟု စာရေးသူ ယုံကြည်မိသည်။ သို့ရာတွင် ဤဝိညာဉ် အယူအဆနှင့် ပတ်သက်သော အချက်အလက်များ အထောက်အထားများ လိုနေပေဦးမည်။ ကရင် ရိုးရာ ဝိညာဉ်ဆုတောင်းပွဲ အဆိုအမိန့် အချက်အချာဖြစ်သော ရှေးဟောင်းကရင်စကား အဓိပ္ပာယ် တို့ကို ကောက်ယူ၍ ကြံစည်၊ တွေးတော၊ ရေးသားရသဖြင့် ဟာကွက်နှင့် လိုအပ်ချက်များ အမြင် မတိုက်ဆိုင်မှုများ တွေ့ရှိခဲ့ပါလျှင် စာရေးသူ၏ အားနည်းချက်ကြောင့်သာဖြစ်၍ ခွင့် လွှတ် နားလည်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဤစာအုပ်သည် စာရေးသူ လေ့လာ မှတ်သားခဲ့ဖူးသမျှ အချက်အလက်များနှင့် ကရင်လူမျိုးတို့ အစဉ်အဆက်လက်ခံလာခဲ့သော အကြောင်းအရာများဖြစ်သည့်အတွက် သမိုင်းပညာရပ် စံနှင့် ကြည့်မည်ဆိုလျှင် အားနည်းချက်များ ရှိနေပေလိမ့်မည်။ စာရေးသူ အနေဖြင့် မိမိစွမ်းနိုင်သမျှ ကြိုးစားထားပါသည်။ မိမိကိုယ်ကျိုးအတွက် မရည်ရွယ်ဘဲ အမျိုးသားရေးအတွက် မေတ္တာရှေ့ထားပြီး ရေးသားတင်ပြရခြင်း ဖြစ်သည်ကို စာရှုသူများ သိစေအပ်ပါသည်။

## စကားချီး

လူ့သမိုင်းအမှတ်အသားဟူသည်မှာ လူသားတို့၏ နေထိုင်လာခဲ့ရာ ဒေသများနှင့် ဘဝဖြစ်စဉ်ဖြစ်ရပ်များထဲမှ ထင်ရှားသော ကာလအပိုင်းအခြားများကို ဆိုလိုပါသည်။ ဤစာအုပ်တွင် ကမ္ဘာဦးတည်စ ကျောက်ခေတ်၊ ကြေးခေတ် ပဒေသရာဇ်ခေတ်မှ မျက်မှောက်ခေတ်အထိ ရေးသားဖော်ပြထားသည်။

ရှေးဦးပိုင်း ကျောက်ခေတ်ကာလတွင် ကရင်လူမျိုးစုတို့ ဆင်းသက်လာရာအကြောင်း မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်နေထိုင်လာခဲ့သော ခေတ်စနစ်အကြောင်း၊ ပဒေသရာဇ်စနစ်နှင့် ကရင်လူမျိုးစုတို့အကြောင်း၊ ကမ္ဘာ့လူသားတို့၏ ယုံကြည်ကြသော ဝိညာဉ်အယူအဆများ၊ မြန်မာတိုင်းရင်းသားတို့၏ ဝိညာဉ်အယူအဆများနှင့် ကရင်လူမျိုးတို့၏ ဝိညာဉ်အယူဝါဒ ကိုးကွယ်မှုအကြောင်း၊ ထိုအကြောင်းတို့နှင့် ဆက်နွယ်နေသော ကရင်လူမျိုးစုတို့၏ ဘဝအခြေအနေ လူနေမှု ဓလေ့ထုံးစံ အသီးသီးတို့ကို ခွဲခြားထား၍ တင်ပြထားသည်။ တချို့ တိမ်မြုပ်နေသော အတိတ်ကာလ ဓလေ့ ဆိုရိုးစကား အပိုင်းအစများနှင့် သမိုင်းအတိုအထွာများကိုလည်း ရေးသားဖော်ထုတ်ထားလေသည်။

ဤသို့ရေးသားဖော်ထုတ်ရခြင်းသည် ရှေးဟောင်းအယူအဆဝါဒ ဓလေ့မှ ဆိုရိုးစကားတို့နှင့် ကွင်းဆက်နေသော သမိုင်းအပိုင်းအစတို့ကို ဖော်ထုတ်မှသာ ကရင်တို့ဘဝ သမိုင်း တစ်လျှောက် ပေါ်လွင်စေခဲ့သည်။ ထိုရှေးလူတို့၏ တားမြစ်ချက် ဆိုရိုးစကားတို့သည် ပစ္စုပ္ပန်ကာလ မျက်မှောက်ခေတ်တွင် တိုက်ဆိုင်မှုများ မှန်ကန်မှုများ ရှိနေခြင်းဖြင့် နောင် အနာဂတ်ကာလ အဆက်ဆက်တွင် မြင်သာ ထင်သာရှိစေရန် ရေးသားဖော်ပြရခြင်း ဖြစ်သည်။

စာရေးသူ လေ့လာကြည့်ရာတွင် ပေါ်လွင်လာသော အကြောင်းအရာသစ်များကို ထည့်သွင်းဖော်ပြထားရာ၌ ခေတ်အမြင်အားဖြင့် ရေးသားထားခြင်းတို့သည် သမိုင်းတချို့ ယူဆချက်တို့နှင့် အနည်းငယ် ကွဲလွဲနေလိမ့်မည်။ စာရေးသူသည် အသစ်အဆန်းတွေ့ရသော အချက်တို့ကို မြေစမ်း ခရမ်းပျိုးသည့်အနေနှင့် ယူဆချက် ကွဲလွဲမှု အနည်းငယ် ရှိသော်လည်း ထည့်သွင်း ရေးသားထားလိုက်ပေသည်။ ဤအကြောင်းအရာတို့သည် နောင်လာမည့် ခေတ်အဆက်ဆက်တွင် မတိမ်ကော မပပျောက်စေရန် ရည်ရွယ်၍ ရေးသား ဖော်ပြထားခြင်းဖြစ်သည်။

လူမျိုးတိုင်း လူမျိုးတိုင်းသည် သမိုင်းအမှတ်အသား ပျောက်ပျက်ကွယ်နေပါက အနာဂတ်ကာလ ရှေ့ဆက်လျှောက်ရမည့်လမ်း အခက်အခဲ ပြဿနာများနှင့် ကြုံတွေ့ရပြီး ရှေ့ဆက်မည့် ခရီးလည်း ပျောက်ဆုံးသွားတတ်သည်။ သမိုင်းသည် လူမျိုးတစ်မျိုးအတွက် အရေးကြီးသည်။ သမိုင်း မရှိလျှင် ယဉ်ကျေးမှု မရှိ၊ ယဉ်ကျေးမှု မရှိလျှင် အခြားလူမျိုးတို့၏

ယဉ်ကျေးမှုများ လွှမ်းမိုးဝါးမျိုပြီး လူမျိုးပါ ပျောက်ကွယ်သွားနိုင်သည်။ ယင်းကြောင့် လူမျိုးတစ်မျိုး၏ အသက်မဏ္ဍိုင်ကြီးသည် ယဉ်ကျေးမှုသမိုင်းသာ ဖြစ်ပေသည်။ လူတိုင်းလူတိုင်း ကိုယ့်လူမျိုး ကိုယ့်သမိုင်းကို သိထားသင့်သည်။ ကိုယ့်သမိုင်း ဂရုစိုက်ခြင်း မရှိခဲ့သော် အချိန်ကြာညောင်းလာသည်နှင့်အမျှ ကရင်လူမျိုးအကြောင်း သိကောင်းစရာ သမိုင်းကြောင်းတို့သည်လည်း ကာလရေစီးကြောင်းထဲတွင် အလွယ်တကူပျောက်ကွယ်သွားနိုင်သည်။ မျိုးချစ်စိတ်ရှိသူတိုင်း သမိုင်းကို မပစ်ပယ်ကြပါနှင့်။ သမိုင်းကို ပစ်ပယ်ခြင်းသည် ကိုယ့်လူမျိုးကို အမှောင်တိုက်ထဲ လှောင်ပိတ်ပစ်လိုက်သည်နှင့် အတူတူပင် ဖြစ်သည်။

ယနေ့လူငယ်များ သမိုင်းကြောင်းကို စိတ်ဝင်စားစေရန်၊ သင်ခန်းစာယူတတ်စေရန် နှင့် ဗဟုသုတရရှိစေရန် ရည်ရွယ်၍ ဤစာအုပ်ကို ရေးသားဖော်ပြထားလေသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် ၅ နှစ်ကျော်အချိန်ယူ၍ ရှာဖွေစုစည်းရလေသည်။ ဒေသန္တ ရနှင့်ဆိုင်သော ဗဟုသုတများ ရယူရာမှာ သက်ကြီးဝါကြီး ဆရာတော်ကြီးများထံ၌လည်းကောင်း၊ ရှေးမီ နောက်မီ သက်ကြီးရွယ်အိုများတို့ထံ၌လည်းကောင်း၊ ထိုပုဂ္ဂိုလ်တို့ထံမှတစ်ဆင့် ကရင်လူမျိုးတို့နှင့် ဆိုင်ရာအကြောင်းအရာ တချို့တစ်ဝက်တို့ကိုလည်း နာယူမှတ်သားခဲ့ရသည်။ ထိုမှတစ်ဆင့် ကရင်လူမျိုးတို့နှင့် သက်ဆိုင်သော စာပေဟောင်း ပေဟောင်း ကရင်သမိုင်းစာအုပ်တို့နှင့် မွန်-ဗမာ သမိုင်းပညာရှင် အသီးသီးတို့ ရေးသားပြုစုခဲ့ကြသော သမိုင်းစာအုပ်တို့ကိုလည်း များစွာ အထောက်အကူ ရရှိပါသဖြင့် ကျေးဇူးကြီးမားလှပါလေ၏။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အတိုင်ပင်ခံ ဘဒ္ဒန္တ သောဘန(စဝ်သာအာင်း)၊ စီစဉ် စိစစ်ပေးသော စောယောင့်သာအဲဆန်၊ နောင်မင်း(ထီမန်)၊ ကွန်ပျူတာစာစီပေးသော စောအဲဟွဲဖော့(ဖော့ကော်ကေ-ကွန်ပျူတာ)၊ စထက်နိုင်လင်း၊ မျက်နှာဖုံးပန်းချီ မန်းမြင့်ဆွေလှိုင်၊ စာပေဒါနအလှူရှင်များနှင့် ကူညီပံ့ပိုးပေးကြသူများ အားလုံးကိုလည်း ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်လိုပါသည်။ ဤ မျိုးသက်မဏ္ဍိုင်စာအုပ်သည် ကရင်လူမျိုးစုကိုသာမက တိုင်းရင်းသားအားလုံးတို့အတွက် ရည်ရွယ်၍ ရေးသားပြုစုရခြင်း ဖြစ်သည်။ ဤအကြောင်းအရာနှင့် ပတ်သက်၍ တစ်ဦးနှင့်တစ်ဦး သဘောထား မတိုက်ဆိုင်စေကာမူ တစ်ဦး၏အယူအဆကို တစ်ဦးက လေးစားလျက် မိတ်မပျက် ဆွေးနွေးရန်ကိုသာ စာရေးသူအနေဖြင့် လိုလားပါသည်။

ဤစာအုပ်သည် ဗဟုသုတရှာမှီးလိုသူတို့အတွက် အုတ်တစ်ချပ်သဲတစ်ပွင့်ဖြစ်လိမ့်မည်ဟု ထင်ပါသည်။ စာဖတ်သူများအနေနှင့် ဤစာအုပ်အားဖတ်ရှု၍ အကျိုးတစ်စုံတစ်ရာရှိခဲ့သည်ရှိသော် အားထုတ်ကြိုးစားပြုစုရကျိုးနပ်ပြီဟု ဆိုရမည်သာ ဖြစ်ပေသည်။

"အားလုံးပဲ စာဖတ်ကြပါ။ စာကြည့်ကြပါ။ စာထဲက နင်တို့ကို အသိပေးမယ်။ သတိပေးမယ်။"

မန်းနဲကံ(ဖာသိမ်)

## လူသားအစ တွေးခေါ်ယူဆမှု

ရှေးရိုးဝါဒ အယူအဆ လူသားဆင်းသက်လာခြင်းနှင့် လူ့သမိုင်းရေစီးကြောင်း၌ ရှေးဦးလူသားတို့အစ ဖြစ်ပေါ်လာပုံအကြောင်းအရာ အချက်အလက်များကို သိသာထင်ရှားရန် လိုအပ်ပေသည်။

ကမ္ဘာလောကတွင် လူဟူ၍ စတင်ပေါ်ပေါက်ခဲ့စဉ်က မည်သည့်ပုံပန်းသဏ္ဌာန် မည်သည့်ဘဝ မည်သည့်အခြေအနေတွင် ရှိခဲ့သည်၊ လူ့အဖြစ် မည်သည့်သတ္တဝါ မျိုးမှ အခြေခံ၍ ဆင့်ကဲ ပြောင်းလဲတိုးတက်လာခဲ့သည် စသည်ဖြင့် လေ့လာကြရာတွင် လူ၏ ဇစ်မြစ် မူလအစသည် ဆဲလ်သတ္တဝါများမှ အဆင့်ဆင့် ပြောင်းလဲတိုးတက် ဖြစ်ပေါ်လာသည်ဟု ဆိုသည်။

ပထမ ကျောရိုးမဲ့ သတ္တဝါသည် နှစ်ပေါင်းများစွာကြာသော် ငါးများဘဝမှ တစ်ဖန် ကုန်းတစ်ပိုင်းရေတစ်ပိုင်း သတ္တဝါများ၊ ၎င်းနောက် တွားသွားသတ္တဝါများ၊ ငှက်များ၊ နို့တိုက် သတ္တဝါများတို့မှတစ်ဆင့် မျောက်၊ မျောက်ဝံ၊ လူ စသည်အားဖြင့် ဆင့်ကဲပြောင်းလဲခဲ့ရာမှ အဆုံးတွင် ချင်ပန်ဇီမျောက်ဝံမှ လူအဆင့်သို့ ရောက်ခဲ့လေသည်။

မနုဿဗေဒ ပညာရှင်များ အယူအဆအားဖြင့် မျောက်ဝံသည် မျောက်က တိုက်ရိုက် မဆင်းသက်ပေ။ ထို့အတူ လူသည်လည်း မျောက်ဝံက တိုက်ရိုက် မဆင်းသက်လာပေ။ မျောက်ဝံလူ ဇစ်မြစ်တို့ အနေဖြင့် သီးခြားခွဲထွက် ဆင်းသက်လာခဲ့ပေသည်။ ထို လူဇစ်မြစ် မျောက်ဝံမှ အဆင့်ဆင့် ပြောင်းလဲလာခဲ့လေသည်။

သို့နှင့် လူသတ္တဝါသည် မျောက်နှင့် မျောက်ဝံများမှ တိုက်ရိုက်ဆင်းသက်လာခြင်း မဟုတ်ဟု မနုဿဗေဒပညာရှင်တို့က ရေးသားဖော်ပြထားသည်။ အမှန်စင်စစ် လူနှင့် တိရစ္ဆာန် သီးခြားခွဲထွက်လိုက်သည့် အရာမှာ အသိဉာဏ်သာ ဖြစ်ပေသည်။ ဘာသာရေးအရ လူသားဖြစ်ပေါ်လာခဲ့သော အယူအဆမှာ ဗုဒ္ဓဘာသာမှတစ်ပါး အခြားဘာသာ အားလုံးတို့သည် အနန္တ တန်ခိုးရှင် ထာဝရဘုရားသခင်က ဖန်ဆင်းခဲ့သည်ဟု ဆိုသည်။

ထိုသို့ လူ့အစ တွေးခေါ်ခဲ့သူများအနက် ခေါမတွေးခေါ်ပညာရှင် "အနက်ဇီးမန်း"က လူသည် ငါးမှ ဆင်းသက်လာသည်ဟု ဆိုသည်။ "ဒီမိုကရိတပ်"ကမူ လူသည် အဏုမြူမှ ဖြစ်ပေါ်လာခဲ့သည်ဟု ယူဆပြန်သည်။ ထိုသုတေသီ ပညာရှင်အသီးသီး တို့သည် လူသားအစ ဖြစ်ပေါ်လာခြင်း၏ အကြောင်း တစ်စိတ်တစ်ဒေသ လေ့လာရာ၌ အဘယ်မှာလျှင် လူသားအစ ဖြစ်ပေါ်လာခြင်း အားလုံးခြုံ၍ အကုန်အစင် အပြည့်အစုံကို မသိနိုင်ချေ။

## ဘာသာရေးအယူအဆ လူသားဖြစ်ပေါ်လာပုံ

ဗုဒ္ဓဘာသာစာပေ၌ လူသားစဖြစ်ပေါ်လာပုံမှာ ကမ္ဘာမြေပေါ်တွင် သက်ရှိလူများ စတင်ဖြစ်ပေါ်ရာမှာ ဗြဟ္မာတို့သည် ဗြဟ္မာပြည်မှ စုတေ၍ ကမ္ဘာပေါ်၌ ဥပပါတ်အလိုအလျောက် ကိုယ်ထင်ပေါ်လာ၏။ ထို့နောက်သူတို့၏ ဘုန်းကံဓမ္မတာကြောင့် နေ လ ပေါ်လာ၏။ ဤသို့ နေ လ ဖြစ်ပေါ်သောနေ့၌ပင် မြင်းမိုရ်တောင်နှင့် ကျွန်းကြီးလေးကျွန်းလည်း ပေါ်လာသည်ဟု ဆိုသည်။ အနန္တ တန်ခိုးရှင်၏ ဖန်ဆင်းခြင်းဒဏ္ဍာရီများမှာ ပုံစံအမျိုးမျိုး ကွဲပြားခြားနားနေသည်ကို တွေ့ရသည်။ တချို့သော ဖန်ဆင်းရှင်အယူအဆမှာ ဖန်ဆင်းရှင်နတ်ဘုရားသည် ဝိညာဉ်ပုဂ္ဂိုလ်ဖြစ်၍ သာမန်မျက်စိဖြင့် မမြင်နိုင် မတွေ့နိုင်ဟုဆိုသည်။ ဤကမ္ဘာလောကဓာတ်ကြီးတစ်ခုလုံးရှိ သက်ရှိသက်မဲ့ သတ္တဝါ အရာဝတ္ထုဟူသမျှကို နတ်ဘုရားက ဖန်ဆင်းထားခြင်း ဖြစ်သည်။ ဤကမ္ဘာလောကတစ်ခုလုံး ဝါဒအမျိုးမျိုး၊ နတ်ဘုရားအမျိုးမျိုး၊ ဒဏ္ဍာရီအမျိုးမျိုး ဖော်ထုတ်ပြောဆို မှတ်တမ်းတင်ခဲ့ကြသည်။

## ကရင်လူမျိုးတို့၏ လူသားဖြစ်ပေါ်လာပုံ ဒဏ္ဍာရီ

ရှေးကရင်လူမျိုးတို့ ပြောဆိုလာကြသော လူသားဖြစ်ပေါ်လာစ ဒဏ္ဍာရီပုံပြင်အရ ရှေးရှေးအစအဦးအချိန်၌ လူများ၊ တိရစ္ဆာန်များ၊ တောတောင်လျှိုမြောင်များ၊ မြက်ခင်းပြင်များ၊ ဘာမျှ မရှိသေး။ လှုပ်ရှားမှုကင်းပြီး ငြိမ်သက်နေသော ပင်လယ်ပြင်ကြီးနှင့် ကြီးမားကျယ်ပြန့်လှသည့် ကောင်းကင်ကြီးသာ ရှိခဲ့သည်ဟု ဆိုသည်။ ပင်လယ်ပြင်နှင့်ကောင်းကင်ကလွဲ၍ ဘာမျှမရှိဘူးဟု ဆိုသည်။ နှစ်ပေါင်းများစွာ ကြာလာသောအခါ ပင်လယ်ရေမြှုပ်ကြီးများ ဖြစ်ပေါ်လာခဲ့သည်။ ထိုပင်လယ်ရေမြှုပ်ကြီးများသည် နှစ်ပေါင်းများစွာ စုစည်းလာသောအခါ မျက်စိတစ်ဆုံး ရေမြှုပ်ကျွန်းကြီးများ ဖြစ်ပေါ်လာသည်။ ပင်လယ်ရေပြင်ကြီးအလယ်၌ ရေမြှုပ်ကျွန်းကြီးသည် အထီးကျန်စွာ မိုးကောင်းကင်အောက်တွင် တည်ငြိမ်အေးချမ်းစွာ ရပ်တည်နေလေသည်။

ရာသီဥတုနှင့် နေ၏ အပူရှိန်ကြောင့် ထပ်မံ၍ အခြားအရာများ ရောယှက်စုစည်းကာ ကျစ်လျစ်သိပ်သည်းမှုများ တည်ရှိလာရာ နှစ်ပေါင်းများလာသောအခါ ထပ်မံ၍ အခြားအရာများ ရောယှက်ရစ်ပတ်လာမှုကြောင့် တဖြည်းဖြည်း ပို၍ ပို၍ ကြီးထွားလာပြီး နောက်ဆုံး၌ ကျောက်တုံးကျောက်တောင်များ၊ လျှိုမြောင် တောင်တန်းများ၊ မြက်ခင်း လွင်ပြင်များ ဖြစ်ပေါ်လာခဲ့ပြန်သည်။

တစ်ဖန် ထိုရေမြှုပ်ကျွန်းကြီးပေါ်၌ အဝါရောင်ရှိသော ငှက်ကြီးတစ်ကောင်သည် မြောက်များစွာသော ဥများ လာ၍ ဥချထားခဲ့သည်။ ထိုငှက်ကြီး ဥပေါက်ဖွားလာသောအခါ လူသူသတ္တဝါ အထီး အမ အမျိုးမျိုး ပေါက်ဖွားလာခဲ့သည်ဟု ဆိုသည်။ လူသူသတ္တဝါဖြစ်စ ကာလ၌ မိုးကောင်းကင်သည် မြင့်လွန်းသော နေရာ၊ နိမ့်လွန်းသောနေရာများ ဖြစ်တည်နေလျက်ရှိသည်။ ထိုမိုးကောင်းကင်၏ မြင့်သောနေရာ နိမ့်သောနေရာများမှ မောင်တီ(မုဂ်ဒြို)ခေါ် မိုးကောင်းကင် အဆီအနှစ်များ အလိုအလျောက် ဖြစ်ပေါ်ခဲ့သည်။

မောင်တီ ခေါ် မိုးကောင်းကင်၏ အဆီအနှစ် အသားနများကို ကမ္ဘာဦးစလူတို့က အာဟာရဓာတ်အဖြစ် မှီဝဲစားသုံးကြသည်။ ထိုအာဟာရဓာတ်ကို နှစ်ပေါင်းများစွာ သုံးဆောင်လာခဲ့ကြရာ နောင်တွင် လူသားတို့၏ လောဘရမ္မက် အားကြီးလာမှုကြောင့် မိုးကောင်းကင်ကြီး အထက်သို့မြင့်တက်သွားသည်ဟု ရှေးကရင်လူကြီးတို့က ဤဒဏ္ဍာရီ ပုံပြင်ကို ပြောဆိုလာခဲ့ကြသည်။ ကမ္ဘာတည်စ အကြောင်းကို ပုံပြင်၌လည်းကောင်း ကဗျာလင်္ကာ၌လည်းကောင်း တွေ့ရသည်။

ကမ္ဘာတည်စဟန်နှင့် ကမ္ဘာဦးလူတို့အကြောင်းမှ အစချီ၍ ရေးသားဖော်ပြခဲ့ကြသော ရှေးကဗျာလင်္ကာ အယူအဆတို့ကို လက်ခံကိုးကားမှီငြမ်း၍ဖော်ပြရသည်။

ထိုကဗျာလင်္ကာတို့မှာ

"ကာလာ လုံကောဝ်ဒ့်သင့်ဏယ့်၊ ထို့ဒ့်ဝီ. ကောဝ်ဒ့်ဝီ.လယ့်
ကောဝ်ဒ့်ဝီ.သင့် မွဲထောဟ်ခင်၊ လုံထို့ပျု်ခေါဟ် ထင်းဒြီးလင်"

အဓိပ္ပာယ်မှာ

"ကမ္ဘာမြေပေါ်ခါအစ ရေက စပေါ်တာလား၊ မြေက စပေါ်တာလား၊
ဖြစ်ပေါ်ခါစ ဤကမ္ဘာမှာ ငှက်ကြီးရွှေဝါ ရေမြှုပ်ကျွန်းပေါ် ဥများချ"

စသည်ဖြင့် သီဆိုထားကြသည်။

နောက်လင်္ကာတစ်ပုဒ်မှာ

“ဟုင်းခေါဟ်ဒ့်သင့် ဏင်ဇိင်ကယ်၊
ကောဝ်လီ့ကောဝ် ပဝ်ဒ့်ဝီ့လယ့်၊
ဒ့်ဝီ့သင့် မီဖောဟ်လ့ံထာ်၊ ခွံးသြဲခံင့်ဏှ် ဍေကာ်”

ဤကဗျာများသည် မိမိတို့နေထိုင်သော ဇမ္ဗူဒီပါ တောင်ကျွန်းကို ရည်ညွှန်း၍ ဖွဲ့ဆိုထားသော ကဗျာဖြစ်သည်။

မြင်းမိုရ်တောင်ကို ဗဟိုပြု၍ ဝန်းရံလျက်ရှိသော ကျွန်းကြီး ၄ ကျွန်းထဲတွင် ဇမ္ဗူဒီပါတောင်ကျွန်းလည်း ပါဝင်လေသည်။ ဇမ္ဗူဒီပါတောင်ကျွန်းတွင် ရှေးဦးစွာ ပေါက်သော သပြေပင်သည် တောင်ကျွန်း၏ ကမ္ဘာဦးသစ်ပင်ဖြစ်သည်။ ကျွန်းကြီး ၄ ကျွန်းတို့တွင် ဇမ္ဗူဒီပါ ခေါ် တောင်ကျွန်းမြေပေါ် ခါစအချိန်တွင် မဇ္ဈိမဒေသ ဘုရား ပွင့်တော်မူသည့် ဗောဓိညောင်ပင် ပေါက်ရာမြေနေရာသည် ရှေးဦးစွာ ပေါ်ပေါက်လာခဲ့သည်ဟု ဆိုသည်။ မြင်းမိုရ်တောင်ခြေပတ်လည်၌ ရှေးဦးစွာပေါက်သော အပင်တို့သည် လက်ပံပင်ဖြစ်သည်ဟု ရေးဖွဲ့ထားသည်ကို တွေ့ရသည်။ ဤသို့ ရေးဖွဲ့ထားသော ကဗျာအကြောင်းများတို့သည် ဗုဒ္ဓဘာသာ အယူဝါဒမှလာသော ကျမ်းစာကို ကိုးကားထားသည်ကို သိရသည်။ လူမျိုးတိုင်း လူမျိုးတိုင်းသည် ပုံပြင် ကဗျာ လင်္ကာများ ရှိကြသည်။ ထိုပုံပြင်ကဗျာလင်္ကာတို့ ဖြစ်ပေါ် လာသော မူလဘူတ အကြောင်းရင်းခံတို့မှာ ကမ္ဘာနှင့်လူသား စဖြစ်ပေါ် လာသည့်အကြောင်း ကောင်းကင် နှင့် နေ လ ကြယ်များ အကြောင်းတို့ကို လေ့လာစုံစမ်းကြရာမှ ပုံပြင်များကို စထွင် လာခဲ့ကြလေသည်။

## ကျောက်ခေတ်လူသားအခြေအနေ

လွန်ခဲ့သောနှစ်ပေါင်းများစွာက ဤကမ္ဘာတွင် နေထိုင်ခဲ့ကြသော ရှေးလူများသည် ကြမ်းတမ်းခက်ထန်သော ဘဝခရီးကို ဖြတ်သန်းခဲ့ရသည်ဟု သမိုင်းသုတေသီတို့က ဆိုကြသည်။

လူတို့သည် ယဉ်ကျေးမှုကို မည်သည့်အခါစ၍ တိရစ္ဆာန်နှင့်မတူသော အရည်အသွေးကို မည်သည့်အချိန်က စတင်ရရှိခဲ့သည်ကို သေချာစွာ မပြောပြနိုင်ခဲ့ပေ။ သို့သော် ခေတ်ဦးလူတို့ ယဉ်ကျေးမှု အဆင့်ဆင့်တိုးတက်လာပုံကား ရှေးလူများသည် ကြေးနီ၊ သံ အစရှိသည့် သတ္တုများကို အသုံးမပြုတတ်ကြသေးသည့် ကာလတွင် ကျောက်ဖြင့်ပြုလုပ်သော လက်နက်များနှင့်သာ ခုတ်ထစ်ဖြတ်တောက်ကြသည်။ သို့ဖြစ်၍ ထိုကျောက်ဖြင့်ပြုလုပ်သော လက်နက်များသုံးခဲ့သည့်အချိန်ကာလကို သမိုင်းဆရာတို့က ကျောက်ခေတ်ဟု ခေါ်ကြသည်။ ကျောက်ခေတ်ကို ကျောက်ခေတ်ဟောင်းနှင့် ကျောက်ခေတ်သစ်ဟူ၍ ကျောက်ခေတ် နှစ်ခေတ် ပိုင်းခြားသတ်မှတ်

ထားလေသည်။

ရှေးလူများသည် ပထမတွင် ကျောက်တုံး ကျောက်ခဲကလေးများဖြင့် တိရစ္ဆာန်ငယ်များကို ပစ်ခတ်ရာမှ ချွန်ထက်သော ကျောက်စွန်း ကျောက်ပဲ့ ကလေးများနှင့် နည်းအမျိုးမျိုးဖြင့် လက်နက်သဖွယ် သုံးတတ်လာသည်။ ဤသို့ဖြင့် နှစ်ပေါင်းထောင်သောင်းများစွာ ကျောက်ကြမ်းလက်နက်များကို အသုံးပြုလာကြသည့်ခေတ်ကို ကျောက်ခေတ်ဟောင်းဟူ၍ ခေါ်ဆိုကြသည်။ ထိုကျောက်ခေတ်ဟောင်း ကုန်ဆုံး၍ ကျောက်ခေတ်သစ်သို့ ကူးပြောင်းလာသောအခါ ကျောက်လက်နက်များသည် ရှေးကထက် အဆများစွာ သေသပ် ကောင်းမွန်လာ၍ ချောမွတ်သေသပ်သည့် ဓား၊ လှံ၊ ပုဆိန်သွား နှင့် ကျောက်လက်နက် အသစ်အဆန်းများ ထွင်ကာ တိရစ္ဆာန်အရိုးများကို ဖြတ်တောက် ထွင်းဖောက်နိုင်သော အဆင့်သို့ ရောက်ရှိလာခဲ့သည်။

သို့ရာတွင် ရှေးလူများသည် နေထိုင်ရန် အဆောက်အအုံများကို မဆောက်လုပ်တတ်ကြသေးဘဲ ကျောက်ဂူများထဲတွင် နေထိုင်ကြသည်။ ထိုလူများကို ဂူနေရှေးလူများဟု ခေါ်ကြသည်။ ၎င်းဂူထဲတွင် မိသားစုအဖွဲ့အစည်းများနှင့် နေထိုင်လာကြပြီး မီးမွှေးအတတ်နှင့် မီးတုတ်များကိုလည်း ညဥ့်တွင် အသုံးပြုလာတတ်သည်။ သားကောင်တို့၏ သားရေကို အဝတ်လုပ်၍ ဝတ်ဆင်လာကြ၏ မိမိတို့နေထိုင်ရာ ဂူနံရံများတွင်လည်း လူနှင့် တိရစ္ဆာန်၏ အရုပ်ပုံများကို ရေးဆွဲထားသော အတတ်များ ရှိလာခဲ့သည်။

ဤသို့ အဆင့်ဆင့် ရှေးလူတို့၏ ဘဝသည် တဖြည်းဖြည်းမျိုးဆက် ရင့်သန်လာသည်နှင့် အသိဉာဏ်မှာလည်း မြင့်မားလာခဲ့သည်။ ရှေးလူတို့သည် ရွှံ့စေးဖြင့် အိုး ခွက်၊ ပန်းကန်များ လုပ်ကိုင်သုံးစွဲလာတတ်ပြီး သစ်ပင်မှရရှိသော အမျှင်များကို အထည်အဖြစ် ချုပ်၍ စနစ်တကျဝတ်ဆင်လာကြသည်။ ရှေးလူတို့သည် သားကောင်များကို စားသုံးရန်အတွက်လည်းကောင်း၊ လေးလံသောဝန်ကို ဆွဲရန်အတွက်လည်းကောင်း အသုံးတည့်မည့် တိရစ္ဆာန်များကို ယဉ်ပါးအောင် မွေးမြူလာတတ်ကြသည်။ စိုက်ပျိုးရေးအတတ်နှင့် မြေဩဇာကောင်းသည့် နေရာများနှင့် အစာရေစာ ပေါများသည့် နေရာများတွင် အိုးအိမ်ထူထောင်၍ လူစုအလိုက် ရပ်ရွာတည်ထောင်ကာ နေထိုင်လာခဲ့ကြပြီး အုပ်ချုပ်မှုအကြီးအကဲလည်း ပေါ်ပေါက်လာခဲ့သည်။ ထိုခေတ်တွင် တစ်စုနှင့်တစ်စု တွေ့ဆုံရာမှ အချင်းချင်း ဆက်ဆံရေး မပြေပြစ်ခြင်းကြောင့်လည်းကောင်း၊ နယ်လုခြင်းကြောင့်လည်းကောင်း၊ ရန်ပွဲများ၊ တိုက်ခိုက်သတ်ဖြတ်မှုများ ဖြစ်ပွားလေ့ရှိသည်။

ထိုအခါ နိုင်သူတို့က ရှုံးသူများကို ကျွန်ပြုသောစနစ်သည်လည်း ဖြစ်ပေါ်လာခဲ့သည်။ ဤမျှ ရှည်လျား၍ ဆင်းသက်ပြောင်းလဲလာခဲ့သော ကျောက်ခေတ်နှောင်းပိုင်း

မှ ကြေးခေတ်၊ သံခေတ် စသည့် ကူးပြောင်းရင်း ဖြစ်ပေါ်လာခဲ့သည့် မြို့ပြ ပြည်ရွာများ အဆင့်သို့ တိုးတက် ထူထောင် နေထိုင်လာခဲ့သည်။ ထို ကြေးခေတ် သံခေတ်မှ တစ်ဆင့် သမိုင်းဝင် ရှေးဟောင်း မြို့ပြနိုင်ငံအဆင့်သို့ အစဉ်အလိုက် ပြောင်းလဲ လာခဲ့သည်။ ထို ကြေးဖြင့်ပြုလုပ်သော မိရိုးဖလာ အစဉ်အဆက် ယဉ်ကျေးမှုများ ထွန်းကား ခဲ့သည်မှာ အထင်အရှား ရှိခဲ့ပေသည်။ ကြေးဖြင့် ပြုလုပ်သော ပစ္စည်းကိရိယာတို့တွင် ရှေးရိုးမှ ယခုတိုင် ပြုလုပ်နေကြဆဲ ဖြစ်သည်။ ကရင်၊ ကယားတို့၏ ဖားစည်တူရိယာ စသည် တို့မှာ ကြေးခေတ်မှ အခြေခံလာခဲ့ခြင်း ဖြစ်သည်။ ရှေးလူတို့၏ ကြံဆတီထွင်မှုမှ တစ်စတစ်စ တိုးတက်လာပြီး မျိုးဆက်ပေါင်းအဆက်ဆက် အသိဉာဏ် အတွေ့အကြုံများ ကြီးထွားရင့်သန်လာခဲ့သည်နှင့်တစ်ပြိုင်နက် ယဉ်ကျေးမှုသည်လည်း ဖြစ်ထွန်းပေါ်ပေါက်လာခဲ့သည်။

## မြန်မာ့ကျောက်ခေတ်

မြန်မာနိုင်ငံ၏ လူ့သမိုင်းစဉ်တွင် လူ့အမျိုးအနွယ်စုတို့ စတင်အခြေချ နေထိုင်လာခဲ့သည့် အထောက်အထားများနှင့် ယင်းတို့ ကိုင်စွဲအသုံးပြုခဲ့သည့် ကျောက်လက်နက် ကိရိယာများရှိသည်ကို အခြေခံ၍ မြန်မာနိုင်ငံသမိုင်း မတင်မီ ခေတ်၏ လူနေမှု အဖွဲ့အစည်း ယဉ်ကျေးမှုကို အကြမ်းဖျင်းမျှ လေ့လာကြည့်လျှင် ထိုကျောက်ခေတ်နှောင်းပိုင်း ကျောက်ချောခေတ် လက်နက်ကိရိယာများကို မြန်မာပြည် အနှံ့အပြားတွင် တွေ့ရှိခဲ့ကြသည်။

မြောက်ဘက်တွင် ကချင်တောင်တန်းများမှ တောင်ဘက် မြိတ်အထိ လည်းကောင်း၊ အရှေ့ဘက်တွင် ရှမ်းပြည်နယ်၊ အနောက်ဘက် သံတွဲအထိ လည်းကောင်း၊ ကျယ်ပြန့်လှသော နယ်နိမိတ်အတွင်း တွေ့ရှိရလေသည်။ ယနေ့အထိ ကျောက်ချောခေတ်လက်နက် ကိရိယာများကို မြေပြင်မြေပြန့်မှ တောင်သူလယ်သမား၊ ယာသမားများ လယ်ထွန်ခြင်း၊ မြေကို တူးဆွခြင်း စသည်တို့ကို ပြုလုပ်ရာမှ တွေ့ရှိကြလေသည်။ တချို့ကျောက်လက်နက်ကို မြန်မာပြည်အပါအဝင် ကမ္ဘာတစ်ဝှမ်းလုံးကပင် "မိုးကြိုးသွား"ဟု ခေါ်တွင်ခဲ့ကြသည်။

# လူသားမျိုးနွယ် ဆင်းသက်ပျံ့နှံ့လာပုံ

ကမ္ဘာလောကကြီးပေါ်တွင် လူသားမျိုးနွယ်များ မည်သည့်အချိန် မည်သည့်နေရာမှ စတင်၍ ဖြစ်ပေါ်လာခဲ့သည်ကို အတိအကျ မသိနိုင်ခဲ့ချေ။ ကမ္ဘာ့လူသား စစချင်း ဖြစ်ပေါ်လာသော အရပ်သည် ကမ္ဘာ့မြောက်ပိုင်း အရပ်ဒေသများသာ အဖြစ်များသည်ဟု ကြံစည်ယူဆကြသည်။ အဘယ့်ကြောင့်ဆိုသော် ရှေးလူများသည် အပူများသည့် တောင်ဘက်အရပ်သို့ ပြောင်းရွှေ့နေထိုင်ကြသည့် အချက်ကို လည်းကောင်း၊ မြစ်ချောင်း စီးဆင်းရာ အရပ်သို့လိုက်၍ ဆင်းသက်နေထိုင်ကြသည်ကို ထောက်ရှု၍ ယူဆနိုင်ဖွယ်ရာ အကြောင်းရှိသည်။

နှစ်ပရိစ္ဆေဒများစွာ ကျော်လွန်လာ၍ ကမ္ဘာ့ပထဝီမြေ ပြောင်းလဲလာမှုကြောင့် ရေခဲခေတ်သည်လည်း တစ်စတစ်စ ကုန်ဆုံးသွားခဲ့ရာ အပူဓာတ်များလည်း တစ်စတစ်စ တိုးလာပြီး ရေမျက်နှာပြင်လည်း တစ်စတစ်စ လျော့နည်းသွားရာမှ နေရာ ဒေသသည်လည်း ပို၍ပို၍ ကျယ်ပြန့်လာခဲ့သည်။

ထိုကျယ်ပြန့်လာသော ကမ္ဘာမြေပြင် အသီးသီးတို့တွင် ရှေးလူတို့သည်လည်း နေရာအနှံ့အပြားသို့ ခြေဆန့်လာခဲ့ကြလေသည်။

# ပင်ရင်း လူ့အမျိုးအနွယ်များ

ကမ္ဘာပေါ်တွင် လူအမျိုးမျိုးဖြစ်ပေါ်လာသည့် အခြေခံလူမျိုးများမှာ ၄ မျိုးခန့် ရှိသည်ဟု သုတေသီများက ဆိုကြသည်။ ထိုလေးမျိုးမှာ-

(၁) အာရီယန်အမျိုးအနွယ်ဖြစ်လာမည့် ကော့ကေးဆပ်တောင်ကြောဘက်မှ ဆင်းသက်လာသည်ဟု ယူဆရသော နော့ဒစ်အမျိုးအနွယ်။

(၂) မြေထဲပင်လယ်ဒေသ အနွယ်ဝင်ဖြစ်သည့် အီဘာရီယန်း အမျိုးအနွယ်။

(၃) တရုတ်ပြည်မြောက်ပိုင်း မွန်ဂိုးလီးယန်းကုန်းပြင်မြင့်မှ ဆင်းသက်လာသည့် မွန်ဂိုးလီးယန်း အမျိုးအနွယ်။

(၄) အာဖရိကတိုက် တစ်ဝှမ်းမှ ဆင်းသက်လာသည့် နီဂရိုးအမျိုးအနွယ်များပင် ဖြစ်ပေသည်။

ဤမျိုးနွယ်စု လေးမျိုးနှင့် စပ်လျဉ်း၍ ရှေးဟောင်းပင်ရင်းမျိုးနွယ်စု ၃ စုမှ ပျံ့နှံ့လာခဲ့ကြောင်း သမိုင်းပညာရှင်တို့က ဆိုကြသည်။ အစောဆုံး ရှေးဟောင်းပင်ရင်း လူသား မျိုးနွယ်စု ၃ မျိုးထဲမှာ ကော့ကေးဆပ်အနွယ်၊ မွန်ဂိုးလီးယားအနွယ်၊ နီဂရိုး အနွယ် တို့ဖြစ်သည်။ ယင်းမျိုးနွယ် ၃ စု ထဲတွင် အသားအရောင် မျက်နှာ ပုံသဏ္ဍာန် ဟန်အမူအရာ စရိုက် ယဉ်ကျေးမှုတွေ ကွဲပြားလာရခြင်းသည် ရာသီဥတုနှင့် ရေမြေ ဒေသ အစာ အာဟာရတို့ကြောင့်သာ ဖြစ်ပေါ်လာခဲ့ရသည်ဟု ဆိုသည်။ ထိုမျိုးနွယ်စု သုံးစု အသားအရောင် မျက်နှာ ပုံပန်းသဏ္ဍာန် ကွဲပြားခြားနားနေလျက် ရှိသည်ကို အောက်ပါ အတိုင်း ဖော်ပြ ထားပါသည်။

## (၁) ကော့ကေးဆပ် လူဖြူအနွယ် ပုံပန်းသဏ္ဍာန်

၁။ ဘဲဥပုံ မျက်နှာသွယ်ပြီး မေးချွန်သည်။
၂။ နှာခေါင်းကြီးသည်၊ ရှည်ပြီးချွန်သည်။
၃။ ဆံပင်ပျော့သည်၊ ကောက်ပြီး ပါးသည်။
၄။ မျက်လုံးပြာသည်။
၅။ ခြေသလုံးမရှိ။
၆။ အများအားဖြင့် အသားဖြူသည်။

## (၂) မွန်ဂိုးလီးယား အသားဝါအနွယ် ပုံပန်းသဏ္ဍာန်

၁။ မျက်နှာကျယ်ပြီး ဝိုင်းသည်။
၂။ မေးရိုးဖောင်းပြီး ကားသည်။
၃။ မျက်လုံး မည်းသည်။
၄။ နှာခေါင်းပွပြီး ကျယ်သည်။
၅။ ဆံပင်မည်းသည်၊ ဖြောင့်သည်။
၆။ ခြေသလုံးရှိသည်၊ ကြီးသည်။
၇။ အများအားဖြင့် အသားဝါသည်။

## (၃) နီဂရိုးအသားမည်းအနွယ် ပုံပန်းသဏ္ဍာန်

၁။ နှာခေါင်းအနည်းငယ် ပြားသည်။
၂။ မေးရိုးအနည်းငယ် ကွေးသည်။
၃။ နှုတ်ခမ်းထူသည်။
၄။ ဆံပင်ကောက်ကွေးပြီး ထူသည်။
၅။ အသားမည်းနက်သည်။

ဤလူသားအနွယ် ၃ မျိုး ၃ စားတို့တွင် တစ်ဖန် လူသားမျိုးနွယ် အမည်များ ခွဲထွက်လာခဲ့ပြန်သည်။ အာရီယန်အနွယ် နော့ဒစ်လူမျိုးမှ ခွဲထွက်လာသော ကျူတန်၊ ကဲလ်တ်၊ ဂရိတ်၊ ပါရှန်း၊ အာမေနီးယန်း၊ ဆလပ်လူမျိုးများ၊ စကင်ဒီနေဗီးယန်း လူမျိုးများနှင့် အိန္ဒိယအာရီယန်များ ဖြစ်လာကြသည်။ မြေထဲပင်လယ်ရှိ အီဘာရီးယန်း အမျိုးအနွယ်မှ အီဂျစ်၊ ဆူမေရီယန်း၊ ဒရာဗီးဒီးယန်း၊ အင်ဒိုနီးရှင်း၊ ဝေလလူမျိုး နှင့် အိုင်ယာလန် လူမျိုးများ ဖြစ်လာကြသည်။

မွန်ဂိုလီးယန်းအနွယ် မွန်ဂိုလူမျိုးမှ ခွဲထွက်လာသော တူရကီးယန်း၊ အက်စတိုးနီးယန်း၊ ဖင်လန်လူမျိုး၊ အက်စကီးမိုး၊ အမေရိကန်အင်ဒီးယန်း၊ မက္ကဆီကို၊ တရုတ်၊ ဂျပန်၊ ကိုးရီးယား၊ မြန်မာ၊ ယိုးဒယား၊ မလေး စသော လူမျိုးများ ဖြစ်လာကြသည်။

အာဖရိက နီးဂရိုးအနွယ်မှ အာဖရိကရှိ အသားမည်း လူမျိုးများ၊ အာရှနီးဂရိုး များ၊ တာစ်မေးနီးယန်းများ သြစတြေးရီးယား အသားမည်းလူမျိုးများ ဖြစ်လာကြသည်။ ယဉ်ကျေးမှု အစ မြစ်ဝှမ်းဒေသ ယဉ်ကျေးမှု စတင် ထွန်းကားရာနေရာသည် များသောအားဖြင့် မြစ်ဝှမ်းဒေသက တွေ့ရပါသည်။

လူသားများ ယဉ်ကျေးမှုစတင် ထွန်းကားရာ မြစ်ဝှမ်းဒေသများမှာ-

(၁) နိုင်းမြစ်ဝှမ်းဒေသ( အီဂျစ်နိုင်ငံ)
(၂) မြစ်နှစ်သွယ်ဒေသ(မက်ဆိုပိုတေးမီးယား) (သို့မဟုတ်) ရှိန်လွင်ပြင်ဒေသ
(၃) အိန္ဒု ဂင်္ဂါ မြစ်ဝှမ်းဒေသ(အိန္ဒိယနိုင်ငံ)
(၄) မြစ်ဝါမြစ်ဝှမ်းဒေသ(သို့မဟုတ်) ဟွန်ဟိုမြစ်ဝှမ်းဒေသ (တရုတ်နိုင်ငံ)
(၅) အေဂျင်ပင်လယ်ဒေသ (မြေထဲပင်လယ် အရှေ့မြောက်ခြမ်း)

စသည်တို့ ဖြစ်သည်။

ထိုအချိန်၌ပင် နော့ဒစ်လူမျိုးများသည် ဥရောပတိုက်တစ်ဝိုက်နှင့် မြောက်ပိုင်း နေရာအနှံ့အပြားသို့ လည်းကောင်း၊ အီဘားရီးယန်းတို့သည် ဥရောပအရှေ့ အလယ်နှင့် အိန္ဒိယအပါအဝင် အာရှအနောက်ပိုင်း နေရာအနှံ့အပြားသို့ လည်းကောင်း၊ မွန်ဂိုးလီးယန်းတို့သည် ဥရောပအလယ် အာရှအရှေ့နှင့် အရှေ့တောင်ပိုင်း အမေရိကနှင့် ဥရောပ မြောက်ဘက် အစွန်းပိုင်း နေရာအနှံ့အပြားသို့ လည်းကောင်း၊ နီးဂရိုးတို့သည် အာဖရိကတစ်ဝိုက် အာရှအရှေ့တောင်ပိုင်း ကျွန်းစုများနှင့် သြစတြေးလျ ကျွန်းသို့လည်းကောင်း ပျံ့နှံ့သွားသည်ဟု ယူဆကြသည်။

## ကရင်လူမျိုးဆင်းသက်လာရာ နောက်ခံသမိုင်း

မွန်ဂိုးလီးယားအနွယ် ကရင်လူမျိုးစုတို့သည် ဘီစီ (၂၂၃၄) ခုနှစ်တွင် မြစ်နှစ်မွှာ မြစ်ဝှမ်းဒေသဖြစ်သော မက်ဆိုပိုတေးမီးယားဒေသနှင့် ရှိနလွင်ပြင်ဒေသမှ ထွက်ခွာလာခဲ့ကြပြီး မွန်ဂိုးလီးယားသို့ ဘီစီ (၂၀၉၇) ခုနှစ်တွင် အခြေချနေထိုင်လာခဲ့ကြသည်။ မွန်ဂိုးလီးယားမှတစ်ဆင့် ဘီစီ (၂၀၁၇) ခုနှစ်တွင် အရှေ့တောင်အာရှသို့ ရောက်ရှိ နေထိုင်လာခဲ့ကြပြီး ဘီစီ (၁၈၆၆) ခုနှစ်မှ ထွက်ခွာလာခဲ့ကြပြန်ရာ ဘီစီ (၁၈၆၄) ခုနှစ် တွင် တိဘက်နိုင်ငံသို့ ရောက်ရှိနေထိုင်ခဲ့ကြသည်။ ထိုမှတစ်ဆင့် ဘီစီ (၁၃၈၈) ခုနှစ် မှ စတင် ထွက်ခွာလာရာ ဘီစီ (၁၃၈၅) ခုနှစ်တွင် တရုတ်နိုင်ငံ ယူနန်နယ်သို့ ရောက်ရှိ နေထိုင်လာခဲ့ကြသည်။ ဘီစီ (၁၁၂၈) ခုနှစ်တွင် ယူနန်မှတစ်ဆင့် ထွက်ခွာလာ၍ ဘီစီ (၁၁၂၅) ခုနှစ်တွင် မဲခေါင်မြစ်ဝှမ်းနှင့် ဧရာဝတီမြစ်ဝှမ်းတစ်လျှောက် အသီးသီးရောက်ရှိ နေထိုင်ခဲ့ကြရာ ဘီစီ (၇၄၁) ခုနှစ်မှ ဘီစီ (၇၃၉) ခုနှစ် ဒုတိယအုပ်စုသည် သံလွင်မြစ်ဖျားမှတစ်ဆင့် ဆင်းသက်နေထိုင်လာခဲ့ကြသည် ဟု သမိုင်းပညာရှင်တို့က ဆိုကြသည်။

## ကရင်လူမျိုးစုတို့၏ မူလဒေသ

ရှေးဟောင်း ကရင်ဘိုးဘွားဘီဘင်တို့သည် မူလဇစ်မြစ်နေထိုင်ရာ အရပ်ဒေသကို စာပေဖြင့် ရေးသားမှတ်တမ်းတင်ခြင်း မရှိသော်လည်း ကရင်လူမျိုးတို့၏ မူလ ဆင်းသက်လာရာ မျိုးနွယ်စုအကြောင်းများကို ရှေး တေးကဗျာလင်္ကာ ပုံပြင်များဖြင့် မှတ်တမ်းတင်ခဲ့ကြသည်။ တေးကဗျာလင်္ကာ ပုံပြင်များဖြင့် လက်ဆင့်ကမ်း ခံယူမှတ်သားထားချက်အရ ရှေးကရင်လူမျိုးတို့၏ မူရင်းဒေသမှာ "ထီ့ဆေမေယွှာ"ဟု ခေါ်ဆိုသော ရေထိုး သဲစီးသည့် အရပ်ဒေသ ဖြစ်နိုင်ပေသည်။

ထီ့ဆေမေယွှာဟု ခေါ်ဆိုသောအရပ်ဒေသမှာ ဂိုဘီသဲကန္တာရလွင်ပြင်၏ မြောက်ဘက် တည့်တည့်တွင် မွန်ဂိုးလီးယားအရပ်၌ တည်ရှိသည်ကို သိရသည်။ ကရင်လူမျိုးတို့သည် မွန်ဂိုးလီးယားမှာ နှစ်ပေါင်းများစွာ နေထိုင်လာခဲ့သော ကရင်လူဟောင်းကြီးများဌာနပင် ဖြစ်သည်ဟု အဆိုပြုကြသည်။ ထီ့ဆေမေယွှာဒေသသည် တရုတ်ပြည်မြောက်ဘက်ရှိ ဂိုဘီသဲကန္တာရရှိရာ ဒေသများ၌ တည်ရှိသည်။ ယန်စီမြစ်သည် ထီ့ဆေမေယွှာနှင့် တိဘက်ကုန်းပြင်မြင့်ဒေသမှ မြစ်ဖျားခံလျက် တရုတ်ပြည်ကြီးကို ဖြတ်ကျော်စီးဆင်းကာ ပစိဖိတ်သမုဒ္ဒရာတွင်းသို့ စီးဝင်လေ၏။ တရုတ်လူမျိုးတို့က ယန်စီမြစ်သည် ကရင်လူမျိုး နေထိုင်ရာဒေသမှ မြစ်ဖျားခံ စီးဆင်းလာကြောင်းသိရှိကြသဖြင့် ယန်စီမြစ်ကို ကရင်မြစ်ဟူ၍ ခေါ်ဆိုကြခြင်းဖြစ်သည်။

# မူလဒေသနှင့် မူရင်းနာမည်

"ယမ်" သို့မဟုတ် "ယမ်း" သို့မဟုတ် "ယောင်း" ဟူသော အမည်နာမသည် မြန်မာနိုင်ငံ ရေးဟောင်းကမ္ပည်းကျောက်စာ သုတေသန အစီရင်ခံစာတွင် ကရင်လူမျိုးများအား မြန်မာ့သမိုင်း၌ ဖော်ပြခဲ့သော "ကမ်းယံ"လူမျိုးနှင့်လည်းကောင်း၊ ယူနန်နယ်ရှိ "ယောင်"နှင့် "မြောင်" လူမျိုးများနှင့်လည်းကောင်း မျိုးနွယ်ဆက်သွယ်ကြောင်း ဖော်ပြထားလျက်ရှိသည်။

ကရင်လူမျိုးတို့သည် ယန်စီမြစ်ကို အခြေခံ၍ "ယန်"ဟု ခေါ်ဆိုမှုတစ်ရပ် ဖြစ်ပေါ်လာ၏။ ပုဂံကျောက်စာ၌ ကရင်လူမျိုးကို "ကရျင်"ဟု ရေးသားဖော်ပြထားသည်ကို တွေ့ရသည်။ ယိုးဒယားအခေါ်အားဖြင့် ကရင်လူမျိုးကို "ကရယမ်"ဟု ခေါ်ကြသည်။ ယိုးဒယားအခေါ်နှင့် ပုဂံကျောက်စာအရ ကရယန်နှင့် ကရျင်ကို မွန်ဂိုးလီးယားအမည်မှ အသံလျော့ကျသွား၍ ကရယန်၊ ကရင်၊ ကယန်၊ ကယောင် ဟူသော အသံကွဲများ ဖြစ်ပေါ်လာသည်ဟု ယူဆနိုင်သည်။

ယနေ့အထိ ကရင်အနွယ်များတွင် "ယမ်"ဟူသော အမည်နာမကို ခေါ်ဝေါ်သုံးစွဲ ထားကြောင်း တွေ့ရှိရ၏။ ဥပမာအားဖြင့် ဖော်ပြရလျှင် "ပဒေါင်"ကို "ကယန်" ဟူ၍လည်း ကောင်း၊ "ယင်းဘော်"ကို "ယန်ဘော်" ဟူ၍ လည်းကောင်း "ယင်းတလဲ"မှ "ယန်တလဲ" ဟူ၍ လည်းကောင်း အသီးသီး ခေါ်ဝေါ်ကြ၏။ "ယန်" ဟူသော အမည်ကို တရုတ်ပြည်နှင့် ပတ်သက်သော သမိုင်းသုတေသီတစ်ဦး ဖြစ်သူ ဟင်နရီမာတင်၏ ရေးသားချက်တွင် ယန်မြစ်ဖျားခံဒေသ၌ တွေ့ရှိရသော လူမျိုးများ၏ အမည်ကို ဖော်ပြထား၏။ ၎င်းတို့အမည်သည် "ကယန်-ကယောင်း"နှင့် "ကညောင်း" ဝေါဟာရ အခေါ် နှင့် အလွန်နီးစပ်ကြောင်း တွေ့ရှိရသည်။ "ကယန်း"၊ "ကယောင်း"မှ "ကယား" ဟူ၍ လည်းကောင်း၊ "ကညောင်း"မှ "ကညော" ဟူ၍ လည်းကောင်း ဆက်စပ်မှု ရှိကြောင်း တွေ့ရှိရ၏။

ဤဝေါဟာရ အသုံးအနှုန်းသည် ရှေးအစဉ်အလာ ခေါ်ဝေါ် သုံးစွဲလာသော ရှေး ကရင်စကားပင်ဖြစ်သည်။ ယခုခေတ်တွင်လည်း အနည်းအကျဉ်း ခေါ်ဝေါ် သုံးစွဲကြသေးသည်ကို တွေ့ရှိရသည်။

ရွှေတိဂုံသမိုင်း၌ ကရင်လူမျိုးတို့ စာပေအရ ဖော်ပြထားသော "ဖူးယောင်းဟဲ့ (ဖူးယင့်ဃှဲ့)" ပုဂ္ဂိုလ်၏ အမည်သည်လည်း ထိုနည်းတူပင် ခေါ်ဝေါ် သုံးစွဲထားကြသည်။ ဇွဲကပင် တောင်ခြေရှိ ကရင်မြို့ဟုခေါ်သော "ဒုံရင်း" အမည်ကိုလည်း "ဒုံယောင်း

(ချုံယင်·)" ဟု ခေါ်ဆိုလာခဲ့ခြင်းကို ထောက်ရှု၍ "ယန်း၊ ယမ်၊ ယောင်း" ဟူသော အခေါ်အဝေါ်သည် ကရင်လူမျိုးများ၏ ပင်ရင်း အမည်နာမပင် ဖြစ်သည်။ ဤဖော်ပြခဲ့သော ယန်း အနွယ်စုတို့သည် ကရင်တို့၏ ဘိုးဘွားများပင်ဖြစ်ကြသည်။

ယန်းအနွယ်စုမှ ဆင်းသက်လာသော ယနေ့မြန်မာနိုင်ငံတွင် ကမ်းယံ၊ ကယန်း၊ ကယား၊ ကရင်၊ ယမ်ဘော်၊ ယမ်တလဲ စသည်ဖြင့် တွေ့ရှိနိုင်ပါသည်။ ထို့ကြောင့်ပင် ယန်စီမြစ်၊ မဲခေါင်မြစ်နှင့် သံလွင်မြစ် စသည့် မြစ်သုံးသွယ်၏ မြစ်ဖျားခံရာဒေသသည် ကရင်အနွယ်(ဝါ) ယန်အနွယ်များ၏ မူရင်းဒေသဖြစ်သော မွန်ဂိုးလီးယားမှ ထီဲဆေမေယွာပင် ဖြစ်တော့သည်။

## ဆင်းသက်လာရာနှင့် ခရီးကြမ်း

ရှေးဦး ကရင်လူမျိုးစုတို့ ဆင်းသက်လာရာတွင် "ဂိုဘီသဲကန္တာရ"ကို ဖြတ်ကျော်ရသည်။ ဂိုဘီသဲကန္တာရတွင် တစ်နစ်မှာ ကိုးလအထိ သဲလေပြင်းများ တိုက်ခတ် လျက်ရှိသည်။ ထိုသဲကန္တာရကို ဖြတ်သန်းလာသူတိုင်း လေပြင်းဒဏ်ကို ခံစားရသည်ဟု ဆိုသည်။ ဆိုးရွားစွာဖြတ်သန်းလာရသော ဂိုဘီသဲကန္တာရကို ကရင် အခေါ်အားဖြင့် "ဘီကျာကိုက်" သို့မဟုတ် "ဘီကျာခိုင်" ပိုးကရင်ဘာသာဖြင့် ရေးပါက "စီကျာခါ်" ဟု ဆိုလေသည်။ ဆိုလိုသည့် အဓိပ္ပာယ်က "ဘီ" သို့မဟုတ် "ဘီဘီ" သည် မျက်စိတစ်ဆုံးဝေးလံသော အပိုင်းအခြားကို ဆိုလိုသည်။

"ကျာ" စကားလုံးသည် "လေပြင်း" ဖြစ်ပြီး "ခိုင်"က မှောင်မည်းသည်ဟု အဓိပ္ပာယ် ရသည်။ အပြည့်အစုံဖော်ပြပါက "မျက်စိတစ်ဆုံး မှောင်မည်းသော သဲလေပြင်း" ဟူ၍ အဓိပ္ပာယ်ရသည်။ ထိုရှေးစကားတို့သည် ယနေ့တိုင် ကရင်လူမျိုးတို့ မမေ့နိုင်ဘဲ ထင်ကျန်ခဲ့သော အဆို တစ်ရပ်ဖြစ်လေသည်။ အဆိုပါ ဂိုဘီသဲကန္တာရသည် တရုတ်ပြည်မြောက်ဘက် တစ်နေရာတွင် ဖြစ်လိမ့်မည်ဟု ရော်ရမ်းတွက်ဆခဲ့ကြ၏။ ထီဲဆေမေယွာနှင့် ယန်စီမြစ်တို့သည်လည်း တိဘက်ကုန်းပြင်မြင့်ဒေသမှ မြစ်ဖျားခံလျက် ရှိသည်ဟု ယူဆကြသည်။

ယန်စီမြစ်ဖျားခံ ထီဲဆေမေယွာ အရပ်ဒေသကို ကရင်လူမျိုးတို့သည် ထိုအရပ်ဒေသကို နှစ်ပေါင်းအတော်ကြာအောင် အခြေချနေထိုင်လာခဲ့သည်ဟု ဆိုကြသည်။ တစ်ချိန်က ထီဲဆေမေယွာဟူသော ရေထိုး သဲစီးအရပ်သည် သာယာဝပြောသောဒေသ ဖြစ်ကြောင်း ရှေးလူကြီး အဆက်ဆက်မှ ထင်ကျန်နေသော ရှေးရိုးစကား နှင့် တေးကဗျာများဖြင့် ခေတ်အဆက်ဆက် သီဆို မှတ်တမ်းတင်ထားခဲ့ကြသည်။

ယနေ့ ကဗျာ အဖြစ်ရေးဖွဲ့ထားရာမှာ-

ဖွံ့ခုိဒ်ဖောဟ်  အံ့ထာ်မူလာ
ဟ့ၤယ့်စာင်းလင်  ထီ့ဆေဝ်မေဝ်ယွာ
ယိက်ယုဂ်လာ်ထာ  ကဝ်ပီလာ

အဓိပ္ပာယ်မှာ ကရင်လူမျိုးတို့ မူရင်းဌာနက ထီ့ဆေမေယွာက ဆင်းသက်လာပြီး ကမ္ဘာဦးစမှ ကြာညောင်းလေပြီဟု ဆိုသည်။ ထိုမှတစ်ဖန် တိဘက် ကုန်းပြင်မြင့် ဒေသသို့ ဖြတ်သန်းလာခဲ့ကြရာတွင် ပထဝီမြေအနေအထားသည် မြေပြန့် မဟုတ်သော တောတောင်အထပ်ထပ်ဆင့်ကာ ဆီးနှင်းတစ်လှည့် တောင်ခိုးတစ်လှည့် ဆိုသလို ဖုံးလွှမ်းနေ၏။ လျှိုမြောင်တစ်ဝိုက်တွင်မူ သစ်တောကြီးများ လွှမ်းမိုးအုပ်ဆိုင်းထားလျက်ရှိသည်။

တောင်ကုန်းအမြင့်ပိုင်းသို့ တက်ရောက်လာလေလေ အေးစိမ့်၍ လာလေလေ ဖြစ်၏။ လမ်းပန်းသွားလာမှုသည်လည်း တဖြည်းဖြည်း ခက်ခက်ခဲခဲ ကြုံတွေ့လာလေလေ ဖြစ်သည်။ တောတောင်ရပ်ဝန်းဒေသ၌ ဖြတ်သန်းလာရသဖြင့် ဆင်းရဲ နွမ်းပါးမှုနှင့်အတူ နှင်းမုန်တိုင်း တိုက်ခိုက်မှုဒဏ်ကိုလည်း ရင်ဆိုင်ခဲ့ရပြန်သဖြင့် အစာရေစာ ငတ်ပြတ်ဘေး၊ အနာရောဂါဘေးများနှင့် သားရဲတိရစ္ဆာန် မကောင်းဆိုးဝါးဘေးတို့ကြောင့် အချို့မှာ လမ်းခရီး၌ သေဆုံးခဲ့ကြရသည်။

ထိုမကောင်းဆိုးဝါးများကို တွေ့ကြုံရင်ဆိုင်ရသော ရှေးကရင်ဘိုးဘေးကြီးတို့က နောင်အခါတွင် ဝိညာဉ်လက်ချည်ဆုတောင်းကြရာ၌ (ဏင်လဝ့်ဏင်ခ့ဝ်ႉ အင်းလဝ့် ဏယ်ၜး လုံယော့ဝ်)ဟူသော ရှေးအစဉ်အလာ အဆက်ဆက်မှ ဆုတောင်းရာ၌ အသိသတိများ မှာကြားထားလေသည်။

ရှေးဘိုးဘွားတို့သည် နောင်အခါတွင် ဝိညာဉ်လက်ချည်ဆုတောင်းရာ၌ (ဏင်လဝ့်ဏင်ခ့ဝ်ႉ အင်းလဝ့် ဏယ်ၜးလုံယော့ဝ်)ဟူသော ရှေးအစဉ်အလာ အဆက်ဆက်မှ အသိသတိများ မှာကြားထားခဲ့လေသည်။

## ခွဲခွာရာအစ ယူနန်က

တိဘက်ကုန်းမြင့်ဒေသမှတစ်ဆင့် ဆင်းသက်လာခဲ့ရာ တရုတ်ပြည် "ယူနန်နယ်"သို့ ရောက်ရှိနေထိုင်လာခဲ့ကြပြန်သည်။ အရှေ့တောင်အာရှတွင် ရှေးခေတ်ဟောင်း အတွင်းက ကရင်လူမျိုးတို့၏ လှုပ်ရှားရွှေ့ပြောင်းနေထိုင်မှု ယဉ်ကျေးမှုစတင်ထွန်းကားလာမှု ပျံ့နှံ့မှုနှင့် ပြောင်းလဲမှုတို့မှာ ရေကြည်ရာ မြက်နုရာကိုလိုက်၍ ဘဝအတွေ့အကြုံများ ရရှိလာခဲ့ကြသည်။ ကရင်လူမျိုးစု ယူနန်နယ်အတွင်း နေထိုင်စဉ်အသင့်အတင့် ယဉ်ကျေးလာပြီဟု ခန့်မှန်းရသည်။ ဝိဉာဉ်အယူအဆနှင့် ချည်ဖြူဖွဲ့မင်္ဂလာဓလေ့ထုံးတမ်းများကို တရုတ်ပြည် ယူနန်နယ်သို့ အရောက်တွင် စတင်ဖြစ်ပေါ်လာခဲ့သည်ဟု ယူဆရသည်။

ဤသို့ နေရာဒေသကောင်းကို ရှာဖွေရာ၌ အစအဦးတွင် တစ်အုပ်စုတည်းဆင်းသက်လာရာက နောင်တွင် အကြောင်းအမျိုးမျိုးကြောင့် အုပ်စုများ ခွဲထွက်လာခဲ့ကြ လေသည်။ ထိုသို့ **အုပ်စုခွဲထွက်လာရာ၌ နောင်အခါတွင် ပြန်လည်ဆုံတွေ့သည်ရှိသော် တစ်အုပ်စုနှင့်တစ်အုပ်စု ဆုံတွေ့ကြ၍ အချင်းချင်းသိရှိမှတ်သားနိုင်ရန်နှင့်အခြားသော လူမျိုးစုအတွင်း မရောမိ၊ မယှက်မှားမိစေရန်အတွက် လက်တွင် ချည်ဖြူဖွဲ့ရာ၌ "နယ်ဖလိုလပော နယ်မိန်လပော (ဏယ်ဖှောဝ်လုံပှော် ဏယ်မိဉ်လုံပှော်)" ဟူသောဆုံးမစကားနှင့်အတူ ကရင်တို့ဘဝ တည်တံ့ခိုင်မြဲရေးကို ကာကွယ်ပေးသည့်အနေနှင့် ချည်ဖြူ အမှတ်အသား ထားရှိသည့် အလေ့အထများ စတင် ဖြစ်ပေါ်လာခဲ့သည်။**

ဤအထောက်အထားတို့ကို အခြေခံ၍ ရှေးနှစ်ပေါင်းများစွာကတည်းက ကရင် လူမျိုးတို့၏ ရွှေ့ပြောင်းလာမှုတည်းဟူသော ရေစီးကြောင်းတို့သည် အမြဲမရှိ၊ အစဉ် တစိုက်လှုပ်ရှား ရွှေ့ပြောင်းခဲ့ကြသည်သာ ဖြစ်သည်။ ထိုပြောင်းရွှေ့ရာ ကာလနှင့် ဘေးဒုက္ခ ရင်ဆိုင်ရသည့်အချိန်များတွင် အသက်ရှင်နေနိုင်ရေးနှင့် ဘဝတည်တံ့မှုအတွက် အတွေ့ အကြုံတည်းဟူသော ခေါင်းဆောင်တို့၏ နည်းပေးလမ်းပြမှုကြောင့်ဘဝ၏ လုံခြုံမှုအတွက် အသစ်အဆန်းဖြစ်သော ဆောင်ရွက်မှုများသည် တစ်ဆင့်ပြီးတစ်ဆင့် ပေါ်ပေါက်ခဲ့ရသည်။

## ခွဲထွက်လာရာ လမ်း ၃ ဖြာ

တရုတ်ပြည် ယူနန်နယ်တွင် နေထိုင်လျက်ရှိသော ကရင်လူမျိုးစုတို့သည် တရုတ်ပြည်ကို အုပ်စိုးသော "စီချောင်ဘုရင်"၏ ဖိနှိပ်မှု အမျိုးမျိုးတို့ကြောင့် ဘီစီ ၁၁၃၄၊ ဘီစီ ၁၁၂၂ နှစ်များတွင် ယူနန်နယ်မှ အရှေ့တောင်ဖက်သို့ ရှေ့တိုးနောက်ဆင့် အသီးသီး ပြောင်းရွှေ့လာခဲ့ကြသည်။ ကရင်လူမျိုးနွယ်စုတို့သည် နယ်သစ်ပယ်သစ်များကို ရှာဖွေပြီး ဆင်းသက်လာရာ လူစုသုံးစုခွဲ၍ ပျံ့နှံ့လာခဲ့ကြသည်။ သမိုင်းဆရာတို့ ဖော်ပြချက်အရ ကရင်လူမျိုးစု သုံးစု ခွဲထွက်လာရာ လမ်းကြောင်း ၃ ကြောင်းမှာ မြစ်ကြီးသုံးသွယ်၏ ချိုင့်ဝှမ်းဒေသတစ်လျှောက် ဆင်းသက်လာခဲ့သည်ဟု ဖော်ပြထားသည်။ ယင်းမြစ်ကြီး ၃ သွယ်မှာ-

(၁) မဲခေါင်မြစ်

(၂) ဧရာဝတီမြစ်

(၃) သံလွင်မြစ်တို့ ဖြစ်သည်။

## မဲခေါင်မြစ်ဝှမ်းမှ ဆင်းသက်လာသော ကရင်မျိုးနွယ်စု

တရုတ်ပြည် ယူနန်နယ်တွင် နေထိုင်ခဲ့သော ကရင်လူမျိုးတို့သည် မဲခေါင်မြစ်ဝှမ်း အတိုင်း တောင်ဘက်သို့ ဆင်းသက်လာပြီး ထိုင်းနိုင်ငံမြောက်ပိုင်း ချင်းမိုင်နယ်တစ်ဝိုက်တွင် မြို့ရွာများတည်ထောင်၍ အုပ်ချုပ်ရေးစနစ်ဖြင့် နေထိုင်လာခဲ့ကြသည်။

ဒေါက်တာဒေါ့ ရေးသားသော ထိုင်းလူမျိုးစုဟူသော စာအုပ်တွင် ထိုင်းနိုင်ငံ (သို့မဟုတ်) ယိုးဒယားမြောက်ပိုင်းရှိ "ကီယန်စင်မြို့"သည် ရှေးကရင်မင်းတို့၏ မြို့တော်တစ်ခု ဖြစ်ခဲ့ကြောင်း ရေးသားထားသည်။ ၎င်းမြို့သည် ထိုင်းနိုင်ငံတွင် ရှေးအကျဆုံး မြို့တစ်မြို့ ဖြစ်သည်ဟု ရေးသားထားသည်။

ရှေးအခါက ယွန်းရှမ်းလူမျိုးတို့၏ တိုက်ခိုက်အနိုင်ယူမှုကြောင့် မင်းနှင့်တကွ ပြည်သူပြည်သားအပေါင်းတို့သည် အနီးအနား တစ်ဝိုက်ရှိ တောင်ပေါ် ဒေသသို့ ထွက်ပြေး တိမ်းရှောင်၍ နေရာဒေသအနှံ့အပြား ရောက်ရှိကြသည်။ ထို့ကြောင့် ထိုင်းနိုင်ငံရှိ ကရင်များသည် ထိုင်းတောင်ပေါ် သားများအဖြစ်သာ သတ်မှတ်ထားကြသည်။

ထိုင်းနိုင်ငံ တောင်တန်းဒေသတွင် မိဘဘိုးဘွားအဆက်ဆက်မှ လုပ်ကိုင်စားသောက်နေကြသည့် မျိုးနွယ်စုတစ်စု ဖြစ်သည်။ ထိုင်းနိုင်ငံရှိ ကရင်လူမျိုးတို့သည် သူတို့ယဉ်ကျေးမှု ဓလေ့ထုံးတမ်း၊ ယုံကြည်ကိုးကွယ်သည့် ဘာသာစကား အသက်

မွေးဝမ်းကြောင်းနှင့် ကိုယ့်ဝတ်စားဆင်ယင်မှု သင်္ကေတများရှိကြသည်။ ခရစ်ယာန်သာသနာပြု ပြင်သစ်လူမျိုး ပါလ်လေကွရ်၏ မှတ်တမ်းပြုစာအုပ်ထဲတွင် "ရတနာကောစင်ခေတ်" ၄ ဆက်မြောက် ထိုင်းဘုရင်မင်းမြတ်သည် ကရင်အကြောင်းကို ပြောပြရာတွင် ကရင်လူမျိုးတို့၏ မူရင်းဒေသသည် "ဆယမ်"မှာ ဖြစ်သည်။ မြောက်ဘက်သို့ ထိုင်းလူမျိုးတို့ ရောက်မလာခင် အာယုဒ္ဓယမြို့ မတည်ဆောက်မီ ကရင်မြေနေရာဒေသများ ဆုံးရှုံးခဲ့ရပြီး အခြားသော နေရာများသို့ ပြောင်းရွှေ့နေထိုင်ကြရသည်ဟု ရေးသားဖော်ပြထားသည်။ ထိုင်းဘုရင် "ချက်ကရီ"မင်းဆက်များ စိုးစံလာသောအခါ ကရင်လူမျိုးများ နေထိုင်သော နယ်အသီးသီးတို့ကို မြို့စားနယ်စားများ ခန့်အပ်ပေးခဲ့သည်။

ယနေ့အထိ အသိများသော "ဖလာ့သူလောင့်" ခေါ် "ဖရစီသုဝဏ်" ရာထူးခံပိုးကရင်လူမျိုး "ဖူ့ဝါးဖော့" နှင့် သားစဉ်မြေးဆက်များ ငါးဆက်အထိ ဆန်ခရပူရီမြို့စားအဖြစ် ဆက်ခံသည်ဟု ရာဇဘူလီမှတ်တမ်းတွင် အထင်အရှား ရေးသားဖော်ပြထားသည်။ ယခု လက်ရှိ ထိုင်းနိုင်ငံအတွင်း နေထိုင်ကြသော ကရင်လူမျိုးစုတို့၏ နေထိုင်ရာ ခရိုင်ဒေသများမှာ-

| | | |
|---|---|---|
| - မယ်ဆိုင်ခရိုင် | - | ၁၆ ရွာ |
| - ပလဲ့ခရိုင် | - | ၁၄ ရွာ |
| - လမ်းပန်ခရိုင် | - | ၇ ရွာ |
| - လမ်းဖွန်းခရိုင် | - | ၅၁ ရွာ |
| - မဲဟောင်ဆောင်ခရိုင် | - | ၂၁၀ ရွာ |
| - ဇင်းမယ်ခရိုင် | - | ၁၁၄ ရွာ |
| - ရဟိုင်းခရိုင် | - | ၂၄၀ ရွာ |
| - ဖစ်စနလွတ်ခရိုင် | - | ၈ ရွာ |
| - ကန်ဖဲဖေ့ခရိုင် | - | ၂ ရွာ |
| - ဆူခွန်ထိုင်းခရိုင် | - | ၂ ရွာ |
| - ဥထိုင်းဌာနီခရိုင် | - | ၁၂ ရွာ |
| - ဆွတ်ဖန်းဘူရီခရိုင် | - | ၆ ရွာ |
| - ကန်ချနဘူရီခရိုင် | - | ၇၅ ရွာ |
| - ရာဇဘူရီခရိုင် | - | ၃၁ ရွာ |
| - ဖေ့ဘူရီခရိုင် | - | ၁၄ ရွာ |
| - ပရကျူဂိရိခန်ခရိုင် | - | ၅ ရွာ |

စသည်ဖြင့် .... ခရိုင်အတွင်းရှိ ရွာအသီးသီးတို့တွင် နေထိုင်ခဲ့ကြသည်။

အခြား ခရိုင်နေရာ ဒေသများတွင်လည်း ကရင်လူမျိုးရှာ အချို့တိမ်ကော ပပျောက်သွားသည်ဟု ထိုင်းကရင် လူမျိုးတို့က ပြောပြ၍သိရသည်။ ထိုင်းနိုင်ငံအတွင်း ရှိ မြေပြန့်ဒေသနှင့် မြို့တွင်းရောက်ရှိ နေထိုင်ကြသော ကရင်လူမျိုးတို့သည် ထိုင်း စကားကိုသာ အားသန်၍ ကရင်စကားကို မပြောလိုကြတော့သည်ကို တွေ့သိရသည်။ တချို့စာတတ်ဘွဲ့ရပုဂ္ဂိုလ်နှင့် အစိုးရဝန်ထမ်းများ ဖြစ်လာသော ကရင်အမျိုးသားတို့ သည် ကရင်စကားကို မေ့ပျောက်နေကြပြီး သူတို့ကိုယ်သူတို့ ကရင်လူမျိုးမှန်းတောင် အသိအမှတ် မပြုတော့ပေ။ ဤသို့ဖြစ်ရခြင်းသည် အမျိုးသားရေး စိတ်ဓာတ်အားနည်း လာမှုကြောင့် စာပေနှင့် စကား တို့ကိုပါ ဝါးမြိုခြင်း ခံရလေသည်။

ကရင်လူမျိုးစုတို့ ဆင်းသက်နေထိုင်လာခဲ့သော မဲခေါင်မြစ်ဝှမ်းဒေသ တစ်လျှောက်ရှိ လောနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ကမ္ဘောဒီယားနိုင်ငံ တို့တွင် နေထိုင်နေကြ သော ကရင်လူမျိုးစုတို့သည် လူနည်းစုများသာဖြစ်၍ ထိုနိုင်ငံတို့တွင် လုံးဝ ပပျောက် သွားပြီဟု သိရသည်။ လူမျိုးကြီးများတို့၏ ဖိနှိပ်ချုပ်ချယ်ခြင်း လွတ်လပ်သော အခွင့် အရေး မပေးခြင်းတို့ကြောင့် ရိုးရာယဉ်ကျေးမှုများ ပပျောက်ရခြင်းနှင့် သွေးနှောခြင်း စနစ်တို့ဖြင့် လူမျိုးငယ်များ ကွယ်ပျောက်ရလေသည်။

## ဧရာဝတီမြစ်ဝှမ်းမှ ဆင်းသက်လာသော ကရင်လူမျိုးနွယ်စု

ယူနန်မှ တရုတ်ပြည်တောင်ကြားကို ကျော်ဖြတ်လာကာ ရွှေလီမြစ်ကြောင်း မှတစ်ဆင့် ဧရာဝတီမြစ်ဝှမ်းတစ်လျှောက်ကို လိုက်၍ ပျံ့နှံ့ နေထိုင်လာခဲ့ကြသည်။ မြန်မာနိုင်ငံအတွင်းသို့ စတင်ဝင်ရောက်လာခဲ့ကြသော ပျူ၊ သက်၊ ကမ်းယံ ခေါ် ကရင်၊ ထိုလူမျိုးစု ၃ စု တို့တွင် သမိုင်း၌ထင်ရှားစွာ ရေးသားဖော်ပြထားသည်။

ရှေးအခါက မြန်မာနိုင်ငံတွင် ယဉ်ကျေးမှုထွန်းကားရာဖြစ်သော ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ စသော မြို့များသည် ပျူလူမျိုးများ တည်ထောင်လာခဲ့သော မြို့ပြနိုင်ငံများသာ ဖြစ်သည်။ ပျူ၊ သက်၊ ကရင်လူမျိုးတို့သည် မြန်မာနိုင်ငံတွင် မြို့ ပြည်ရွာများ တည်ထောင်၍ နှစ်ပေါင်းများစွာ နေထိုင်လာခဲ့ကြသော ပင်ရင်းဒေသနေ မြန်မာလူဟောင်းကြီးများပင် ဖြစ်သည်။ မြန်မာနိုင်ငံ အနောက်မြောက်ဘက်တွင် သက်လူမျိုးတို့၏ နေရာဒေသဖြစ်ပြီး တောင်ဘက်အရပ်၌ ကရင်လူမျိုးတို့ နေထိုင် လျက် ရှိကြသည်။ ပျူလူမျိုးများက ဧရာဝတီမြစ်ဝှမ်းဒေသများ၌ အခြေတကျ နေထိုင် လာကြပြီဖြစ်သည်။

အေဒီ ၈၃၂ ခုနှစ်တွင် နန်ချောင်နယ်သားတို့၏ ဝင်ရောက်တိုက်ခိုက်က ပျူ မြို့တော်များကို ဖျက်ဆီး၍ ပျူလူမျိုး (၃၀၀၀)ကိုလည်း ဖမ်းဆီးခေါ် ဆောင်သွားကြ

လေရာ ပျူလူမျိုးတို့သည် အင်အားကြံ့လိုသွားသဖြင့် ဗမာလူမျိုးတို့၏ အင်အားကို အားကိုး အမှီပြု၍ ရောနှောနေထိုင်လာခဲ့ကြရာမှ တစ်စတစ်စ ဗမာလူမျိုးအသွင်သို့ လုံးဝ ပြောင်းလဲသွားတော့သည်ဟု မြန်မာ့သမိုင်းတွင် ရေးသားဖော်ပြထားသည်။

ယင်းအချိန်၌ ပျူနိုင်ငံ ပျက်သုဉ်းခါစ အတွင်းတွင် လူမျိုးစုသုံးစု ကွဲပြားခြားနားခဲ့ကြသည်။ ထိုလူမျိုးစု ၃ စုမှာ ပျူ၊ သက်၊ ကမ်းယံတို့ဖြစ်ကြောင်း၊ ထိုအတွင်းတွင် ပျူနှင့် ကမ်းယံတို့သည်လည်းကောင်း၊ ပျူအချင်းချင်းသည်လည်းကောင်း၊ ပျူနှင့် အနောက်ဘက်တို့နှင့်လည်းကောင်း၊ အချင်းချင်း စစ်ခင်းကြပြီးနောက် ကမ်းယံတို့သည် မြန်မာနိုင်ငံ အနောက်ဘက် ရခိုင်ရိုးမကို ကျော်နင်း၍ ရခိုင်ပြည်နယ်ဒေသတစ်ဝိုက်တွင် ပြောင်းရွှေ့ နေထိုင်သွားကြသည်။

တချို့သော ကမ်းယံတို့သည် မြန်မာနိုင်ငံအနောက်ပိုင်း ဧရာဝတီမြစ်ဝှမ်းတစ်လျှောက်ရှိ တောင်ပေါ်ဒေသနှင့် မြေပြန့်ဒေသများတွင် ပျံ့နှံ့ နေထိုင်သွားကြသည်။ ယနေ့အထိ ဧရာဝတီမြစ်ဝှမ်းဒေသ၌ နေထိုင်ကြသော ပိုးကရင်နှင့် စကောကရင်တို့သည် ကမ်းယံလူမျိုးများ ဖြစ်ကြသည်ဟု သမိုင်းအရ ဆိုရမည်ဖြစ်သည်။

တွင်းသင်းဝန် ထုတ်ပြန်သော ဘုံခန်းပျို့ မူဟောင်း၌ "ကရင်၊ ခနေ၊ လဟု၊ သက်ရွာ၊ သက်သာ၊ ကန်းရမ်၊ ဂျွမ်းနှင့် ကန်စက်၊ လဟက်လဟောက်" ဟု လည်းကောင်း၊ နောက်ထုတ် မူသစ်၌ "လဟု ဖက်ရွာ၊ သက်သာ ကမ်းယမ်၊ ဂျွမ်းနှင့် ကန်စက်" ဟု လည်းကောင်း ရေးသားဖော်ပြထားသည်။ ထိုဖော်ပြထားသော သက်သာ ကမ်းယမ် အဆိုအရ သက်လူမျိုးနှင့် ကမ်းယံတို့က တစ်မျိုးနွယ်တည်း ယူဆရသည်။ ပျို့နိဂုံး  အပိုဒ်တွင် "ဗျာပါစင်းကြန်၊ ကြန်တန် ပျော့ဂျွန်း၊ ကမ်းယံ ပြူမြုံ၊ သထုံမွန်ပိုင်" ဟု ရှိရာ ဤနှင့် နိုင်းယှဉ်၍ "ကမ်းယံ ပျူမြုံ" ဆိုလိုရင်း အဓိပ္ပာယ်သည် ကမ်းယံလူမျိုးနှင့် ပျူလူမျိုးတို့သည် တစ်သိုက်တစ်မြုံ တစ်စုတစ်စည်းဟု ဆိုလိုခြင်း ဖြစ်ဟန်တူသည်။ ယဉ်ကျေးမှု ရှုထောင့်မှ ဝေဖန်သုံးသပ်ကြည့်သော် သက်နှင့် ကမ်းယံလူမျိုးတို့ ဝတ်စားဆင်ယင်မှုတွင် ကရင်လူမျိုးတို့ ဝတ်စားဆင်ယင်မှုနှင့် ဆင်တူနေသည်ကို တွေ့ရသည်။ တချို့ သမိုင်းဆရာတို့သည် "ပျူ သက် ကမ်းယံ" အစား "ပျူ သက် ကရင်" ကိုသာ ရေးသားဖော်ပြထားသည်ကို ထောက်ခံ၍ ကမ်းယံလည်း ကရင်၊ ကရင်လည်း ကမ်းယမ်ဟု ရေးသားဖော်ပြရတော့သည်။

## သံလွင်မြစ်ဝှမ်းမှ ဆင်းသက်လာသော ကရင်မျိုးနွယ်စု

အရှေ့တောင်အာရှတွင် ကရင်လူမျိုးများ ရွှေ့ပြောင်းလာမှု၊ ပျံ့နှံ့လာမှု တည်းဟူသော ရေစီးကြောင်းတို့မှာ ရှုပ်ထွေးစွာ စီးဆင်းခဲ့ကြသည်။ သမိုင်းအရ မဲခေါင်မြစ်ဝှမ်းမှ လည်းကောင်း၊ ရောဝတီမြစ်ဝှမ်းမှလည်းကောင်း အသီးသီး ဆင်းသက်လာခဲ့ကြသည်ဟု ဖော်ပြထားသည်။ နောက်ဆုံး ဆင်းသက်လာသော အစုသည် သံလွင်မြစ်ဖျားမှ ရှမ်းကုန်းမြေမြင့်ကို ကျော်နင်း၍ ကယားပြည်နယ်၊ ကရင်ပြည်ဒေသများသို့ ရောက်ရှိနေထိုင်ခဲ့ကြသည်။ ပိုးကရင်နှင့် စကောကရင်တို့သည် စစ်တောင်းမြစ်ဝှမ်းနှင့် သံလွင်မြစ်ဆုံဖြစ်သော ဂျိုင်းမြစ် အတ္တရံမြစ်ဝှမ်းဒေသမှတစ်ဆင့် ကျိုက္ခမီနယ် တနင်္သာရီတိုင်းဒေသတစ်လျှောက်သို့ တစ်ခေတ်ပြီးတစ်ခေတ် အဆင့်ဆင့် ပျံ့နှံ့နေထိုင်ခဲ့ကြသည်။

## ရှေးဦးလူနှင့် ရေမြေအနေအထား

ကရင်လူမျိုးစုတို့သည် မြန်မာနိုင်ငံတွင် ရောက်ရှိလာရာ အစအဦးတွင် ပထဝီမြေအနေအထားအရ မြန်မာနိုင်ငံ၏ အောက်ပိုင်းရှိ ဒေသများတွင် ပင်လယ်ရေများ လွှမ်းမိုးထားလျက်ရှိသည်။ တစ်ချိန်က ပင်လယ်ကမ်းရိုးတန်းသည် သရေခေတ္တရာခေါ် ပြည်မြို့အောက်နားအထိ ရောက်ရှိခဲ့သည်။ အနောက်ဘက်၌ အနောက်ရိုးမ တောင်ခြေ အလယ်ပိုင်း၌ ပဲခူးရိုးမတောင်ခြေအထိ ရေလွှမ်းလျက်ရှိပြီး သံလွင်မြစ်ဝ၊ စစ်တောင်းမြစ်ဝ၊ ရောဝတီမြစ်ဝကျွန်းပေါ် ဒေသတို့သည်လည်း မဖြစ်ပေါ် သေးသည့်ကာလ၌ ပုသိမ်၊ ရန်ကုန်၊ ပဲခူး စသည့် ဒေသတို့သည် ပင်လယ်ရေ ကြမ်းပြင်အောက်၌ တည်ရှိနေဆဲပင်ဖြစ်သည်။

အရှေ့ဘက်တွင် ပေါင်းလောင်းတောင်၊ ဇင်းကျိုက်တောင်၊ ကုလားမ တောင်၊ ဖွဲကပင်တောင်၊ တောင်ညိုတောင်တန်းနှင့် တနင်္သာရီတောင်တန်းတစ်လျှောက်တွင် ပင်လယ်ရေများ တည်ရှိနေသည်။ ပြည်မြို့၊ သထုံမြို့၊ မုတ္တမမြို့၊ ထားဝယ်မြို့တို့သည် ပင်လယ်ဆိပ်ကမ်းမြို့များ ဖြစ်ကြသည်ဟု သမိုင်းတွင် ဖော်ပြထားလေသည်။

# ရှေးဦးမြန်မာလူမျိုးများ

အလွန်ရှေးကျသောကာလ၌ မြန်မာနိုင်ငံတွင် လူများနေထိုင်၍ လာခဲ့ကြသည်။ ထိုအလွန်ရှေးကျသော ခေတ်အခါကာလက နေထိုင်လာခဲ့ကြသော "ဆလုံ၊ မလေး နီဂရစ်တို(ခေါ်)စမောင်းလူမျိုး"တို့နှင့် ကရင်လူမျိုးစုတို့သည် ရှေးပဝေသဏီက မြန်မာလူဟောင်းကြီးများ ဖြစ်ကြသည်။

"ပြည်တော်သာ ဦးထွန်းရီ"ကမူ မွန်လူမျိုးတို့ မရောက်မီ ရှေးဦးစွာ ရောက်ရှိနေထိုင်သူများမှာ "ကရီ" ခေါ် "ကရင်" နှင့် "ခန၊ တောင်သူ၊ နီဂရစ်တို(ခေါ်) စမောင်း" လူတို့ ဖြစ်ကြပြီး ၎င်းတို့သည် လွန်ခဲ့သောနှစ်ပေါင်း တစ်သောင်းကျော်ကပင် ကျောက်ခေတ် လူသားများအဖြစ် ရောက်ရှိနေထိုင်ခဲ့ကြကြောင်း "ပါဒနိုင်ငံတော်သမိုင်း" စာအုပ်တွင် ရေးသားဖော်ပြခဲ့သည်။

ထိုအချိန်က မုတ္တမကွေ့ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်တွင် နေထိုင်လျက်ရှိသော လူရိုင်းတို့မှာ အသားမည်း၍ အရပ်ပုပြီး ကြီးထွားကြွံခိုင်၏။ ဆံပင်လှိုင်းထပ်သကဲ့သို့ တွန့်လိမ်ကောက်ကွေးသည်။ နှာခေါင်းပြား၍ အမွေးအမျှင် ထူသည်။ လူသားစား ဘီလူးအဖြစ် သတ်မှတ်ထားကြသည်။ ဂရိပထဝီဝင်ဆရာ "တော်လမီ"က ရွက်လှင့်သွားလာရာတွင် မုတ္တမပင်လယ်ကွေ့၌ လူသားစားလူရိုင်းများကို တွေ့ခဲ့ရသည်ဟု မှတ်တမ်းတင် ရေးသားခဲ့သည်။ တော်လမီတွေ့ရှိခဲ့သော လူသားစားတို့သည် စမောင်း(ခေါ်) ရေဘီလူးများပင်ဖြစ်သည်။

ပြည်တော်သာ ဦးထွန်းရီကလည်း "ကရဏ္ဏကတိုင်း"တွင် မွန်တို့ထက် စောစီးစွာ ရောက်ရှိနေထိုင်ကြသော တိုင်းရင်းသားလူရိုင်းများသည် တစ်ဖက်နှင့် တစ်ဖက် အလုအယက် တိုက်ခိုက်ကြကာ အမျိုးမတူလျှင် ဖမ်းဆီး၍ သတ်စားကြသည်ဟု "ပါဒနိုင်ငံသမိုင်း"၌ ရေးသားထားသည်။ သူတို့ကို မွန်လူမျိုးတို့က "စမောင်း" ဟူ၍ လည်းကောင်း "ရေဘီလူး(ရကွ)" ဟူ၍လည်းကောင်း ခေါ်ဆိုကြသည်။

အထက်တွင် ဖော်ပြချက်အရ တစ်ချိန်ကမြန်မာနိုင်ငံတွင် မွန်လူမျိုးတို့ မရောက်ရှိမီ စမောင်း နှင့် ကရီ (ခေါ်) ကရင်တောင်သူများ နေထိုင်ခဲ့ကြသည်။ အသားစား ရေဘီလူး(ခေါ်)စမောင်းတို့သည် ကရင်လူမျိုးတို့နှင့် ရင်ဆိုင်တိုက်ခိုက်ရသည်ဟု ရှေးကရင်ဘိုးဘွား အဆက်ဆက်က ပြောဆိုလာခဲ့ကြသော လူသားစား စမောင်းတို့၏ အကြောင်းကို သာဓကများ ရှိခဲ့သည်။ ထိုကြမ်းကြုတ်ရက်စက်သော လူသားစား စမောင်းတို့သည် ရှေးကရင် ဘိုးဘွားတို့က "ဆာဖောင်" ခေါ် "ဆာမင်" ဟူ၍ ခေါ်ဆိုလာခဲ့သော အသားစား လူ့ဘီလူးများသာ ဖြစ်သည်။

ကရင်လူမျိုးတို့ လက်ချည်ပွဲတွင် ထည့်သုံးလေ့ရှိသော (ခွံးဆောင်း ဆာမုဂ်

ဏောဝ်ဧးလုံယ်ဝ်) ဟူသော ရှေးကရင်လူကြီးတို့ အသိပေးစကားကို ထောက်ရှု၍ တစ်ချိန်က ဆာမောင်းဆိုသော အသားစားလူရိုင်းတို့နှင့် ရင်ဆိုင်ရသော အထောက်အထားတစ်ရပ်ပင် ဖြစ်သည်။

ရေဘီလူးစမောင်းတို့သည် မွန်လူမျိုးများဝင်ရောက်လာသောအခါ ရာမညတိုင်းသားများ စုစည်းပြီး စမောင်း(ခေါ်)ရေဘီလူးတို့ကို တိုက်ခိုက်နှိမ်နင်း၍ ပင်လယ်တွင်းရှိ ကျွန်းများသို့ ဆုတ်ခွာခဲ့ရသည်။ ရေဘီလူးတို့ နောက်ဆုံး နေထိုင်သွားသော ကျွန်းကို မွန်လူမျိုးတို့က ယနေ့တိုင် စမောင်းကျွန်းဟု ခေါ်ဆိုလျက်ရှိသည်။ အများအားဖြင့် ဘီလူးကျွန်းသာ လူသိများကြသည်။

# ပင်လယ်ရေနှင့် ဖွဲကပင်

ဘင်္ဂလားပင်လယ်အော် ကမ်းရိုးတန်းတစ်လျှောက် ကုန်ကူးသန်းသွားလာနေသော ရှေး "တေလဂူ"ကုလားတို့၏ သင်္ဘောကို "ဗန္ဓဂီရိ"(ခေါ်) ဖွဲကပင်ကျောက်တောင်တွင် ချိတ်ဆွဲ ရပ်တန့်နားခိုခဲ့ကြသည်။ ယင်းသင်္ဘောချိတ်ဆွဲထားသည်ကို အစွဲပြု၍ ယင်းတောင်ကို ကရင်ဘာသာဖြင့် လိုင့်ခွဲကဘောင်(လာင့်ခွါကွှင်)ဟု တွင်လာခဲ့သည်။ အဓိပ္ပာယ်အားဖြင့် လိုင့်=တောင်၊ ခွဲ = ချိတ်၊ ကဘောင်=သင်္ဘော ဖြစ်သည်။ "သင်္ဘောချိတ်တောင်" ဟုပင် အဓိပ္ပာယ်ရသည်။

ရှေးဟောင်း မွန်စာပေများတွင် ဖွဲကပင်တောင်သည် သင်္ဘောများဆိုက်ရာဌာနဖြစ်၍ ဆန္ဒုန်ဂူ ပတ်ဝန်းကျင်ဒေသသည် ပင်လယ်ဖြစ်ကြောင်း ဆို၏။ နိုင်ငံရပ်ခြား သင်္ဘောများသည် သိဂုံတ္တရတောင်၊ ဇင်းကျိုက်တောင်၊ ဖွဲကပင်တောင်၊ ကျိုက္ခမီ ပင်လယ်ဝရှိ ဘီလူးကျွန်းစသည့် ဒေသများသို့ ရှေးအခါက အခြေစိုက်ခဲ့သော သင်္ဘောဆိပ် နေရာဟောင်းများ ဖြစ်ပေသည်။ တစ်ချိန်က ကူးသန်းရောင်းဝယ်ရာတွင် အိန္ဒိယ တောင်ပိုင်း အန္ဓကတိုင်းသား တေလဂူလူမျိုးတို့သည် ရွက်သင်္ဘောများဖြင့် ကူးသန်းသွားလာနေလျက်ရှိသည်ကို ၁၅ ရာစုနှစ် အနောက်နိုင်ငံ ကုန်သည်များ မှတ်တမ်းတွင် ရေးသား ဖော်ပြထားသည်။

အလွန်ရှေးကျသောအချိန်က သင်္ဘောများသည် ပင်လယ်ခရီးသွားရာတွင် ကမ်းခြေနှင့် မနီးမဝေးမှ သွားကြကြောင်းသိရသည်။ အိန္ဒိယနိုင်ငံမှ အရှေ့ဘက်နိုင်ငံများ ကူးသန်းဆက်သွယ်ရာတွင် မုတ်သုန်လေ၏ သဘောသဘာဝနှင့် လှိုင်းဒဏ်တို့ကြောင့် ချောက်ကမ်းပါး တောင်ကမ်းပါးတို့နှင့်တိုက်မိကာ နစ်မြုပ်သွားလေ့ရှိသည်။ ထို ချောက်ကမ်းပါးတောင်ကမ်းပါး၌ လှေကျနစ်မြုပ်သွားသောနေရာကို "ကဘောင်လောင်လွန်း" ဟု ကရင်လူမျိုးများ ဆိုစမှတ်ပြုခဲ့သည်။

ထို ကဘောင်လောင်လွန်း ရှိခဲ့ဖူးသည့်တောင်တို့မှာ ကုလားမတောင်၊ ဖွဲကပင်တောင်၊ မုလအိတောင်နှင့် ကရင်တို့နေရပ်ဒေသ တချို့တောင်တန်းတို့၌ တွေ့ရှိရသည်။ တစ်ချိန်က ကရင်လူမျိုးတို့သည် တောင်တန်းအရပ်ဒေသကို အမှီပြု၍ နေထိုင်ခဲ့ကြောင်း သက်သေသာဓကအဖြစ် ရေးသားဖော်ပြရသည်။ ကာလ အတန် ကြာသောအခါ သံလွင်မြစ်ဝ၊ စစ်တောင်းမြစ်ဝ၊ ဧရာဝတီမြစ်ဝ၊ ထိုမြစ်ဝဒေသများ တစ်စတစ်စ ပေါ်ထွန်းသောအခါ ပျူလူမျိုးတို့၏ မြို့ပြနိုင်ငံများနှင့် မွန်လူမျိုးတို့၏ မြို့ပြနိုင်ငံများ ပေါ်ထွန်းလာခဲ့သည်။

## ရှေးဦးလူနှင့် ကရင္ကာကတိုင်း

ဗုဒ္ဓမြတ်စွာ ပွင့်တော်မမူမီ အချိန်ကာလ၌ ကရင္ကာကတိုင်း ပေါ်ပေါက်လာခဲ့သည်။ ထိုခေတ်ကာလသည် ပထဝီဝင်အနေအထားအရ ဖွဲကပင်တောင်ခြေ တစ်ဝိုက်တွင် သံလွင်မြစ်ဝကျွန်းများ ပေါ်ထွန်းစကာလ အနေအထားရှိသည်ဟု ယူဆရသည်။ ဖွဲကပင်တောင်ခြေတစ်ဝိုက်တွင် အစအဦး ဝင်ရောက်လာသော ကရင် လူမျိုးစု တချို့ရှိသည်။ မုဆိုးလုပ်ငန်းနှင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများဖြင့် အသက်မွေးပြု ကြသည်။ အခြေချ စိုက်ပျိုးလုပ်ကိုင်မှုအကြောင်းပြု၍ ပေါ်ပေါက်လာသော အုပ်စု ရွာငယ်မှ တဖြည်းဖြည်း ရွာကြီးများဖြစ်ပေါ်လာ၏။ ထိုခေတ်လူတို့သည် ဝမ်းစာရေး အတွက် နေရာသစ်ကိုရှာဖွေ၍ ရွှေ့ပြောင်းခဲ့ကြသည်။ တောင်ပေါ်ဒေသမှတစ်ဆင့် သားငါးပေါသော မြေပြန့်ဒေသနှင့် စိုက်ခင်းကောင်းသော မိုးကောင်းဒေသ ဖြစ်သည့် မြန်မာနိုင်ငံအောက်ပိုင်းရှိ အတ္တရံမြစ်ဝှမ်း၊ သံလွင်မြစ်ဝကျွန်းပေါ်ဒေသမှ တစ်ဆင့် စစ်တောင်းမြစ်ဝှမ်းနှင့် ဧရာဝတီမြစ်ဝှမ်းတောင်ပိုင်းဒေသသို့ အဆင့်ဆင့် ရွှေ့ပြောင်း နေထိုင်လာခဲ့ကြသည်။

နောက်ထပ် ဝင်ရောက်လာသော မျိုးနွယ် မတူတို့သည် သာယာစိုပြေသော မြေနေရာ ဒေသကောင်းများကို ပိုင်ဆိုင်လိုမှုအတွက် ဒေသခံကရင်လူမျိုးစုတို့နှင့် ရံဖန်ရံခါ တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။ မိမိတို့ဒေသအတွင်း ဝင်ရောက်လာသော မျိုးနွယ်မတူသူ နယ်မြေလု ပြဿနာများနှင့် လူမျိုးရေးပြဿနာများ သက်ဝင်လာ သောအခါ အုပ်ချုပ်ရေး စနစ်ကို အစပြု၍ တည်ထောင်လာခဲ့ကြသည်။

# ရှေးဦးဘုံစနစ်နှင့် ကရင်ဓလေ့

ပုဂ္ဂလိက ပိုင်ဆိုင်မှု မပေါ်ပေါက်သေးသည့်ကာလ၌ ကရင်လူမျိုးတို့၏ လူနေမှု စနစ်သည် စုပေါင်းလုပ်ကိုင်စားသောက်ခြင်း၊ စုပေါင်းအမဲလိုက်ခြင်းနှင့် ဆင်ရိုင်းများကိုမူ ထောင်၍ဖမ်းကြသည်။ ဆင်ရိုင်းကိုယဉ်ပါးအောင် သင်ယူလေ့ကျင့်ပေးကာ သစ်ဆွဲခြင်းနှင့် စစ်ပွဲတွင် အသုံးပြုခဲ့ကြသည်။

ရှေးမုဆိုးတို့၏ တောလိုက်ခြင်းမှာ စီးပွားရေးအတွက် မဟုတ်ဘဲ မိသားစု အိမ်ထောင်စု အသိုင်းအဝိုင်း စားသုံးရန်အတွက်သာ ဖြစ်သည်။ မိမိတို့ တောလိုက်၍ ရသော အသားကို ဝေပုံကျ ခွဲဝေယူရာတွင် ဦးခေါင်းနှင့် ဝမ်းတွင်းသားကိုထည့် မခွဲဝေကြချေ။ ယင်းမှာ ခေါင်းဆောင်အတွက်ဖြစ်သည်။ ရရှိသည့်အသားကို အိမ်နီးနားချင်းများနှင့် ဝေမျှစားကြသည်။ အမဲလိုက်ခြင်းမှာ ယောကျ်ားပီသမှု သူရသတ္တိရှိမှုကို ပြသသော ဆောင်ရွက်မှုတစ်ခုဖြစ်သည်ဟု အယူအဆရှိကြသည်။ ယောကျ်ား မှန်သမျှ လေး၊ လှံ လက်နက်ကို ကျွမ်းကျင်စွာ ပစ်ခတ်နိုင်ရမည်။

ထိုခေတ်ကာလ၌ ရန်သူတို့နှင့် ရင်ဆိုင်တိုက်ခိုက်ကြရာတွင် လက်ဖြောင့် လေးသမားကို အားကိုးအားထား ပြုကြသည်။ လေး၊ လှံ၊ မြားနှင့် ထောင်ချောက်၊ ကျော့ကွင်းများကို မိမိတို့ကိုယ်တိုင် တီထွင်ပြုလုပ်ကြပြီး လှံနှင့် မြားထိပ်တို့တွင် အဆိပ်လူး၍ အသုံး ပြုလေ့ရှိသည်။ ထိုအဆိပ်လူးမြားမှာ (ကျူ)ခေါ် သစ်စေးမျိုးမှ ရရှိသော အဆိပ်နှင့် မြွေ၊ ကင်း၊ ဖားပြုတ်တို့မှရသော အဆိပ်တို့ကို ရောစပ်၍ အသုံးပြုကြသည်။

ရှေးမုဆိုးတစ်ဦးတစ်ယောက်၏အိမ်၌ သမင်၊ ဒရယ်၊ စိုင်၊ ဆတ်၊ ပြောင် ဦးချိုများနှင့် တောဝက်စွယ်၊ ကျားသားရေတို့ကို အိမ်တွင် အလှအပအဖြစ် ချိတ်ဆွဲထားလေ့ရှိသည်။ ဤ တိရစ္ဆာန်ဦးချိုနှင့် အရေခွံတို့၏ အရည်အတွက်ကိုကြည့်၍ သတ္တိဗျတ္တိကောင်းသော မုဆိုးတစ်ဦးအဖြစ် ဂုဏ်ယူလေးစားကြသည်။

ရှေးကရင်လူမျိုးတို့သည် အစွမ်းသတ္တိရှိသော တိရစ္ဆာန်အရိုးအစွယ်တို့ကို အဆောင်အဖြစ် လည်၌ ဆွဲထားလေ့ရှိကြသည်။

# ပအာဝနမြို့(ခေါ်) ဒုံရင်းမြို့ဖြစ်ပေါ်လာခြင်း

ကရဏ္ဏကတိုင်း "သုဘိဏ္ဏမြို့" ၌ "တိသာရာဇ်မင်း"နှင့် "သီရိကပ္ပာမိဖုရား" တို့ မင်းပြုကြသည်။ ထိုကာလ၌ သံလွင်မြစ် အရှေ့ဘက်ခြမ်း ဖွဲကပင်တောင်တန်း တစ်လျှောက်တွင် "ပအာဝနတောကြီး"ဟု ခေါ်ဆိုခဲ့ကြသည်။ ထို ပအာဝနတောကို အုပ်စိုးနေသော "လစွဲ"အမည်ရှိ လူငယ်မုဆိုးတစ်ဦးနှင့် နောက်လိုက်နောက်ပါများတို့သည် ထိုတောတောင်ဒေသတစ်လျှောက်တွင် ကျင်လည်ကျက်စားနေထိုင်ခဲ့ကြသည်။

ကရဏ္ဏက ပြည့်ရှင် တိသာရာဇ်မင်းကြီးသည် လာရောက်နှောင့်ယှက်သော နယ်လု သူပုန်သူကန်တို့အား လိုက်လံတိုက်ခိုက်နှိမ်နင်းရာတွင် ပါဝင်လိုက်လံကူညီပေးသော လစွဲမုဆိုးနှင့် နောက်လိုက်နောက်ပါအဖွဲ့သားတို့အား တိသာရာဇ်မင်းကြီး လွန်စွာဂုဏ်ယူတော်မူ၏။ ကာယဗလစွမ်းအားနှင့် ပြည့်စုံသော လစွဲမုဆိုးကို လူထုလူချွန်ခေါင်းဆောင်အဖြစ် ရွေးချယ်တော်မူပြီး "လုဒ္ဒယောရာဇ်" ဘွဲ့ဖြင့် ပအာဝန တောကြီးတွင် မြို့ပြတည်ထောင်၍ မင်းပြုစေ၏။ ဖွဲကပင်တောင်ခြေတစ်ဝိုက်တွင် နေထိုင်ကြသော ရွာများကိုပါ အုပ်ချုပ်စေသည်။ "လစွဲ(ခေါ်)လုဒ္ဒယောရာဇ်" သည် မိမိ၏နေရာ ဖွဲကပင်တောင်ခြေ ပအာဝနတောကြီးကို ခုတ်ထွင်ရှင်းလင်းစေပြီး "ပအာဝနမြို့" ကို တည်ထောင်ကာ တိသာရာဇ်မင်း လက်အောက်ခံအဖြစ် မင်းပြုလေသည်။

# သုဝဏ္ဏဘုမ္မိပြည်ပေါ်ပေါက်လာခြင်း

ကရဏ္ဏကမင်းဆက် နောက်ဆုံးမင်း တိသာရာဇ်မင်းလွန်ပြီးနောက် မဟာသက္ကရာဇ် ၁၁၀ ခုနှစ်တွင် "တိသာဓမ္မသီဟရာဇ်မင်း" နန်းတက်တော်မူခဲ့သည်။ ထိုမင်းသည် တိသာရာဇ်မင်းကြီး၏ သားတော်ရသေ့ညီနောင်နှစ်ပါး မွေးစားထားသော သားပင် ဖြစ်၍ "တိသာဓမ္မရသေ့"နှင့် "သီဟရသေ့" ညီတော် နောင်တော်နှစ်ပါးတို့၏ အမည်တော် နှစ်ရပ်ကို ပေါင်းစပ်ပြီး "တိသာဓမ္မသီဟရာဇ်"ဘွဲ့တော် သမုတ်၍ မင်းမြှောက် လေသည်။

ထိုအခါ ရသေ့ညီနောင်တို့၏ သီလတန်ခိုးနှင့် တိသာဓမ္မသီဟရာဇ်၏ ရှေးဘုန်း ရှေးကံကြောင့် သိကြားမင်းကိုယ်တိုင်ဆင်းလာပြီး ရွှေမြေ ရွှေချောင်း ရွှေနန်း ပြသာဒ်တို့ကို ဖန်ဆင်းပေးပြီး "သုဝဏ္ဏဘုမ္မိ" အမည်ဖြင့် သမုတ်တော်မူခဲ့သည်ဟု ဆိုသည်။

ထိုမင်းလက်ထက်တွင် မွန်လူမျိုး၊ ကရင်လူမျိုး၊ လဝလူမျိုး၊ တောင်သူလူမျိုး တို့၏ နေထိုင်ရာဒေသ အသီးသီးတို့ကို ဒေသအရပ်ဌာနပေးအပ်ပြီး နယ်စားပယ်စား အရာထား၍ "သုဝဏ္ဏဘုမ္မိ အဓိပတိသီဟရာဇ" ဟု သိသိက်ခံယူ၍ မင်းပြုလေသည်။

ကျိုက်ထီးရိုးတောင်ခြေအနီးရှိ "မဲသန"ရွာသူ ကရင်အမျိုးသမီး "ရွှေနန်းကျင် (ခေါ်) နန်းကျင်(ဏာင်စေဝ်)"သည် ကရင်အခေါ်အဝေါ်ပင် ဖြစ်သည်။ အဓိပ္ပာယ်အားဖြင့် "မငွေ" ဖြစ်သည်။ ၎င်းအမျိုးသမီးကို တိဿဓမ္မသီဟရာဇ၏ မိဖုရားကြီး အဂ္ဂမဟေသီ ဖြစ်ကြောင်း ကျိုက်ထီးရိုးသမိုင်း၌ ရေးသားဖော်ပြထားသည်။

## ဖွဲကပင်စေတီ တည်ခြင်းအကြောင်း

တိဿရာဇမင်းကြီး သားတော် တိဿဓမ္မရသေ့နှင့် ညီတော်သီဟရသေ့ ညီနောင်နှစ်ပါးတို့သည် ဘုရားရှင်ထံတော်မှ ရရှိခဲ့သော ကေသာဓာတ် ဆံတော်မြတ် တစ်ဆူကို မိမိသီတင်းသုံးနေသော "ဗန္ဓဝဂီရိ" ခေါ် ဖွဲကပင်တောင်ထိပ်အစွန်းတွင် စေတီတည်၍ ဌာပနာလိုသဖြင့် "ဂစ္ဆ ဂီရိ ဇင်းကျိုက်တောင်"၌နေသော နောင်တော် တိဿရသေ့ကို ပင့်ဆောင်ကာ တူတော် သုဝဏ္ဏဘုမ္မိဘုရင် တိဿဓမ္မသီဟရာဇမင်း ကိုလည်း ပန်ကြားရာ၌ တူညီသောဆန္ဒဖြင့် ဖွဲကပင်တောင်ခြေ ပတ်လည်ကျေးရွာ နေသူတို့ကို အစိုးရသော ပအာဝနမင်းကြီးနှင့် တိုင်ပင်ကာ သဘောတူညီစွာ လက်ခံ သဖြင့် ပအာဝနမြို့ အပါအဝင် ပအာဝန နယ်သူနယ်သား သူဌေးသူကြွယ် အပေါင်း တို့ကို လုဒ္ဒယောဓ မင်း၏ အမိန့်ဖြင့် စုဆောင်း ဆင့်ခေါ် တိုင်ပင်တော်မူပြီးလျှင် တိဿ ရသေ့ သီဟရသေ့ သုဝဏ္ဏဘုမ္မိပြည့်ရှင် တိဿ ဓမ္မသီဟရာဇမင်းနှင့် ပအာဝန အရှင် လုဒ္ဒယောဓမင်းတို့ ကြပ်မတ်၍ မဟာသက္ကရာဇ် ၁၁၃ ခုနှစ် ဘီစီ ၅၇၉ ခုနှစ်တွင် စေတီ တည်ပြီး ဆံတော်ဓာတ်ကို ဌာပနာ သွင်းသည်ဟု သမိုင်း၌ဖော်ပြထားလေသည်။

ပအာဝနမြို့ ဒုံရင်းကိုစတင်တည်ထောင်တော်မူသော လစ္စဲ(ခေါ်)လုဒ္ဒယောဓ မင်းကြီးသည် သက်တော် ၃၀နှစ်မှစ၍ ကရဏ္ဏကတိုင်း တိဿရာဇမင်းကြီး၏ ထီးရံ နန်းရံ ပအာဝနမြို့စားအဖြစ် ၂၀ နှစ်ကြာပြီး မိမိကိုယ်တော်တိုင် ခြားနားမင်းပြုသော ကေရာဇ်ဘုရင် အဖြစ် ၃၅ နှစ် ကာလပတ်လုံး ကရင်လူမျိုးတို့၏ အကျိုးစီးပွားများကို ဆောင်ရွက်တော်မူပြီး သက်တော် ၈၆ နှစ် တွင် နတ်ရွာစံ ကံကုန်လေသည်။

ပအာဝန(ခေါ်)ဒုံရင်းမြို့ကို တည်ထောင်သော လစ္စဲ(ခေါ်)လုဒ္ဒယောဓ မင်းကြီး လွန်မြောက်ပြီးနောက် မင်းဆက်များ ရရှိသော်လည်း ထိုမင်းတို့သည် ရံဖန် ရံခါ သထုံမင်း၏ လက်အောက်ခံများဖြစ်၍ ရံဖန်ရံခါ ကိုယ်ပိုင်သီးခြား အုပ်ချုပ်သော မင်းများ ဖြစ်လေသည်။

ရှေးအစဉ်အလာအားဖြင့် မွန်နှင့် ကရင်လူမျိုးတို့သည် တစ်ဦးနှင့်တစ်ဦး သစ္စာတရားနှင့် ကိုယ်ကျင့်တရားများ တန်ဖိုးထားကြသော လူမျိုးများဖြစ်ပြီး တစ်မြေတည်းနေ တစ်ရေတည်းသောက် ရောနှော ရင်းနှီးဆက်ဆံလာရာမှ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ သဘောတရားထားရှိကြပြီး စည်းလုံးညီညွတ်သော စိတ်ဓာတ်ဖြင့် စစ်မှန်သော ပြည်ထောင်စုကို ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။

ထိုဖွဲ့စည်းတည်ထောင်ခဲ့ကြသော မြို့အမည်များမှာ

(၁) မြဝတီမြို့
(၂) ပိုင်တလောင့်ဒုံ(ခေါ်) ဖွဲ့ယျမြို့
(၃) မဲကလောင်မြို့
(၄) ကြိတ်မြို့
(၅) ဒုံပပုံ (ခေါ်) တောင်ပို့မြို့
(၆) ပေါင်မြို့
(၇) ဒုံမွေမြို့
(၈) လှိုင်းဘွဲ့မြို့
(၉) သဇိုင်းမြို့
(၁၀) ထားကျိုင်းမြို့
(၁၁) တခွက်ပိုပါမြို့
(၁၂) ရမ္မာပူရမြို့(ခေါ်) ကော့ဘိန်းမြို့
(၁၃) ပအာဝန- ဒုံရင်းမြို့

ယင်းမြို့များသည် သံလွင်မြစ် အရှေ့ဘက်ခြမ်းနှင့် ဒေါနတောင်တန်း တစ်လျှောက်တွင် တည်ရှိသည်။

(၁၄) ဒုံသမိမြို့
(၁၅) ဘင်လှိုင်မြို့
(၁၆) လဂွန်းပျည်းမြို့(ခေါ်) ကမိုင့်ဒုံ
(၁၇) အီဗျစ်မြို့
(၁၈) အီဝဲမြို့

ထိုမြို့တို့သည် ဇင်းကျိုက်တောင်နှင့် ကုလားမတောင်ခြေတစ်လျှောက် ဘင်လှိုင်မြစ်၊ ဒုံသမိမြစ်၊ သံလွင်မြစ် ဆိပ်ကမ်းပေါ်တွင် တည်ရှိသည်။ ထိုအချိန်က ဟံသာဝတီ(ပဲခူး)ရန်ကုန်၊ ပုသိမ်မြို့တို့သည် ပင်လယ်ပြင်များသာဖြစ်ကြောင်း သမိုင်းတွင် ရေးသားဖော်ပြထားသည်။ ထိုခေတ်အခါက ထိုမြို့များတို့သည် သထုံမြို့ အရံ

ဖြစ်ပြီး မြို့စား၊ နယ်စားမင်းများ ထား၍ အုပ်ချုပ်စေခဲ့သည်။ တချို့မြို့မှာ ရံဖန်ရံခါ မွန် လဝ၊ ရှမ်း၊ တောင်သူများ အုပ်ချုပ်ပြီးအများအားဖြင့် မွန်ဒိုင် ကရင်များသာ တည်မြဲ ခဲ့သည်။

ယခုမျက်မှောက်ကာလ၌ မြဝတီမြို့၊ လှိုင်းဘွဲ့မြို့ ထိုမြို့နှစ်မြို့သာ ထင်ကျန် ပြီး အခြားမြို့တို့သည် ပျက်စီး၍ ရွာကြီးမျှသာ ကျန်ရှိလေတော့သည်။

## မဏ္ဍလသုံးရပ်နှင့် တိုင်းရင်းသားများ

မဏ္ဍလတိုင်း ၃ တိုင်း အတွင်း နေထိုင်ခဲ့ကြသော ရှေးမွန်လူမျိုးများ မှတ် တမ်းအဆိုပြုချက်အရ "မွန်ည၊ မွန်ဒ၊ မွန်ဒိုင်၊ မွန်ချ" ဟူ၍ဖော်ပြထားကြသည်။ မွန်ချ ဟူသည်က ကရင်လူမျိုးဖြစ်သည်ဟု ဆိုသည်။ အဓိပ္ပာယ်ကား ကရင်တို့သည် မွန်တို့ ၏ အစ်ကိုရင်းဟု ဆိုကြသည်။ ကရင်လူမျိုးတို့၏ အဆိုတစ်ရပ်မှာ တိုင်းရင်းသား ညီအစ်ကို မောင်နှမထဲတွင် မိမိတို့သည် အကြီးဆုံးဟု ရှေးအစဉ်အလာ ခံယူထားခဲ့ ကြသည်။

အကြောင်းအရင်းမှာ ကရင်လူမျိုးတို့သည် မြန်မာနိုင်ငံတွင် အဦးဆုံးရောက် ရှိခဲ့ခြင်းကြောင့် တိုင်းရင်းသား ညီအစ်ကို မောင်နှမထဲတွင် အကြီးဆုံးဟု သတ်မှတ် ထားကြသည်။ မဏ္ဍလ ၃ ရပ်တွင် နေထိုင်ကြသော မွန်တို့သည် ဒေသ ၃ မျိုးတွင် နေထိုင်မှုကို အစွဲပြု၍ ပုသိမ်မွန်ကို "မွန်ည"၊ ဟံသာဝတီမွန်ကို "မွန်ဒိုင်"၊ မုတ္တမ မွန်ကို "မွန်ဒ" ဟူ၍ သတ်မှတ်ကြသည်။

အချို့ကမူ ပုသိမ်မွန်ကို "မွန်ဒ"၊ ဟံသာဝတီမွန်ကို "မွန်ည"၊ မုတ္တမမွန်ကို "မွန်ဒိုင်"ဟု သတ်မှတ်ကြပြန်သည်။ မွန်သုံးရပ်သတ်မှတ်ရာ၌ မူကွဲများ အမျိုးမျိုး ရှိနေကြောင်း တွေ့ရသည်။ သထုံဘုရင် "မနူဟာမင်း"၏ အမတ်ကြီး "မွန်ဒိုင်(ခေါ်) ဖူ့ဒိုင်ကော်"သည် မွန် ၄ မျိုးတွင် ပါဝင်သော ကရင်လူမျိုးတစ်ဦးဖြစ်ကြောင်း သိသာ ထင်ရှားသည်။ တစ်ချိန်က အေဒီ ၁၀၅၇ ခု တွင် အနော်ရထာမင်း သထုံကို ချီတက် တိုက်ခိုက်၍ သထုံ ကျရှုံးသည့်ကာလ၌ ပြည်သူလူထုများ ကစဉ့်ကလျား ထွက်ပြေး တိမ်းရှောင်ကြရသည်။

ထိုသို့ စစ်ရှုံးထွက်ပြေးရသော မင်းမျိုးမင်းနွယ်နှင့် မင်းမှုထမ်းတို့တွင် ကရင် အမတ် "ဖူ့ဒိုင်ကော်"လည်း ပါဝင်လေသည်။ ဖူ့ဒိုင်ကော်သည် မိသားစုနှင့်တကွ တပည့် ၄၀ တို့နှင့် "ကျောက်ခေါင်း(ဌာန့်ဝ)"အရပ်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရကြောင်း သမိုင်း၌ ရေးသားဖော်ပြခဲ့ကြသည်။ ကရင်အမတ် ဖူ့ဒိုင်ကော်သည် ကရင်ဘာသာ ပြန် ပိဋကတ်စာပေများကို ထုပ်ပိုး၍ တပည့်အပေါင်းအဖော် ၄၀ တို့နှင့် "ထောင့်ဝ

(ဌာန်ဝ)" အရပ်တွင် ပြောင်းရွှေ့နေထိုင်ပြီး ကရင်ပိဋကတ် စာပေများကို ဟောကြား သင်ကြားပေးခဲ့သည်။

ဤအကြောင်းအရာနှင့် ပတ်သက်၍ ရှေးအစဉ်အဆက်က ကရင်လူကြီး သူမများ သီဆိုလာခဲ့ကြသော ကဗျာလင်္ကာ အထောက်အထားတစ်ရပ်ကိုလည်း တွေ့ရှိရသည်။ ပိုးကရင်ဘာသာဖြင့် စပ်ဆိုထားခြင်းဖြစ်ပေရာ ပိုးကရင်ဘာသာဖြင့် အောက်ပါအတိုင်း ဖြစ်ပါသည်။

ချုံသုဝဏ္ဏ ဟှာဟှံင်ခွါ
ချုံဖောဟ်ချုံလီ ဓးစာင်းဟှာ
မံင်ဒုင် ကိုဝ်တှာအှ်မတ်
လံင့်ကာံင် ဖှံလိက်ပိဋက
ယံင့်ဝါ်ခုဝ် ဟှာဟှံင်ပှဝ်ဓး
ခွေထီခွေဖှဲ ခွေဖောဟ်မှ့
လေဝ်ထင်းဟှာအှ် ချုံဌာန့်ဝ
လေဝ်ထင်း ယိုဝ်ဆိုင် လိက်ရက်လး
ဟှာလီးဆီ့ ဟ်ခွံ့ထ္ဍာ
ယိုဝ်ကောဝ် ဖူးကောဝ် ခေါဝ်သဲ့ယွှာ
စာင်းဟှာကောဝ် ဖှံလိက်မူလာ
အးဆိုဝ်အးဆင့် မိင်လးကှာ
ဒုက်အးထဝ် ဓးယှင်းကာ
ချုံဌာန့်ဝဖိုင် ထံင်ထင်းဓး
ပ်တံင်ချုံဌာန့် အှ်ထာင်သ္ဂ
မာလောဟ် ပဝ်လောဟ် အးဆိုဝ်ကျး
လ်လင်ထုက် ကာင်ဆိုဝ်ကာင်တာ

ကဗျာလင်္ကာ၏ အဓိပ္ပာယ်မှာ သုဝဏ္ဏသထုံမြို့ ပျက်စီးသည့်အခါ မြို့သူ မြို့သားများ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။

မွန်ဒိုင်အမည်ရှိ ကရင်အမတ်ကြီးက ကရင်ဘာသာဖြင့် ရေးသားပြန်ဆို ထားပြီးဖြစ်သော ပိဋကတ်ကျမ်းများကို နမြော၍ ပျောက်ပျက်မည်စိုးရိမ်သဖြင့် "ထောင့်ဝ (ဌာန့်ဝ)" နေရပ်သို့ တိမ်းရှောင်၍ အခြေချခဲ့ကြသည်။ သားမယားနှင့်အတူ တပည့်လက်သား အယောက် ၄၀ တို့က ကရင်ပေစာထုပ်များကို ချွေးတလုံးလုံးဖြင့် တောအဆင့်ဆင့် တောင်အထပ်ထပ်ဖြတ်ကျော်၍ ထမ်းပိုးသွားကြသည်။ ထိုကရင် စာပေများဖြင့် ကရင်များအား သင်အံ့ဖတ်ရှုလာခဲ့ကြသည်မှာ ပြော၍မကုန်နိုင် ခေတ်

အဆက်ဆက်ပင် ဖြစ်တော့သည်။

အထက်ပါ ကဗျာလင်္ကာ၏ အဓိပ္ပာယ်ဖော်ပြချက်ကို ကြည့်ခြင်းအားဖြင့် "ဖလုံလိုက်ထုလီ(ဖုံ့လိက်ထူ့လီ)"ဟု ခေါ်သော "ပေရေးကရင်စာ"ကို သုဝဏ္ဏဘူမိသထုံပြည်ကို အုပ်ချုပ်ခဲ့သော မနူဟာမင်းလက်ထက်ကပင် မွန်အမျိုးသားစာပေနှင့်ခေတ်ပြိုင်ရေးသားနေပြီ ဖြစ်ကြောင်း ငြင်းဆိုဖွယ်ရာ မရှိချေ။ သထုံကို အနော်ရထာမင်း တိုက်ခိုက်သိမ်းပိုက်သည်မှာ အေဒီ ၁၀၅၇ ခုနှစ် ဖြစ်သည်။ အဆိုပါ အချိန်ကာလကို ထောက်ရှုခြင်းအားဖြင့် "ဖလုံလိုက်ထူ့လီ" ခေါ် "ပေရေးကရင်စာပေ"မှာ နှစ်ပေါင်းကိုးရာ အထက်ကပင် ရှိခဲ့ကြောင်း တွေ့ရသည်။

ရှေးအထက်ကာလမှစ၍ ကရင်လူမျိုးတို့သည် နိုင်ငံရေး၊ စီးပွားရေးနှင့်စာပေ ယဉ်ကျေးမှုပိုင်းဆိုင်ရာတို့တွင် မွန်လူမျိုးတို့နှင့် လက်တွဲ လုပ်ဆောင်မှုတို့ကြောင့် ကရင်လူမျိုးများ အမြင်ကျယ်လာခဲ့ကြသည်။ မွန်ဘုရင်လက်အောက်ခံ မြို့စားနယ်စား ကရင်မင်းဆက်များတို့၏ ဘွဲ့နာမည်အသီးသီးတို့တွင် "မာဂဓ ပါဠိ" ဘာသာများနှင့် ရေးသားခဲ့သည်ကို ထောက်ရှု၍ ကရင်လူမျိုးတို့သည် ရှေးအဆက်ဆက်ကပင် စာပေယဉ်ကျေးမှုနှင့်တကွ ရပ်တည်လာခဲ့သော လူမျိုးများဖြစ်ကြောင်း သမိုင်းအရ သိသာထင်ရှားလေသည်။

## ရာမညဒေသနီ သထုံပြည်

သုဝဏ္ဏဘုမ္မိမြို့ကို သိကြားမင်းက ဖန်ဆင်းပြီး တိဿဓမ္မ သီဟရာဇ်မင်းကို အပ်နှင်းသည်မှစ၍ မင်း ဆယ်ဆက်မြောက်တွင် ပျက်ကွယ်၏။ နောက် ထိုမင်း သား "ဇေတကုမ္မာ ဓမ္မသောကမင်း"သည် မြေကောင်း နေရာကောင်းတစ်ခုတွင် မြို့တည်ထောင်၍ "သုဓမ္မဝတီ" သထုံပြည်ဟု ဆိုလေသည်။

သထုံမြို့သည် မွန်လူမျိုးတည်ထောင်ခဲ့သောမြို့ဖြစ်၍ သရေခေတ္တရာ ပြည်မြို့ ပျူလူမျိုးတို့နှင့် ထီးပြိုင် နန်းပြိုင်ခေတ်ဖြစ်သည်။ ပြည်မြို့ သထုံမြို့သည် ပင်လယ်ဆိပ်ကမ်းပေါ်တွင် တည်ရှိ၍ သင်္ဘောဆိပ်မြို့ကြီးဖြစ်၏။ ထို့ကြောင့် အိန္ဒိယတိုင်းသားကုန်သည်များသည် သထုံမြို့တွင် လာရောက်ရောင်းဝယ်ဖောက်ကားပြုကြ၏။ ပင်လယ် ရပ်ခြား တိုင်းတစ်ပါး လူအမျိုးမျိုး တွေ့ဆုံဆက်ဆံရခြင်းသည် ဗဟုသုတအကြားအမြင် တိုးတက်စေ၏။ ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားစေ၏။

ရာမညတိုင်းသားတို့သည် အိန္ဒိယတိုင်းသားများထံမှ စာရေးစာဖတ်၊ အတွက်အချက် နှင့် ဘာသာတရားများကို လက်ခံရရှိကြ၏ ဗုဒ္ဓစာပေ ကျမ်းဂန် တတ်မြောက်သော ရှင်ရဟန်းလည်း အလွန်ပေါ်များသည်။ သုဓမ္မဝတီ သထုံပြည်ကို စိုးစံ

သော "ဇေတကုမ္မာ ဓမ္မာသောက မင်း"ကစ၍ မင်း ၄၅ ဆက် မြောက်သော မနူဟာမင်း လက်ထက်တွင် အေဒီ ၁၀၅၇ သာသနာတော်နှင့် ၁၆၅၅ ခုနှစ် တွင် သထုံမြို့ကို ပုဂံ အနော်ရထာမင်း တိုက်ခိုက်သိမ်းပိုက်ပြီး သထုံမင်းဆက်ပျက်လေသည်ဟု မွန်ရာဇဝင် ၌ ရေးသားဖော်ပြထားသည်။

အနော်ရထာမင်းသည် သထုံပြည်ကို သိမ်းပိုက်ပြီး မနူဟာမင်းနှင့်တကွ မောင်းမ မိဿံ မျိုးကြီးမတ်ရာ တိုင်းသူပြည်သား အလုံးအရင်းကို သိမ်းမြန်းပြီး ပုဂံသို့ ပြန်လေသည်။ သထုံတွင် အနော်ရထာမင်း၏ စစ်သူကြီးလက်ဝဲသူရကို နယ်စား နယ်ထိန်းအဖြစ် ထားခဲ့လေသည်။ လက်ဝဲသူရသည် အသက် ၂၂နှစ်တွင် ကံကုန် လေသည်။ လက်ဝဲသူရ၏သား နန္ဒသူရဆက်ခံ၍ မင်းပြုရာတွင် အခြားမြို့စား နယ်စား များက စစ်ပြု၍ ပုန်ကန်ထကြွမှုများ တစ်နေ့တစ်ခြား ပွားများလေရာ ၁၅ နှစ် မင်းပြု ၍ နန္ဒသူရ အနိစ္စ ရောက်လေသည်။

## ပအာဝနမင်းသမီး နင်္ဂလာဒေဝီအကြောင်း

သထုံပြည်ကို ဆက်ခံသော မနူဟာမင်းသည် မိမိ မဟာမိတ်နိုင်ငံဖြစ်သော ပအာဝနမြို့ရှင်၏သမီး ၁၆ နှစ် အရွယ် "နင်္ဂလာဒေဝီမင်းသမီး"ကို တောင်းခံ၍ မိဖုရား အရာ မြှောက်ထားလေသည်။ မနူဟာမင်းတွင် ဆင်ဖြူတော် ၃၂ စီးနှင့် လူစွမ်းကောင်း နစ်ယောက် ဖားစည်ကြီးကို ပိုင်ဆိုင်သူဖြစ်၍ ဘုန်းလက်ရုံးကြီး၏ ဩဇာအာဏာနှင့် ပြည်စုံသူဖြစ်သည်။ ထိုသို့ ဘုန်းမီးတောက်စဉ်ကာလ၌ ပြည်သူလူထုကို ဩဇာ အာ ဏာနှင့် လွှမ်းမိုး၍ ဖိနှိပ် အုပ်ချုပ်လေသည်။ သူ၏ အာဏာတန်ခိုးကြောင့် တချို့ပြည် ငယ် အရှင်သခင်တို့က သမီး ကညာ ရတနာရွှေငွေများ ပေးဆက်ရလေသည်။

ဤသို့ပြုမူခြင်းကြောင့် ပအာဝနမင်းကြီး၏ သမီးကညာကို စေလွှတ်၍ သထုံပြည် ပျက်ပြားစေရန် ကြံစည်စေသည်ဟု မွန်ရာဇဝင်သမိုင်း၌ ဖော်ပြထားသည်။ ပအာဝနမင်းကြီးသည် မနူဟာမင်း၏ ဩဇာအာဏာအောက်မှ လွတ်မြောက်ရန် ရည် ရွယ်၍ ဤသို့ လုပ်ကြံသည်ဟု ယူဆရသည်။ နင်္ဂလာဒေဝီသည် "ပဘာလ"တိုင်းသူ ဖြစ်၏။ ပဘာလတိုင်းသည် သံလွင်မြစ်၏ အရှေ့ဘက် ဖွဲကပင်တောင်နှင့် ဒေါနတောင် တန်းရှိ ဒေသတစ်ဝိုက်ကို ဆိုလိုသည်ဟု မွန်ရာဇဝင်၌ ဖော်ပြထားလေသည်။

## ကာလပျက်ချိန်နှင့် သံလွင်မြစ်အရှေ့ဘက်ခြမ်းအခြေအနေ

သထုံပြည်ပျက်ပြီးနောက် သံလွင်မြစ်၏အနောက်ဘက်တလွှားရှိ နယ်စားမြို့စား မင်းများ ဖရိုဖရဲ ပြိုကွဲခဲ့ရသည်။ မနုဟာမင်း၏ မဟာမိတ်နိုင်ငံဖြစ်ခဲ့သော သံလွင်မြစ် အရှေ့ဘက်ခြမ်းရှိ နယ်စားမြို့စားမင်းတို့သည် စစ်သည်ဗိုလ်ပါများ စုဆောင်းပြီး အနော်ရထာ နယ်ထိန်းတပ်ကို သံလွင်မြစ်အရှေ့ဘက်ခြမ်း မကူးနိုင်အောင် ခုခံကာကွယ်ထားကြ၏။ ရှေးအခါက သံလွင်မြစ် အရှေ့ဘက်ခြမ်းနှင့် သံလွင်မြစ်ဝကျွန်းပေါ်ခါစ ပင်လယ်ရေ အတက်အကျနှင့် ရွှံ့နွံချုံနွယ်ထူထပ်သော တောကြီးများဖြစ်ခြင်းကြောင့် ရန်သူတိုက်ခိုက်ရန် မလွယ်ကူခြင်း၊ ရန်သူ တိုက်ခိုက်လာပါက ချုံခို တိုက်ခိုက်၍ ခုခံရန် ကောင်းမွန်သောအရပ် ဖြစ်ခြင်းကြောင့် အနော်ရထာနယ်ထိန်းတပ် စစ်ဆင်ရန် မလွယ်ကူချေ။

ကရင်တို့၏ ပေမူစာတစ်ခုတွင် အနော်ရထာမင်းစော သထုံပြည်ကို သိမ်းပိုက်စဉ် ကာလတွင် ဟွာဒုံယောင်း(ယှ္ဂာဍုံယင်ႋ)ခေါ် ဒုံရင်းမင်းမြတ်သည် စည်းစိမ်ဥစ္စာနှင့်တကွ သားသမီးများ ပါမကျန် ဇွဲကပင်တောင်ပေါ်ရှိ နေရာကောင်းတစ်ခုကို ရွေးချယ်ကာ ပြည်သူလူထုနှင့်အတူ နေရာချထားပြီး ယောက်ျားကောင်းမှန်သမျှကို ရွေးထုတ်ထား၍ စစ်တိုက်ထွက်ကြရသည်ဟု ဖော်ပြထားသည်။

သထုံပြည်ပျက်သည့်ကာလ၌ တချို့သောသူတို့သည် "ထောင့်ဝ (ဌာန့်ဝ) ခေါ် ကျောက်ခေါင်း" အရပ်သို့ ထွက်ပြေးတိမ်းရှောင်သွားသည်ကို ဒုံရင်းမင်းမြတ် မပါခဲ့ချေ။ ရှေးအခါက ပအာဝန နယ်သူနယ်သားနှင့်တကွ ခေါင်းဆောင်နယ်သား ဘုရင်ခံ မင်း အဆက်ဆက် တို့သည် မိမိတို့ဘဝလုံခြုံရေးအတွက် ဇွဲကပင်တောင်ကို အသက် ခံတပ် ရဲတိုက်ကြီးသဖွယ် ခံယူ၍ အားကိုးအားထားပြုကြသည်။

ထိုဒုံရင်းမင်းကြီး၏အမည်နာမသည် "ဟွာထော့မဲ(ယှ္ဂာထင့်မဲ)" ဟု ဟွာဒုံယောင်း (ယှ္ဂာဍုံယင်ႋဓဝ်ႋ) ပေစာမှာ ဖော်ပြထားသည်။ ဟွာထော့မဲ ဆိုသော အဓိပ္ပာယ်က "သွားရှည်ဘုရင်" သို့မဟုတ် "အစွယ်နှစ်ချောင်းရှိသော ဘုရင်" ဟု ခေါ်ပေသည်။ ထို အစွယ်နှစ်ချောင်းသည် ဝါဝင်းသောအဆင်းရှိပြီး နတ်သြဇာနှင့် ပြည့်စုံသော တန်ခိုး ရှိသည်ဟု ဆိုသည်။ ထိပါးလာသော ရန်သူမှန်သမျှကို ပြေငြိမ်းအောင် ပြောနိုင်သော နှုတ်စ လျှာစ အစွမ်း ရှိသည်ဟု ပေစာအရ ဖော်ပြထားသည်။

ကရင်ရာဇဝင်သမိုင်းတွင် ပအာဝန(ဒုံရင်း)နေပြည်တော်သည် ရှေးအကျဆုံးနှင့် အကြီးကျယ်ဆုံးဖြစ်သည်။ ပအာဝနမင်းကြီး၏ နိုင်ငံအပိုင်းအခြားကားအရှေ့ အရပ်၌ ကျိုင်းမြစ်၊ ပတာမြစ်၊ တောင်အရပ်၌ ကျိုင်းမြစ်တစ်လျှောက် အောက်သံလွင်မြစ်နှင့် အကြားတည်း။ အနောက်အရပ်၌ အသသကဏ်နဒီ(ခေါ်) သံလွင်မြစ်

အခြားတည်း။ မြောက်အရပ်၌ ရှမ်းပြည်နယ်ရှိ ယွန်းစလင်းမြို့ တောင်ပြားမြို့နယ် အစတည်း။

ဤအရပ်လေးမျက်နှာတွင် သူပုန်သူကန် ရန်သူတို့ မနှောက်ယှက်နိုင်အောင် မြို့ရံ ၅ မြို့ကိုလည်း တည်ထောင်တော်မူပြီး မင်းများကို ခန့်ထား၍ အုပ်ချုပ်လေသည်။ ထို မြို့ရံများကား-

(၁) ကျိုင်းမြို့

(၂) ထားကျိုင်းမြို့

(၃) လှိုင်းဘွဲ့မြို့

(၄) ကဖိုင်းမြို့

(၅) တခွက်ပိုမြို့ ဖြစ်သည်။

ထိုမြို့ ၅ မြို့သည် ပအာဝန(ဒုံရင်း)နေပြည်တော်၏ အခွန်ပဏ္ဏာ ဆက်သရသောမြို့ရံများ ဖြစ်ကြသည်။ မြန်မာသက္ကရာဇ် ၁၁၈၅ ခုနှစ် တွင် ဘကြီးတော်မင်းတရား လက်ထက်၌ "ဇလာကွန့်စား ငတကွတ်"ဆိုသူက ကော့ဂွန်းဂူမှ ရရှိသော မွန်စာပေဟောင်းတစ်ခုကို မွန်ပညာရှိ ဆရာ "သီရိဇေယျသူ"သည် မြန်မာဘာသာပြန်ဆိုသော် သထုံသမိုင်းတွင် သုဝဏ္ဏဘုမ္မိတိုင်း သုဓမ္မဝတီ သထုံပြည်၏ နယ်အပိုင်းအခြားကို ဆိုရာ၌ အရှေ့သို့လားသော် အသသကဏ်နဒီ သံလွင်မြစ်လျှင် အပိုင်းအခြား ဖြစ်သတည်းဟု ဆိုလေသည်။

## မောင်ဒေဝနှင့် နန်းရွှေကျင်အကြောင်း

ဒုံရင်းနေပြည်တော်တွင် မင်းပြုသော "ရာဇ်သောင့်ထွန်း"နှင့် အဂ္ဂဒေဝီ မိဖုရား တို့တွင် "ဒေဝထောကွန်"သားတစ်ပါး ထွန်းကားလေသည်။ ဒေဝထောကွန်သည် ဒုံရင်းမင်းမြတ်၏ သားတော်အိမ်ရှေ့မင်းသားတစ်ဦးအဖြစ် "ဒေဝရာဇ်"ဟူသော ဘွဲ့ကို ခံယူထားသည်။

"နန်းရွှေကျင်"အမျိုးသမီးသည် (ဌာန့်ဝ)အရပ်သူတစ်ဦး ဖြစ်၏။ (ဌာန့်ဝ) သည် လဝလူမျိုးတို့ နေရပ်ဌာနကို ဆိုလိုသည်။ ပိုးကရင်တို့က "သိုင့်ခေါင်းဝဒုံ (သာင့်ခါန့်ဝချံ)" ဟု ခေါ်သည်။ ရှေးအခါက ထိုအရပ်တို့တွင် သာယာစည်ကားသည်ဟု ပြောစမှတ် ရှိခဲ့ဖူးသည်။ "မုလအိ" "မုလအ" ဘုရားနှစ်ဆူတို့ကိုလည်း ရှေးလဝလူမျိုးတို့ တည်ထားသော ဘုရားဟု အစဉ်အဆက် ပြောဆိုလာခဲ့ကြသည်။ မုလအိဘုရား

အစ ဖြစ်စဉ်က လဝမုဆိုးတစ်ဦးသည် ဆင်ဖြူတော်ကိုလိုက်လေရာ ထိုတောင်အစွန်း အဖျား အဆုံးတစ်နေရာအရောက်တွင် ဆင်ဖြူတော် ကွယ်ပျောက်သွားလေ၏။

နောင်တွင် ထိုတောင်အစွန်း နေရာတွင် စေတီတစ်ဆူတည်ပေးရန် ဤသို့ ထူးဆန်းစွာ ဆင်ဖြူတော်က မုဆိုးကို အိပ်မက်ပေးလေသည်။ ထို့နောက် မုဆိုးသည် လည်း မိမိအိပ်မက်လာသည့်အတိုင်း ဒေသခံ ရသေ့သူတော်စင်နှင့်တကွ ရပ်သူ ရပ်သား ဟူသမျှတို့ကို တိုင်ပင်၍ မုလအိတောင်အစွန်း အငူထိပ်တွင် စေတီတည်ထား ကိုးကွယ်သည်ဟု ရှေးကရင်အစဉ်အဆက်က ဤသို့ ဆိုလေသည်။ လဝတို့အရပ် ဒေသသည် အေးချမ်းသာယာ၍ စစ်မက်ဘေးဒဏ်ကြောင့် ပုန်းအောင်းခိုရာကောင်း သော အရပ်ဖြစ်သည်။ ဒုံရင်းနယ်သူနယ်သားများနှင့် အဆက်အသွယ်ရှိကြသည်။

တစ်ချိန်က ဌာန္နဝအရပ်တွင် ဖူ့ဒိုင်ကော် တည်ထောင်ခဲ့သော ပညာစုံ သင်ကြားရာ ဌာနတစ်ခုဖြစ်သည်။ လဝတို့သည် ခဲနှင့် ကြေးသတ္တု ထုတ်လုပ်ပြီး ကြေးသွန်း အတတ်ပညာရပ်များကို ကျွမ်းကျင်စွာပြုလုပ်ကြသည်။ ကရင်လူမျိုးတို့၏ ဖားစည် သမိုင်း၌ "ကဝမူ" "ကဝခွါး" ဖားစည်ကို လဝတို့ထုတ်လုပ်သော ဖားစည်ကို အခြေခံ၍ ကရင်လူမျိုးတို့က ဤပညာရပ်ကို နည်းနာခဲ့ကြသည်။ ဒုံရင်းမင်းမြတ်သည် သားတော်"ဒေဝရာဇ်" ပညာတော်သင်ကြားရန် (ဌာန္နဝ)အရပ်သို့ စေလွှတ်တော်မူရာ၌ စာပေအတတ်ဗေဒင်အတတ်နှင့် ကြေးသွန်းလုပ်ငန်းအတတ်တို့ကို အဓိက ရည်ရွယ်ချက်ဖြစ်သည်ဟု ယူဆရလေသည်။

ဒေဝရာဇ်မင်းသားသည် ဌာန္နဝအရပ်သူ ရှမ်းအမျိုးသမီး "နန်းရွှေကျင်"ကို ကြင်ယာတော်အဖြစ် ဆောင်ယူတော်မူခဲ့သည်။ နန်းရွှေကျင်အမည်ရင်းက ရှမ်းဘာသာဖြင့် "နန်းစွေဂျင်" ဖြစ်သည်။ အဓိပ္ပာယ်က ချောလှသိမ်မွေ့ကောင်းမွန်ခြင်း ဟုဆိုသည်။ နန်းရွှေကျင်၏ အဖေ "ဖိုးတာဖော့"နှင့် ဦးလေး"ဖိုးလွန်းထော်"၊ အစ်ကို ဖြစ်သူ "ထန်ဖိပျော်"တို့ အမည်နာမ တို့သည်လည်း ရှမ်းဘာသာဝေါဟာရများသာ ဖြစ်သည်။

ဒေဝရာဇ်မင်းသား ဒုံရင်းသို့ အပြန်ခရီးတွင် မိမိကြင်ယာတော်နှင့် ဦးလေး လွန်းထော်၊ သူတို့သုံးဦးသာ ဆိုလေသည်။ ထိုအပြန်ခရီး၌ ဂျိုင်းချောင်းကိုဖြတ်ကူးရာ တွင် ဒေဝရာဇ်မင်းသား ရေနစ်သေဆုံး၍ မိကျောင်းဖြစ်သွားသည်ဆိုရာ၌ ကြင်ယာ တော် နန်းရွှေကျင် နှင့် ဦးလွန်းထော် တူဝရီးနှစ်ဦးတို့သည် ဒုံရင်းသွားရမည့် ခရီးစဉ် လည်း လမ်းဆုံးရတော့မည်ဖြစ်သည်ဟု တွေးထင်စရာတစ်ခုဖြစ်သည်။ ဒဏ္ဍာရီ ဆန်လွန်းသော်လည်း သမိုင်းအကြောင်းရင်းကို သုံးသပ်ရာတွင် တစ်ချိန်က ထိုခရီး လမ်းတစ်လျှောက်တွင် ကြမ်းတမ်းသည့် သားရဲတိရစ္ဆာန်ဘေးအန္တရာယ် ပေါများသည့် နေရာဖြစ်သဖြင့် အသွားအပြန် ခရီးစဉ်သည် အခြေအရံနှင့်တကွ ပါစေရမည်။

ဒေဝရာဇ်မင်းသား ကျိုင်းမြစ်ချောင်း၌ ရေနစ်သေဆုံးသွားပြီး မိကျောင်းတစ်ဖန် ပြန်ဖြစ်ခဲ့သည်ဟု ယူဆရန်မသင့်။ သေချာစွာသုံးသပ်ပါက မိမိတို့၏ လမ်းခရီးကို နှောင့်ယှက်ဟန့်တားသော မိကျောင်းများ၏ အန္တရာယ်ကို အခြွေအရံနှင့်တကွ တိုက်ခိုက်ကြရာ၌ သေဆုံးရသည်ဟု ယူဆလေသည်။

ဒေဝရာဇ်မင်းသား သေဆုံးပြီး မိမိကြင်ယာတော် နန်းရွှေကျင်နှင့် ဦးလေးလွှန်းထော်တို့သည် အခြွေအရံနှင့်တကွ ဒုံရင်းနန်းတော်သို့ အရောက်လိုက်ပါလာခဲ့သည်။ ယင်းအချိန်၌ ဒုံရင်းမင်းမြတ် အနိစ္စရောက်လေရာ မင်းဆက်ပြတ်ကြောင်းဆို၏။ နန်းရွှေကျင်၏ တာဝန်သည် ဒုံရင်းမင်းဆက်အတွက် နန်းသက် နန်းလျာဖြစ်သော မိမိရင်သွေး သားငယ်အတွက် လိုက်ပါရကြောင်း ယူဆရလေသည်။ ဤကား ဒေဝရာဇ် မင်းသားနှင့် နန်းရွှေကျင်တို့၏ အကြောင်းရင်း သမိုင်းသဘောကို အကျဉ်းချုံး၍ တင်ပြခြင်း ဖြစ်ပါသည်။

## ယဉ်ကျေးမှုအစ ဒုံရင်းက

ဖွဲ့ကပင်စေတီတော်နှင့် ဖွဲ့ကပင်တောင်၏ အရိပ်အာဝါသအောက်တွင် ခိုလှုံနေကြသော ဒုံရင်းသူတို့သည် ခေတ်သမိုင်းအဆက်ဆက်တွင် ကြုံတွေ့ခံစားရသောဘဝ ဆင်းရဲမှုဒဏ်ကို ကြံ့ကြံ့ခံခဲ့ရသော်လည်း တုန်လှုပ်ခြင်းမရှိ၊ အမြဲတမ်းတည်ငြိမ်နေလျက် ရှိကြသည်။ ဒုံရင်းမြို့နှင့် ဒုံရင်းသူတို့သည် ရှည်လျားသော သမိုင်းနောက်ခံနှင့် အထက်တန်းကျသော ကရင်ယဉ်ကျေးမှုများ ထွန်းကားပေးခဲ့သော နေရာဟောင်းတစ်ခု ဖြစ်သည်။ စာပေကျမ်းဂန်၊ ကဗျာ၊ လင်္ကာ၊ ဂီတ၊ သုခုမ ပညာရပ်များ ထွန်းကားလာရာအရပ် တည်တံ့လာရာအရပ်ဟု ကရင်လူမျိုးတိုင်း သိကြသည်။

ဒုံရင်းသူတို့၏ စကားပြောဆိုရာ၌ အသံနေအသံထားမှာ တစ်ခြားသော ပိုးကရင်တို့နှင့် မတူပေ။ ဒုံရင်းသူတို့၏ စကားမှာ သိမ်မွေ့ပြေပြစ်ချိုသာသည့်အသံတို့၏ ပြောဆိုသုံးနှုန်းလာသည့် အသံနေအသံထား ဖြစ်ဟန်တူသည်။ ယင်းကြောင့် ဒုံရင်းဒေသ ဂုဏ်ရည်အထူးကို ကြည့်လျှင် တစ်ချိန်က ယဉ်ကျေးမှုထွန်းကားခဲ့ပြီး မျက်မှောက်ခေတ် ဒုံရင်းဒေသနှင့် ဖွဲ့ကပင်သည် ကရင်လူမျိုးများစိတ်ဓာတ်ကိုပါ သရုပ်ပေါ်လွင်အောင် ပေးဆောင်နိုင်သော မဏ္ဍိုင်ကြီးတစ်ခုဖြစ်လေတော့သည်။

ကမ္ဘာပေါ်တွင် လူမျိုးတစ်မျိုးအနေဖြင့် ယဉ်ကျေးမှု တိုးတက်ကြီးပွားလာပုံမှာ ဦးစီးဦးဆောင်သော ခေါင်းဆောင်တို့၏ ကြံရည်ဖန်ရည် အမြော်အမြင်ကြောင့်သာ ဖြစ်ပေသည်။ ကမ္ဘာ့သမိုင်းကြောင်းတွင် ပေါ်ပေါက်လာခဲ့သော လူမျိုးအသီးသီးတို့သည် မိမိတို့လူမျိုးအတွက် ခေါင်းဆောင်နိုင်သော လူပေါ်လူဇော် လူထူးလူချွန်

တစ်ဦးတစ်ယောက် ပေါ်ပေါက်လာတတ်စမြဲပင်ဖြစ်သည်။ ထိုခေါင်းဆောင် တစ်ဦးတစ်ယောက်၏ ဦးဆောင်မှု၊ ကြိုးစားမှုကြောင့် ဖြစ်ထွန်း ပေါ်ပေါက်လာခဲ့သော ယဉ်ကျေးမှု အပိုင်းအစများကို နောင်ရေးတွင် ဂုဏ်ယူဖော်ပြနိုင်ရန်အတွက် ထိုခေါင်းဆောင် သို့မဟုတ် ထိုမင်းတစ်ပါး၏ ဖန်တီးခဲ့သော မြို့နန်းစိုက်ရာ မြို့ဟောင်းအမည်များကိုလိုက်၍ တစ်ချိန်ကထင်ရှားသော ရာဇဝင်ရှိခဲ့ကြောင်း အတိအကျ ပြောဆိုနိုင်လေသည်။

## ရှမ်းယွန်းများဝင်ရောက်လာခြင်း

၁ ရာစု ခန့်က ရှမ်းယွန်းလူမျိုးတို့သည် တရုတ်ပြည်တောင်ပိုင်း ယူနန်နယ်တွင် နေထိုင်ကြလျက် ရှမ်းပြည်ထောင်စုကို တည်ထောင်လာခဲ့သည်။ ၁၃ ရာစုလောက်တွင် တာတာဘုရင် ကူဗလိုင်ခန်သည် တရုတ်ပြည်တောင်ပိုင်း ယူနန် နယ်ကို တိုက်ခိုက်သိမ်းယူပြီးနောက် ရှမ်းယွန်းလူမျိုးစုတို့သည် တောင်ဘက်နှင့် အရှေ့တောင်ဘက် ဒေသများသို့ ရွှေ့ပြောင်းလာခဲ့ကြသည်။

တောင်ဘက်သို့ ရွှေ့ပြောင်းလာသူအချို့မှာ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက် နေထိုင်ခဲ့ကြပြီး အချို့မှာ ယိုးဒယားအရပ်ဒေသများသို့ ရွှေ့ပြောင်းလာခဲ့ကြသည်။ အေဒီ ၁၂၆၀ ခုနှစ် လောက်တွင် ရှမ်းယွန်းတို့သည် ကမ္ဘောဒီးယားကို တော်လှန်လျက် သောက္ကတဲမြို့ကို တည်ထောင်၍ မင်းပြုခဲ့သည်။

အေဒီ ၁၃၅၀ ခုနှစ်တွင် မွန်ခမာမြို့တော်ဖြစ်သော လောဖ့ပူရီမြို့ကို သိမ်းပိုက်ပြီး အေဒီ ၁၃၅၁ ခုနှစ်တွင် ရှမ်းယွန်းတစ်နိုင်ငံလုံးမြို့တော်ဖြစ်သော အာယုဒ္ဓယမြို့တော်ကို တည်ထောင်ခဲ့သည်။

အေဒီ ၁၃၅၁ ခုနှစ် မှစ၍ ရှမ်းယွန်းအမျိုးသားများသည် တဖြည်းဖြည်းအင်အား တိုးတက်လာရာ သံလွင်မြစ်အရှေ့ဘက်ခြမ်းရှိ မော်လမြိုင်မြို့အစရှိသောနယ် တစ်ဝိုက် တို့ကိုပါ ပိုင်ဆိုင်လာခဲ့ကြသည်။

# မဂဒူးမင်းဆက်နှင့် ရာမညတိုင်း

အေဒီ ၁၂၈၁ ခုနှစ်လောက်တွင် အောက်မြန်မာနိုင်ငံ၌ "ဝါရီရူ"ဆိုသူ "မဂဒူး" သည် ယိုးဒယားနိုင်ငံအလယ်ပိုင်း သောက္ကတဲမင်း၏ အကူအညီဖြင့် မုတ္တမမြို့စားကို လုပ်ကြံ၍ မင်းပြုလေသည်။ ဝါရီရူ(ခေါ်)မဂဒူးမင်းသည် နောင်တွင် ပဲခူးကို ဩဇာလွှမ်းမိုးကာ ထိန်းချုပ်ထားနိုင်ခဲ့သည်။ မဂဒူးမင်းဆက် ရှစ်ဆက်မြောက် ဆင်ဖြူရှင် "ဗညားဦး"လက်ထက် အေဒီ ၁၃၇၀ ခုနှစ် ပဲခူးသို့ပြောင်းရွှေ့ ထီးနန်း စိုးစံခဲ့သည်။ ထို အချိန်မှစ၍ မွန်တို့ ပိုင်ဆိုင်ရာ ဒေသများကို "ရာမညတိုင်း"အဖြစ် ခေါ်ဆို လာခဲ့ကြသည်။

ရာမညတိုင်းသားတို့သည် မြို့စား နယ်စားမင်းများနှင့်တကွ စီမံခန့်ခွဲ၍ မုတ္တမမြို့ ၃၃ မြို့၊ ပဲခူးမြို့ ၃၃ မြို့၊ ပုသိမ်မြို့ ၃၃ မြို့ ဖွဲ့စည်းတည်ထောင်၍ ရာမညတိုင်း အဖြစ် အုပ်ချုပ်လာခဲ့ကြသည်။ ရာမညတိုင်း ၉၉ မြို့တို့တွင် ကရင်မြို့စား နယ်စားများ ပါဝင်ကြောင်း တွေ့ရှိရသည်။ ထိုခေတ်ကာလမှစ၍ ကရင်မြို့စား နယ်စားတို့သည် သီးခြားအုပ်ချုပ်သော ကရင်မင်းဆက်ဟူ၍ မတွေ့ရှိရတော့ပေ။

# ကရင်နယ်စားမင်းတို့၏ ဘဝနိဂုံး

အေဒီ ၁၃၅၀ ခုနှစ် မှစ၍ တဖြည်းဖြည်း အင်အားကြီးလာသော ယိုးဒယား ရှမ်းယွန်းတို့သည် သံလွင်မြစ်အရှေ့ဘက်ကမ်းရှိ မော်လမြိုင် အစရှိသော နယ်ပယ် ဒေသများတို့ကို ပိုင်ပိုင်နိုင်နိုင် အုပ်ချုပ်လာခဲ့ကြသည်။ အေဒီ ၁၃၇၀ ခုနှစ် ဟံသာဝတီ ပဲခူးသို့ မွန်ဘုရင်နေပြည်တော်အဖြစ် ရွှေ့ပြောင်းစဉ်အချိန်ကစပြီး သံလွင်မြစ် အရှေ့ဘက်တလွှားရှိ ကရင်လူမျိုးတို့သည် ယိုးဒယားရှမ်းယွန်းတို့၏ ဖိနှိပ် တိုက်ခိုက်မှုကြောင့် ကရင်လူမျိုးတို့၏ နယ်စားမြို့စားများ အဆက်ပြတ် ကွယ်ပျောက်ခဲ့ရသည်။

ကရင်လူမျိုးစုတို့၏ ဘဝသည် အသက်ဘေးအန္တရာယ်ကို ရှောင်တိမ်းရင်း တောနက်ရာ အရပ်သို့ ထွက်ပြေးခိုလှုံခဲ့ရလေသည်။ ထိုဖြစ်ပျက်ခဲ့သောကာလက ရှေး ကရင် ဘိုးဘွားတို့ သီဆိုမှတ်သားပြုခဲ့ကြသော အစဉ်အလာတေးကဗျာတစ်ပုဒ်တွင်-

> ကာလာ လ်ယောဝ်ဖောဟ် ပိုင်ခါန်ႋ
> (ယွန်းလူမျိုးတို့ နယ်ချဲ့အုပ်စိုးစဉ်ကာလမှာ)
>
> ဖှံ့ဆိုဒ်ဖောဟ် ဍေ ယှင် ဧစာင်းကှင်
> (ပိုးကရင်နှင့် စကောကရင်တို့ ရှောင်ပြေးခဲ့ရသည်)

မီ့ကေမူ့ဏာ မေ်ထီ့လင် ဏင်းထင်းထာင် ကွ်ာင်ခြါက္ဍင်

(ညအိပ်ရာဝင်တိုင်း ဖွဲကပင်စေတီတော်ကို သတိရ၍ မျက်ရည်များ ကျခဲ့ရသည်)

တချို့သော ကဗျာစာပိုဒ်များ "ကာလာလ်ယောဝ်ဖေါဟ်ပုံကင့်" ဟု အဆိုတစ်ရပ် ရှိသည်။ "ပုံကင့်" ဆိုသောစကားမှာ ပုန်ကန်ခြင်း ဗမာဝေါဟာရမှ ဆင်းသက်လာသော ကပြားစကားဖြစ်သည်။ "ယောဝ်ဖေါဟ်"ဆိုသည်မှာ မွန်လူမျိုးကို မဆိုလိုပေ။ အမှန်က တချို့ ပိုးကရင်နှင့် စကောကရင်အများစုတို့က ယိုးဒယား ယွန်းလူမျိုးတို့ကို "ယို(ယောဝ်)" ဟုခေါ်ကြပြီး မွန်လူမျိုးတို့ကို "တလိုင်း(တ့်လိုဒ်)"ဟု ခေါ်ဆိုကြရာတွင် ရှေးအစဉ်အလာက အမှန်စကားပင်ဖြစ်သည်။

ဤသို့ ရှမ်းယွန်း မြေရှင် ပဒေသရာဇ် အာဏာရှင်တို့၏ တိုက်ခိုက်လွှမ်းမိုးမှုကြောင့် ကရင်လူမျိုးတို့၏ နယ်စားမြို့စားမင်းနှင့်တကွ နယ်မြေဒေသများကို လက်လွှတ် ဆုံးရှုံးခဲ့ကြရသည်။ ကရင်လူမျိုးတို့၏ နယ်စားအုပ်ချုပ်မှုစနစ် အဖွဲ့အစည်းပျက်ပြားခဲ့ရခြင်းသည် အချင်းချင်းထိတွေ့မှု ပူးပေါင်းတိုင်ပင်မှု မရှိခြင်း၊ ရှမ်းယွန်းတို့ ၏ အယုံအကြည် သိမ်းသွင်းမှုနှင့် အာဏာတည်မြဲရေးအတွက် တစ်ဖက်စွန်းကို ရောက်ခဲ့ကြသဖြင့် တိုင်းပြည်တည်တံ့ခိုင်မြဲရေးနှင့် ကာကွယ်ရေးတို့ဘက်တွင် စုစည်းမှုနှင့် ပျော့ညံ့မှုတို့ကြောင့် ရှမ်းယွန်းတို့၏ လွှမ်းမိုးအုပ်ချုပ်ခြင်းကို ခံလိုက်ရလေသည်။

## ပဒေသရာဇ်မင်းတို့၏ အရှုပ်တော်ပုံ

အေဒီ ၁၅၃၈- ၁၅၃၉ ခုနှစ်တွင် မွန်ဘုရင်တို့၏ ဟံသာဝတီနေပြည်တော်သည် တောင်ငူဘုရင် တပင်ရွှေထီး၏ တိုက်ခိုက်သိမ်းပိုက်ခြင်းကို ခံရလေသည်။ အေဒီ ၁၅၄၀ ခုနှစ်တွင် အောက်မြန်မာနိုင်ငံရှိ ပုသိမ်၊ ပဲခူး၊ မုတ္တမစသော နယ်မြေများကို ဗမာမင်းတို့ တိုက်ခိုက်သိမ်းယူခဲ့သည်။ အေဒီ ၁၅၅၀ ခုနှစ်တွင် တပင်ရွှေထီး လုပ်ကြံခံရ၍ အနိစ္စရောက်လေသည်။ တပင်ရွှေထီး လွန်မြောက်သော် အေဒီ ၁၅၅၁ ခုနှစ်တွင် ပဲခူးမြို့ကို ဘုရင့်နောင် ပြန်လည်တည်ထောင်ပြီး မင်းပြုအုပ်စိုးလေသည်။

အေဒီ ၁၅၉၂ ခုနှစ်တွင် ဘုရင့်နောင်သည် တစ်တိုင်းပြည်လုံးကို ဩဇာဖြန့်လျက် သိမ်းသွင်းအုပ်ချုပ်ခဲ့ပြန်ရာ အေဒီ ၁၅၅၆-၅၇-၅၈ ခုနှစ်များတွင် ယိုးဒယားနိုင်ငံ တောင်ပိုင်း မြောက်ပိုင်းများကို တိုက်ခိုက်သိမ်းသွင်းပြီး ဗမာမင်းတို့၏ လက်အောက်ခံအဖြစ် ပေါင်းစည်းအုပ်ချုပ်လာခဲ့သည်။ အေဒီ ၁၅၈၁ ခုနှစ်တွင် ဘုရင့်နောင်နတ်ရွာစံပြီးနောက် ၃ နှစ် အကြာတွင် အချင်းချင်း စည်းလုံးညီညွတ်မှု ပျက်ပြားလာခဲ့ရာ ယိုးဒယားမင်း ပြန်လည်ခြားနား၍ ကိုယ့်မင်းကိုယ့်ချင်း တစ်ဖန်ပြန်လည်ထူထောင်

ခဲ့သည်။ အေဒီ ၁၅၈၄ ခုနှစ် ယိုးဒယားမင်း "ပြနရာဇ်" ခေါ် "နရေစွမ်" သည် ပဲခူးသို့ ချီလာ၍ တိုက်ခိုက်လေရာ စစ်ရေးစစ်ရာ မျှတမှု မရှိခြင်းကြောင့် မုတ္တမ မော်လမြိုင်သို့ လှည့်ပြန်သွားကာ လူသူမှန်သမျှကို ယိုးဒယားသို့ ဖမ်းဆီး ခေါ် ဆောင်သွားလေသည်။

အေဒီ ၁၅၉၇ ခုနှစ်တွင် မော်လမြိုင်မြို့စားမင်း ပုန်ကန်ခြားနား၍ ချီတက်တိုက်ခိုက်လာသော ဟံသာဝတီတပ်များသည် အင်းအား ယိမ်းယိုင်လာခဲ့ခြင်းကြောင့် မအောင်မြင်ခဲ့ပေ။ ထိုနှစ်တွင် နရေစွမ်သည် မော်လမြိုင်မြို့စားနှင့် ပူးပေါင်းကာ ဟံသာဝတီသို့ ချီတက်လာခဲ့သည်။ သို့သော် ဟံသာဝတီကို စစ်ကူအင်အား များပြားစွာ လာရောက်ကူညီခြင်းကြောင့် ယိုးဒယားဘုရင် နရေစွမ်သည် ဟံသာဝတီမှ ဆုတ်ခွာလာရာ မုတ္တမ မော်လမြိုင် အရှေ့တလွှားရှိ မွန် ကရင် လူသူသမျှကို သိမ်းယူပြီး ယိုးဒယားသို့ ဖမ်းဆီးခေါ် ဆောင် သွားပြန်လေသည်။

ထိုကာလအတွင်း ယိုးဒယားနှင့် ဗမာနှစ်နိုင်ငံ နယ်မြေဒေသ နယ်ချဲ့ယူမှုနှင့် အပြန်အလှန် တိုက်ခိုက်ကြရာတွင် စစ်ချီစစ်တက် လမ်းကြောင်းဖြစ်သော ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်ဒေသ တစ်ဝိုက်တို့တွင် စစ်ဘေးစစ်ဒဏ်ကြောင့် အမျိုးမျိုးသော ဘေးဒုက္ခနှင့် ရင်ဆိုင်တွေ့ကြုံနေကြရသည်။ တစ်ချိန်က ယိုးဒယားမင်းတို့၏ အတင်းအဓမ္မ ဖမ်းဆီးခေါ် ဆောင်မှုလည်း ရင်ဆိုင်နေကြရသည်။ ထိုအတင်းအဓမ္မ ဖမ်းဆီးခံရသော လူသူအပေါင်းတို့သည် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရပြီး သားတကွဲ မယားတကွဲ မိသားစုတို့နှင့် ခွဲခွာနေကြရသော အချို့ ကရင်လူမျိုးစုများကား ရင်နင့်ဖွယ်ရာ ခံစားချက်များနှင့် လွမ်းကဗျာတေးလေး သီကုံးဖွဲ့ဆိုထားခဲ့ကြသည်။

ယင်းကဗျာလေးက-

ယှိုင်ယူးသာဟော့ဝ် ထောဟ်ခေါဟ်လံင်
ဍေယောဝ် ဍေသာင့် လေဝ်လ့်ဖွံင်
သာင့်တိုဒ်ဏောဝ်ႉ ပ့်စာင်းလ့်ဖံင်
ဆ့်ယူးသာ အှ်လ့်ပ့်လံင်

အဓိပ္ပာယ်က လွမ်းတေးတွေ မသီဆိုနှင့်တော့ ငှက်လေးရယ်၊ ရှမ်းတွေ မွန်တွေနှင့်တကွ သွားလေရာ သွားခဲ့ပါပြီ၊ ယိုးဒယား ရှမ်းတို့၏ ရုပ်သိမ်းမှုကို ရှောင်ပြေး မလွတ်ပေမဲ့ လွမ်းစိတ်တွေက ရင်ထဲမှာပဲ ရှိနေတယ်။

ယိုးဒယားမင်း ဖမ်းဆီးခေါ် ဆောင်သွားသည့် ကာလမှတစ်ဆင့် "ရွှဲဖိုးခိ"သို့ ရွေ့လျားလာသော စကားဖြစ်သည်။ "ယွန်းဖိုးခီ"သည် ယွန်းလူမျိုးတို့ ခေတ်ကာလက သီချင်းကို ဆိုလိုသည်။ ထိုသီချင်းကို နားထောင်ကြည့်ပါက ရှေး ရှမ်းယွန်းသီချင်းနှင့် သံစဉ်တူလေသည်။ ထိုသီချင်းသည် ယနေ့ သီဆိုမည့်သူ ရှားပါး၍ တိမ်ကောလု

နီးပါး ဖြစ်လာလေသည်။

တချို့က မိမိတို့ ချစ်သူ ဇနီးတို့ကို ငှက်အော်သံလို အချက်ပေး၍ ချစ်သူကို ခေါ် လေ့ရှိသည်။ မိမိတို့၏ ချစ်သူတို့က ပြန်လည်သီဆိုပေးထားသော ရွဲဖိုးခိ သီချင်းဟု သိရ သည်။ ထိုသီချင်းသည် ယွန်းဖိုးခီ ခေတ် ပဒေသရာဇ် အာဏာရှင်တို့သည် မင်းမဲ့ သောလူမျိုးနှင့် မင်းကျရှုံးနေသည့်လူမျိုးအသီးသီးတို့ကို နားဖောက် ကြိုးတွဲ၍ သို့ပန်း ကျွန်အဖြစ် ရက်စက်စွာ ခိုင်းစေကြ၏။ ထိုအဖြစ်ဆိုးတို့ကို နောင်ကာလ အဆက် ဆက် မိဘ၊ ဘိုးဘွားတွေက ပြောဆိုလေ့ရှိခဲ့ကြသည်။

ဤသို့ ကြာညောင်းလှသော ပဒေသရာဇ် အာဏာရှင်တို့၏ ခင်းကျင်းကြ သည့် စစ်ပွဲသည် လူမျိုးရေးမုန်းတီးမှုနှင့် လူမျိုးရေးပြန်းစေသော လုပ်ဆောင်မှုများ သာ ဖြစ်သည်။ အေဒီ ၁၆၀၀ ခုနှစ် အတွင်း တောင်ငူဘုရင်နှင့် ရခိုင်ဘုရင်တို့ ပူး ပေါင်း၍ ဟံသာဝတီကို တိုက်ခိုက်ကြလေရာ ပဲခူးမြို့ပျက်စီးခဲ့ရသည်။ ဟံသာဝတီ မင်းဆက် နန္ဒဘုရင်ကိုလည်း တောင်ငူသို့ ဖမ်းဆီးခေါ် ဆောင်၍ ကွပ်မျက်လေသည်။ ဤ အရေးတော်ပုံတွင် သေဆုံးကြရသော မြို့သူမြို့သားတို့မှာ ထောင်သောင်းမက များပြားလှသည်။ ပဲခူးမြစ်အတွင်း၌ မျောနေသော လူသေကောင်တို့မှာ တစ်လောင်း နှင့် တစ်လောင်း ဆက်လုနီးပါးရှိသည်ဟု မြင်တွေ့သူတစ်ဦး မှတ်တမ်းတင် ရေးသား ထားခဲ့သည်ဟု ဆိုသည်။ ပဒေသရာဇ်မင်းတို့သည် အုပ်ချုပ်အချင်းချင်း တိုက်ပွဲများ နယ်လုစစ်ပွဲများ ကျူးကျော်သည့် စစ်ပွဲများ တိုက်ခိုက်ခဲ့ကြရာ တိုက်ခိုက်၍ အောင် မြင်သောဒေသများမှ ကောင်းနိုးရာရာ ယဉ်ကျေးမှုများကို လက်ခံရရှိခဲ့သည်။

သို့ရာတွင် ပဒေရာဇ်စစ်ဘုရင်များသည် နိုင်ငံအား ကောင်းကျိုးပြုသည် ထက် ဆိုးကျိုးပြုသည်က များပါသည်။ ပဒေသရာဇ်စစ်များသည် နိုင်ငံ၏ စီးပွားရေး ကို များစွာထိခိုက်စေခဲ့ပါသည်။ လယ်ယာလုပ်ကိုင်သူများ စစ်မှုဒဏ်ကို ခံရသဖြင့် ဆန်စပါး အထွက်နည်းကာ အစာရိက္ခာရှားပါးမှုနှင့် ကြုံတွေ့လာရသည်။ ဟံသာဝတီ နန္ဒဘုရင်လက်ထက်တွင် ဆန်စပါးရှားပါး၍ စပါးတစ်တင်းကို ကြေးစင်တစ်ရာပေး ရသည် ဟူ၍ ရေးသားဖော်ပြထားသည်။ ပဒေသရာဇ်မင်းတို့သည် စစ်ကို အကြိမ် ကြိမ် ဆင်နွှဲနေခြင်းဖြင့် လူအင်အား ငွေအင်အား ဖြုန်းတီးခဲ့ရာ နောက်ဆုံးတွင် အင် အားနည်းလာပြီး ဟံသာဝတီနေပြည်တော်မှာလည်း ပျက်စီးခဲ့ရလေသည်။

ယိုးဒယားမင်းသည် ဟံသာဝတီမင်း ကျဆုံးသွားသည့်နောက်ပိုင်း သံလွင် မြစ် အရှေ့ဘက်နှင့် တနင်္သာရီ၊ ထားဝယ်၊ မြိတ်တို့မှာ ယိုးဒယားလက်အောက်ခံများ ဖြစ်သည်။ ယိုးဒယားမင်းတို့သည် ဗမာမင်းတို့၏ စိတ်ဝမ်းကွဲပြားခြင်းကို အခွင့်ကောင်း ယူ၍ ဝင်ရောက် စီးနင်းအုပ်ချုပ်စမြဲပင် ဖြစ်သည်။

# မြေရှင်ပဒေသရာဇ်ခေတ်နှင့် ကရင်တို့၏ကံကြမ္မာ

မြေရှင်ပဒေသရာဇ်စနစ်၏ နိုင်ငံတော်အုပ်ချုပ်ရာတွင် ဘုရင်သည် မိမိ၏ သားတော် ညီတော် တူတော် ဦးရီးတော် စသော မင်းမျိုးမင်းနွယ်နှင့် တော်စပ်သော သူများကိုသာ နယ်စားပယ်စား အပိုင်စားပေး၍ ကျင့်သုံးလေ့ရှိသည်။

မိမိတို့လက်အောက်ခံ နယ်သူနယ်သားနှင့် နယ်မြေဒေသခံရှိ လူမျိုးအသီးသီးတို့၏ နယ်စားပယ်စားတို့ အုပ်ချုပ်ခြင်းအခွင့်အရေးတို့ကို ပယ်ဖျက်ချေမှုန်းခြင်းကြောင့် ဒေသခံလူမျိုးစုတို့၏ အုပ်ချုပ်ခြင်းစနစ်သည်လည်း လက်လွှတ်ဆုံးရှုံးခဲ့ရသည်။ မြေရှင်ပဒေသရာဇ် လူတန်းစားတို့သည် အချုပ်အခြာအာဏာ အပြည့်အဝ ထားရှိခြင်း၊ နယ်ပယ်၏ အခွန်တော်များကို စားရသော ပဒေသရာဇ် လူတန်းစားတို့သည် မတရား ဖိနှိပ်သွေးစုပ်မှုများ ပြုကျင့်လာကြသည်။ လောဘစိတ် လွှမ်းမိုးမှုကြောင့် မြေရှင်ပဒေသရာဇ် အချင်းချင်း ပဋိပက္ခမှုများ ကြီးထွားလာပြီး တစ်ဦးနှင့်တစ်ဦး စစ်ပြုတိုက်ခိုက်ကြကာ အနိုင်ယူကြသည်။

ယင်းကြောင့် ထိုအချိန်ကာလ၌ မြေရှင်ပဒေသရာဇ် ဘုရင်များအချင်းချင်း သော်လည်းကောင်း၊ နယ်မြေဒေသရှိ လူမျိုးစုများကလည်း ဖိနှိပ်ရက်စက်မှုဒဏ်ကြောင့် တော်လှန်ပုန်ကန်၍သော်လည်းကောင်း ပဒေသရာဇ်စနစ်အောက်တွင် စစ်ပွဲများ ဖြစ်ပွားခဲ့ရသည်။ ဤသို့ဖြင့် ထိုခေတ်ကရင်လူမျိုးစုတို့မှာ စည်းလုံးမှုခေါင်းဆောင်မှုမရှိတော့၍ ဘဝပျက်စီးရသည့်ကာလနှင့် ကြုံကြိုက်ခဲ့ရသည်။ ပဒေသရာဇ်မင်းတို့၏ အုပ်ချုပ်မှုစနစ်အောက်တွင် ထိတ်လန့်စရာ ဘဝအတွေ့အကြုံများလည်း ရင်ဆိုင်ခံစားခဲ့ရသည်။

ပဒေသရာဇ်မင်း၏ စစ်တပ်အာဏာသားတို့သည် နယ်သူနယ်သား ငယ်မူငယ်သား အပေါင်းတို့ကို မတရားဖိနှိပ်၍ တော်လှန်သူအဖြစ် စွပ်စွဲကာ ကွပ်မျက်၏။ မင်းပြစ် မင်းဒဏ်သင့်သူမှန်သမျှကို သုသာန်တစသို့ ခေါ်ထုတ်ကာ ကားစင်ပေါ်၌ တံကျင်လျှို၍ သတ်ဖြတ်ခြင်း၊ လည်ပင်းကြိုးဆွဲသတ်ဖြတ်ခြင်း၊ လည်ကို ဓားနှင့် ဖြတ်၍ သတ်ခြင်း၊ အရှင်လတ်လတ် မီးရှို့သတ်ဖြတ်ခြင်း စသည်ဖြင့် ပြုလုပ်ကြသည်။

ဤသို့ ဆိုးရွားစွာ မြင်တွေ့ရသော မကောင်းသော အနိဋ္ဌာရုံတို့ကြောင့် ရှေးဘိုးဘွားတို့က ရာဇဝတ်မှုဘေးမှကင်းလွတ်စေရန် ရည်ရွယ်ချက်ဖြင့် ဝိညာဉ် လက်ချည်ပွဲ၌ (သွးခေါဟ် လံင့်ထ် အ့်စးလ့်ယှေ့ဝ်)ဆိုသော ဆုံးမစကားတစ်ရပ်အနေဖြင့် ထည့်သွင်း ဆုတောင်းလာခဲ့ကြသည်။

# လွတ်လပ်ရာဒေသနှင့် ကရင်တို့၏ဘဝ

ပဒေသရာဇ်ခေတ်ဦးပိုင်းကာလ၌ ကရင်တို့၏ ဘဝမှာငြိမ်းချမ်းသာယာ၏။ ခေတ်အလိုက် တိုးတက်လာသော ယဉ်ကျေးမှုရှိနေသူများ ဖြစ်ကြသည်။ သို့သော် နယ်ချဲ့ ပဒေသရာဇ်တို့ကို တိုက်ခိုက် နှိပ်စက်လာသောအခါ သူတို့သည် ဘဝ သာယာ အေးချမ်းမှုနှင့် တိုးတက်နေသော ယဉ်ကျေးမှုတို့ကို ဆုံးရှုံးခံ၍ သူတို့၏ လွတ်လပ်စွာ နေထိုင်ရေးအတွက် မူရင်းဒေသကိုစွန့်လွတ်ကာ တောတောင်ထူထပ်ရာအရပ်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။

ကရင်လူမျိုးစုတို့သည် ဘဝသာယာရေးနှင့် လွတ်လပ်စွာနေထိုင်ရေးကို ပိုမိုနှစ်သက် မက်မောသူများ ဖြစ်ကြသည်။ ကရင်လူမျိုးစုတို့သည် လွတ်လပ်စွာနေထိုင်လိုသောစိတ်ဓာတ်က ရှေးပဝေသဏီကတည်းက ကိန်းအောင်းလာခဲ့သော ဗီဇ စိတ်ဓာတ်ဖြစ်သည်ကို ကောင်းစွာသိသာထင်ရှားသည်။ ကရင်လူမျိုးတို့သည် မူလ နဂိုက အလွန်အေးဆေးစွာ နေထိုင်ကြသူများဖြစ်၍ မည်သည့်အရှုပ်အပွေကိုမျှ အလို မရှိကြပေ။ နယ်ချဲ့ ပဒေသရာဇ်တို့၏ စစ်ရေးစစ်ရာကြောင့် မြေပြန့်ဒေသတွင် မနေကြတော့ဘဲ တောင်ပေါ် တစ်ဝှမ်း နေရာဒေသများသို့ တက်ရောက်ပြီး အေးချမ်း သာယာသော နယ်မြေကိုရှာဖွေ၍ ဖြစ်သလို နေထိုင်သွားခဲ့ကြသည်။

သူတို့နေထိုင်ရာအရပ်သည် သွားလာရေးခက်ခဲပြီး လူသူတို့နှင့် ထိတွေ့မှုလည်း အလွန်နည်းပါးသည်။ လူမျိုးခြားနှင့်လည်း ထိတွေ့မှု မရှိသည့်အပြင် ကရင်အမျိုးသား အချင်းချင်းပင် ထိတွေ့ဆက်ဆံမှုနည်းပါးလာခဲ့၍ စည်းလုံးညီညွတ်မှုလည်း ပျက်ပြားလာကာ အလွန်ခေတ်နောက်ကျ ကျန်ရစ်လေတော့သည်။ အသက်ရှင်သန်ရပ်တည်ရေးအတွက် ခက်ခက်ခဲခဲ လုပ်ကိုင်စားသောက်ကြရသည်။

လုပ်ခင်း ကိုင်ခင်း အတည်တကျမရှိဘဲ အမြဲရွှေ့ပြောင်း စိုက်ပျိုးလုပ်ကိုင်ကြရသည်ကို အကြောင်းပြု၍ "သစ်ငုတ်လည်းဆွေး ကရင်လည်းပြေး"ဟု ဆိုရိုးစကားဖြစ်ပေါ်လာခဲ့သည်။ တောတောင်ထူထပ် အရပ်ဒေသများသို့ နှစ်ပေါင်းများစွာ အမှီပြုပြီး ထို တောတောင် အရပ်ဒေသများတွင် တောင်ယာ စိုက်ခင်းများနှင့်သာ အသက်မွေးဝမ်းပြုခဲ့ ကြသည်။

ထိုနေရာဒေသများကို ရှေးပဝေသဏီမှ မကွယ်ပျောက်ဘဲ ကြွင်းကျန်ရစ်နေသည့် တောင်ယာဟောင်းနေရာများကို ကရင်လူမျိုးတို့က ယနေ့တိုင် "ဖိုးဟွဲဖိုးဟောင် (ဖောဟ်ဃွဲဖောဟ်ဃုဂ်)"ဟု ပြောဆိုလေ့ရှိကြသည်။ ထို ဖိုးဟွဲဖိုးဟောင်၏ ဆိုလိုရင်းအဓိပ္ပာယ်က မင်းမဲ့လူမျိုး (သို့) ခိုကိုးရာမဲ့ ကရင်လူမျိုးတို့၏ တောင်ယာဒေသဟောင်းများပင် ဖြစ်သည်ဟု ကရင်ဘိုးဘွားအဆက်ဆက်မှ ပြောဆိုလာခဲ့ကြသည်။

ဤသို့ မြို့ပြဒေသများနှင့် နှစ်ရှည်လများစွာ ကင်းကွာနေထိုင်လာခြင်းဖြင့် ဖြစ်ပေါ်လာသည့်အကျိုးဆက်မှာမူ စာပေယဉ်ကျေးမှုအချို့ ပျောက်ဆုံးကုန်ကြပြီး မိမိတို့ အချင်းချင်းသည်လည်း ကွဲကွဲပြားပြား နေထိုင်လာကြရာမှ မိမိတို့ကိုယ်ကို မိမိတို့ သိမ်ငယ်သွားကာ နောက်ဆုံး ကိုယ့်ကိုယ်ကိုယ် အထင်သေးစိတ်များ ဝင်လာတော့သည်။ ထို စိတ်ဓာတ်ကြောင့် မြင့်မားသော ကြံဆောင်မှု ဦးစီးဦးဆောင်လိုမှု အမျိုးသား စည်းလုံးညီညွတ်မှု တိုးတက်မှုတို့အတွက် မည်ကဲ့သို့ လုံးပမ်းကြိုးစားရမည်ကို မသိ သလိုနှင့် မရဲဝံ့သော စိတ်ဓာတ်များ ဖြစ်ပေါ်လာခဲ့ကြသည်။

မြေရှင်ပဒေသရာဇ် စနစ်အောက်တွင် ကရင်လူမျိုးတို့၏ ဘဝရှင်သန်ရေး အတွက် အမြဲတစေ စိုးရိမ်ပူပန်မှုများနှင့် ရင်ဆိုင်ကြရသည်။ လူတောသူတောထဲ အမြဲ ရှောင်တစ်ခွင် နေလာခဲ့ကြခြင်းကြောင့် ယဉ်ကျေးတိုးတက်သော လူမျိုးများနှင့် အဆက်အသွယ်ပြတ်ကာ ခေတ်နောက်ကျသော လူရိုင်းဘဝ (သို့မဟုတ်) ခေတ် အလိုက် မယဉ်ကျေးသော လူမျိုးစု ဖြစ်လာခဲ့သည်။ ယိုးဒယားနှင့် ဗမာကေရာဇ်မင်း တို့၏ နယ်ချဲ့စနစ်ဆိုးကြီး စက်ကွင်းမှ ရှောင်ရှားခဲ့ရာ နှစ်ပေါင်းများစွာ ကြာညောင်း ခဲ့ရသည်။

## ခေတ်ပြိုင်ပဒေသရာဇ်စနစ်အောက်မှ ကရင်တို့ဘဝ

ကရင်လူမျိုးစုတို့သည် မြန်မာနိုင်ငံ အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်း ဒေသများတွင် အများအပြား နေထိုင်ခဲ့ကြသည်။ မြန်မာနိုင်ငံ အရှေ့ဘက်ခြမ်း၌ ကရင် လူမျိုးစုတို့သည် ယိုးဒယားနှင့် ဗမာကေရာဇ်မင်းတို့၏ ကျူးကျော်မှု ဖိနှိပ်ညှဉ်းပမ်းမှုကို ခံစားခဲ့ကြရသည်။ မြန်မာနိုင်ငံ အနောက်ဘက်ရှိ ကရင်လူမျိုးစုတို့သည်လည်း မွန်နှင့် ဗမာကေရာဇ်မင်းတို့၏ သူတစ်လူ ငါတစ်မင်း ခေတ်ပျက်ကာလများ၌ ဆိုးသွမ်းလှ သည့် အခြေအနေမျိုးနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။

တစ်ချိန်က ကရင်လူမျိုးစု အသီးသီးတို့သည် ပဒေသရာဇ်မင်းတို့ တိုက်ခိုက် အနိုင်ယူမှု ခံရခြင်း၊ ကျွန်ပြုခံရခြင်း၊ သတ်ဖြတ်မှုခံရခြင်း ထို မတရားသောအမှုတို့ ကို ဒေသအသီးသီးရှိ ကရင်လူမျိုးတို့ ခံစားခဲ့ကြရသည်။ နောက်ဆုံးတွင် ၎င်းတို့၏ နေရပ်ဌာန ဒေသများကိုပါ စွန့်လွှတ်ခဲ့ရသည်အထိ ဖြစ်လာခဲ့သည်။ ဤသည်မှာ မြေရှင် ပဒေသရာဇ်စနစ် ဖိနှိပ်မှုအောက်တွင် ဖြစ်ခဲ့ရသည့် အချင်းအရာများ ဖြစ် သည်။

# အတိတ်နှောင်းက ဖြစ်ရပ်များ

ဤသို့ ယိုးဒယားပဒေသရာဇ်မင်းတို့ အဆက်ပေါင်းများစွာက ထို တောတောင် အရပ်ဒေသ၌ ခိုလှုံနေထိုင်ခဲ့ကြသော ကရင်လူမျိုးစုတို့၏ အတိတ်က နေရာဒေသ ဟောင်းများကို ယနေ့တိုင် ကျန်ရှိနေခဲ့သည်။ ထိုတောတောင်ထူထပ်သော အရပ်ဒေသ အနှံ့အပြားတွင် "ဒုံလောင်း(ချုံလင်ႉ)" ခေါ် ရွာဟောင်း ဥယျာဉ်ခြံဟောင်းများနှင့် အိုး ခွက် ပန်းကန်အပိုင်းအစများကို တွေ့ရှိရသည်။ တစ်ခါတလေ တောနက်ရာ တောင်တန်းဒေသများရှိ ဂူအတွင်းသော်လည်းကောင်း၊ ရေတိုက်စားခြင်းကြောင့် ပေါ်ထွက်လာသော အိုးခွက် ပန်းကန် အကောင်းများကိုလည်း တွေ့ရှိရတတ်သည်။

တစ်ချိန်က ရှေးကရင်လူမျိုးတို့၏ သင်္ချိုင်းနေရာဟောင်းများတွင်လည်း စွန့်ပစ်ထားသော ပစ္စည်းအချို့နှင့် ရှေးကြေးထည်ငွေထည် ပစ္စည်းများကိုလည်း တူးဖော် တွေ့ရှိခဲ့ရသည်။ စာရေးသူသည် သမိုင်းနှင့် မနုဿဗေဒပညာရှင် မဟုတ်သော်လည်း မိမိ၏ လူမျိုးသမိုင်းနှင့် ပတ်သက်၍ ဝါသနာထုံခဲ့သူ ဖြစ်သည်။ စာရေးသူသည် ထိုဖော်ပြခဲ့သော အကြောင်းအရာကို ဒေါနတောင်တန်း တစ်စိတ်တစ်ဒေသရှိ တောနက်များအတွင်းသို့ လှည့်လည်သွားလာစဉ်က တွေ့ရှိခဲ့ရသည်။ သို့သော် ထို တောတွင်းဒေသများသို့ ယနေ့ တိုင်အောင် တောတောင်အရပ်ဒေသအချို့တို့တွင် ရှေးဟောင်းပစ္စည်း အပိုင်းအစများနှင့် ရွာဟောင်း ဖုန်းဆိုးကုန်းများ တွေ့ရှိနေရသေးသည်။ ထိုဖုန်းဆိုးကုန်း ရွာပျက်ရွာဟောင်းအကြောင်းတို့ကို "ဆရာပလီး"က ရှင်းပြ၍ သိရသည်။

ဆရာပလီးသည် အမှတ်(၆)နယ်မြေ "ဒူးပလာယာခရိုင်" ဆေးတပ်ဖွဲ့ဆိုင်ရာ အကြီးအကဲတစ်ဦးဖြစ်သည်။ ဆရာပလီးသည် ရှေးဟောင်းသုတေသနဆိုင်ရာများနှင့် ဝါသနာကြီးသူဖြစ်သည်။ စာရေးသူသည် ကျန်းမာရေးအရ "ဝေါလေခီး" ဆေးတပ်စခန်းတွင် ဆရာပလီးနှင့် တစ်နှစ်နီးပါး နေခဲ့ရ၍ ဆရာပလီး၏ ရှေးဟောင်းပစ္စည်းများ လိုက်လံရှာဖွေ စုဆောင်းခြင်းကိုလည်း လေ့လာတွေ့ရှိရသည်။

စာရေးသူသည် အမှတ်(၆)နယ်မြေ ဒူးပလာယာ ခရိုင်ဒေသတစ်ဝိုက်တွင် ဆယ်နှစ်ကျော်ကြာ နေထိုင်ခဲ့သည်။ ထိုဒေသတစ်ဝိုက်တွင် တွေ့ရှိရသော ရှေးကရင်တို့၏ နေထိုင်ခဲ့သော နေရာအထောက်အထားများအရ "မောခီးရွာ" အောက်အနောက်ဘက်ရှိ မောခီးချောင်းဘေးနား ဂူတစ်ဂူအတွင်းတွင် ရာဝင်အိုးခြမ်းကွဲများနှင့် ဂူ၏ အဝမှာ ကြွေပန်းကန် အပိုင်းအစများ တွေ့ရသည်။ ထိုဒေသရှိ "အိုးကလိုးချောင်း" ဘေးနားမှာလည်း ကြွေပန်းကန်ပြားတစ်ထပ် တွေ့ရှိရသည်။ အထပ်လိုက် ဖြစ်နေသော်လည်း နှစ်ချပ်သာ ကောင်းသည်။ တစ်ခြားအချပ်များက အကွဲများသာ ဖြစ်သည်။

"ထီးကပလော်"နှင့် "ဘူးဘော"ရွာတွင် စာရေးသူ တစ်နှစ်နီးပါး နေထိုင်ခဲ့စဉ် ကာလအတွင်း တောလိုက်ရင်းနှင့် တွေ့ရှိရသော ရေတိုက်စားထားသည့် နေရာတစ်ခု အတွင်း အိန္ဒိယသုံး ငွေပြားစေ့များ၊ လူအသုံးအဆောင်ပစ္စည်းတချို့နှင့် လူအရိုး တို့ကိုလည်း တွေ့ရသည်။

တချို့သောနေရာဒေသများတို့သည် ရွာနှင့်ဝေးလံသည့် တောကြို တောင်ကြား ချောင်းဖျားများတွင်လည်း ရှေးလူတို့၏ ရွာပျက်များနှင့် ပိန္နဲပင်၊ သရက်ပင်အိုကြီးများလည်း တွေ့ရှိရသည်။ ရှေးကရင်လူမျိုးတို့သည် ကြမ်းတမ်းသော ပဒေသရာဇ်ခေတ်စနစ်ဆိုးတို့ကြောင့် တောတောင်အရပ်ဒေသ၌သာ ပုန်းအောင်းနေထိုင်ခဲ့ရသည့် အထောက်အထားများပင် ဖြစ်သည်။ ဤသို့ ကြာညောင်းလှသော ကရင်တို့၏ ဘဝသည် တောတောင်အရပ်ဒေသများတွင် မြုပ်နှံခဲ့လေရာ မူရင်းဒေသဖြစ်သော မြေပြန့်ဒေသနှင့် အလှမ်းဝေးခဲ့ကြရပြီး မြေပြန့်ဒေသဆိုင်ရာ အချက်အလက်များနှင့် အဆက်အသွယ်ပြတ်ခဲ့ကြရသည်။

ပဒေသရာဇ်မင်းတို့၏ တိုက်ခိုက်လွှမ်းမိုးမှုကြောင့် ကရင်လူမျိုးတို့ ပိုင်ဆိုင်ခဲ့သော နေရာဒေသများကို စွန့်လွှတ်ထွက်ပြေး တိမ်းရှောင်နေသည့်နောက်ပိုင်း ရှမ်းယွန်း တို့သည် သံလွင်မြစ်နှင့် အတ္တရံမြစ် အရှေ့ဘက်ခြမ်းတို့တွင် နှစ်ပေါင်းများစွာ အုပ်စိုး နေထိုင်လာခဲ့ကြသည်။ နောက်ပိုင်းတွင် ယိုးဒယား ရှမ်းယွန်းတို့သည် ဗမာမင်းတို့၏ အနိုင်ယူတိုက်ခိုက်ပြီးနောက် တချို့ဒေသတစ်ဝိုက်တွင် လူသူကင်းမဲ့စွာ ဟာလာဟင်းလင်းနှင့် မြို့ပျက်ရွာပျက်နှင့် စေတီပုထိုးဟောင်းများသာ ကျန်ရစ်လေတော့သည်။ ထိုဒေသရှိ မြို့ဟောင်းရွာဟောင်း သာသနိကဆိုင်ရာ အဆောက်အဦများတို့ကို ထပ်ဝင်ရောက်နေထိုင်ခဲ့ကြသော လူမျိုးစုတို့သည် ရှေးသာသနိကဆိုင်ရာ စေတီပုထိုးများနှင့် မြို့ဟောင်း ရွာဟောင်းများ၏ သမိုင်းကြောင်းကို အတိအကျ အဖြေ မပေးနိုင်တော့ပေ။

## ရှေးဟောင်းလက်စင်းရာအုတ်နှင့် သမိုင်းဆက်

ယနေ့ မျက်မှောက်ခေတ်ကာလတွင် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် တချို့ဒေသများတွင် ရှေးဟောင်း ဘုရားပုထိုးစေတီ လိုဏ်ဂူစသည့် သာသနိဆိုင်ရာ အဆောက်အဦများသည် မည်သည့်ခေတ်၊ မည်သည့်အချိန်၊ မည်သည့်လူမျိုးများက တည်ဆောက်ခဲ့သည်ကို အတိအကျ အဖြေ မပေးနိုင်ခဲ့သော်လည်း သမိုင်းခြေရာကောက်၍ ပြန်လည် စိစစ်ကြည့်လျှင် သိသာနိုင်လိမ့်မည်။

ရှေးခေတ်လက်ရာများဖြစ်သော အဆောက်အဦ၊ အုတ်တို့သည် လက်စင်း

ရာပါ အမှတ်အသားများ ထားရှိကြသည်ကို ထောက်ရှုခြင်းအားဖြင့် ရှေးမွန်ခမာများနှင့် ယိုးဒယားတို့၏ လက်ရာများဖြစ်ကြောင်း သမိုင်းဆရာတို့က ဆိုကြသည်။ လက်စင်းရာပါ အုတ်ချပ်ဓလေ့ကို ဘီစီ ၃ ရာစု လောက်တွင် စတင် အသုံးပြုခဲ့ကြောင်း ယူဆကြသည်။ ထို လက်စင်းရာပါ အုတ်ချပ်များ၏ မူလနေရာကို လေ့လာရာတွင် အိန္ဒိယနိုင်ငံ မောရိယခေတ်တွင် စတင်ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။ ဘီစီ (၂၆၉-၂၃၂) အသောကလက်ထက် အုတ်ဖြင့်တည်ဆောက်ခဲ့သော သာသနိကဆိုင်ရာ အဆောက်အဦများကို လက်စင်းရာပါ အုတ်များဖြင့် ယနေ့တိုင်တွေ့မြင်ရသည်။ လက်စင်းရာပါ အုတ်ချပ်ဓလေ့ကို မြန်မာနိုင်ငံ အရှေ့ဘက် အယုဒ္ဓယမြို့ရှိ ဒွါရာဝတီခေတ် မွန်ခမာနှင့် အနောက်ဘက်တွင် ရခိုင်နှင့် ပျူ တောင်ဘက် ထားဝယ် သာဂရမြို့ဟောင်းနှင့် မြောက်ဘက် တကောင်းမြို့ဟောင်းများအထိ လက်စင်းရာပါ အုတ်ချပ် ဓလေ့ကို ပြုလုပ်လေ့ ရှိကြသည်။ ရှေးဟောင်း လက်စင်းရာပါ အုတ်တို့သည် ၁၁ ရာစု နောက်ပိုင်းအထိ အသုံးပြုခဲ့ကြောင်း သုတေသီများက ဆိုလေသည်။

## ရှေးဟောင်းအမည်မှန် ဖော်ထုတ်ပြန်

ယနေ့ မျက်မှောက်ခေတ်ကာလတွင် မွန်ပြည်နယ် ကရင်ပြည်နယ် အတွင်း ကရင်တို့နေထိုင်ရာ ဒေသများတွင် ရှေးဟောင်းသာသနိကဆိုင်ရာ အဆောက်အဦများနှင့် မြို့ဟောင်း ရွာဟောင်း နေရာဌာန အသီးသီးတို့၏ မူရင်းအမည်တချို့သည် မွန်နှင့် ယိုးဒယား ရှမ်းယွန်းတို့၏ ဘာသာစကားဝေါဟာရများနှင့် တစ်ခုခုသော အရာဝတ္ထုကို အစွဲပြုပြီး ခေါ်ဝေါ်လေ့ရှိကြသည်။

ယိုးဒယားတို့ အုပ်စိုးစဉ်ကာလမှ ယခုချိန်အထိ ထင်ကျန်နေသော နေရာဒေသ အမည်များကို ယနေ့တိုင် ဒေသခံများက စဉ်လာမပျက် ဆက်လက်သုံးစွဲ ခေါ်ဝေါ်နေကြသည်။ ယိုးဒယားဘာသာ မွန်ဘာသာ အခေါ်အဝေါ် အမည်များနှင့် တိမ်မြုပ်နေသော အဓိပ္ပာယ်အရင်းအမြစ်တို့ကို လက်လှမ်းမီသမျှ ရှာဖွေဖော်ထုတ်ခဲ့ရသည်။ ထို အတိတ်ကာလကတည်းက တိမ်မြုပ်ခဲ့သော သမိုင်းကြောင်းအများစုတို့သည် အဘိုး အဘွားတို့ မမွေးမီကပင် ဖြစ်ပေါ်လာခဲ့ကြသည်။ ဘိုးဘွားတို့သည်လည်း တစ်ဆင့်စကား တစ်ဆင့်နားဖြင့် အဆင့်ဆင့်ကြားခဲ့ရသည်။ ကြားခဲ့ရသည့် အတိုင်း ပြန်လည်ပြောပြခဲ့ကြသည်။ ကာလ ရှည်လျားလာသည်နှင့်အမျှ မှုန်ဝါးဝါးဖြစ် လာခဲ့ပြီး ဒဏ္ဍာရီ ပုံပြင်သဖွယ် ပြောင်းလဲလာခဲ့သည်။

ထို ပြောင်းလဲလာခဲ့သော အရာတစ်ခုဖြစ်ပျက်မှုကို လေ့လာသုံးသပ်၍ ဤသို့ ရေးသားဖော်ပြထားလေသည်။

# ဖာသိမ်ဘုရင်၏ ဒဏ္ဍာရီ

"ဖာသိမ်"ရွာ၏ အရှေ့တောင်ဘက် နှစ်မိုင်ခန့်အကွာအဝေး တစ်နေရာတွင် တည်ရှိသော "ဒေါင်ဒင်"အင်းကြီးသည် ရှေးအခါက မြေပြိုသွားသော ဘုရင်နန်းတော်ရာဟောင်း ဖြစ်သည်ဟု ဒေသခံအစဉ်အဆက်က ပြောဆိုလာခဲ့ ကြသည်။

ဒေါင်ဒင်အင်းနှင့်ပတ်သက်သော သမိုင်းကြောင်းကို စာရေးဆရာတချို့က ဖော်ထုတ်ရေးသားထားသော ဖာသိမ်ဘုရင်၏ ဒဏ္ဍာရီအကြောင်းကို တွေ့ရှိရသည်။ ဗမာ အခေါ်အားဖြင့် ဒေါင်ဒင်အင်းသာ လူသိများပြီး ကရင်လူမျိုးတို့ အခေါ်အဝေါ် အားဖြင့် "နွတ်ဒိုင်(နံ့ဒွှာင်)"ဟု ခေါ် ဆိုလာခဲ့ကြသည်။ နွတ်ဒိုင် ဝေါဟာရစကားသည် မွန်ဘာသာ စကားမှ ဆင်းသက်လာခြင်းဖြစ်သည်။ မွန်ဘာသာစကားဖြင့် "နွန်းဒိုက် (နန်ဍာ်)"ဟု ခေါ် ဆိုခဲ့ကြသည်။ နွန်းဒိုက်ကို ဗမာဘာသာဖြင့် အဓိပ္ပာယ် ကောက်ယူရာတွင် နွန်း-နန်းတော်၊ ဒိုက်-ရေ၊ နွန်းဒိုက်-ရေနန်းတော် သို့မဟုတ် ရေလည်နန်း ဟု အဓိပ္ပာယ် ဖော်ဆောင်နေသည်ကို တွေ့ရှိရသည်။

သမိုင်း၏နောက်ခံအကြောင်းတွင် တစ်ချိန်က မိစ္ဆာအယူရှိသော ဘုရင် တစ်ပါးသည် ဖာသိမ်နယ်မြေတစ်ဝိုက်တွင် စိုးစံလေသည်။ ထိုဘုရင်သည် မိစ္ဆာအယူ ဝါဒကို ခံယူပြီး ယဇ်ပူဇော်သော အမှုကိုသာ ပြုလုပ်လျက်ရှိသည်။ တစ်ချိန်က ထိုနေရာ ဒေသတစ်ဝိုက်တွင် ဗုဒ္ဓဘာသာ အယူဝါဒထွန်းကား ပျံ့နှံ့ခြင်း မရှိသေးသည့် ကာလ၌ ဖြစ်သည်။ တစ်နေ့တွင် ရဟန်းတော်တစ်ပါးသည် မိစ္ဆာအယူရှိသော ရှင်ဘုရင်၏ နန်းတော်တွင် လှည့်လည်၍ဆွမ်းခံကြွလာရာ ဘုရင်နှင့်တကွ မှူးကြီးမတ်ရာအားလုံးတို့ သည် ထိုရဟန်းတော်ကို ယုံကြည်တော်မူခြင်းမရှိဘဲ အထင်အမြင်လွဲမှားကာ မိမိ နေပြည်တော်အတွင်းရှိ လူသူအပေါင်းအားလုံးတို့ကို ထိုရဟန်းတော်၏ သပိတ်အတွင်း ၌ တံတွေးအညစ်အကြေးများ ထွေးချရမည်ဟု အမိန့်ထုတ်လေရာ လူသူအပေါင်းတို့ သည်လည်း မိမိတို့ဘုရင်ကြီး အမိန့်ရှိသည့်အတိုင်း ပြုလုပ်လေသည်။ ထိုရဟန်းတော် အပေါ်၌ ဆင်ခြင်တုံတရားကင်းမဲ့၍ ပြုလုပ်ပြစ်မှားခဲ့သည့် မကောင်းမှု အကုသိုလ်ကံ အကျိုးကြောင့် နန်းတော်ရာ ကုန်းတစ်ဝိုက်လုံးနှင့် လူသူအပေါင်းတို့ကိုပါ မြေမျိုခံရ သည်ဟု ဒေသခံ ရှေးဘိုးဘွားများ အဆက်ဆက်က ပြောဆိုလာခဲ့ကြသည်။

ရှေးလူတို့၏ သမိုင်းကြောင်းကို မလေ့လာခဲ့မိသော လူငယ်အချို့တို့သည် ဤ သမိုင်းကြောင်းကို အယုံကြည် မရှိကြသလို ယုတ္တိကင်းမဲ့သော ရှေးလူတို့၏ တင်စား ပြောဆိုခဲ့ကြသော ပါးစပ်ရာဇဝင်များသာ ယူဆကြသည်။ ခေတ်အမြင်အားဖြင့် ကြည့်လျှင် တစ်ချိန်က ထိုနေရာဒေသ မြေပြိုကျခြင်းသည် ငလျှင်ဒဏ်တစ်ခုကြောင့် ပြို ကျသွားသည်ဟု အထင်ရှိခဲ့ကြလိမ့်မည်။ ထိုနေရာမြေအနေအထားသည် လယ်ကွင်း

ပြင်အလယ်၌ တည်ရှိနေသော ကျောက်တောင်ကုန်းကမူပေါ်တွင် နန်းတော် တည်ဆောက်ခဲ့သည်ဟု ယူဆရသည်။

ရှေးအခါက ထိုနေရာဒေသများတွင် ရေအမြဲတမ်းတည်ရှိနေသော ရေပတ်လည် ကျွန်းငယ်တစ်ခု ဖြစ်ဟန်တူသည်။

ရှေးလူသားတို့၏ သမိုင်းနောက်ခံ အဆက်ဆက်ကို လေ့လာကြည့်သော် ရှေးလူတို့သည် ဘဝလုံခြုံရေးအတွက် တည်ဆောက်နေထိုင်ခဲ့ကြသော မြို့ရွာနေရာများသည် အထူးအားဖြင့် ရေပတ်လည် ကုန်းများကိုသာ နှစ်သက်လေ့ရှိကြသည်ကို သမိုင်း၌ ရေးသား ဖော်ပြထားကြသည်။ ဖာသိမ်နယ်တစ်ဝိုက်ရှိ ရေပတ်လည် ကုန်းများပေါ်၌ တစ်ချိန်က ရှေးလူများ ရွာတည်ထားသည့် နေရာဟောင်း များများစားစား တွေ့ရသည်။ ထိုကုန်းများပေါ်တွင် ပြိုပျက်နေသော ရှေးဟောင်း သာသနိကဆိုင်ရာ စေတီပုထိုးပျက်များနှင့် အုတ်ကျိုး အုတ်ပုံ အိုးခွက်ပန်းကန် အပိုင်းအစများကိုလည်း မြောက်မြားစွာ တွေ့ရှိရသည်။

## ဖာသိမ်နယ်နှင့် သမိုင်းနောက်ခံ

ထိုမြေမျိုသွားသော နန်းတော်ရာသည် အတ္တရံမြစ်အရှေ့ဘက်ကမ်းနှင့် မနီးမဝေးသော အရပ်တွင်တည်ရှိပြီး အတ္တရံမြစ် အနောက်တောင်ဘက်ကမ်းနဖူး၌ ရှေးဟောင်း ကလျာဏီသိမ်တော်နှင့် အတ္တရံမြို့ဟောင်းတည်ရှိနေသော သမိုင်းနောက်ခံ အချက်အလက်များကို ပြန်လည်စိစစ်ကြည့်ရာတွင် အေဒီ ၁၂၈၁ ခုနှစ်ကာလ၌ မြန်မာနိုင်ငံ အရှေ့ဘက်တလွှားတွင် ရှမ်းယွန်းတို့ လွှမ်းမိုးကြီးစိုးခဲ့သည်။ မုတ္တမ အရှေ့ဘက် နယ်မြေဒေသများကို ရှမ်းယွန်းတို့ ထိုးဖောက်ဝင်ရောက်လာပြီး မြို့ပြ ဒေသများ တည်ထောင်လာခဲ့ကြသည်။ ထိုအချိန်တွင် မွန်ကရင်နှင့် ရှမ်းယွန်းတို့သည် နယ်မြေလု ပြဿနာများ အပြန်အလှန် တိုက်ခိုက်ခဲ့ကြသည်။

အေဒီ ၁၃၇၀ ခုနှစ် တွင် "မဏ္ဍလအင်ပါယာ"ကို မွန်ဧကရာဇ်မင်းများ တည်ထောင် လာခဲ့ကြသည်။ ယင်းမဏ္ဍလတိုင်းရှိ မုတ္တမ (၃၃) မြို့တွင် အတ္တရံမြို့နှင့် ဝင်းယော်မြို့သည် မွန်တို့၏ နယ်ခြားစောင့်မြို့များ ဖြစ်ကြသည်။ အတ္တရံမြို့သည် အတ္တရံမြစ် အနောက်ဘက်ခြမ်းတွင် နယ်ခြားစောင့်မြို့ဖြစ်ပြီး အတ္တရံမြစ် အရှေ့ဘက် တစ်ဝိုက်သည် ရှမ်းယွန်းနယ်စားမင်းများ လွှမ်းမိုးချုပ်ကိုင်ထားသော နယ်မြေဒေသ ဖြစ်သည်။ ထိုဒေသအတွင်း ဗုဒ္ဓဝါဒ မထွန်းကားမီကာလ၌ သူတို့၏ ကိုးကွယ် ယုံကြည်မှုမှာ မဟာသေလာကျောက်တုံးကြီးကို ယဇ်နတ်အဖြစ် ပူဇော်ပသမှုကို အားကိုး အားထား ပြုကြသူများဖြစ်သည်။ အထက်တွင် ဖော်ပြခဲ့သော ဖာသိမ်ဘုရင်၏

အကြောင်း၌ မြေမြှုပ်သွားသော နန်းတော်ရာအတွင်းတွင် ထူးဆန်းသော ကျောက်တုံးကြီးတစ်တုံး တွေ့ရသည်ကို သက်သေခံ၍ ရှေးက ရှမ်းယွန်းတို့သည် မဟာသေလာ ကျောက်တုံးကို ယဇ်နတ်အဖြစ် ပူဇော်ပသသည်ဟု ထင်မြင်ယူဆနိုင်သည်။

ထိုကိုးကွယ်မှုကို ရှေးက အရှေ့တောင်အာရှတွင် လွှမ်းစွာပျံ့နှံ့ခဲ့သော ယုံကြည်မှုတစ်ခု ဖြစ်ခဲ့သည်။ ထိုမကောင်းသော မိစ္ဆာအယူဝါဒ အရိုန်အဝါနှင့် သူတော်ကောင်း သူတော်မြတ်တို့ကို ပြစ်မှားမိသော အကုသိုလ်ကံ အကျိုးတို့ကြောင့် မြို့ရွာတို့ မြေမြှုပ်ခံခြင်း အကြောင်းကို ရှေးသမိုင်း၌ များများစားစား ရေးသား ဖော်ပြထားကြသည်။ ဗုဒ္ဓဘာသာ ထွန်းကားလာပြီးနောက် ရှေးမွန်အများစုတို့က ဗုဒ္ဓဝါဒကို အဦးဆုံး လက်ခံယုံကြည်ကြသူများ ဖြစ်သည်။ မဏ္ဍလတိုင်းတွင် ဗုဒ္ဓဘာသာ ထွန်းကားလာရာ အရပ်နှင့် အရိယာ သံဃာတော်များ သီတင်းသုံးနေထိုင်ရာ ဒေသများလည်း ဖြစ်သည်။ မဏ္ဍလတိုင်းရှိ သံဃာတော်များတို့သည် သာသနာတော် ပြန့်ပွားရေးအတွက် သိမ်များကို ဒေသအလိုက် သမုတ်ထားခဲ့ကြသည်။ ရှေး သိမ်သမိုင်းကြောင်းတို့တွင် ကလျာဏီသိမ်သမိုင်းသည် အထင်ရှားဆုံးဖြစ်သည်။

ကလျာဏီသိမ်သမိုင်းသည် ဟံသာဝတီ မွန်ဘုရင် ဓမ္မစေတီမင်း လက်ထက်တွင် သာသနာသက္ကရာဇ် (၂၀၂၀) ခုနှစ် အေဒီ (၁၄၇၆) ခုနှစ်အတွင်း ရဟန်းတော်မထေရ် နှစ်ကျိပ်နှစ်ပါးကို သီဟိုဠ်(သီရိလင်္ကာ)သို့ ပင့်လွှတ်တော်မူ၍ ရဟန်းသိက္ခာသစ် တင်စေခဲ့သည်။ သီဟိုဠ်တွင် ရေဖောင်ဖြင့်ပြုလုပ်ထားသော ရေသိမ်တော်တွင် ရဟန်းသိက္ခာသစ် တင်ယူစေခဲ့သည်။ ထိုရဟန်းတော်များ ပြန်ကြွလာသောအခါ သိက္ခာတင်တော်မူသော ကလျာဏီမြစ်အတွင်းရှိ ရေသိမ်ကို အစွဲပြု၍ ကလျာဏီသိမ်အမည် ဖြစ်ပေါ်လာခဲ့သည်။ ဟံသာဝတီ(ပဲခူး)၌ ကလျာဏီ သိမ်တော်ကို ဓမ္မစေတီမင်း အထောက်အပံ့ဖြင့် ရှေးဦးစွာ သမုတ်တော်မူခဲ့သည်။ ထိုသိမ်တွင် ရဟန်းခံတော်မူသော မထေရ်တို့အား ဆင့်ပွား ကလျာဏီသိမ်တော်များကို နိုင်ငံတော်အတွင်း ထပ်မံ၍ သမုတ်စေခဲ့ပြန်သည်။ ထိုသို့ ထပ်မံ သမုတ်တော်မူသော ကလျာဏီ ဆင့်ပွားသိမ်စာရင်း၌ မုတ္တမ ၃၂ မြို့တွင် ပါဝင်သော အတ္ထရံမြို့ ကလျာဏီ သိမ်သည်လည်း ပါဝင်လေသည်။

# ဖာသိမ်ရွာ၏ မူရင်းအမည်

လူတိုင်းလူတိုင်းသည် ကိုယ့်ရပ် ကိုယ့်ရွာ ကိုယ့်ဒေသများအပေါ် အစွဲအလမ်း ရှိကြသည်။ ထိုရပ်ရွာဒေသ၏ သမိုင်းအစဉ်အလာများ အရင်းအမြစ် အဓိပ္ပာယ် ဖော်ထုတ် ပြောဆိုမှုများလည်း ရှိကြသည်။ ဤသို့ သုံးစွဲခေါ် ဝေါ် ပြောဆိုခဲ့ရာတွင် မူရင်းအဓိပ္ပာယ်များ မှားပြီး ရွာ၏ဂုဏ်သရေလည်း တင့်တယ်နိုင်လိမ့်မည် မဟုတ်ပေ။ အထူးသဖြင့် လူငယ်လူရွယ်များသည် မိမိတို့မွေးဖွားလာရာ ကြီးပြင်းလာရာ နေထိုင်လာရာ မြို့ရွာဒေသအပေါ် ဂုဏ်ယူ စေလိုကြသည်။ မိမိတို့၏ မြို့ရွာဒေသအမည်၏ နောက်ကွယ်မှ အဖြစ်မှန် အချက်အလက်မှန်များ လိုအပ်ကြသည်။ ထိုအဖြစ်မှန် အချက်အလက်မှန်ကို ရှာဖွေဖော်ထုတ်ရာတွင် ရှေးအခါက မည်သည့်အရာကို အစွဲပြု၍ ရပ်ရွာတည်ခဲ့သည်ကို အရင်းစစ်ပြီး ဖော်ထုတ်ခဲ့ကြရသည်။ ဖာသိမ်ရွာ၏ သမိုင်းကြောင်းသည် ရှည်လျားကြာမြင့်စွာ တည်ရှိနေလေပြီး ရှေးဟောင်းနှောင်းဖြစ်ရပ်ကို အောက်မေ့ဖွယ်ရာ ကောင်းလှသည့် ရွာကြီးလည်း ဖြစ်သည်။ ဖာသိမ်ရွာသည် ရှမ်းယွန်းများ ဝင်ရောက် မအုပ်စိုးမီကာလ၌ ကရင်လူမျိုးတို့ အစအဦး နေထိုင်သွားခဲ့သော အရပ်ဒေသဖြစ်သည်။

ဖာသိမ်ရွာသည် ကြာအင်းဆိပ်ကြီးနှင့် ပိုနီးပြီး ယခုဖောက်လုပ်ထားသော ကြာအင်းဆိပ်ကြီးနှင့် ဘားအံသွား ကားလမ်းဘေးနားတွင် တည်ရှိသည်။ ရွာ၏ အနောက်ဘက်တွင် လယ်ကွင်းများရှိ၏ လယ်ကွင်းထဲတွင် ထန်းပင်ကုန်းများနှင့် ဖာသိမ် ကျောက်တောင်ကြီး တည်ရှိခြင်းဖြင့် စိမ်းလန်းသာယာ စိုပြေလျက်ရှိသည်။ ထိုကျောက်တောင်ကြီးသည် သဘာဝပေါက်သော သစ်ပင်ကြီးများ ချုံနွယ်ပင်များ ထူထပ်လျက်ရှိ၏။ ထိုတောင်၏ ထူးခြားချက် တစ်ရပ်ရှိရာတွင် ရှေးလူ အသုံးအဆောင် ပစ္စည်းများ မကြာခဏ တွေ့ရှိရခြင်းပင် ဖြစ်သည်။ ရှေးလူတို့သည် ခေတ်ပျက်သော ကာလတစ်လျှောက် ထိုတောင်ကုန်းပေါ်၌ တက်ရောက်ပုန်းအောင်း မှီခိုကြပြီး ပစ္စည်းများ ချန်ထားခဲ့သည်ဟု ထင်မြင်ယူဆကြသည်။ ဒုတိယကမ္ဘာစစ်အတွင်း ထိုဒေသရှိ နယ်သားတို့သည်လည်း ဖာသိမ်တောင်ကို အမှီပြု၍ ပုန်းခိုကြရသည်ဟု ဘိုးဘွားတို့က ပြောပြကြလေသည်။

ဖာသိမ်ရွာ၏ အနောက်ဘက် လယ်ကွင်းစပ်အနီးတွင် ရှေးသဘာဝ ရေကန်ကြီး တစ်ကန်ရှိ၏။ ထိုရေကန်ကြီးသည် နယ်မြေခံကရင်လူမျိုးတို့က "ကမော့မော် ဖလဲဝေါ်" ဟု ရှေးအဆက်ဆက်က ခေါ် ဆိုလာခဲ့ကြသည်။ ထိုရေကန်ကြီးအမည်ကို အကြောင်းခံပြီး ရှေးကရင်လူမျိုးတို့ ပြောဆိုလာခဲ့ကြသော "နောမော်ဖလဲဝေါ်" ပုံပြင်နှင့် ဆက်စပ်ဟန် ရှိနေသည်ဟု ရှေးရွာခံတို့က ယူဆကြသည်။ ဖာသိမ်ရွာနှင့် ပတ်

ဝန်းကျင်များတွင် ရှေးလူတို့ စိုက်ပျိုးထားသော သက်တမ်းရှည် သရက်ပင်နှင့် ပိန္နဲပင် အိုကြီးတို့ကို ထောက်ရှု၍ တစ်ချိန်က ရှေးလူတို့ နေထိုင်ခဲ့ဖူးကြောင်း သိရသည်။

ထိုဒေသတစ်ဝိုက်တွင် ကျောက်ခေတ်သုံးပစ္စည်းတို့ကိုလည်း များများ စားစား တွေ့ရှိရခြင်းနှင့် ရေပတ်လည်ကုန်းများ မဟုတ်သော နေရာတွေကို နေထိုင်သွားခဲ့သော ကျောက်ခေတ်နှောင်း နောက်ပိုင်းကရင်များသာ ဖြစ်သည်ဟု ယူဆကြသည်။ ထိုခေတ် နောက်ပိုင်းကာလ၌ ရှမ်းယွန်းတို့ အုပ်စိုးလာ၍ တည်ဆောက်ထားခဲ့ကြသော သာသနိကဆိုင်ရာ စေတီပုထိုးနှင့် သိမ်ကျောင်းတို့ကို အစွဲပြု၍ ရပ်ရွာဒေသ အမည်များ ဖြစ်ပေါ်လာခဲ့သည်။

ဖာသိမ်ရွာ၏ မူရင်းနာမည်က မွန်ဘာသာ အရေးအသားဖြင့် "ဘာသီ" ဖြစ်သည်။ အဓိပ္ပာယ်မှာ "ဘာ"က ကျောင်း၊ "သီ"က သိမ်ဖြစ်သည်။ အပြည့်အစုံဆိုပြပါက ကျောင်းသိမ် ဖြစ်သည်။ ကရင်ဘာသာအားဖြင့် ရေးသားရာတွင် "ဖျားသိမ့် (ဘာ့သိင့်)" မှတစ်ဆင့် ရွှေ့လျောလာရာ ဗမာအခေါ် အဝေါ် "ဖာသိမ်(ဖာသိင့်)"နှင့် အသံတူ သွားလေသည်။ "ဖျားသိမ့်(ဘာ့သိင့်)" ၏ ဝေါဟာရမှာ မွန်ဝေါဟာရစကားမှ ဆင်းသက်လာ၍ အဓိပ္ပာယ်တူညီသဖြင့် "(ဘာ့သိင့်)"ဝေါဟာရသည် သိမ်ကျောင်းရွာဟု အဓိပ္ပာယ်ရရှိသည်။

ယနေ့မျက်မှောက်ခေတ်တွင် ထူးခြားစွာ ကျန်ရှိသည့် သိမ်ကျောင်းနေရာဟောင်းသည် သက်သေသာဓကအဖြစ် တည်ရှိနေခြင်းပင် ဖြစ်သည်။ ထိုသိမ်ကျောင်းနေရာဟောင်းသည် ဖာသိမ် ရွာမကြီး အရှေ့ဘက်ကုန်းတစ်ခုတွင် တည်ရှိနေသည်ကို သိရသည်။ ရှေးသိမ်ကျောင်း၏ နေရာတစ်ဝိုက်တွင် နောက်ထပ်ဝင်ရောက် နေထိုင်သော လူသူတွေက ကျောင်းနေရာ အသစ်တစ်ဖန် တည်ဆောက်ခဲ့ရာတွင် တူးဖို မြေညှိ ကြ၍ ပေါ်ထွက်လာသော လက်စင်းရာပါ အုတ်ချပ်များနှင့် ဂဝံကျောက်သားဖြင့် ပြုလုပ်ထားသော အုတ်နှင့်တကွ ရှေးရဟန်းတော်များ အသုံးပြုခဲ့သည့် သပိတ်ခြမ်း၊ ပုတီးစေ့၊ ခါးပန်းသီး၊ ဆီမီးခွက်နှင့် လက်စင်းရာပါ အုတ်ချပ်များ ဂဝံကျောက်သားဖြင့် ပြုလုပ်သော စေတီအုတ်နှင့်တကွ အနောက်ဘက်ကုန်းအဆင်းလှေကား အုတ်ချပ်များစွာ ပေါ်ထွက်လာခြင်းကို သိမ်ကျောင်းနေရာ အဖြစ်မှန်ကို သိရှိရသည်။

# နောက်ထပ်လူသစ်များနှင့် ဖာသိမ်မြေ

ရှေးအတိတ်ကာလက ကရင်လူမျိုးတို့သည် အကြောက်တရားနှင့်သာ ရင်ဆိုင်နေခဲ့ရသော အဖြစ်ကံကြမ္မာဆိုး များစွာရှိခဲ့သည်။ အထက်တွင်ဖော်ပြခဲ့သည့် အတိုင်း တစ်ချိန်က ယိုးဒယားမင်းတို့၏ အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်မှုနှင့် ယိုးဒယား သို့မဟုတ် ဗမာမင်းတို့၏ ထိုးစစ်ဆင်မှုတို့ကြောင့် မြေပြန့်ဒေသကို ရှောင်ကွင်းခဲ့ကြရသည်။

မြန်မာသက္ကရာဇ် ၁၁၈၈ ခုနှစ် ဘကြီးတော်မင်းတရား လက်ထက် အေဒီ ၁၈၂၆ ခုနှစ် တွင် အင်္ဂလိပ်တို့ အောက်မြန်မာနိုင်ငံ တနင်္သာရီနယ်ကို သိမ်းပိုက်ပြီး နောက် မြေပြန့်ဆိုင်ရာ အနှံ့အပြားတွင် ကရင်လူမျိုးစုများ အခြေချ နေထိုင်လာခဲ့ကြပြန်သည်။ ဖာသိမ်ရွာ မစတင်မီ ရှေ့ပိုင်းကာလ၌ "မိခွမ်"ချောင်းရိုး ပတ်ဝန်းကျင်နယ် တစ်ဝိုက်နှင့် မိကသစ်ချောင်းဆုံဒေသတို့တွင် ကရင်လူမျိုးများ အခြေချ နေထိုင် လာခဲ့ကြသည်။ ထိုမှတစ်ဖန် စိုက်ပျိုးလယ်ယာမြေ အခြေအနေအရ မိခွမ်ချောင်း တစ်ဝိုက်ကို စွန့်ခွာပြီး စိုက်ပျိုးလယ်ယာမြေ ကောင်းသည့် အတ္တရံမြစ်ဝှမ်း အရှေ့ ဘက်ခြမ်း ဖာသိမ်နယ်ထဲသို့ ဆင်းသက် နေထိုင်လာခဲ့ကြသည်။ ကရင်လူမျိုးများ ဝင်ရောက်နေထိုင်လာခဲ့ကြသည့် ဖာသိမ်ရွာ၏ သက်တမ်းကာလသည် အေဒီ ၁၈၄၅ ခုနှစ် ဝန်းကျင်လောက်သာ ရှိလိမ့်ဦးမည်ဟု ခန့်မှန်း၍ သိရှိနိုင်သည်။

မျက်မှောက်ကာလတွင် ထင်ကျန်ရစ်ခဲ့သော သရက်ပင်၊ ပိန္နဲပင် ထိုအပင် အိုကြီးများတို့သည် ရှေးဘိုးဘေးတို့က စိုက်ပျိုးထားခဲ့သော အပင်များဟု နောက် ဘိုးဘွားတို့က ဆိုကြသည်။ ထိုရှေးဟောင်း အပင်အိုကြီးများနှင့် လက်စင်းရာပါ အုတ်ချပ်များကို ထောက်ရှု၍ ဖာသိမ်ရွာ၏ အတိတ်သမိုင်းကြောင်းသည် ရှည်လျားကြာမြင့်ခဲ့လေပြီ။ ဤနေရာဌာန၌ တစ်ချိန်က မြို့ရွာများ တည်ရှိခဲ့ဖူးသည် ဟူသော အမှတ်သညာသည် လူတို့တွင် မေ့ပျောက်ကွယ်သွားခဲ့သည်။

လူ့သမိုင်း၏ သဘောသဘာဝသည် ဆန်းကျယ်လှသည်။ ရှေးလူတို့၏ မြို့ဟောင်း ရွာဟောင်းများ ဖြစ်ပေါ်ခြင်း၊ ပျက်စီးခြင်း၊ မြို့ဟောင်း ရွာဟောင်း၏ နေရာ၌ တစ်ဖန် လူသစ်များ ဝင်ရောက်လာပြီးလျှင် မြို့သစ် ရွာသစ် တည်ထောင်လေ့ရှိကြသည်။ ဤသို့ ဖြစ်ခြင်း ပျက်ခြင်း သဘာဝတရားတို့သည် နှစ်ပေါင်း ခေတ်ပေါင်း မည်ရွေ့ မည်မျှ ရှည်လျားလိမ့်ဦးမည်ကို နောင်လာမည့် လူတို့ အဆင့်ဆင့်သမိုင်းက ထင်ကျန်ရစ်လေသည်။



ဖာသိမ်တောင်

ဒေါင်ဒင်အင်း





ဒေါင်ဒင်အင်း ကျောက်ဆောင်

နော်မုဒိုင်



# နော်မုအိုင်နှင့် သူရောင့်အကြောင်း

ရှေးကရင်လူမျိုးတို့ ပြောစမှတ်ပြုခဲ့ကြသော "နော်မုအိုင်" အကြောင်း ဇာတ်လမ်းတစ်ပုဒ် ရှိခဲ့ဖူးသည်။ ထိုဇာတ်ကြောင်း၏ အထောက်အထားတစ်ရပ် ကျန်ရှိနေသည်က "နော်မုအိုင်ဖန်" ဖြစ်လေသည်။ နော်မုအိုင်ဖန်ဆိုသည့် အဓိပ္ပာယ်မှာ နော်မုအိုင်ကို မြွေကြီးတွင်းထဲမှ ပြန်လည်ဖော်ယူရန် တူးထားသော တွင်းကြီးကို ဆိုလိုသည်။ နော်မုအိုင်ဖန် တည်ရှိရာ အရပ်မှာ အတ္တရံမြစ်အရှေ့ဘက်ခြမ်း ဘားအံနှင့် ကြာအင်းဆိပ်ကြီးသွားသော ကားလမ်းဘေးရှိ "ကျုံကွယ်"ရွာအနီးတွင် ဖြစ်သည်။

ရှေးအခါက ထိုနေရာဒေသတစ်ဝိုက်သည် ယွန်းရှမ်းတို့ ထိုးဖောက်ဝင်ရောက်လာသော ဘေးရန်ကို ကရင်လူမျိုးနှင့် မွန်လူမျိုးတို့က ပူးပေါင်းကာကွယ်ရသည့် ကာလအခြေမျိုးဖြစ်သည်။ ထိုခေတ်ကာလက ထိုဒေသတို့သည် မဏ္ဍလတိုင်း (၉၉) မြို့ ဖြစ်သော မုတ္တမမြို့(၃၃) မြို့၏ နယ်နိမိတ်ထဲတွင် ပါဝင်လေသည်။ မုတ္တမမြို့ အရံ (၃၂) မြို့တွင် ပါဝင်သော အတ္တရံမြို့နှင့် မဝေးလှသည့်နေရာတွင် နော်မုအိုင်ဖန် တည်ရှိလေသည်။

ဤအခြင်းအရာကို ထောက်ရှု၍ ထိုခေတ်အခါက ဖြစ်ပေါ်ခဲ့သည့် ဇာတ်လမ်း တစ်ပုဒ်ဟု ထင်မြင်ယူဆရသည်။ နော်မုအိုင်သည် ကရင်အမျိုးသမီးတစ်ဦးဖြစ်ပြီး "သူရောင့်" သည် "သူရ" အမည်တွင်ခြင်း ဖြစ်၏။ "သူရ"အမည်ကို ကရင်တို့ အခေါ်အဝေါ်အားဖြင့် "သူရောင့်" (သို့မဟုတ်) "သူလောင့်" အမည်ဖြင့် ထင်ပေါ်ကျော်ကြားလာခဲ့သည်။ သူရောင့်သည် ထိုဒေသတစ်ဝိုက်ကို အချုပ်အခြာ အကြီးအကဲတစ်ဦး ဖြစ်၍ သြဇာရှိ သူတစ်ဦး ဖြစ်သည်။ သူရောင့်မှာ ချစ်ဇနီး နော်မုအိုင်အပေါ် မေတ္တာကြီးမားရှာလေသည်။ ဇနီးမောင်နှံနှစ်ဦး အိမ်ထောင်ကျသည်မှစ၍ အစဉ်အမြဲ အတူလက်တွဲနေထိုင်ရန် အချိန်မပေးနိုင်ခဲ့ချေ။ မင်းမှုထမ်းသူတစ်ဦးဖြစ်၍ တာဝန်အရ ဝေးကွာခဲ့ကြရလေသည်။ ဝေးကွာသည့်ကာလတွင် သူတို့ ဇနီးမောင်နှံ နှစ်ဦးအကြား သတင်းအဆက်အသွယ်ပြုကြရန် ချိုးငှက်ကလေးကို စေတမန်အဖြစ် ခိုင်းစေခဲ့သည်။

ရှေးက လူတို့သည့် စစ်တိုက်ရာ၌ အချက်ပေးကြရာတွင် ၎င်း ချိုးငှက်၊ သိမ်းငှက်၊ ခိုငှက်တို့ကို အသုံးပြုလေ့ရှိကြသည်။ တစ်နေ့သ၌ သူရောင့်သည် စစ်နယ်မြေစခန်း တစ်နေရာသို့ တာဝန်အရ ထွက်ခွာသွားရလေသည်။ မထွက်ခွာမီ ထုံးစံအတိုင်း နော်မုအိုင်အား အရေးအကြောင်း တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ချိုးငှက်အား စေတမန်အဖြစ် အမြန်ဆုံး အခေါ် လွှတ်ရန် မှာကြားခဲ့လေ၏။ သူရောင့်စစ်မြေပြင်သို့

သွားပြီးနောက်တွင် နော်မုအိုင်တစ်ယောက် လွမ်းရစ် ကျန်ခဲ့ရရှာသည်။ တစ်ယောက်တည်း ကျန်ရှိနေသော နော်မုအိုင်သည် စိတ်ပြေလက်ပျောက်ရှိစေရန် ရက်ကန်းကိုသာ အဖော်ပြု၍ ရက်ကန်းရက်လေ့ရှိသည်။

ညတစ်ညတွင် ထိန်ပြောင်နေသော လရောင်အောက် အိမ်ရှေ့ကပြင်ပေါ်တွင် နော်မုအိုင် ရက်ကန်းရက်နေစဉ် အလွန်ကြီးမားသော စပါးကြီးမြွေတစ်ကောင်သည် နော်မုအိုင်ကို ရစ်ပတ်ကာ မိမိနေရာ တွင်းကြီးသို့ ယူဆောင်သွားလေသည်။ နော်မုအိုင်သည် အော်ဟစ်ရုန်းကန်ကာ မိဘ မောင်နှမများအား အကူအညီ တောင်းခံလေသည်။ သို့သော် အချိန်နောက်ကျသွား၍ မြွေကြီးနောက်ကို မမီလိုက်တော့ပေ။ နော်မုအိုင်ကို မြွေကြီးဆွဲခေါ်ရာ တွင်းကြီးထဲသို့ အသံသဲ့သဲ့ကြားရရုံမျှသာ ရှိတော့သည်။

ထိုအခါ မောင်နှမ အသိုင်းအဝိုင်းများက နော်မုအိုင် ဒုက္ခရောက်နေသည့် အကျိုးအကြောင်းကို သူရောင့် သိစေရန် ချိုးငှက်ကလေးကို လွှတ်၍ သတင်းပို့လေသည်။ သူရောင့်သည် မိမိ၏ဇနီး ဒုက္ခရောက်နေရသည်ကို သိလျှင်သိချင်း အချိန်မဆိုင်းဘဲ ချက်ချင်း ပြန်လာခဲ့လေသည်။ နေရပ်အိမ်သို့ ပြန်လည်ရောက်ရှိလာသောအခါ ဇနီးဖြစ်သူအား အသက်ဘေးမှ ကယ်တင်ရန် မိမိအခွေအရံနှင့်တကွ ဆွေမျိုးအသိုင်းအဝိုင်းတို့ကို ခေါ်ထုတ်၍ မြွေကြီးရှိရာ တွင်းကြီးထဲသို့ဝင်ဖို့ မြေကို တူးထုတ်လေ၏။ တစ်နေ့ပြီးတစ်နေ့ နေ့စဉ်ရက်ဆက် မြေကိုတူးပါသော်လည်း နော်မုအိုင် ရှိရာသို့ မရောက်နိုင်ဘဲရှိလေသည်။ သူရောင့်သည် မိမိဇနီးကို ပြန်လည်တွေ့လိုဇောနှင့် အစားအသောက်ပင် ဂရုမစိုက်နိုင်အောင် ဖွဲ့နပဲကြီးစွာဖြင့် တူးဖော်မြဲ တူးဖော်နေလေ၏။ သူရောင့်သည် စိုးရိမ်စိတ်လွန်ကဲမှု စိတ်ညိုးနွမ်းမှုနှင့် မောပန်းတကြီး ဖြစ်လာကာ အားအင်ကုန်ခန်း၍ မြေတွင်းအဝမှာပင် လဲကျသေဆုံးသွားလေရှာလေသည်။

နော်မုအိုင် အကြောင်းကို တစ်ဆင့်စကား တစ်ဆင့်ကြား နားဖြင့်ပြောလာခဲ့ကြသည်မှာ နှစ်ပေါင်းကာလရှည်လျားလာသည်နှင့်အမျှ ကွဲလွဲမှုများ ရှိလာခဲ့သည်။ တချို့အဆိုအရကား နော်မုအိုင်ကို ချစ်ရည်ငံနေသော မြွေကြီးသည် သာမန်မြွေမျိုးမဟုတ်။ လူယောင်ဖန်ဆင်းနိုင်သော မြွေမျိုးဖြစ်သည်ဟု ဆိုကြသည်။ ဒဂုံရာဇဝင်ထဲက ငမိုးရိပ်မိကျောင်းလို လူယောင်ဖန်ဆင်းပြီး လောကလူသား အမျိုးသမီးနှင့် ပေါင်းသင်း စုံမက်ကြသည့်အဖြစ်မျိုး ရှိခဲ့သည်ကို ထောက်ရှုခြင်းဖြင့် ရှေးက ဤသို့ ဆန်းကြယ် ဖြစ်ရပ်များရှိခဲ့ဖူးသည်ဟု ကြားသိရသည်။ နော်မုအိုင်၏အကြောင်းသည်လည်း ဤကဲ့သို့ အချက်အလက် သဘောမျိုးပင် ဖြစ်သည်။

ထိန်ဖြာနေသော လရောင်အောက်တွင် နော်မုအိုင်သည် အိမ်ရှေ့ ကပြင်ပေါ်တွင် တစ်ယောက်တည်း ရက်ကန်းရက်နေလေ့ရှိသည်။ ထိုအခါ ရုပ်ရည်ခံ့ညား

သော လုလင်ပျိုတစ်ဦးသည် နော်မုဒအိုင်ကို လာရောက်၍ ချစ်ရေးဆိုလေ၏။ မိမိတို့သည် ရှေးရှေးဘဝ အကြောင်းဆက်ပါ၍ ယခုကဲ့သို့ ညဥ့်အချိန်မတော်တွင် ချစ်နမဆီကို လာရောက်ရခြင်းဖြစ်သည်။ ချစ်နမကို ဇနီးအဖြစ် ပေါင်းပါရစေဟု တောင်းဆိုလေ၏။

ဤကဲ့သို့ ပြောဆိုလာသည့်စကားကို ကြားရသော နော်မုဒအိုင်က မိမိမှာ ကာမပိုင်ရှင် လင်ရှိနေပြီးဖြစ်၍ မသင့်တော်ကြောင်း၊ လာရောက် မနှောင့်ယှက်သင့်ကြောင်း၊ အမျိုးမျိုး တောင်းပန်ပြောဆိုလေသည်။ ထိုအခါ လုလင်ပျိုသည် မိမိရင်ထဲ၌ရှိသမျှ ဖွင့်ပြောပြ နေသော်လည်း နော်မုဒအိုင်က အသာတကြည်လက်ခံမှာ မဟုတ်ဟုတွေးထင်ကာ မိမိကိုယ်ကိုယ် မြွေကြီးအသွင်ပြ၍ နော်မုဒအိုင်ကို ရစ်ပတ်ပြီး မြွေတွင်းဗိမာန်သို့ ခေါ် ဆောင်သွားလေသည်။ မြွေတွင်းဗိမာန်ကို ရောက်ရှိနေသော နော်မုဒအိုင်ခမျာမှာ မစားနိုင် မအိပ်နိုင်ဘဲ ချစ်လင် သူရောင့်ကို လွမ်းတသသနှင့် ရက်ပေါင်းကြာခဲ့လာလေပြီဖြစ်၍ မြွေမင်းကြီးအား ပြန်ခွင့်တောင်းပြန်လေ၏။ ထိုအခါ မြွေမင်းကြီးက "နင့်လင် သူရောင့် မသေသရွေ့ ပြန်ခွင့်မပြုနိုင်"ဟု ဆိုကာ တင်းကြပ်စွာတားဆီး ချုပ်ချယ်ထားလေသည်။

တရွေ့ရွေ့နှင့် ရက်မှ လသို့ ရောက်ရှိလာလေသည်။ မြေကြီးအောက်ရှိ မြွေကြီး၏ ဗိမာန်လိုဏ်ဂူအတွင်း နေရရှာသော နော်မုဒအိုင်သည် ဒုက္ခဝေဒနာများ ဖိစီးမှုကြောင့် တစ်နေ့တစ်ခြား ပိန်ချုံးလာလေသည်။ နေ့ရှိသရွေ့ ချစ်လင်အား စောင့်မျှော်ကာ မျက်ရည်စများနှင့် ဖြေမဆည်နိုင်အောင် ရှိလေသည်။ သူရောင့်မှာလည်း မိမိဇနီးကို ကယ်တင်လိုသောဇောဖြင့် မြွေတွင်းကြီးကို တူး၍ တစ်နေ့ပြီးတစ်နေ့ နေ့စဉ် ရက်ဆက် ကြာလာသောအခါ ပင်ပန်း နွမ်းနယ်လာပြီး အားအင်ကုန်ခန်းကာ တွင်းဝမှာပင် လဲကျ သေဆုံးသွားရှာလေသည်။ ထိုအခါ မြွေကြီးသည် သူရောင့် သေသွားပြီ ဖြစ်ကြောင်းသိရသဖြင့် အားရဝမ်းသာစွာနှင့် နော်မုဒအိုင်ကို ကြည်ဖြူစွာ ပြန်ခွင့် ပြုလေသည်။ နော်မုဒအိုင်သည် တွင်းဝသို့ ပြန်ရောက်လာသောအခါ မိမိအတွက် သေဆုံးရရှာသော ချစ်လင်၏အလောင်းကို တွေ့မြင်ရ၍ မျက်ရည် ဖြိုင်ဖြိုင်ကျကာ ဖြေမဆည်နိုင်အောင် ဝမ်းနည်းကြေကွဲရရှာလေသည်။

ထိုအခါ အခြွေအရံ အသိုင်းအဝိုင်းများနှင့်တကွ သစ်ကိုင်းသစ်ခက်များကို ဝိုင်းဝန်းရှာဖွေ၍ ချစ်လင်၏အလောင်းကို မီးရှို့သဂြိုဟ်လိုက်လေသည်။ မီးပုံကြီးသည် တဟုန်းဟုန်း တောက်ကာ လောင်ကျွမ်းနေသည်နှင့်အမျှ နော်မုဒအိုင်၏ အသည်းနှလုံးတို့သည်လည်း မီးပုံကြီးနှင့် ယှဉ်ပြိုင်ပူဆွေး လောင်ကျွမ်းနေလေတော့သည်။ ထို့ကြောင့် နော်မုဒအိုင်သည် မိမိကိုယ်ကို မထိန်းနိုင်တော့ဘဲ နောက်ဆုံးတွင် တဟုန်းဟုန်းတောက်လောင်နေသော မီးပုံကြီးအတွင်းသို့ ခုန်ဆင်း၍ ချစ်လင်နှင့်အတူ သေပွဲဝင်

ရှာလေတော့သည်။ နော်မုအိုင်နှင့် သူ့ရောင့်တို့၏ ဘဝ ဖြစ်စဉ်အကြောင်းသည် ဆန်းကြယ် စိတ်ဝင်စားဖွယ်ရာကောင်း၍ ဒဏ္ဍာရီပုံပြင် ဆန်လှပေ၏။ ထိုအကြောင်းကို တစ်ဆင့်ပြီး တစ်ဆင့် လက်ဆင့်ကမ်းလာကြသော ရေးကရင်လူမျိုးတို့၏ အကြောင်းဟု သတ်မှတ်ထားကြလေသည်။

## ထူးဆန်းတစ်မူ ဖားဘောင်ဂူ

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ ထူးဆန်းအံ့ဖွယ်ကောင်းသည့် ရှေးဟောင်းယဉ်ကျေးမှုလက်ရာ သဘာဝ လိုဏ်ဂူတော်များတွင် ဖားဘောင်လိုဏ်ဂူတော်သည်လည်း ပါဝင်လေသည်။

ဖားဘောင် လိုဏ်ဂူတော်၏ တည်နေရာသည် အတ္ထရံမြစ်အရှေ့ဘက်ခြမ်းတွင် တည်ရှိလျက် ယခု ဖောက်လုပ်ထားသော ဘားအံ၊ မော်လမြိုင်၊ ကြာအင်းဆိပ်ကြီး ကားလမ်းမ အနောက်ဘက်ခြမ်းတွင် တည်ရှိသည်။

ကုန်းလမ်း ရေလမ်း သွားလာရေး၌ အချက်အချာကျသောကြောင့် လူသိထင်ရှားလျက် ရှိသည်။

ဖားဘောင်လိုဏ်ဂူတော်ကြီးသည် အထက် မြင့်မားပြီး နေရာကျယ်ဝန်းလျက် တိုးလျှိုပေါက်ရှိနေသဖြင့် အရှေ့ဘက်၊ အနောက်ဘက်၊ မြောက်ဘက် သုံးဘက်သုံးတန် ဝင်ထွက်နိုင်ပြီး အရံ ၅ ဂူ ဆက်၍ ရှည်လျားသည်။

မြန်မာနိုင်ငံတွင် အကျယ်ဆုံး ဂူစာရင်းထဲတွင် ပါဝင်လေသည်။

တစ်ချိန်က ဂူနံရံပေါ်တွင် ရေးရုပ်လုံး ပန်းချီလက်ရာ တန်ဆာတို့သည် တင့်တယ် သပ္ပာယ်မှုများစွာ ရှိခဲ့ဖူးသည်ဟု ဘိုးဘွားတို့က ဆိုကြသည်။

စာရေးသူ မီသမျှ တွေ့ရသမျှ မဏ္ဍိထိပ်ချွန် ကျွန်းသား ရုပ်ပွားတော် အကျိုးအပဲ့၊ အကောင်း စသည်တို့တွင် ခန့်မှန်းခြေအားဖြင့် အဆူပေါင်း နှစ်ရာနီးပါးခန့် ရှိလိမ့်မည်။

ထိုအချိန်က ထိန်းသိမ်းစောင့်ရှောက်သူကင်းမဲ့ပြီး မသမာသူ ကိုယ်ကျိုးရှာတတ်သောသူတို့သည် ရှေးဟောင်းယဉ်ကျေးမှု ပစ္စည်းများကို နည်းအမျိုးမျိုးဖြင့် တစ်ဖက်နိုင်ငံသို့ ကိုယ်ကျိုးအတွက် ခိုးထုတ်ရောင်းချရာတွင် နာမည်ကြီးသော ဒေသဖြစ်ခဲ့သည်။ ကိုယ်ကျိုး ရှာသူတို့က ရွှေနှင့်အလှမ်းဝေးသော ဖားဘောင်လိုဏ်ဂူတော်အတွင်းရှိ ရှေးဟောင်း ရုပ်ပွားတော်များနှင့် ရှေးဟောင်းပစ္စည်း အဖိုးတန် မှန်သမျှကို ထင်သလိုပြုလုပ်ခဲ့ကြသည်။

ဤသို့ ဖြစ်ခြင်းကြောင့် လိုဏ်ဂူတော်အတွင်းရှိ ရှေးဟောင်းလက်ရာများ ဖရိုဖရဲ ပြိုကွဲပျက်စီး ဆုံးရှုံးခဲ့ရသည်။ ယခုချိန်တွင် ဖရိုဖရဲ ပြိုကွဲပျက်စီးနေသော စေတီပုထိုးများကို ပြန်လည်ပြုပြင်ရာတွင် ပျက်စီးဆွေးမြေ့နေသော မဏ္ဍိထိပ်ချွန် ကျွန်းသား ရုပ်ပွားတော်များ ကို စုစည်း၍ ဂူ၏အရှေ့ဘက်ခြမ်းတွင် လွမ်းစေတီအမည်ဖြင့် ဌာပနာ၍ တည်ထားကိုးကွယ် ခဲ့ကြသည်။

ရှေးက ရုပ်ပွားတော် အမျိုးမျိုးနှင့် ရှေးဟောင်းပစ္စည်းများစွာ ရှိခဲ့ကြောင်း ရှေးမီသူတို့က ပြောဆိုခဲ့ကြသည်။

ယခုအခါတွင် ရှေးဟောင်းလက်ရာယဉ်ကျေးမှုများ ရှာ၍ မတွေ့ရလောက်အောင် ရှားပါးသွားလေသည်။

## ရှေးဟောင်းလိုဏ်ဂူဘုရားနှင့် အတိတ်ကာလ

ဖားဘောင်လိုဏ်ဂူတော်နှင့် ပတ်သက်သော သမိုင်းကြောင်းကို စတင်တည်ထောင်သည့် ခုနှစ် သက္ကရာဇ်နှင့်တကွ အတိအကျ ရေးထိုး မှတ်သားထားခြင်းကို မတွေ့ရချေ။ ဖားဘောင်လိုဏ်ဂူတော်၏ သမိုင်းအချက်အလက်များကို ပြန်လည်သုံးသပ်ရာတွင် မွန်၊ ဗမာ တို့၏ သမိုင်းအထောက်အထားများ ကောက်နုတ်၍ ယိုးဒယားသမိုင်း အပိုင်းအစနှင့် ခေတ်အဆက်ဆက် အခြေအနေများ ကိုက်ညီမှုကို ရယူ၍ ရေးသားတင်ပြရသည်။

မုတ္တမ မော်လမြိုင် ထားဝယ်စသော ဆိပ်ကမ်းမြို့များကို အေဒီ ၁၃၅၀ ခုနှစ် ကပင် ယိုးဒယားတို့ ပိုင်ဆိုင်ခဲ့ကြောင်း ရေးသားဖော်ပြထားသည်။ တစ်ချိန်က ယိုးဒယားမင်းနှင့် ဗမာမင်းတို့၏ နယ်မြေပိုင်ဆိုင်မှု စစ်ပွဲသည် သူတစ်ပြန်ကိုယ်တစ်ပြန် အနိုင်ယူကြသည်။ အယုဒ္ဓယ ဧကရာဇ်မင်းဆက်တို့သည် နယ်မြေဒေသ ပိုင်ဆိုင်မှုသာမက နိုင်ငံရေး၊ ဘာသာရေးဆိုင်ရာ သာလွန်မှုအတွက် ပြိုင်ဆိုင်မှုလည်း ဖြစ်သည်ဟု ယိုးဒယားသမိုင်းဆရာတို့က ရေးသားဖော်ပြထားသည်။

ဤသို့အထောက်အထားကိုယူ၍ သံလွင်မြစ်နှင့် အတ္တရံမြစ်အရှေ့ဘက်ခြမ်း တစ်လျှောက်တွင် "ကျိုက်" အမှတ်သညာ မွန်တို့အခေါ်အဝေါ်ဖြစ်သော စေတီပုထိုး များများစားစား မတွေ့ရှိချေ။ အများအားဖြင့် ယိုးဒယားတို့၏ စေတီပုထိုးပျက်နေရာဟောင်းများနှင့် သဘာဝလိုဏ်ဂူအတွင်းရှိ ဘုရားပုထိုးများကိုသာ တွေ့ရှိရသည်။ အေဒီ ၁၅၉၀ ခုနှစ် ယိုးဒယားမင်းဆက်ဖြစ်သော "ဖရာ့နရက်" (ခေါ်) "နရေစွမ်" သည် အာဇာနည်ဘုရင်တစ်ပါးဖြစ်သည်။

ထိုခေတ်အခါက အရှေ့နိုင်ငံများတွင် ဘုန်းတန်ခိုးကြီးမား၍ ထင်ရှားကျော်ကြားသော မင်းတစ်ပါးဟု အခြားနိုင်ငံ သမိုင်းပညာရှင်များက မှတ်တမ်းတင်ထားခဲ့ကြသည်။ ထိုမင်းလက်ထက်တွင် စစ်တိုက်ရင်း ကောင်းမှုပြုရင်းနှင့် သာသနာပြုမင်းတစ်ပါးလည်း ဖြစ်သည်။ ယိုးဒယားဘုရင် နရစွမ်သည် ဘုရင့်နောင်နှင့် ဆွေမျိုးတော်စပ်သည်။ နရေစွမ်၏ အစ်မတော် အမျိုးရှိမင်းသမီးသည် ဘုရင့်နောင်၏ မိဖုရားဖြစ်သည်။ ထို့ကြောင့် ဘုရင့်နောင်၏ ယောက်ဖ တော်စပ်သူဖြစ်သည်။

နရေစွမ်သည် အစ်မတော်နှင့် မြန်မာနိုင်ငံတွင် ၁၆ နှစ် ခန့် လာရောက်နေထိုင်ခဲ့သူ ဖြစ်သည်။ ထို ၁၆ နှစ် အတွင်း သာမဏေဘဝမှ လူထွက်၍ ဘာသာရေး နိုင်ငံရေးနှင့် စစ်ရေး ကိစ္စအဝဝတို့တွင် ကျွမ်းကျင်စွာ တတ်သိနားလည်ခဲ့သည်။

နန္ဒဘုရင်လက်ထက်တွင် ယိုးဒယားနိုင်ငံ လွတ်မြောက်လာအောင် ကြိုးပမ်းခဲ့သူ ဖြစ်သည်။ အေဒီ ၁၆ ရာစုနှစ်အတွင်း၌ နိုင်ငံတော်၏ နယ်နိမိတ်ကို ချဲ့တော်မူသည်။ ယိုးဒယားနိုင်ငံ၏ အနောက်တွင် ဟံသာဝတီ၏ အရှေ့ဘက်တစ်လွှားမှ မော်လမြိုင် တနင်္သာရီ၊ မြိတ်၊ ထားဝယ်စသော နယ်မြေဒေသများကို သိမ်းပိုက် အုပ်ချုပ် ခဲ့လေသည်။

## ဖားဘောင်ဂူ၏ မူရင်းအမည်

ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်ရာဖြစ်သော ဖားဘောင်ဂူနှင့် ဖာသိမ်နယ်မြေ ပတ်ဝန်းကျင် တစ်ဝိုက်တွင် ရှေးအခါက ယိုးဒယား ရှမ်းယွန်းတို့ အခြေချနေထိုင်ခဲ့ကြကြောင်း ရှေးအဆက်ဆက်က ပြောဆိုလာခဲ့ကြသည်။ ထိုနေရာဒေသရှိ အမည်အခေါ်အဝေါ်များသည် ယိုးဒယား အခေါ်အဝေါ် အများအစားတွေ့ရှိသည်။ ထိုအမည်အခေါ်အဝေါ်များတွင် ဖားဘောင် လိုဏ်ဂူတော်တစ်ခု ပါဝင်လေသည်။ ဖားဘောင်လိုဏ်ဂူတော်နှင့် ပတ်သက်သော အမည်ခေါ်ဝေါ်မှုသည် တစ်ခြားဘာသာခေါ်ဝေါ်ခြင်းတွင် အဓိပ္ပာယ်ကောက်ယူရာ၌ ယုတ္တိမရှိပေ။ ဒေသခံ ကရင်လူမျိုးတို့၏ အခေါ်အဝေါ်အားဖြင့် "ဖတ်ဘွန်"ဟု ခေါ်ဆိုခဲ့ကြသည်။

"ဖတ်ဘွန်"ဝေါဟာရစကားသည် ရှမ်းယွန်းတို့၏ ဝေါဟာရစကားမှ ဆင်းသက်လာခြင်း ဖြစ်သည်။ ရှမ်းယွန်းဘာသာစကားဖြင့်(ဖ္လ ပွန်)ဟု ခေါ်ဆိုခဲ့ကြသည်။ ဗမာဘာသာဖြင့် အဓိပ္ပာယ်ကောက်ယူရာ၌ "ဖ္လ"-ဘုရား၊ "ပွန်"-ထုံး၊ ထုံးဘုရားဟု အဓိပ္ပာယ်ဆောင်လေသည်။ ယိုးဒယားရှမ်းယွန်း အခေါ်အဝေါ်"ဖ္လ ပွန်"သည် လိုဏ်ဂူတော်အတွင်း၌ တည်ရှိသော ထုံးဘုရားကို အစွဲပြု၍ ခေါ်ဝေါ်ခြင်းဖြစ်သာ ဖြစ်ဟန်တူသည်။

ယင်းလိုဏ်ဂူတော်အတွင်း၌ ရှေးအကျဆုံး ထူပါ စေတီ အမျိုးအစား တစ်ဆူ တည်ထားသည်ကို တွေ့ရသည်။ ရှေးမှုလနဂိုက စာရေးသူမြင်တွေ့ရသော ထိုထူပါစေတီ၏ ပုံသဏ္ဍာန်မှာ စေတီ၏ ပစ္စယာပေါ်၌ စေတီလုံးပေါက်ထိပ်တွင် ထီးတော်တင်ထားသော ပုထိုးတော်ဖြစ်သည်။ လုံးပတ်ဝိုင်းဝန်းပြီး ဘေးပတ်လည်များတွင် မဏ္ဍိထိပ်ချွန်ရုပ်ကြွများ သပ္ပာယ်စွာ စီထားပြီး ထိုရုပ်လုံးရုပ်ကြွများကို ထုံးဗိသုကာပညာရှင်ဖြင့် စီမံ၍ ရုပ်လုံး ရုပ်ကြွတော်များအပေါ်၌ သစ်စေးဖြင့် မွမ်းမံခြယ်သထားသည်ကို တွေ့ရသည်။ ဤရှေးဟောင်း စေတီပုထိုးများကို အခြေခံ၍ ဖားဘောင်လိုဏ်ဂူ၏ သမိုင်းအချက်အချာတို့မှာ ရှည်လျားလှသော ယိုးဒယားတို့၏ သမိုင်းကြောင်းက ထုတ်ဖော်ပြောပြနေသကဲ့သို့ တစ်ခေတ်တစ်ခါက ယိုးဒယားတို့၏ လက်ငုတ်လက်ရာ ယဉ်ကျေးမှုများကို ခေတ်အဆက်ဆက် ဒေသခံ တိုင်းရင်းသားတို့သည် လိုဏ်ဂူတော်မူရင်း အမည်နှင့်တကွ ဗုဒ္ဓဘာသာ ယဉ်ကျေးမှု လက်ရာများကို ထိန်းသိမ်းပြုပြင်ထားကြလေသည်။

လိုဏ်ဂူတော်၏ အမည်ခံ ထုံးဘုရား (ခေါ်) ထူပါစေတီဘုရားသည် ရှေးဟောင်း သမိုင်းဝင် စေတီတော်တစ်ဆူဖြစ်လျက် ဒေသဂုဏ်ဆောင် လိုဏ်ဂူတော်အဖြစ် တန်ခိုးကြီး ထင်ရှားလျက် ဒေသခံတိုင်းရင်းသားတို့၏ အထွတ်အမြတ် ထားရာ ကျက်သရေဆောင် ရှေးဟောင်းလိုဏ်ဂူတော်အဖြစ် မှတ်တမ်းတင် ရေးသားဖော်ပြရလေသည်။

အထက်ဖော်ပြထားသည့် ဖာသိမ်နယ်နှင့် ဖားဘောင်ဂူ အကြောင်းအရာတို့သည် ထိုဒေသရှိ ရှေးကရင်လူမျိုးတို့၏ ဘဝဖြစ်ပျက်မှု သမိုင်းလမ်းကြောင်းနှင့် တိုက်ဆိုင်နေသဖြင့် ကြားညှပ်၍ ရေးသားဖော်ပြထားခြင်းဖြစ်သည်။



ဖားဘောင်တောင်ခြေ

ဖားဘောင်လိုဏ်ဂူ



# ကုန်းဘောင်မင်းဆက်ဖန်တီးခဲ့သော မြန်မာနိုင်ငံတော်

အေဒီ ၁၇၅၂ ခုနှစ်တွင် ဦးအောင်ဇေယျသည် အလောင်းဘုရားမင်းတရားကြီး ဟူသော ဘွဲ့တော်နှင့် မင်းအဖြစ်ကို ခံယူလေသည်။ မုဆိုးဘိုခေါ် ကုန်းဘောင်ရွာမှ အလောင်းဘုရား ဦးအောင်ဇေယျ စတင်တည်ထောင်ခဲ့သဖြင့် ကုန်းဘောင်မင်းဆက်ဟု ခေါ်တွင်လေသည်။ မြန်မာသက္ကရာဇ် ၁၁၁၄ ခုနှစ်မှ ၁၂၄၇ နှစ်အထိ နှစ်ပေါင်း ၁၃၃ နှစ် ရှည်ခဲ့သည်။ ထိုမင်းဆက်တွင် အလောင်းဘုရားမင်းမှစ၍ ဗမာမင်းနောက်ဆုံးဖြစ်သော သီပေါမင်းအထိ မင်း(၁၁)ပါး ပါဝင် လေသည်။ ထိုမင်းတို့မှာ အလောင်းဘုရား၊ နောင်တော်ကြီး၊ ဆင်ဖြူရှင်၊ စဉ့်ကူမင်း၊ ဖောင်းကားစားမောင်မောင်၊ ဘိုးတော်ဘုရား၊ ဘကြီးတော်၊ သာယာဝတီမင်း၊ ပုဂံမင်း၊ မင်းတုန်းမင်းနှင့် သီပေါမင်း တို့ ဖြစ်ကြသည်။

အလောင်းမင်းတရားကြီးသည် ၁၇၅၄ ခုနှစ်တွင် ရန်ကုန်ကိုရရှိပြီးနောက် ၁၇၅၅ ခုနှစ်တွင် ဟံသာဝတီပြည်ကို တိုက်ခိုက်၍ အောင်မြင်တော်မူပြီး မွန်မင်းဆက် ပြတ်သဖြင့် ဟံသာဝတီ၊ ပုသိမ်၊ မုတ္တမ အစရှိသော ရာမညတိုင်း ၃ ဌာနသည် ဗမာမင်းအပိုင်နိုင်ငံ ဖြစ်ရလေသည်။ အေဒီ ၁၇၅၆ ခုနှစ်တွင် ယိုးဒယားက ထားဝယ်မြို့ကို တိုက်ခိုက်လာသဖြင့် အလောင်းဘုရားတပ်တို့သည် ထားဝယ်မှတစ်ဆင့် တနင်္သာရီအထိ ချီတက်တိုက်ခိုက်၍ အောင်မြင်ပြီးနောက် အရှေ့ဘက်နယ်စပ် တစ်လျှောက်ကို ဖြတ်ကျော်ကာ ယိုးဒယား (အယုဒ္ဓယ) မြို့အထိ ချီတက်တိုက်ခိုက်လေသည်။ ချီတက်တိုက်ခိုက်ရာတွင် အချိန်နောက်ကျသဖြင့် မိုးဦးကျရာသီ ဖြစ်ခြင်း၊ တပ်သားများ မကျန်းမာမှုများ ဖြစ်ပေါ်ခြင်း တို့ကြောင့် တပ်ဆုတ်၍ ယိုးဒယားကအပြန် မုတ္တမနယ် သထုံခရိုင် ကင်းရွာတွင် အလောင်းဘုရားမင်း နတ်ရွာစံလေသည်။ သက်တော် ၄၆နှစ် ဘုရင်အဖြစ် ၈ နှစ် ၁ လခန့် နန်းစံပြီး ကံကုန်လေသည်။

အလောင်းဘုရား နတ်ရွာစံပြီးသော် သားတော်ကြီးဖြစ်သော နောင်တော်ကြီးမင်း ထီးနန်းဆက်ခံလေသည်။ အေဒီ ၁၇၆၃ ခုနှစ်တွင် နောင်တောင်ကြီးမင်း ကွယ်လွန်သဖြင့် ညီတော်ဆင်ဖြူရှင်မင်း နန်းတက်လေသည်။ ဆင်ဖြူရှင်မင်း နန်းတက်တော်မူပြီးသည့် နောက်တစ်နှစ်တွင် အလောင်းမင်းတရားတိုက်၍ မအောင်မြင်သော ယိုးဒယားကို တစ်ဖန် ချီတက်တိုက်ခိုက်လေရာ အယုဒ္ဓယမြို့ ကျလေသည်။ မြို့တစ်မြို့လုံး ပျက်စီးသွား၍ ယိုးဒယား ဘုရင်ကြီးလည်း ထိုတိုက်ပွဲတွင် ကျဆုံးသွားလေသည်။ ဤကား အယုဒ္ဓယမြို့၏ ဇာတ်သိမ်းပင်တည်း။ အယုဒ္ဓယမြို့ စတင်တည်ထောင်သည့် အချိန်မှစ၍ နှစ်ပေါင်း ၄၁၇ နှစ် အကြာတွင် ဗမာမင်းတို့၏ လက်ချက်ကြောင့် လုံးဝပျက်စီးခြင်းသို့ ရောက်ရလေသည်ဟု ယိုးဒယား သမိုင်း၌ ဆိုလေသည်။

အာယုဒ္ဓယမြို့ ပျက်စီးပြီးနောက် တောင်အရပ်ရှိ ပင်လယ်ကမ်းစပ်သို့ ရွှေ့ကာ ဘန်ကောက်မြို့ကို နေပြည်တော်အဖြစ် တည်ထောင်ခဲ့ကြပြန်သည်။

အေဒီ ၁၇၆၆ ခုနှစ်တွင် ဗမာတပ်များ ထပ်မံလာရောက်တိုက်ခိုက်သော်လည်း မအောင်မြင်ခဲ့ချေ။ နောက်ထပ် တစ်ကြိမ်လာရောက် တိုက်ခိုက်ရာတွင် ဘန်ကောက်မြို့တော်သို့ မရောက်မီ ဆင်ဖြူရှင်မင်း နတ်ရွာစံသဖြင့် တပ်ခေါက်၍ ပြန်ခဲ့ရသည်။ ထိုအချိန်မှ စ၍ ယိုးဒယားနိုင်ငံအပေါ် ဗမာမင်းတို့၏ ဩဇာလွှမ်းမိုးခြင်းမှာ ဆုံးခန်းတိုင်ဖြစ်ခဲ့ရလေသည်။

အေဒီ ၁၇၈၂ ခုနှစ်တွင် အမရပူရ၌ နန်းစံသည့် ဖောင်းကားစားမောင်မောင် နှင့် စဉ့်ကူမင်း တူတော်မောင်နှစ်ယောက်တို့ကို ရှင်းလင်း၍ နန်းတက်သူသည် ဘိုးတော်ဗဒုံမင်းပင်ဖြစ်သည်။ အေဒီ ၁၇၈၅ ခုနှစ်တွင် ရခိုင်ပြည်ကို သိမ်းပိုက်၍ မဟာမုနိ ရုပ်ပွားတော်ကြီးကို မန္တလေးမြို့သို့ ပင့်လာခဲ့သည်။ မွန်မင်းဆက်သည် အလောင်းဘုရား ဦးအောင်ဇေယျလက်ထက်၌ ပြတ်စဲ၍ ရခိုင်မင်းဆက်သည် ဗဒုံမင်းလက်ထက်၌ ပြတ်စဲလေသည်။ ဘိုးတော်ဗဒုံမင်းသည် ကုန်းဘောင်မင်းဆက်တွင် နန်းသက်အရှည်ဆုံးဘုရင် ဖြစ်သည်။ ၁၇၈၂ ခုနှစ်မှ ၁၈၁၉ ခုနှစ် အထိ နန်းတက်သူဖြစ်သည်။ သက်တော် ၇၅ နှစ်တွင် ကံကုန်လေသည်။

၁၈၁၉ - ၁၈၃၇ ခုနှစ်တွင် ဗဒုံမင်း၏ မြေးတော်စစ်ကိုင်းမင်း(ခေါ်) ဘကြီးတော် မင်းတရား နန်းဆက်ခံသည်။ ၁၈၂၄ ခုနှစ်တွင် အင်္ဂလိပ်နယ်ချဲ့များ မြန်မာနိုင်ငံကို စစ်ကြေညာသည်။ အာသံ၊ မဏိပူရ၊ ပန်းဝါဒေသတို့၌ ပြင်းထန်သော တိုက်ပွဲများဖြစ်သည်။ ၁၈၂၅ ဧပြီလ ၁ ရက်တွင် ဓနုဖြူခံတပ်၌ မဟာဗန္ဓုလ ကျဆုံးလေသည်။ ၁၈၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်တွင် "ရန္တပို"ရွာ၌ အင်္ဂလိပ်နှင့် စစ်ပြေငြိမ်းရေးစာချုပ် ချုပ်ဆိုခဲ့သည်။ ရန္တပို စာချုပ်အရ အာသံ၊ မဏိပူရ၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းများ နယ်ချဲ့အင်္ဂလိပ်တို့လက်အောက် ကျရောက်သွားခဲ့သည်။ ၁၈၅၂ ခုနှစ် ပုဂံမင်းလက်ထက်တွင် နယ်ချဲ့အင်္ဂလိပ်တို့က ထပ်မံထိပါးတိုက်ခိုက်ကြပြန်သဖြင့် ဗမာမင်းတို့သည် နယ်ချဲ့အင်္ဂလိပ်ကို ဒုတိယအကြိမ် စစ်ရှုံးရပြန်သည်။ ထိုစစ်ပွဲတွင် မုတ္တမ၊ ပဲခူး၊ ရန်ကုန်၊ ပြည်နှင့် ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသများ နယ်ချဲ့အင်္ဂလိပ် လက်အောက်သို့ ကျရောက်ခဲ့ရပြန်သည်။

၁၈၈၅ ခုနှစ် နိုဝင်ဘာလတွင် နယ်ချဲ့အင်္ဂလိပ်တို့က ထပ်မံတိုက်ကြပြန်သဖြင့် ဗမာမင်းနှင့် အင်္ဂလိပ်တို့ တတိယအကြိမ် စစ်ဖြစ်ရပြန်သည်။ ၁၂၄၇ ခုနှစ် တန်ဆောင်မုန်း လဆန်း (၈) ရက်နေ့တွင် ချီတက်၍ လပြည့်ကျော် (၃) ရက်နေ့ မန္တလေးသို့ အင်္ဂလိပ်တပ်များ ရောက်ရှိလေသည်။ ၈ ရက်နေ့တွင် သီပေါမင်းနှင့် မိဖုရား နှစ်ပါး၊ မယ်တော် သမီးတော်များပါ ခေါ်ဆောင်သွားလေသည်။ အေဒီ ၁၈၈၆

ခုနှစ်တွင် မြန်မာနိုင်ငံတော်တစ်ခုလုံး အင်္ဂလိပ်ပိုင်ဒေသဖြစ်ကြောင်း ကြေညာလေသည်။ ဤအခါ၌ အရင်းရှင်နယ်ချဲ့စက်ကွင်းတွင်းသို့ လုံးဝကျဆင်းခဲ့ရလေသည်။

မြန်မာနိုင်ငံတော်သမိုင်းသည် ရှေးဟောင်းခေတ်မှ ပြည်ထောင်စုစနစ် အသွယ်သွယ်ဖြင့် ထင်ရှားစွာပေါ် ပေါက်လာခဲ့သည်။ နောင်တွင် အနော်ရထာ၊ ဘုရင့်နောင်၊ သာလွန်မင်းတရား၊ အလောင်းဘုရားမင်းတို့၏ လက်ထက် တစ်လျှောက်လုံးတွင် သူတလူ ငါတမင်း ပဒေသရာဇ်စနစ်ဖြင့် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် တိုက်ခိုက်ခြင်းနှင့်သာ အချိန်ကုန်ခဲ့ရသည်။ နိုင်ငံတော် ငြိမ်းချမ်းသာယာမှုမှာ ကျေနပ်ဖွယ်ကောင်းလောက်အောင် မရှိခဲ့ချေ။ ပဒေသရာဇ်မင်း (ခေါ်) စစ်ခေါင်းဆောင်နှင့် စစ်တပ်တို့၏ ခြယ်လှယ်မှုအတိုင်းသာလျှင် တိုင်းရင်းသား လူထုဘဝ နစ်နာခဲ့ရသည်။ ပဒေသရာဇ်မင်းတို့၏ အာဏာ တည်မြဲမှု၊ စည်းစိမ် တည်မြဲမှုတို့ကြောင့် ပြည်ထောင်စု ဖရိုဖရဲ ပြိုကွဲခဲ့ရသည်။

ထိုသို့ ပြည်ထောင်စု ပြိုကွဲပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု မရှိသော အခါကာလ၌ တိုင်းတပါးတို့၏ အနိုင်ယူမှုကို ခံလိုက်ရလေသည်။

## အင်္ဂလိပ်တို့ အုပ်ချုပ်ခြင်း

အေဒီ ၁၈၂၆ ခုနှစ်တွင် ရခိုင်တိုင်းနှင့် ကရင်တို့ဒေသဖြစ်သော တနင်္သာရီတို့ကို အင်္ဂလိပ်အရင်းရှင် နယ်ချဲ့တို့၏ လက်အောက်သို့ အစောဆုံး ကျရောက်ခဲ့သည်။ အရင်းရှင်နယ်ချဲ့များနှင့် နိုင်ငံခြားသာသနာပြုများ၏ ခြယ်လှယ်မှုများကို အဦးဆုံး ခံစားကြရသည်။ ၁၈၂၉ ခုနှစ်တွင် ကိုသာဖြူအမည်ရှိသော ကရင်လူမျိုး တစ်ဦးသည် နှစ်ခြင်းမင်္ဂလာကို ခံယူကာ ခရစ်ယာန်ဘာသာဝင် တစ်ယောက် ဖြစ်လာခဲ့သည်။

နောက်ပိုင်းတွင် ကိုသာဖြူ၏ ကြိုးပမ်းဆွဲဆောင်မှုကြောင့် နှစ်အနည်းငယ်အတွင်း ထောင်ပေါင်းများစွာသော ကရင်များ ခရစ်ယာန်ဘာသာဝင်ကို လက်ခံလာကြတော့သည်။ ခရစ်ယာန်သာသနာပြု ဆရာမျက်နှာဖြူများကလည်း ကရင်များအတွက် စာသင်ကျောင်းများ ခရစ်ယာန်ကျမ်းစာသင်ကျောင်းများကို တည်ထောင်ဖွင့်လှစ်ပေးခဲ့ပြီး ကရင်စာပေကိုလည်း တီထွင်ပေးခဲ့သည်။ ကရင်လူမျိုးများ ကျောင်းနေကြရသဖြင့် စာတတ်မြောက်လာကြ၍ အမြင်ကျယ်လာကြသည်။ ယင်းကြောင့် မဟာလူမျိုးကြီးဝါဒကို ကျင့်သုံးသော လူမျိုးစုတို့က ကရင်များအား ယခင်ကဲ့သို့ အနိုင်ကျင့် ဖိနှိပ်၍ မရတော့ချေ။ အင်္ဂလိပ်နယ်ချဲ့တို့၏ အုပ်ချုပ်ရေးစနစ်သည် တရားဥပဒေနှင့်အညီ စနစ်တကျ အုပ်ချုပ်စေခဲ့သည်။

ဤသို့ ကရင်လူမျိုးများအတွက် အခွင့်အလမ်းကောင်းများ ပေါ်ပေါက်လာခဲ့သည်။ ခရစ်ယာန်သာသနာပြုဆရာများကို ၎င်းတို့က အမိကဲ့သို့ အားကိုးအားထားပြုကြသကဲ့သို့ နယ်ချဲ့အင်္ဂလိပ်ကိုမူ အုပ်ချုပ်ရေးဘက်တွင် ၎င်းတို့အား ကာကွယ်စောင့်ရှောက်သဖြင့် အဖကဲ့သို့ သဘောထားလာခဲ့ကြသည်။ ထိုခေတ်အမြင်အားဖြင့် ကရင်တို့သည် အားကိုးရာမဲ့ဘဝ၌ အားကိုးအားထားပြုရသော သူတို့ကို ခင်ရာဆွေမျိုးဆိုသလို မှတ်ယူကြသည်။ အင်္ဂလိပ်အစိုးရ လက်အောက်တွင် ကရင်များ ကောင်းမွန်စွာနေရခြင်း ပညာများကိုလည်း သင်ကြားဆည်းပူးကြရခြင်း ပညာများ တတ်မြောက်လာကြပြီး ကြီးပွားတိုးတက်လာသည်မှာ မျက်နာဖြူတို့၏ ကျေးဇူးတရားနှင့် မကင်းခဲ့ပေ။ အနှစ်သာရအရ လေ့လာသုံးသပ်ပါက အင်္ဂလိပ် အရင်းရှင်စနစ်၏ သွေးစုပ်ခြယ်လှယ်မှုများကား မြန်မာတိုင်းရင်းသားများ အတူတကွ ခံစားခဲ့ကြရသည်။

ကရင်များအတွက် ယေဘုယျအားဖြင့် မြေရှင်ပဒေသရာဇ်ခေတ်နှင့် နှိုင်းစာပါက ပိုမိုအေးချမ်းစွာ နေထိုင်နိုင်ခြင်း၊ လုပ်ကိုင်စားသောက်နိုင်ခြင်း တစ်စုံတစ်ရာကြီးပွား တိုးတက်လာခြင်း စသည့်အကြောင်းတို့ကြောင့် အင်္ဂလိပ်ကိုလိုနီ နယ်ချဲ့ခေတ်အုပ်ချုပ်မှုကို နှစ်သက်သဘောကျကြသည်။ ကရင်လူမျိုးတို့၏ ပင်ကိုသဘာဝသည် ရိုးသားဖြူစင်ကြပြီး လူမျိုးကြီးတစ်စုတို့၏ အုပ်ချုပ်မှုအောက်တွင် အသက်အန္တရာယ်ဘေးမှ စိုးရိမ်ပူပန်မှု မရှိခဲ့ပါလျှင် ထိုအုပ်ချုပ်မှု ဦးဆောင်မှုနောက်သို့ လိုက်လျောနေထိုင်ရန် အသင့်ရှိခဲ့ကြသည်။ ကရင်လူမျိုးတို့သည် ရိုးရိုးမြင်တတ်သည်။ အယုံအကြည်လွယ်၍ ခွင့်လွှတ်လွယ်သည့် လူမျိုးဖြစ်ပြီး အထင်ကြီးလွယ်၍ အားကိုးပြုလွယ်၏။ ထို့ကြောင့် မဟာလူမျိုးကြီးတို့၏ လောင်းရိပ်အောက်တွင် ကျွန်သက်ရှည်စွာ နေလာခဲ့သဖြင့် ကျိုးနွံနှိမ့်ချတတ်သောလူမျိုး၊ ကြောက်ရွံ့တတ်သော လူမျိုးအဖြစ်ဘိုးစဉ် ဘောင်ဆက်က သယ်ဆောင်လာခဲ့သော မူတစ်ခု ဖြစ်နေသည်။

## အမျိုးသားရေးစိတ်ဓာတ် နိုးကြားလာသောကရင်များ

နယ်ချဲ့အင်္ဂလိပ်တို့သည် အုပ်ချုပ်ရေးနှင့် စီးပွားရေးသာမက ဘာသာရေးနှင့် ယဉ်ကျေးမှုပါ မြန်မာတိုင်းရင်းသားအပေါ် လွှမ်းမိုးလာခဲ့သည်။ ခရစ်ယာန်ဘာသာအမျိုးမျိုး၏ သာသနာပြုများ ဝင်ရောက်လာသဖြင့် ကရင်၊ ကချင်၊ ချင်း စသော အမျိုးသားများ ထိုသာသနာကို သက်ဝင်ယုံကြည်ကြလေသည်။ ဤသို့ဖြစ်ပေါ်မှုသည် ရှေးမူဟောင်း ဘာသာ ယဉ်ကျေးမှုကို ယုတ်လျော့စေသော်လည်း အချို့မှာ လောကဓာတ်ပညာ၊ ဆေးပညာ၊ အထွေထွေပညာ၊ ဗဟုသုတ အသစ်အဆန်းများ ရရှိခဲ့ကြသည်။

ထိုပညာရေးကို အခြေခံ၍ တိုင်းရင်းသားတို့သည် အမျိုးသားရေး စိတ်

ဓာတ်နှင့် နိုင်ငံရေးစိတ်ဓာတ်များ နိုးကြားလာခဲ့ကြသည်။ ထိုအချိန်တွင် ကရင်လူမျိုးတို့သည် ကွယ်ပျောက်ငုတ်လျှိုးနေသော အမျိုးသားရေးစိတ်ဓာတ်များ ပေါ်ပေါက်လာခဲ့ကြသည်။ ကရင်အမျိုးသားတို့၏ နိုင်ငံရေးကြိုးပမ်းမှုအစမှာ ၁၈၈၁ ခုနှစ်တွင် "ဒေါကလု" (ခေါ်) ကရင် အမျိုးသားအသင်းကို စတင်ဖွဲ့စည်းလေသည်။ အဆိုပါ ကရင်အမျိုးသားအသင်းကြီးကို စတင်ထူထောင်ခဲ့သော ပုဂ္ဂိုလ်ခေါင်းဆောင်မှာ "ဒေါက်တာတီသံပြာ"ဖြစ်သည်။

ဒေါက်တာတီသံပြာသည် အမေရိကန်ပြည်ထောင်စုသို့ ပညာတော်သင်ယူ၍ ၁၈၇၁ ခုနှစ်တွင် အမ်အေ ဒီဂရီဘွဲ့ကို ရယူ၍ထင်ရှားသော ပုဂ္ဂိုလ်ဖြစ်သည်။ ထိုအချိန်တွင် အင်္ဂလန်သို့လည်းကောင်း၊ အမေရိကန်သို့လည်းကောင်း၊ ကရင် လူငယ်များ ပညာတော်သင် သွားရောက်သင်ကြားကြသည်။ "ဒေါက်တာဘသန်းချိန်"နှင့် "ဒေါက်တာစံစီဖိုး"တို့သည် ဆရာဝန်သင်တန်း အောင်မြင်လာခဲ့ကြသူများဖြစ်သည်။

ပထမကမ္ဘာစစ်ကြီးပြီးစ အချိန်တွင် ကရင်လူငယ်များ နိုင်ငံခြားသို့ သွားရောက် ပညာသင်ကြားခဲ့သော ပုဂ္ဂိုလ်များတို့မှာ စောပါဒွဲ(သထုံ)၊ စောဆစ်ဒနီလူနီ (ရန်ကုန်)၊ စောဖိုးချစ်(မော်လမြိုင်)၊ စောဘမောင်(ညောင်လေးပင်)၊ စောဖေသာ (မြောင်းမြ)၊ စောဘဦးကြီး၊ စောဗစ်တာဖိုး၊ စောစံစီဖိုးသင်(ပုသိမ်) စသည်တို့ ဖြစ်ကြပါသည်။ ယင်း ဒေါကလူ ကရင်အမျိုးသား အစည်းအရုံးကို စတင် တည်ထောင်ခဲ့သော ပုဂ္ဂိုလ်တို့အနက် ဒေါက်တာတီသံပြာ၊ ဆရာမြတ်စံ၊ ဆရာစောစေး၊ ဦးလူနီ၊ ဦးရွှေမောင်အုန်း အစရှိသော ပုဂ္ဂိုလ်များပင်ဖြစ်သည်။

ဒေါကလူအသင်းကြီး၏ ပထမဦးဆုံးဥက္ကဋ္ဌမှာ ဒေါက်တာတီသံပြာဖြစ်ပြီး အတွင်းရေးမှူးမှာ ဦးလူနီပင် ဖြစ်သည်။ ယင်းနောက်ပိုင်း၌ ဒေါကလူအသင်းချုပ်၏ ဒုတိယမြောက်ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့မှာ ဒေါက်တာမြတ်စံနှင့် အတွင်းရေးမှူး ဦးစံလုံးတို့ဖြစ်လာသည်။ ယင်းတာဝန်တွင် ၁၉၀၆ ခုနှစ်မှ ၁၉၂၆ ခုနှစ် အထိ တာဝန်ယူခဲ့သည်။ ထိုမှတစ်ဖန် တတိယမြောက်ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့မှာ ဒေါက်တာရောဘတ်ဖိုးခေနှင့် စောဆစ်ဒနီလူနီတို့ ဖြစ်လာကြသည်။ နောက်ပိုင်းတွင် စောဆစ်ဒနီလူနီ၏ ယောက်ဖတော်သော ဒေါက်တာစံစီဖိုးသည် ဥက္ကဋ္ဌ ဖြစ်လာသည်။ ဒေါကလူ (ခေါ်) ပထမဆုံး ကရင်အသင်းချုပ်ကြီး၏ လက်ဆင့်ကမ်း အမွေဆက်ခံတာဝန်များကို ဦးလူနီအနွယ်များက ဓနအင်အား၊ ပညာအင်အား၊ မျိုးချစ်စိတ် အင်အားတို့ဖြင့် ဦးဆောင်ကြီးကြပ်၍ မြန်မာနိုင်ငံအတွင်းသို့ ဂျပန်ဝင်ခါနီးအထိ တာဝန်ယူဆောင်ရွက်ခဲ့ကြသည်။

ဤသို့ ကရင်လူမျိုးတို့၏ ဇာတိသွေးဇာတိမာန် အမျိုးသားရေးစိတ်ဓာတ်မှ နိုင်ငံရေးအသွင်သို့ နိုးကြားလာခဲ့သည်။ အင်္ဂလိပ်ခေတ်နှင့် လွတ်လပ်ရေးရခါစ ကာလ

၌ ကရင် အမျိုးသားအားလုံးအတွက် သက်စွန့်ကြိုးပမ်းလှုပ်ရှားလာကြသော ကရင်ခေါင်းဆောင်များတို့သည် ကရင်လူမျိုးတို့၏ ဘဝတစ်လျှောက်လုံး မေ့မရသော ကျေးဇူးရှင်ကြီးများပင် ဖြစ်လေသည်။

## ကိုယ်ချင်းစာတရားနှင့် မျိုးချစ်စိတ်

အင်္ဂလိပ်အရင်းရှင်စနစ် ကုန်သည်ကြီးတို့၏ ငွေပင်ငွေရင်း စီးပွားရေး လုပ်ငန်းများကြောင့် မြန်မာတိုင်းရင်းသားတို့၏ စီးပွားရေးအခြေအနေမှာ တဖြည်းဖြည်း ကြပ်တည်းလာလေသည်။ မြန်မာတိုင်းရင်းသားတို့ အများစု စီးပွားရေးသည် ဆန်စပါးသာ ဖြစ်၏။ သို့ရာတွင် လယ်ယာလုပ်ငန်း အကျိုး ခံစားမှုနည်းပါးလျက် အမြတ်အများဆုံး ရသူမှာ အရင်းရှင်စီးပွားရေး လုပ်ငန်းရှင်များသာ ဖြစ်သည်။ နယ်ချဲ့ အင်္ဂလိပ်ခေတ် ဓနရှင်ပေါက်စ ချစ်တီးကုလားများသည် အရင်းရှင်လောက၌ လူကြမ်းကြီးဇာတ်ကောင်များ ဖြစ်ကြသည်။ တောင်သူလယ်သမားတိုင်းသည် ချစ်တီးကုလားများနှင့် နဖူးတွေ့ ဒူးတွေ့ ကြုံခဲ့ရသည်။ လယ်သမားများ အကြွေးမပေးနိုင်၍ လယ်သိမ်းယာသိမ်း၊ ကျွဲ နွားများ ပါမက လယ်သမား၏ သမီးကလေးကို အကြွေးဖြင့် အတင်းအဓမ္မသိမ်းပိုက်၍ ဇလက္ကာရပြုခြင်းအထိ လုပ်ဆောင်လာကြသည်။ ရှိသမျှပစ္စည်းအသိမ်းခံရ၍ ဝမ်းစာမကျန်သော တောင်သူများမှာ အငတ် ပြဿနာနှင့် ရင်ဆိုင်ကြရသည်။ အချို့ဒေသ၌ တောတောင်အရပ်များသို့ ရွှေ့ပြောင်း၍ တောင်ယာလုပ်ငန်းများနှင့်သာ ဆက်လက်၍ အသက်မွေးဝမ်းပြုကြသည်။

ကရင်တောင်သူလယ်သမားများ နေထိုင်ရာ ကျေးလက်ဒေသ တချို့တွင်လည်း ဤကဲ့သို့သော နှိပ်စက်မှုမျိုးကို တွေ့ကြုံနေရသဖြင့် "ဂျီစီဘီအေ" စုံစမ်းရေးကော်မရှင်ကို ကရင်တောင်သူလယ်သမားတစ်ဦးက "ဗုဒ္ဓဘာသာကရင်နှင့် ဗမာတွေကိုသာ အင်္ဂလိပ်အစိုးရက နှိပ်စက်တယ်လို့ထင်နေတာ အခုတော့ ကျုပ်တို့ ခရစ်ယာန်ကရင်လည်း အင်္ဂလိပ်အရင်းရှင်တွေ နှိပ်စက်လို့ တောင်ပေါ်တက်ပြေးရတော့မယ်" ဟူ၍ တင်ပြခဲ့ဖူးသည်။

ထိုခေတ်ကာလအတွင်း တနင်္သာရီတိုင်းနှင့် မွန်ပြည်နယ်၊ ကရင်ပြည်နယ်ဒေသတို့တွင် အရင်းရှင်လက်ဝါးကြီးအုပ် စီးပွားရေးအတွင်းသို့ ဆိုးဆိုးဝါးဝါး မခံစားခဲ့ကြရချေ။ ဤကဲ့သို့သော စီးပွားရေးစနစ်၏ဒဏ်ကို ထိုဒေသရှိ တိုင်းရင်းသားတို့၏ ချောင်ချိမှုနှင့် ကြပ်တည်းမှုကို ပြေလည်အောင်ဖန်တီးပေးနိုင်သော မွန်လူမျိုး သန်းကြွယ် သူဌေးကြီး "ဦးနာအောက်"က ဗိုလ်ကျစိုးမိုးလာသော တိုင်းတစ်ပါး ဓနရှင်တို့ရန်ကို ကာကွယ်ပေးခဲ့ခြင်း ဖြစ်သည်။

ဦးနာအောက်နည်းတူ အမျိုးသားရေးအတွက် အဘက်ဘက်မှ ပါဝင်ဆောင်ရွက်သော ရောဝတီတိုင်း "မနင်းဆီ" ဟူသည့် ကုမ္ပဏီတစ်ခုလည်း ပေါ်ပေါက်လာခဲ့သည်။ အရင်းရှင် စီးပွားရေးစနစ်ကို ယုံကြည်ပြီး တိုက်ခိုက်ခဲ့သူတစ်ဦးအဖြစ် လူသိနည်းလှသည်။ မနင်းဆီ ကုမ္ပဏီပိုင်ရှင်ဖြစ်သူမှာ ဦးလူနီ၏မြေး စောဆစ်ဒနီလူနီ၏ သမီး "ဝင်းဆန်လှဘူး"ပင် ဖြစ်သည်။

## အင်္ဂလိပ်နယ်ချဲ့ ဆန့်ကျင်ရေး

၁၈၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် အောက်မြန်မာနိုင်ငံရှိ ကရင်လူမျိုးတို့ ဒေသများကို အင်္ဂလိပ်နယ်ချဲ့တို့၏ လက်အောက်သို့ အစောဆုံး ကျရောက်ခဲ့သည်။ ကရင်လူမျိုးတို့သည် အင်္ဂလိပ်နှင့် မြန်မာစစ်ပွဲများတွင် မြန်မာတိုင်းရင်းသားများနှင့်အတူ ပါဝင်လက်တွဲ၍ တိုက်ပွဲဝင်ခဲ့ကြသည်။ ကရင်လူမျိုးတို့သည် မိမိတို့ အမိမြန်မာနိုင်ငံအား ကျူးကျော်သူများကို ခုခံတိုက်ခိုက်ရာတွင်လည်းကောင်း၊ မိမိတို့ နယ်မြေ လွတ်လပ်ခြင်းကို ထိန်းသိမ်းကာကွယ်ရာတွင်လည်းကောင်း၊ တိုင်းရင်းသားတို့နှင့် သွေးစည်းညီညွတ်ခဲ့ကြသည်ကို မြန်မာ့သမိုင်း၌ အထင်အရှား ရေးသား ဖော်ပြထားသည်။

၁၈၅၃ ခုနှစ် အင်္ဂလိပ် မြန်မာ ဒုတိယ စစ်ပွဲအပြီး အောက်မြန်မာနိုင်ငံ အင်္ဂလိပ်တို့လက်အောက်သို့ ကျရောက်သွားသည့်ကာလ၌ ရောဝတီမြစ်ဝကျွန်းပေါ်၊ ပဲခူးတိုင်းဒေသနှင့် ကရင်ပြည်နယ် ကော့ကရိတ်ဒေသတစ်ခွင် တို့တွင် အင်္ဂလိပ်အစိုးရကို ဆန့်ကျင်တော်လှန်ခဲ့ကြသည်။

ကရင်အမျိုးသားများ၏ တိုက်ရည်ခိုက်ရည် ကျွမ်းကျင်မှု၊ စစ်ပရိယာယ်ကြွယ်ဝမှု၊ တောတောင်ရေမြေ ကျွမ်းကျင်မှု၊ အိုးပစ်အိမ်ပစ် နေထိုင်ကာ ရဲဝံ့စွာ တော်လှန်ရေး ဆင်နွှဲမှုတို့ကို ဗြိတိသျှတို့၏ မှတ်တမ်းတွင် တွေ့ရှိရသည်။ ထိုကဲ့သို့ တစ်နိုင်ငံလုံးတွင် တော်လှန်ရေး အရှိန်အဟုန် ပြင်းထန်နေစဉ် ၁၈၈၆ ခုနှစ် ဇွန်လ ၃၀ ရက် နေ့တွင် အင်္ဂလိပ်တို့သည် ကရင်အမျိုးသားများကို လက်နက်ချရန် တောင်းဆိုလာကြသည်။ သို့သော် မျိုးချစ်စိတ်ပြင်းထန်လှသော ကရင်လူမျိုးတို့၏ စိတ်ဓာတ်ကို မချိုးနှိမ်နိုင်ခဲ့ပေ။ ဗြိတိသျှတို့၏ အစီရင်ခံစာတစ်ခုတွင် ကရင်အမျိုးသားများတို့သည် သတ္တိပြောင်မြောက်သည့်အပြင် ဗမာလူမျိုးတို့နှင့် ပူးပေါင်းမိပါက ပို၍နှိမ်နင်းရခက်လိမ့်မည်ဟု ဖော်ပြထားသည်။

ယင်းအကြောင်းကြောင့် ဗြိတိသျှအစိုးရတို့သည် ကရင်လူမျိုးတို့ကို ဘာသာရေးအရ လှည့်စား၍ အချို့သပ်ကာ ကရင်လူမျိုးတို့အား အခွင့်အရေးပေးခြင်း၊ နေရာ

ရာထူးပေးခြင်းတို့ကြောင့် ဗမာလူမျိုးတို့နှင့် သဘောထားကွဲလွဲကာ အမုန်းပွားမှုများ ဖြစ်ပေါ်လာခဲ့ကြရသည်။ ဗြိတိသျှအစိုးရသည် ရိုးသား၍သစ္စာရှိသော ကရင်လူမျိုး များကို မိမိတို့အား လိုလားထောက်ခံသည့် လူမျိုးတစ်မျိုးအဖြစ်သို့ ရောက်ရှိစေရန် ကရင်လူမျိုးတို့အား ပုလိပ်တပ်ဖွဲ့ စစ်တပ်ဖွဲ့နှင့် သစ်တောဌာနများတွင် တဖြည်းဖြည်း ထည့်သွင်း၍ လုပ်ကိုင်စေခဲ့သည်။

ဗြိတိသျှတပ်ဖွဲ့ဝင် ကရင်လူမျိုးတို့သည် နေရာအနှံ့ တစ်တိုင်းပြည်လုံးနှင့် နယ်စပ် ဒေသများတွင် ကရင်စစ်သား စစ်ဗိုလ်များ ရှိနေသည်ကို တွေ့ရသည်။ ကရင် လူမျိုးတို့ကို ကျောင်းဆရာ၊ တရားဟောဆရာ၊ ဆေးဆရာဝန်များနှင့် သူနာပြုများ မှာလည်း အင်္ဂလိပ်တို့၏ ပြုစုပျိုးထောင်ပေးမှုကြောင့် တဖြည်းဖြည်း တိုးတက်လာ ကြသည်။

## ဖက်ဆစ်ဂျပန် ဆန့်ကျင်ရေး

ဒုတိယကမ္ဘာစစ် ရောက်ရှိသည့်အချိန်တွင် ကရင်လူမျိုးစုတို့သည် အလွန် အမင်း ဆင်းရဲပင်ပန်းသည့်ကာလကို ဖြတ်သန်းခဲ့ကြရသည်။ ၁၉၄၂ ခုနှစ်တွင် ဂျပန် များ ဝင်ရောက်လာ၍ ဗြိတိသျှတပ်များ ဆုတ်ခွာသည့်အချိန်တွင် ကရင်လက်နက်ကိုင် တပ်သားအတော်များများသည် မိမိ၏ဇာတိမြေကို မစွန့်ခွာနိုင်၍ ကျန်ရစ်ခဲ့ကြသည်။

ဂျပန်ခေတ်တွင် ဘီအိုင်အေ ဗမာ့တပ်မတော်နှင့် ဗြိတိသျှ စစ်တပ်မှ ကျန်ရှိ ကရင် လက်နက်ကိုင် အဖွဲ့တို့အပေါ် နားလည်မှုလွဲမှားကာ ကရင်ဗမာ အဓိကရုန်း ကြီးကြီးကျယ်ကျယ် ဖြစ်ပေါ်လာရသည်။ ဂျပန်ခေတ်တွင် ကရင်လူမျိုးတို့သည် ဂျပန် တို့၏ အနိုင်ကျင့် ညှဉ်းပမ်းခံရခြင်းတို့ကြောင့် ရေးဦးစွာ ဂျပန်ကို အနိုင်ကျင့် ဆန့်ကျင် တော်လှန်ခဲ့ကြသည်။

နောက်ဆုံး ဂျပန်တို့သည် ၁၉၄၅ ခုနှစ် ဩဂုတ်လ (၁၄) ရက်နေ့တွင် လက် နက်ချကြသော်လည်း ကရင်တောင်တန်းဒေသအတွင်း ရောက်ရှိနေသည့် ဂျပန်တပ် များနှင့် ကရင်ပြောက်ကျားများသည် ဆက်လက်၍ တိုက်ပွဲများဖြစ်နေကြသေး၏။ အောက်တိုဘာလ ကုန်စအထိ တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ နောက်ပိုင်းတွင် ဂျပန် တပ်များသည် ကရင်တောင်တန်းဒေသမှ ထွက်ခွာကြကုန်ပြီး တိုက်ပွဲ ရပ်ဆိုင်းသွား တော့သည်။ ဖက်ဆစ်ဂျပန်ကို ဆန့်ကျင် တော်လှန်နိုင်ခဲ့ခြင်းကြောင့် ကရင်များသည် နိုးကြားတက်ကြွလာကြပြီး ကရင်လူမျိုးတို့အတွက် ကိုယ်တိုင်း ကိုယ့်ပြည်နှင့် နေထိုင် လိုသောဆန္ဒများ ပြင်းပြလာကြသည်။

ကရင်စစ်ဗိုလ်စစ်သားများနှင့် ကရင်လူထုအားလုံးတို့သည် လွတ်လပ်သည့်

တိုင်းပြည်တစ်ပြည်ကို ထူထောင်ရန်အတွက် ကြိုးပမ်းလာကြသည်။ ယင်းကြောင့် ဂျပန်တို့ စစ်ရှုံး၍ နောက်ဆုတ်ပြီးတွင် ဗြိတိသျှတို့ ပြန်လည်ဝင်ရောက်လာသည့်အခါ တနင်္သာရီတိုင်းအား ကရင်ပြည်အဖြစ်သတ်မှတ်ပေးရန် တောင်းဆိုလာကြသည်။

ဗြိတိသျှတို့သည် မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးပြီးနောက် ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ကရင်ပြည်သူများ ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်ရန်အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိသည့် ကရင်ပြည်ရရှိရေးကို ဖဆပလ အစိုးရထံ တင်ပြတောင်းဆိုခဲ့ကြပြန်သည်။ ကရင်ပြည်ကို လိုလားကြသော ကရင်လူမျိုးတို့၏ ဆန္ဒ ထင်ရှားပေါ်လွင်စေရန်အတွက် "ကေအင်ယူ" ကရင် အမျိုးသား အစည်းအရုံးက ဦးဆောင်၍ မြန်မာပြည် အနှံ့အပြားရှိ ကရင်လူထုကို လှုံ့ဆော်ကာ ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်နေ့တွင် ကရင်ပြည်နယ်ရရှိရန်အတွက် ဆန္ဒဖော်ထုတ်ပွဲကို ပြုလုပ်ကြလေသည်။

ကရင်လူမျိုးတို့၏ လိုလားချက်မှာ တန်းတူညီမျှရေးနှင့် တရာမျှတမှု အတွက် ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့်ရရှိသော ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရလိုသည့် ဆန္ဒဖြင့် မိမိတို့ကိုယ်ကျိုးကိုစွန့်၍ ကရင်ပြည်လွတ်လပ်ရေးအတွက် မိမိတို့၏ ဘဝကို မြှုပ်နှံကြပြီး လက်နက်ကိုင်တော်လှန်ရေးကို ဆင်နွှဲခဲ့ကြသည်။ ယနေ့တိုင် ကရင်ပြည် ရရှိရေးအတွက် ဆက်လက်၍ ကြိုးပမ်းနေကြဆဲပင်ဖြစ်သည်။

## တော်လှန်ရေးကောင်စီခေတ်

၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် တပ်မတော်ခေါင်းဆောင် ဗိုလ်ချုပ်နေဝင်းသည် တိုင်းပြည်တွင် အကြီးအကျယ် ယိုယွင်းပျက်စီးလျက်ရှိသည့် အခြေအနေကို အကြောင်းပြု၍ အစိုးရလက်ထဲမှ နိုင်ငံတော်အာဏာကို သိမ်းယူလိုက်သည်။ ထို့နောက် တပ်မတော် အရာရှိကြီး ၁၇ ဦး ပါဝင်သည့် တော်လှန်ရေးကောင်စီကို ဖွဲ့စည်းလိုက်သည်။ တပ်မတော် အာဏာရချိန်တွင် ပြည်သူပိုင်သိမ်းသင့်သည် ထင်သော လုပ်ငန်းများကို သိမ်းခဲ့လေသည်။

## ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်

၁၉၇၄ ခုနှစ် မတ်လ ၂ ရက်နေ့တွင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီကို ထူထောင်၍ တစ်ပါတီစနစ်ဖြင့် ဆက်လက်ဆင်နွှဲလေသည်။ ပါတီကို ဥက္ကဋ္ဌကြီး ဦးနေဝင်းက ဦးဆောင်၍ နိုင်ငံတော်ကောင်စီကို သမ္မတကြီး ဦးစန်းယုက ခေါင်း

ဆောင်ကာ နိုင်ငံတော်ကို အုပ်ချုပ်ခဲ့သည်။ ဗိုလ်ချုပ်နေဝင်း ဦးဆောင်သော ဆိုရှယ်လစ်စနစ်သည် တံခါးပိတ်ဝါဒကို ကျင့်သုံးပြီး ကိုယ့်အားကိုယ်ကိုး စနစ်ဖြင့် ထူထောင်လေသည်။

တံခါးပိတ်ဝါဒ ကျင့်သုံးမှုစနစ်အောက်တွင် နိုင်ငံခြားကူးသန်းရောင်းဝယ်မှု ကုန်ပစ္စည်း မှန်သမျှကို မှောင်ခိုပစ္စည်းအဖြစ် ဖမ်းဆီးသိမ်းပိုက်ခဲ့သည်။ ထို့ကြောင့် မရှိဆင်းရဲသားနှင့် ဓနရှင်အများစုတို့ မကျေမနပ် ဖြစ်လာခဲ့သည်။ ထိုကာလတွင် ဗိုလ်ချုပ်နေဝင်းက သောင်းကျန်းသူနှိမ်နင်းရေးဟုဆိုကာ ဖြတ်လေးဖြတ် စစ်ဆင်ရေးကို စတင်ကျင့်သုံးခဲ့သည်။ ကရင်တော်လှန်ရေးကို ထောက်ပံ့မှု ရိက္ခာ လက်နက် လူသူ ဖြတ်တောက်နိုင်ရန်အတွက် ကျင့်သုံးခဲ့သောနည်းဖြစ်ပြီး လူ့အခွင့်အရေး ချိုးဖောက်မှု အများအပြား ဖြစ်ပေါ်လာခဲ့သည်။

သူပုန်တွေကို ရိက္ခာဖြတ်တောက်မှုဆိုပြီး နယ်တိုင်းလိုလို စပါးသိမ်းယူပြီး စစ်တပ်အတွင်း လာရောက်ထားရှိရသည်။ ထိုဒေသတစ်ဝိုက်ရှိ လူသူတို့ အင်တော်အေး ပြဿနာများနှင့် ရင်ဆိုင်ခဲ့ရသည်။ အာဏာရှင်စနစ်အောက်ရှိ လယ်သမား၊ ယာသမားတို့သည် ကုန်းရုန်းလုပ်ကိုင်ခဲ့ကြသော်လည်း လုပ်သမျှခံစားရခြင်းမရှိဘဲ အာဏာရှင်တို့အတွက် လုပ်ပေးနေခြင်းသာဖြစ်သည်။ ယင်းကြောင့် ပင်ပင်ပန်းပန်း လုပ်ရသော်လည်း ဝဝလင်လင် မစားကြရပေ။ စစ်အာဏာရှင်တို့၏ နည်းမျိုးစုံ ဖိနှိပ်သွေးစုပ် ခြယ်လှယ်ခြင်းကို ခံခဲ့ရသည်။

အာဏာရှင်တို့၏ စစ်တပ်များက တောသူတောင်သား အရပ်သားပြည်သူများကို ထင်လျှင်ထင်သလို သတ်ဖြတ်နေကြခြင်း၊ လူမဆန်စွာ ရက်စက်မှုများနှင့် အမျိုးသမီးများ အပေါ်တွင်လည်း မုဒိန်းမှုအပါအဝင် လိင်ပိုင်းဆိုင်ရာများ စော်ကားကျူးလွန်နေကြခြင်းကို စစ်တပ်ခေါင်းဆောင်များက အရေးမယူခဲ့ဘဲ လွတ်လပ်စွာ ရမ်းကားခွင့် ပြုထားကြသည်။ ၂၅ ကျပ် ၃၅ ကျပ် ၇၅ ကျပ်တန်တွေကို တရားမဝင် ဖျက်သိမ်းကြောင်း ကြေညာလိုက်သောအခါ ပြည်သူလူထုများမှာ ဆင်းရဲမွဲတေလာကြပြီး အစိုးရကို အလွန်အမင်း မကျေမနပ်ဖြစ်လာခဲ့ကြသည်။

၁၉၈၈ ခုနှစ် စက်တင်ဘာလ ၈ ရက်တွင် လူထုအုံကြွမှုကြီးဖြစ်လာရာ စစ်တပ်က ဖြိုခွင်းချေမှုန်းခဲ့ပြီး လူထောင်ပေါင်းများစွာ သေကြေဒဏ်ရာရခဲ့ကြသည်။ ၁၉၉၀ ခုနှစ်တွင် ရွေးကောက်ပွဲ ကျင်းပပေးသည့်အခါ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အပြတ်အသတ် အနိုင်ရရှိခဲ့သော်လည်း စစ်အစိုးရက အာဏာ မလွှဲပေးခဲ့ပေ။ ၁၉၉၂ ခုနှစ် ဗိုလ်ချုပ်ကြီးသန်းရွှေက ဆက်လက်ဦးဆောင်ပြီး ၁၉၉၇ ခုနှစ်တွင် နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကို ဖွဲ့၍ ဆက်လက်ဦးဆောင်ခဲ့သည်။

# အာဏာရှင်ဆိုသည့် မူဝါဒ

စစ်အာဏာရှင်လက်ထက် တစ်လျှောက်တွင် ၁၉၇၄ ခုနှစ်က ကျောင်းသား အလုပ်သမား ဆန္ဒပြပွဲ၊ မှိုင်းရာပြည့် အရေးအခင်း၊ ဦးသန့်စျာပန အရေးအခင်း၊ ရှစ်လေးလုံး ကျောင်းသားအရေးအခင်းနှင့် ရွှေဝါရောင်သပိတ်အရေးအခင်းများ ပေါ်ပေါက်လာခဲ့သည်။

ထိုအရေးအခင်း ဆန္ဒပြသူတွေကို အသေအကြေ ချေမှုန်း ဖြိုခွဲသည့်သူများမှာ စစ်အာဏာရှင်သာ ဖြစ်သည်။ အာဏာရှင်ဆိုသည်မှာ လူကို ပို၍ပျက်စီးပြောင်းလဲစေတတ်ကြောင်း စာရေးဆရာတို့က ရေးသားဖော်ပြကြသည်။ အာဏာရှိသူတို့သည် အာဏာကို စွန့်ရမည်ကို အလွန်ကြောက်ကြသည်။ အာဏာအတွက်ဆိုလျှင် တစ်ပြည်လုံးကို သတ်ဖြတ်ရမည်ကိုလည်း ဝန်မလေးပေ။ အာဏာအတွက် ဉာဏ်နီဉာဏ်နက်များလည်း သူတို့ ဦးနှောက်ထဲက အမြဲတမ်း ပေါ်ထွက်လာသည်။ အာဏာအတွက် အသက်နှင့် လဲနိုင်၏။ အာဏာသည်သာ သူတို့အသက် သူတို့ဘဝ သူတို့ စည်းစိမ်ချမ်းသာများ ဖြစ်သည်။

ဧကရာဇ် ရာဇဝင်ထဲက အာဏာရှင်ဘုရင်တို့သည်လည်း သူ့အာဏာကို ထိပါးလာမည်ဆိုလျှင် သားကိုလည်းကောင်း၊ မယားကိုလည်းကောင်း၊ ဖခင်ကိုလည်းကောင်း၊ ညီအစ်ကိုအရင်းကိုလည်းကောင်း သတ်ဖြတ်ခဲ့ကြသည်။ ရှေးရာဇဝင်သည်သာမက ယနေ့ လက်ရှိ အာဏာရှင်စနစ်အောက်မှာလည်း အာဏာရှင် အချင်းချင်းသော်လည်းကောင်း၊ ပြည်သူလူထုကိုသော်လည်းကောင်း အသက်ဆုံးရှုံးခဲ့ရသည့် ဖြစ်ရပ်များက တုန်လှုပ်ချောက်ချားဖွယ်များ ရှိနေဆဲပင်။

အာဏာရှင်ဝါဒသမားများသည် လူထုတွင် မိမိတစ်ဦးတည်းကသာ ပို၍ မြင့်မြတ်ရမည်။ မိမိမှတစ်ပါး ကျန်သူများသည် မိမိ၏ကျေးကျွန်များသာ ဖြစ်စေရမည်။ မိမိအမိန့် သြဇာပေးသမျှ နာခံရမည်။ မိမိတို့ မကြိုက် မနှစ်သက်လျှင် ထိုသူကို အပြစ်အမျိုးမျိုးပေး၍ သတ်ဖြတ်ညှဉ်းဆဲလေ့ရှိသည်။ အာဏာရှင်တို့၏ အုပ်ချုပ်ခံ တိုင်းပြည်အသီးသီးတို့သည် မတိုးတက်နိုင်သည့်အပြင် ပြည်သူလူထုတို့၏ အကြီးအကျယ် ဒုက္ခ အန္တရာယ်နှင့် ဒုက္ခရောက်ရလေသည်။ ဤသည်မှာ အာဏာရှင်ဝါဒစနစ်ဆိုးပင် ဖြစ်သည်ဟု ရေးသားဖော်ပြထားလေသည်။

# လူသားနှင့် ယုံကြည်ကိုးကွယ်မှု

လူ့သမိုင်း၏ နောက်ခံကာလသည် ကြမ်းတမ်းခက်ထန်သော ဘဝခရီးကို အမျိုးမျိုးအဖုံဖုံ ဖြတ်သန်းခဲ့ကြရသည်။ လူသားသည် သမိုင်းတစ်လျှောက် ဖြစ်ပေါ်နေသော ဘေးအန္တရာယ်အမျိုးမျိုးနှင့် ရင်ဆိုင်နေရ၏။ ထိုဘေးအန္တရာယ်အမျိုးမျိုးနှင့် ခြိမ်းခြောက်ခံရသော ရှေးဦးလူတို့သည် ကိုးကွယ်ရာအမျိုးမျိုးကို ရှာကြံခဲ့ကြသည်။ သဘာဝ ဘေးအန္တရာယ်ကြောင့် ကြောက်ရွံ့ခြင်း၊ ထိတ်လန့်ခြင်းများ ဖြစ်ကြသည်။ သူတို့ ဒုက္ခတွင်းရောက်အောင် ပြုလုပ်သူတို့မှာ နတ်ဆိုးများဖြစ်သည်ဟု စွဲမှတ်ယူဆကြသည်။ မြေငလျင်ဘေး၊ ရေဘေး၊ လေဘေး၊ ရောဂါဘယဘေး၊ ထိုကဲ့သို့သော ဘေးဥပါဒ်များ ဆိုက်ရောက်လာပြီး လူပေါင်း အမြောက်အမြား သေကြေဆုံးပါးသွားသည့်အခါမျိုး၌ သူတို့သည် အလွန်အမင်းကြောက်ရွံ့ထိတ်လန့်သွားကြပြီးလျှင် နတ်ဆိုးများ တန်ခိုးအစွမ်းဖြင့် ပြုစားသည်ဟု ထင်မှတ်ယူဆကြသည်။

ရှေးလူသားတို့သည် ဤအတွေး ဤအသိဉာဏ်ဖြင့် သဘာဝတရား ဘေးရန်မှ လွတ်ကင်းစေရန် အယူအဆအမျိုးမျိုးနှင့် ယုံကြည်မှုအမျိုးမျိုး ဖြစ်ပေါ်လာခဲ့သည်။ ဤသို့ပြုလုပ်ရခြင်း ရည်ရွယ်ချက်မှာ လူသားတို့သည် မိမိတို့မျိုးရိုးဘဝ အသက်ရှင်သန်ရပ်တည်နိုင်ရေးအတွက်နှင့် ဘဝလုံခြုံမှုအတွက် ပြုလုပ်လာခဲ့ခြင်းဖြစ်သည်။ ရှေးလူတို့၏ ယုံကြည်မှု ကိုးကွယ်မှုဖြစ်ပေါ်လာရခြင်းသည် အလိုဆန္ဒ ပြည့်စုံစေခြင်းနှင့် မလိုလားအပ်သော ဘေးအန္တ ရာယ်များ မဖြစ်စေရန်၊ မကျရောက်စေရန် ကာကွယ်သောအနေဖြင့် တွေးခေါ်ကြံဆမှု အသိဉာဏ်အရ ဖြစ်ပေါ်လာသော စိတ်၏ ဖြေဖျောက်ရာ နည်းလမ်းတစ်ခုပင် ဖြစ်သည်။

# ဝိညာဉ်ရှိမှုကို ယုံကြည်လာခြင်း

ရှေးလူသားတို့၏ ယုံကြည်ကိုးကွယ်မှုမှတစ်ဆင့် ရှေ့သို့တိုး၍ လူ့ဘဝ ဖြစ်စဉ် ဖြစ်ရပ်ကိုလည်း တွေးခေါ်စဉ်းစား ဝေဖန်လာခဲ့ကြပြန်သည်။ ထိုသို့ လူသားတို့၏ အတိတ်ကာလကိုလည်း မည်သို့မည်ပုံ ဘဝမျိုးရှိခဲ့သည်ကိုလည်း တွေးခေါ်လာခဲ့ကြပြီး ပစ္စုပ္ပန်ကာလ၌ လူသားတို့၏ ဘဝသည် သေလွန်သည့် နောက်ဘဝ အနာဂတ်တွင် မည်သို့မည်ပုံ ဖြစ်သွားသည်ကိုလည်း တွေးခေါ်လာကြပြန်သည်။ ဤသို့ စဉ်းစားကြရာမှာ လူ၏ခန္ဓာကိုယ်တွင်း အသိဉာဏ်ရှိမှု တစ်ခုကို အခြေခံ၍ ပိုင်းခြားသုံးသပ်လာကြပြန်သည်။ ထိုခန္ဓာကိုယ်အတွင်းရှိ သိမှုအရာကို ဝိညာဉ်ကောင်အဖြစ် အဖြေထုတ်၍ သတ်မှတ်လာခဲ့ကြသည်။

ရှေးလူတို့၏ တွေးခေါ်မှု၊ ယူဆမှုမှာ လူသားဘဝသည် ဝိညာဉ်လောကမှ လာပြီး သေသည်၏ အခြားမဲ့၌ ဝိညာဉ်လောကသို့ ပြန်ရောက်ရှိသွားကြသည့် အယူအဆကို ယုံကြည်လက်ခံလာကြသည်။ ဝိညာဉ်သည် လူ၏ခန္ဓာကိုယ်တွင်း ကိန်းအောင်းနေသည်ဟု ယူဆကြသည်။ ဤဘဝမှ ရုပ်ခန္ဓာပျက်စီးသွားသော်လည်း ထိုဝိညာဉ်သည် နောက်ဘဝတွင် ဆက်လက်ရပ်တည်လျက်ရှိနေသောကြောင့် ထိုဝိညာဉ်သည် နောက်ဘဝတွင် ချမ်းသာစွာ နေနိုင်ရေးအတွက် သေသူ၏ ပိုင်ဆိုင်မှု အသုံးအဆောင် ပစ္စည်းများကို ထည့်ပေးသော အယူအဆများ လက်ခံ ကျင့်သုံးလာခဲ့ကြသည်။

# သေသည်၏အခြားမဲ့နှင့် ဝိညာဉ်ရှုထောင့် အယူအဆများ

ရှေးလူတို့၏ တွေးခေါ်ယူဆမှုအရ ခန္ဓာကိုယ်အတွင်းရှိ ဝိညာဉ်ကောင်သည် အဆင်းကို မြင်၏။ အသံကို ကြား၏။ အရသာကို ခံစားတတ်၏။ စေ့ဆော်တိုက်တွန်း အာရုံကို ကြံစည်တွေးတောတတ်၏။ ထို့ကြောင့် ဇီဝအတ္တခေါ် ဝိညာဉ်သည် ခန္ဓာငါးပါးကို ဦးဆောင်နေ၏။ ထို့အပြင် ဇီဝအတ္တ ဝိညာဉ်သည် မရဏ သေခြင်းမရှိ၊ အစဉ်အမြဲ တည်ရှိ၏။ ခန္ဓာအိမ်တစ်ခု ပျက်စီးသွားလျှင် ခန္ဓာအိမ် အသစ်တစ်ခုသို့ ကူးပြောင်း၍ တည်၏။ မြွေသည် အရေခွံဟောင်းကိုစွန့်၍ အရေခွံသစ်ကို ရယူသကဲ့သို့ ယူဆကြသည်။ ဤအယူအဆဖြင့် ရှေးပဝေသဏီမှစ၍ ယနေ့အထိ များစွာသော ကမ္ဘာသူ ကမ္ဘာသားတို့သည် ဝိညာဉ်ဘဝကို ယုံကြည်ကြ၏။ ဝိညာဉ်ဘဝသည် မည်သို့သောဘဝမျိုးဖြစ်သည်ဟူ၍ ခံယူရာ၌ ကွဲပြားခြားနားလျက်ရှိသည်။

သေသည်၏အခြားမဲ့၌ အချည်းနှီး မဖြစ်ဘဲ ဝိညာဉ်ဘဝသစ်တစ်ခုသို့ ရောက်ရှိသွားသည်ဟု ကမ္ဘာသူ ကမ္ဘာသားအများအပြားက လက်ခံယုံကြည်ကြသည်။ သေသည်၏ အခြားမဲ့သဘော ယုံကြည်ချက် အမျိုးမျိုးရှိ၏။ အချို့က လူသေလျှင် ငရဲပြည်၊ နတ်ပြည်၊ ပြဟ္မာဘုံ၊ ကောင်းကင်ဘုံ စသော ဘုံဌာနတစ်ခုခုသို့ ရောက်ရှိသွားသည်ဟု ဘာသာရေးရှုထောင့်က ယူဆကြ၏။ အချို့လူများမှာ သေပြီးနောက် လူပြန်ဖြစ်သည်။ အချို့မှာ တိရစ္ဆာန်ဘဝသို့ ရောက်ရှိသွားသည်ဆို၏။ လူသေလျှင် ဝိညာဉ်သာ ကျန်ရှိ၍ ကျွန်ုပ်တို့ မမြင်နိုင်သော လောက(ဝါ) ဘုံဘဝတစ်ခု၌ သွားလာ ကျင်လည်နေသည်ဟူ၍လည်း အချို့က ယုံကြည်ကြသည်။ သေသည်၏ အခြားမဲ့ဘဝ အယူအဆ ယုံကြည်မှုသည် ရှေးပဝေသဏီမှ စ၍ ယနေ့အထိ ကမ္ဘာ့လူဦးရေ၏ အကြီးမားဆုံး အစိတ်အပိုင်းက လက်ခံသောအယူဖြစ်ခြင်းကို သံသယရှိရန် မလိုချေ။

# ဝိညာဉ်ခန္ဓာနှင့် ဝိညာဉ်ဘဝ

ဝိညာဉ်ပြဿနာကို စူးစမ်းလေ့လာရာ၌ စိတ်ဝိညာဉ်သုတေသီ ဆရာတို့၏ သုတေသနပြုချက်အရ ဝိညာဉ်သည် လူ့ခန္ဓာကိုယ်မှ လွတ်ခွာသွားသည်ဆိုသော အကြောင်းများကို ရှင်းလင်းတင်ပြရာတွင် ခန္ဓာကိုယ်နှင့် ဝိညာဉ် တစ်ခြားစီ ဖြစ်သွားသည်ဆိုရာ၌ သတိမေ့မျောနေသော လူနာများ သတိလစ်နေခိုက်တွင် ဝိညာဉ် ခွာထွက်ခြင်း(သို့မဟုတ်) ဝိညာဉ်လွင့်သွားသည်ဟု ယူဆကြသည်။

ထိုအယူအဆတွင် တချို့က ပြန်လည်ပြောပြကြရာ၌ ၎င်းခန္ဓာကိုယ်သည် မြူခိုး၊ တိမ်လုံး အငွေ့စွမ်းအင်စု တစ်ခုခုနှင့် ဆင်တူသည်။ ခြေ လက် ဦးခေါင်း စသည်ဖြင့် လူကဲ့သို့ပင် ပုံသဏ္ဌာန်ရှိသည်။ အလေ့အကျင့်ရလာသောအခါ ၎င်းခန္ဓာကိုယ်ဖြင့် ရွေ့လျားရသည်မှာ အလွန်လွယ်ကူ လျင်မြန်သည်။ တစ်နေရာမှ တစ်နေရာသို့ တမုဟုတ်ချင်း ရောက်အောင် ကူးသန်းသွားနိုင်သည်ဟု ဆိုသည်။ ဝိညာဉ်ဘဝ၌ ကြားခြင်းသည် အသံကြောင့် ဖြစ်ပေါ်လာသည်မဟုတ်၊ ပုဂ္ဂိုလ်အသီးသီး ပြောဆိုရန် ကြံစည်သော စိတ်ကူးများကို သိနေခြင်းဖြစ်သည်။ သူတို့ ကြားရမြင်ရသမျှ အချက်အလက်များကို ပြန်ပြောပြ၍ မှန်ကန်နေကြောင်း တွေ့ရသည်ဟု ဆိုသည်။

ဝိညာဉ်ဘဝသို့ တစ်ခဏရောက်ရှိသူတို့သည် မိမိတို့၏ မမေ့နိုင်သော တွေ့ကြုံ ခံစားမှုများဖြစ်သည်။ သူတို့ မေ့မျောနေရာမှ ပြန်လည်သတိရလာသောအခါ တမလွန်လောက၏ သာယာလှပမှုသည် သူတို့၏ မနောဝိညာဉ်၌ အမှတ်ထင်ထင် စွဲမြဲ ကျန်ရှိ၍ ထိုပျော်မွေ့ဖွယ်ကောင်းသော နေရာသို့ ပြန်သွားလိုကြသည်ဟု ဆိုသည်။

# ရှေးဂရိပညာရှင်တို့၏ ဝိညာဉ်ယူဆမှု

ပိုင်သာဂိုးရပ်၊ ဆိုကရေးတီး၊ ပလေတို စသည့် ဂရိတွေးခေါ်ပညာရှင်ကြီးများသည် တမလွန်ဘဝရှိသည်ကို ယုံကြည်ကြ၏။ လူသေသော်လည်း ဝိညာဉ်မသေဟု ကြွေးကြော်ခဲ့ကြ၏။ ရုပ်လောကမှတစ်ပါး အခြားလောကများရှိသေးသည်ဟု သူတို့ ယုံကြည် ကြသည်။ ရုပ်လောကအကြောင်းကို တစ်ခြားတစ်ပါးသော လောက၏ ရှုထောင့်မှသာ ကောင်းစွာ နားလည်နိုင်သည်ဟု ယူဆ၏။

သူတို့၏ အဆိုအားဖြင့် ကိုယ်ခန္ဓာသည် စိတ်ဝိညာဉ် ခိုနားရာ၊ ယာယီ ရုပ်ဝတ္ထုဖြစ်၍ ရုပ်ဝတ္ထုပျက်စီးပြီးသည့်နောက် ဝိညာဉ် မည်သို့ဖြစ်သွားသည်ကို သူတို့ စိတ်ဝင်စားကြ၏။ သေခြင်းသည် ဝိညာဉ်နှင့်ကိုယ်ခန္ဓာ ကွဲကွာသွားခြင်း ဖြစ်သည်ဟု

ဆို၏။ ဝိညာဉ်မှာ ကိုယ်ခန္ဓာနှင့်မတူဘဲ လွတ်လပ်စွာ သွားလာနိုင်၏။ အချိန် ကာလသည် ဝိညာဉ်လောက၌ အရေး မပါလှချေ။ တမလွန်လောကသို့ ကူးပြောင်းရာ၌ ကွယ်လွန်သူဝိညာဉ်တို့က ဆီးကြိုအားပေး၏။ သေသူသည် တမလွန်ဘဝသို့ ရောက်သောအခါ လေ့တစ်စင်းဖြင့် ရေပြင်ကိုဖြတ်ကျော်၍ တမလွန်လောက၏ နယ်နိမိတ်ကမ်းခြေသို့ လိုက်ပါသွားကြရသည် ဟု ဆိုသည်။

ရှေးဂရိပညာရှင်ကြီးတို့၏ တမလွန်အယူအဆအရ ဝိညာဉ်တို့သည် လူတို့၏ နား မျက်စိ စသည်တို့နှင့် ထိတွေ့သိရှိရန် ခက်သည်။ ထိတွေ့သိရှိသည့်တိုင်း လူများ နားလည်အောင် ပြောပြရန် ဝေါဟာရစကားများ မရှိပါ။ သူတို့၏ အဆိုအားဖြင့် ရုပ်ခန္ဓာသည် ဝိညာဉ်၏ အကျဉ်းထောင်ဖြစ်၍ သေခြင်းသည် ဝိညာဉ်၏ လွတ်မြောက်ခြင်းဖြစ်သည်ဟု ရှေးဂရိပညာရှင်တို့က ယူဆကြသည်။

## တိဘက်ရှေးဟောင်း ဝိညာဉ်ကျမ်း

ဤကျမ်းစာသည် ရှေး တိဘက်ပညာရှင် ဆရာအစဉ်အဆက်က ဟောပြောချက်များကို စုပေါင်းထားသော သေသူဝိညာဉ်စာအုပ်ဖြစ်သည်။ ထိုစာအုပ်တွင် လူတို့သေဆုံး ကြသောအခါ ဝိညာဉ်ကူးပြောင်းသွားရမည့် အဆင့်မျိုးမျိုးကို ရှင်းလင်းဖော်ပြထားသည်။ ဤစာအုပ်တွင် ရေးသားထားချက်အရ သေသွားသောသူ ဖြတ်သန်းရမည့် ခရီးအဆင့်ဆင့်ကို စေ့ငှ သေချာစွာ ပြဆိုထားသည်။ ဝိညာဉ်သည် ခန္ဓာကိုယ်မှ ဖယ်ခွာပြီးလျှင် လဟာပြင်ထဲသို့ ရောက်ရှိသွားသည်ကို သိမြင်၏။

ထိုအခါ ကြောက်မက်ဖွယ်ရာ ထစ်ချုန်းသံ မြည်ဟည်းသံများကို ကြားရ၍ မိမိနှင့် ပတ်ဝန်းကျင်ရှိ အလင်းရောင်က မှိုင်းမှိုင်းမှုန်မှုန် လွှမ်းခြုံထားသည်ကို တွေ့ရ၏။ သူ၏ ခန္ဓာကိုယ် ပြင်ပ၌ သူ တည်ရှိနေသည်ကို မြင်တွေ့ရသည့်အတွက်ကြောင့် သူ အံ့အားသင့်နေ၏။ သူ၏ဆွေမျိုးသားချင်းများက သူ့ခန္ဓာဟောင်းကို ဝန်းရံ၍ ငိုကြွေးနေကြသည်ကိုလည်း သူကြားမြင်နေရ၏။ မိမိအလောင်း စျာပနကိစ္စအတွက် ပြင်ဆင်နေကြသည်ကိုလည်း သူတွေ့မြင်ရသည်။

သို့ရာတွင် မိမိကို ထိုသူတို့ မြင်တွေ့အောင် သူ့စကားကို ကြားအောင် သူအားထုတ်သောအခါ ထိုသူတို့သည် သူတို့လည်း မမြင်ကြရ၊ သူ့စကားကိုလည်း မကြားကြချေ။ ထို့ကြောင့် သူ့ ဆွေမျိုးများနှင့် သူ ဆက်သွယ်၍ မရတော့။ သူသေပြီဖြစ်ကြောင်း၊ ဘဝချင်း ခြားသွားလေပြီဟု သိရသောအခါ ဘယ်သွားရမည် ဘာလုပ်ရမည်မသိသဖြင့် စိတ်ဓာတ်ကျသွား၏။

မိမိတွင် ခန္ဓာသစ်ရှိသည်ကို သူသိရှိလာ၏။ ထိုခန္ဓာသည် ရုပ်ဝတ္ထုမဟုတ်

ဘဲ တောက်ပသော ခန္ဓာဖြစ်သည်ဟု တိဘက်ပညာရှင်တို့က ဆိုကြ၏။ ထို့ကြောင့် ဝိညာဉ်၏အစွမ်းသည် နံရံ ကျောက်ဆောင်နှင့် တောင်များကိုပင် ဖြတ်သွားနိုင်၏။ ခရီးသွားလာမှုမှာ လျှပ်တစ်ပြက်အတွင်းပြီးသော ကိစ္စဖြစ်၏။ သူသွားလိုသော နေရာသို့ တစ်ခဏအတွင်းရောက်သွားနိုင်၏။ သူ၏စိတ်မှာ အထူးကြည်လင်၏။ အာရုံခံအင်္ဂါများ အလွန်ထက်မြက်နေသည်။ အခြား ဘုံသားများတွင်လည်း သူကဲ့သို့ပင် ရုပ်ထူး ရှိသည်ကို တွေ့မြင်ရ၏။ ဤသို့ တိဘက် ရှေးဟောင်းကျမ်းစာပေ၌ သေသူ့ဝိညာဉ်တွေ့ကြုံရမှုများကို ရေးသားဖော်ပြထားသည်။

# ရှေးအီဂျစ်လူမျိုးနှင့် ဝိညာဉ်ယုံကြည်မှု

သေသည့်၏ အခြားမဲ့၌ ဝိညာဉ်ဘဝ တစ်ဖန် ဖြစ်ပေါ်လာမှုကို ရှေးအီဂျစ်လူမျိုးတို့က ယုံကြည်ကြ၏။ အီဂျစ်တို့သည် သေပြီးနောက် အသစ်တစ်ဖန် ရှင်သန်ထမြောက်သည်ဟူသော ယုံကြည်မှုကြောင့် လူသေ၏အလောင်းကို "ပိရမစ်"ကျောက်ဂူ အတွင်း၌ ဆေးရည်စိမ်၍ ထားခဲ့ကြ၏။ အီဂျစ်မင်းဆက်များသည် ပိရမစ်အတွင်း၌သာ မြှုပ်နှံရိုး ထုံးစံရှိသဖြင့် မသေခင်က ပိရမစ်ကျောက်ဂူကြီးများကို တည်ဆောက်ကြသည်။

ဘုရင်၏ကျောက်ဂူကြီး ပတ်ပတ်လည်ရှိ ကျောက်ဂူလေးများသည် ဘုရင်၏ အမျိုးအနွယ်နှင့် ထင်ရှားသော မှူးမတ်ကြီးများ၏ ဂူများဖြစ်သည်။ အီဂျစ်တို့သည် သေလွန်သူများကို ဝိညာဉ်ဘဝ၌ သုံးစွဲနိုင်ရန်အတွက် မိမိအသုံးအဆောင်ပစ္စည်းများကိုပါ ကျောက်ဂူကြီးအတွင်း၌ ထည့်ပေးလေ့ရှိသည်။ အီဂျစ်ဘုရင် "ဖာရို"တစ်ပါး နတ်ရွာစံပါက အစေခံအချို့ကိုသတ်၍ နောက်ဘဝတွင် ဘုရင့်အစေခံအဖြစ် ကျောက်ဂူတွင် မြှုပ်နှံထားလေ့ရှိသည်။ သေသူ၏ ဆွေတော်မျိုးတော်များက စားဖွယ် သောက်ဖွယ်များကို နေ့တိုင်းလာ၍ ဆက်ကပ်လေသည်။ ရှေးအီဂျစ်တို့သည် နတ်ဘုရားဝိညာဉ်အပြင် ကွယ်လွန်သူ ဘိုးဘွားမိဘတို့၏ ဝိညာဉ်ကိုပါ ကိုးကွယ်ကြသည်။

# အနောက်နိုင်ငံနှင့် တမလွန်ဘဝယုံကြည်မှု

အနောက်နိုင်ငံများ၌ လူသေလျှင်ဘဝ ပြတ်မသွားဘဲ အတ္တဝိညာဉ်အဖြစ်ဖြင့် တမလွန်လောက၌ သွားလာကျင်လည်နေသည်ဟု ယုံကြည်သောသူ အမြောက်အမြား ရှိ၏။ သူတို့၏ ယုံကြည်ချက်အားထားရာပုဂ္ဂိုလ်မှာ နတ်ဝင်သည်ဖြစ်ကြ၏။

နတ်ဝင်သည် ဘဝင်ကျနေစဉ် တမလွန်လောကမှ ဝိညာဉ်တစ်ခုကို ဓာတ်စီး

၍ သူတို့သိလိုသော အချက်အလက်များကို ဓာတ်စီးမှတစ်ဆင့် သေသူဝိညာဉ်နှင့် ဆက်သွယ်ကြ၏။ အနောက်တိုင်းသို့ ဝိညာဉ်လောက ပြဿနာ စူးစမ်းလေ့လာရာ၌ သုတေသီတို့သည် ထူးဆန်းအံ့ဖွယ်ရာ အဖြစ်အပျက်များကို ကြုံတွေ့ရ၏။ ပရဝိညာဉ်သည် အလွန်နက်နဲ ဆန်းကြယ်သည်။ မမျှော်လင့်ဘဲ ရုတ်တရက် ကိုယ်ထင်ပြခြင်း၊ နတ်ဝင်သည်ကို ရုတ်တရက် ဓာတ်စီးခြင်း၊ သက်ရှိလူသားတို့အား သတင်းပေးမှုများ ရှိကြသည်ဟု ဆိုကြသည်။

ယခုခေတ်၌ ထို ပရဝိညာဉ်စွမ်းအားရှိသော ပုဂ္ဂိုလ်များအား လေ့လာတွေ့ရှိချက်များကို စိတ်ဝိညာဉ် သုတေသန မှတ်တမ်းများ၌ ပရဝိညာဉ်အစွမ်းဖြင့် ပြသနိုင်သော အံ့သြဖွယ်ရာများမှာ သူတစ်ပါးစိတ်ကိုသိခြင်း၊ အတိတ်နှင့်အနာဂတ်ကို သိမြင်ခြင်း၊ သက်မဲ့ဝတ္ထုပစ္စည်းများကို အလိုလိုရွေ့လျားစေခြင်း စသည်ဖြင့် ထူးထွေများပြားလှသော ဖြစ်ရပ်များကို မှတ်တမ်းတင် ရေးသားဖော်ပြထားသည်။

# အီမာညူယယ် ဆွီဒင်ဗော့၏ ဝိညာဉ်လေ့လာတင်ပြချက်

ဆွီဒင်နိုင်ငံသားဖြစ်သူ "အီမာညူယယ် ဆွီဒင်ဗော့"သည် ပလေတိုကဲ့သို့ပင် ကမ္ဘာ့အတွေးအခေါ် သမိုင်း၌ ထင်ရှားသော ပညာရှင်ဖြစ်၏။ ဆွီဒင်ဗော့သည် ဝိညာဉ်လောကနှင့် ဆက်သွယ်နိုင်စွမ်းရှိ၏။ တမလွန်လောကနှင့် ဆက်သွယ်ရာမှ ရရှိသော သူ၏အတွေ့အကြုံများအကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် ရေးသားခဲ့၏။ သူ၏ ရေးသားတင်ပြချက်၌ သေသူ၏ ဝိညာဉ်သည် အမှတ်သညာ အတွေးအခေါ် နှင့် အသိအမြင် ပိုမိုအားကောင်း၏။ အချိန်ကာလနှင့် နေရာဌာနသည် လူ့ပြည်မှာကဲ့သို့ သူ့အား တားဆီးချုပ်ချယ်ထားခြင်း မရှိတော့ချေ။

သေသူသည် တမလွန်လောက၌ လူ့ပြည်မှကွယ်လွန်သွားသော ဆွေမျိုးသားချင်းများနှင့် အသိမိတ်ဆွေများကို တွေ့ရ၏။ တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ရာ၌ လူသားကဲ့သို့ စကားမပြောဘဲ စိတ်ဖြင့် ဆက်သွယ်ကြ၏။ တစ်ဦး ပြောလိုသော အကြောင်းကို တစ်ဦးက စိတ်ဖြင့်သိကြ၏။ ဆွီဒင်ဗော့၏ ဝိညာဉ်လောက အကြောင်း၌ အလွန်တောက်ပသော အလင်းရောင်ကို သေသူတို့က မြင်ခဲ့ရသည်ဟုဆိုသည်။

## ဝိညာဉ်အယူအဆနှင့် ဗရော့၏တင်ပြချက်

ဗြိတိသျှ ဒဿနဗေဒ ပညာရှင် "ဗရော့"၏ ယူဆမှုမှာ ပုဂ္ဂိုလ်တစ်ဦး တစ်ယောက် သေပြီးနောက် ဆက်လက်ရှိနေခြင်းနှင့် တစ်စုံတစ်ခု ကျန်ရှိနေခြင်းကို ကျွန်ုပ်တို့ ခွဲခြားနားလည်ဖို့ အရေးကြီး၏။ သေသောသူ တစ်ဦးတစ်ယောက်၏ နာမ်တရား ဆက်လက်တည်ရှိနေသည်ဟု ယူဆရန်အတွက် အထောက်အထား ဖြစ်သည် ဆိုသော တွေ့ရှိချက်များမှာ နာမ်တရား၏ အစိတ်အပိုင်းတစ်ခုခု ကျန်ရှိနေခြင်းကို သာ ပြသည်ဟု ကျွန်ုပ် ထင်ပါသည်။

လူတစ်ဦးတစ်ယောက် ရုပ်တရား ပျက်စီးသောအခါ မူလ စေတသိက် သည် ချုပ်ငြိမ်းမသွားဘဲ ကာလအတန်ကြာ ဆက်လက်ကျန်ရှိနေသည်ဟု ပါမောက္ခ ဗရော့က တင်ပြထားသည်။

## တစ္ဆေ ဆိုတာ ဝိညာဉ်လား

တမလွန်ဘဝရှိသည်ဆိုသော အယူအဆအတွက် အထောက်အထား တစ်ခုအဖြစ် လူအများ အသိအမှတ်ပြုထားသောအချက်မှာ ရှေးပဝေသဏီမှစ၍ ယနေ့အထိ ကမ္ဘာအရပ်ရပ်၌ တစ္ဆေ ကို ရံဖန်ရံခါ လူတို့တွေ့မြင်ကြရခြင်းဖြစ်၏။

တစ္ဆေ သည် လူအများယူဆသကဲ့သို့ သေသူဝိညာဉ် မဟုတ်သော်လည်း သေသူ တစ်ဦးဦးနှင့် ပတ်သက်သော အရိပ်နိမိတ်သင်္ကေတ ဖြစ်နိုင်သည်ဟု ခံယူကြ သည်။ တစ္ဆေ နှင့် ပတ်သက်သော လူတို့အတွေ့အကြုံများကို ဝိညာဉ်ဘဝ ယုံကြည်မှု အတွက် ခိုင်မာသော အထောက်အထားများအဖြစ် ပြဆိုလေ့ရှိကြသည်။ တစ္ဆေ အကြောင်းကို သေချာစွာ လေ့လာ၍ လူသားတို့၏ ခံယူချက်မှာ တစ္ဆေ ချောက်သည် သေသူ ဝိညာဉ်က ကိုယ်ထင်ပြသည် စသော စကားများမှာ လောက၌ တစ္ဆေ ဟူသော တမလွန်ဝိညာဉ်ဘုံသား မုချရှိသည် ဟု ဆိုလိုရာရောက်သည်။

စိတ်ဝိညာဉ် သုတေသနအသင်း၌ မှတ်တမ်းတင်ထားသော သာဓကများ၌ တစ္ဆေ သည် သေသူဖြစ်နေသည့်တိုင် လက်ရှိသူများကို ချောက်လှန့်ခြင်း မပြုရ။ ၎င်း တို့နှင့် ထိတွေ့၍ မရအပ်၊ ဓာတ်ပုံရိုက်၍ မရအပ်၊ ပြောသောစကားကို အသံဖမ်းယူ၍ မရအပ်၊ ၎င်းသည် ရုတ်တရက် ပေါ်လာ၍ ရုတ်တရက် ပျောက်ကွယ်သွားတတ်၏။ တံခါး အလုံပိတ်ထားသော အခန်းထဲ၌လည်း ပေါ်လာတတ်၏။

တစ္ဆေသည် ပတ်ဝန်းကျင်၌ များစွာ စိတ်ဝင်စားဟန် မရှိ၊ ၎င်း၏ အမူအရာ မှာ မိန်းမောတွေဝေ၍ မှင်သက်နေသော ဟန်အမူအရာမျိုးဖြစ်၏။ ကမ္ဘာအရပ်ရပ်မှ

ရရှိသော သာဓကများ၌ အာရုံထင်သော အရိပ်သင်္ကေန်(ဝါ)တစ္ဆေ သည် များသော အားဖြင့် သေဒဲ့ဆဲဆဲ (သို့) မကြာသေးမီက သေဆုံးပြီးပုဂ္ဂိုလ် ဖြစ်နေတတ်သော ကြောင့်ဖြစ်၏။

ဤလက္ခဏာခြင်းရာကို သတိပြုမိသော သုတေသီတို့သည် လူသေမှုနှင့် တွေ့မြင်ရသော အာရုံတစ္ဆေ ထင်ပေါ်မှုတို့သည် အကြောင်းမဲ့တိုက်ဆိုင်မှု မဖြစ်နိုင်ပါ ဟု ဆိုကြ၏။ ဤအဆိုသည် အမှန်က ပုဂ္ဂိုလ်တစ်ဦး သေခါနီးဆဲဆဲ(သို့မဟုတ်) သေ သည်၏ အခြားမဲ့၌ နာမ်ခန္ဓာတစ်စုံတစ်ခုသော အရာသည် ကျန်ရှိသည်ဟု သုတေသီ တို့က ယူဆကြသည်။

## စဉ်းစားဝေဖန် သုံးသပ်ချက်

လူသတ္တဝါသည် သေပြီးသည့်နောက်၌ ဘဝသစ်တဖန် ပြန်ဖြစ်လာခဲ့ သလော။ တစ်နည်းဆိုသော် ဝိညာဉ်ဘဝဟူ၍ ကျန်ရှိပါသလော (သို့မဟုတ်) သေ သည်နှင့် တစ်ပြိုင်နက် ဘာမျှမဖြစ်တော့ဘဲ ဘဝပြတ်စဲသွားပါသလော။ တစ်နည်း ဆိုပြန်သော် ဝိညာဉ်ဘဝရှိသည်ဟု ဆိုခြင်းမှာ လွဲမှားသော အယူအဆဖြစ်ပါသလော စသည်ဖြင့် ဝိညာဉ်လောက အကြောင်းကို တွေးသူများ တွေးကြ၍ မေးသူများ မေးကြ သလို ပြောပြသူများနှင့် ရေးသားသူများလည်း ရှိကြပါသည်။

ရှေးအဆက်ဆက်ကပင် မမြင်မတွေ့နိုင်သော ဝိညာဉ်လောက အယူအဆ အတွေးအခေါ် ဝင်လာပြီး ယုံကြည်မှုအမျိုးမျိုး၊ ဒဏ္ဍာရီပုံပြင်အမျိုးမျိုး၊ လူ့သမိုင်း တစ်လျှောက်တွင် များစွာပေါ်ပေါက်လာခဲ့ကြ၏။ ရှေးပဝေသဏီမှစ၍ ယနေ့အထိ များစွာသော ကမ္ဘာသူ ကမ္ဘာသားတို့သည် ဝိညာဉ်လောကကို ယုံကြည်ကြသည်။ ဝိညာဉ်လောကသည် မည်သို့သော ဘဝမျိုးဖြစ်သည်ဟူ၍ ခံယူရာ၌ ကွဲပြားခြားနား သော်လည်း သေသည်၏ အခြားမဲ့၌ ဘဝသစ်တစ်ခု ရောက်ရှိသွားသည်ဟု တညီ တညွတ်တည်း ယုံကြည်ကြ၏။

ယခုအခါ ဝိညာဉ်ရှိမရှိ ပြဿနာကို စိတ်မဝင်စားဘဲ(သို့မဟုတ်) တမလွန် ဘဝကို ပြတ်ပြတ်သားသား လက်မခံ မယုံကြည်သောသူများ သိသိသာသာ တိုးပွား လျက်ရှိ၏။ ထိုသို့ အယုံအကြည် မရှိသောသူများ ရှေးကထက် တိုးတက်များပြား လာသည်ရှိသော်လည်း စွဲစွဲမြဲမြဲ လက်ခံယုံကြည်သော သူများကသာ ပို၍ အင်အား ကြီးမားလျက်ရှိကြောင်း သိရသည်။

တမလွန်ဘဝနှင့် ဝိညာဉ်လောက ယုံကြည်မှုသည် သိပ္ပံပညာ မပေါ်ထွန်း သေးသော ရှေးအခါက ကမ္ဘာ့လူသားတို့သည် အတွေးအခေါ်ကို ချုပ်ကိုင် လွှမ်းမိုး

ထားသော ယုံကြည်မှု ဖြစ်၏။ အနောက်တိုင်းနိုင်ငံများ၌ သိပ္ပံပညာ ထွန်းကားလာသောအခါ ထိုအစဉ်အလာ ခံယူချက်ကို စောကြောဝေဖန်သောသူများ ထွက်ပေါ်လာ၍ တမလွန်ဘဝနှင့် ဝိညာဉ်လောက အယူအဆကို မယုံကြည်သူများ ရှိလာခဲ့၏။

သိပ္ပံပညာရှင်တို့သည် သိပ္ပံပညာဖြင့် လုံးဝ လေ့လာ၍ မရအပ်သော စိတ်ဝိညာဉ်၏ ပြောင်းလဲမှုအမျိုးမျိုးနှင့် စိတ်ဝိညာဉ်အစွမ်းသတ္တိ အမျိုးမျိုးတို့ကို သိပ္ပံပညာရပ်ဖြင့် တိုင်းထွာ၍ မစွမ်းဆောင်နိုင်ချေ။ သိပ္ပံပညာရပ်သည် ရုပ်၏ သဘောတရားများကိုသာ သိနားလည်၍ နာမ်၏သဘောတရားများကို မသိ နားမလည်သောကြောင့် ဖြစ်သည်။

ယခုအခါ၌မူ အနောက်တိုင်းသားတို့သည် သိပ္ပံပညာ၏ ဟာကွက်များကို သိမြင်၍ တမလွန်ဘဝနှင့် ဝိညာဉ်ပြဿနာကို ပြန်လည်စိတ်ဝင်စားကြသည်။ ဤအယူအဆသည် ကမ္ဘာ့သူကမ္ဘာ့သားတို့၏ အတွေးအခေါ် နယ်ပယ်၌ ဝိညာဉ်လောက အယူအဆ ပျံ့နှံ့၍ ခိုင်မာစွဲမြဲနေခြင်းမှာ အများအားဖြင့် ရှေးဘိုးစဉ်ဘောင်ဆက် အစဉ်အလာ ဟောပြောလက်ဆင့်ကမ်းမှုကြောင့် ခံယူကြခြင်းဖြစ်၍ မိမိတို့၏ ခံယူချက်ကို ယနေ့အထိ တိမ်ကောပပျောက်မှု မရှိဘဲ ရှင်သန်နေလျက်ရှိသည်။

## မြန်မာပြည် တိုင်းရင်းသားတို့၏ ဝိညာဉ်ရိုးရာဓလေ့

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း၌ မှီတင်းနေထိုင်ကြသော ကယား၊ ကရင်၊ မွန်၊ ရခိုင်၊ ချင်း၊ ကချင်၊ ရှမ်း တို့၏ ရိုးရာဓလေ့ အယူအဆတို့ကို လေ့လာကြည့်လျှင် အခြေခံအားဖြင့် တူညီလျက်ရှိကြောင်း တွေ့ရမည်။ တိုင်းရင်းသားတို့သည် ရှေးအစဉ်အလာအရ သေသည်၏ အခြားမဲ့၌ ဝိညာဉ်ဖြစ်ပေါ်မှုကို တိုင်းရင်းသား အသီးသီးတို့က လက်ခံယုံကြည်ကြသည်။ တိုင်းရင်းသူ တိုင်းရင်းသားတို့၏ ရိုးရာ အစဉ်အလာ နယ်ပယ်၌ ဝိညာဉ်လောက အယူအဆသည် ပျံ့နှံ့၍ ခိုင်မာစွဲမြဲနေခြင်းမှာ အများအားဖြင့် ရှေးဘိုးစဉ်ဘောင်ဆက်က လက်ဆင့်ကမ်း၍ သယ်ဆောင်လာခဲ့သောကြောင့် ခံယူကျင့်သုံးကြခြင်းဖြစ်သည်။

တိုင်းရင်းသားတို့သည် မိမိတို့၏ ဘိုးဘွားအစဉ်အလာဖြစ်သော ဝိညာဉ်ရိုးရာဓလေ့ ခံယူကျင့်သုံးကြရာ၌ ယနေ့အထိ တိမ်ကော ပပျောက်ခြင်းမရှိဘဲ ရှင်သန်နေလျက်ရှိသည်ကို တွေ့ရသည်။

# ချင်းလူမျိုးတို့၏ ဝိညာဉ်အယူအဆ

သေသည်၏အခြားဘဝနှင့် ပတ်သက်၍ ချင်းအမျိုးသားတို့၏ ယုံကြည်မှုမှာ မျိုးနွယ်စု အယူအဆချင်း မတူညီကြချေ။ အချို့က လူတွင် ဝိညာဉ်လိပ်ပြာရှိသည်၊ လူသေခြင်းမှာ ထို ဝိညာဉ်လိပ်ပြာ ထွက်သွားခြင်းသာဖြစ်သည်ဟု ယူဆကြသည်။ ယင်း ဝိညာဉ်လိပ်ပြာသည် လူသေတို့ လားရာတိုင်းပြည်သို့ ရောက်သည်ဟု ယုံကြည်ကြသည်။ လူသေတိုင်းပြည်တွင် မည်သို့ရှိသည် နေထိုင်သည်ဟူ၍ တိတိကျကျ အယူအဆများ မရှိကြချေ။

အချို့က လူသေတိုင်းပြည်သို့ အဝင်တံခါးဝတွင် "ဆာနူး"(ခေါ် )နတ်ရှိသည်။ ထိုနတ်သည် လူသေတိုင်းပြည်သို့သွားရန် လာသူဝိညာဉ်များကို စစ်ဆေးသည်။ အပြစ်ရှိသူကို အကြည်အသာပင် လွှတ်လိုက်သည်ဟု ယူဆကြသည်။ သေသူ၏ ဝိညာဉ်သည် လူပြန်ဖြစ်သည်ဟူသော အယူအဆမျိုးလည်း ရှိသည်။

ထိုသို့ တမလွန်ဘဝနှင့် ဝိညာဉ်လိပ်ပြာ အယူအဆရှိခြင်းကြောင့်ပင် လူတစ်ယောက်သေဆုံးလျှင် သေသူအား တမလွန်ဘဝတွင် စားသုံးရန်အတွက် စားနပ်ရိက္ခာ ပစ္စည်းများ ထည့်ပေးလေ့ရှိသည်။ သေပြီးခဲ့သော မိဘဘိုးဘွားများနှင့် တွေ့လျှင် ပေးရန်လည်း စားနပ်ရိက္ခာ လက်ဆောင်ပစ္စည်းများလည်း ထည့်ပေးလိုက်ကြသည်။ သေဆုံးသူသည် ကျန်ရစ်သူ အိမ်သားများအပေါ် သံယောဇဉ်တွယ်နေက ဝိညာဉ်မှာ အိမ်တွင် မခွဲနိုင် မခွာရက် ဖြစ်ကာ တွယ်နေတတ်သည်။ ထိုသို့ တွယ်ကပ်နေခြင်းဖြင့် အိမ်သူအိမ်သား ကျန်ရစ်သူများ နာမကျန်း ဖြစ်တတ်သည်ဟူ၍ ယူဆကြသည်။

ထို့ကြောင့် လူသေပြီးနောက် သေသူ၏ ဝိညာဉ်နှင့် အိမ်သူအိမ်သားများ၏ ဝိညာဉ်လိပ်ပြာကို ခွဲပစ်သည့် ဝိညာဉ်လိပ်ပြာခွဲခြင်း အလေ့အထရှိကြသည်။ သေပြီးသည့်နောက် ၇ ရက်မြောက်သောနေ့တွင် ဝိညာဉ်ပို့ပွဲ ပြုလုပ်ကြသည်။ သေသူ၏ ဝိညာဉ်သည် ၇ ရက်လုံးလုံး မိမိ၏နေအိမ်တွင်ရှိသည်။ မည်သည့်အရပ်သို့မျှ မသွားဟု ယုံကြည်ကြသည်။ ၇ ရက်မြောက်သောနေ့တွင် သေသူ၏ဝိညာဉ်သည် အိမ်တွင် ဆက်လက် မနေသင့်တော့ဟု ယူဆပြီး အလောင်းရှိရာ ဝိညာဉ်ဌာနသို့ ပို့ပေးကြသည်။ ဤသို့ ပို့မှ သေသူ၏ ဝိညာဉ်အိမ်တွင်းမှ ထွက်ခွာသည်ဟု ယုံကြည်ကြသည်။

"မြို"နှင့် "လေးမြို့" ချင်းအမျိုးသားများ၏ အယူအဆအရ သေဆုံးသူ၏ ဝိညာဉ်လိပ်ပြာသည် မီးသင်္ဂြိုဟ်သည့် နေရာတွင် တစ်လခန့် ရှိနေတတ်သည်။ ထို့ကြောင့် ဝိညာဉ်အတွက် အိမ်ကလေးတစ်ဆောင် ဆောက်လုပ်ပေးရသည်ဟုဆိုသည်။

"မရာ"နှင့် "ကလင်ကော့ (လူရှေ)" ချင်းတို့ကမူ သင်္ချိုင်းသို့ တစ်လတစ်ခါ သွား၍ သေသူဝိညာဉ်အတွက် အစားအသောက်များကို တစ်နှစ်တိတိ ပို့လေ့ရှိသည်။ သေဆုံးသူ၏ ဝိညာဉ်သည် သင်္ချိုင်းတွင် တစ်နှစ်တိတိ နေထိုင်ပြီးမှ တမလွန် လောက တွင် ရောက်နှင့်နေသော ဘိုးဘေးဝိညာဉ်များက ဆီးကြို၍ ဝိညာဉ်လောကသို့ သွားရ သည် ဟု ယုံကြည်ကြသည်။

"ခမီး"၊ "အနူး"၊ "ခေါင်စိုး"၊ "ပနမ်း" ချင်း တို့၏ ဝိညာဉ်အယူအဆမှာ သေသူ၏ ဝိညာဉ်ကို ရည်မှန်း၍ အိမ်အတွင်း၌ ပလိုင်းတစ်ခုကို ဆွဲထားပြီး နံနက် ည ထမင်းများ ကျွေးကြရသည်။ တစ်နှစ်စေ့သည့်အခါတွင် သေသူဝိညာဉ်အတွက် နောက်ဆုံး အလှူပွဲ ကျင်းပကြသည်။ ပနမ်းအမျိုးသားတို့မှာ သုံးနှစ်တိုင်တိုင် သေသူ ဝိညာဉ် အစာကျွေးရသည်။

"မတူ" ချင်းအမျိုးသားတို့က လူတစ်ယောက်ဖျားနာခဲ့သော် မိမိ၏ ဝိညာဉ် လိပ်ပြာလွင့်ပျောက်သွားခြင်းကြောင့် ဖြစ်သည်ဟု ယူဆကြသည်။ ထိုကြောင့် ဝိညာဉ် လိပ်ပြာ ပြန်လာစေရန်အတွက် ပူဇော်ပသရသည်။ ထိုဝိညာဉ်လွင့်ပျောက်သွား သောနေရာ၌ နတ်ဆရာက ကြက်တစ်ကောင်ကိုသတ်၍ ကြက်တောင်များကို မြေ ကြီးပေါ်မှာ ပတ်လည် ဝိုင်းစိုက်ထားသည်။ ထိုဝိုင်းစိုက်ထားသောနေရာကို ဆန်ရေ နှင့် ပက်ဖျန်းပြီး အဝိုင်းအတွင်းရှိ ကျောက်ခဲကို ကောက်ယူရသည်။ ဖျားသောသူ မိန်းမ ဖြစ်လျှင် ၆ လုံး၊ ယောကျ်ားဖြစ်လျှင် ၇ လုံး ကောက်ယူပြီးသော် ရွာသို့ပြန်လာ၍ အပြန်တွင် လမ်းတစ်လျှောက်၌ ကြက်တောင်များကို ချသွားရသည်။

အိမ်လှေကားရင်းသို့ ရောက်သောအခါ နတ်ဆရာက "ဖျားနာသူဝိညာဉ် လိပ်ပြာ ပြန်ကောင်းလာပြီလား"ဟု မေးသည်။ အိမ်တွင်းရှိ အိမ်သူအိမ်သားများက လည်း "ပြန်ရောက်ပြီ"ဟု ပြန်လည်ဖြေကြားရသည်။ ထို့နောက် နတ်ဆရာသည် အိမ်ပေါ်သို့တက်၍ ယူလာသော ကျောက်ခဲများကို လူနာ၏ခေါင်းပေါ်၌တင်ပြီး ဆန် ဆေးရေဖြင့် ပက်ဖျန်းကာ လူနာအတွက် ဆုတောင်းပေးပြီးသော် ကျောက်ခဲလုံးများ ကို အိမ်ခေါင်တိုင်ရင်းတွင် ဝိညာဉ်ဓလေ့အရ ချထားပေးရသည်။ ဤသို့ ချင်း တိုင်း ရင်းသားတို့၏ ဝိညာဉ်အယူအဆ ယုံကြည်မှုများ လုပ်ထုံးလုပ်နည်းများပင်ဖြစ်သည်။

# ကချင်လူမျိုးတို့၏ ဝိညာဉ်အယူအဆ

ကချင်လူမျိုးတို့သည် တမလွန်ဘဝကို ယုံကြည်ကြသူများ ဖြစ်ကြသည်။ လူတစ်ဦးတစ်ယောက်သည် အသက်ရှင်လျက်ရှိနေရာမှ သေလွန်ခြင်းသို့ ရောက်သောအခါ မူလခန္ဓာနှင့် တွဲဖက်လျက်ရှိသော ဝိညာဉ်သည် ခန္ဓာကိုယ်မှ ခွဲထွက်သွားသည်ဟု အယူအဆ ရှိကြသည်။

ထိုဝိညာဉ်သည် ခန္ဓာကိုယ်မှ ခွဲထွက်၍ တွယ်ရာမဲ့ဖြစ်နေသဖြင့် ဘိုးဘေးတို့၏ ဝိညာဉ်များ စုဝေးရာဒေသသို့ရောက်အောင် ကျန်ရစ်သူ ဆွေမျိုးသားချင်းတို့က ပို့ဆောင်ပေးရမည့် တာဝန်ရှိသည်ဟူ၍လည်း ယုံကြည်ကြသည်။ ထိုဒေသကို ဝိညာဉ်တို့ တိုင်းပြည် "ဆူးဂါး" ဟု ခေါ်သည်။ သေသူ၏ ဝိညာဉ်ကို ထိုတိုင်းပြည်သို့ မပို့မိလျှင် ထိုဝိညာဉ်က လူများအား မကြာခဏ လာရောက်နှောင့်ယှက်နေလိမ့်မည်ဟု ယုံကြည်ကြသည်။

ထို့ကြောင့် သေသူ၏ဝိညာဉ်အား ဝိညာဉ်တို့စုဝေးရာသို့ ပို့ဆောင်ပေးရခြင်းသည် အရေးကြီးသောကိစ္စ တစ်ရပ်ဖြစ်သည်။ ဝိညာဉ်တို့ စုဝေးရာ ဆူးဂါး ခေါ် ဝိညာဉ်တိုင်းပြည်၌ သေသူ၏ ဘိုးဘွားဝိညာဉ်များ အကြောင်းကြား၍ သေသူ၏ ဝိညာဉ်ကို လာရောက် ထိန်းသိမ်းရန် ပန်ကြားရလေသည်။ သေသူ၏ ဘိုးဘွားဝိညာဉ်ကို စတင်အကြောင်းကြားရာတွင် နတ်ဆရာက လက်ဝဲလက်ဖြင့် မောင်းကိုတီးခတ်၍ "သင်သည်လည်း သေလွန်ခဲ့ပြီး ဖြစ်၍ သင်၏သားနှင့် သင်၏မြေးတို့သည်လည်း သင့်နောက်သို့ လိုက်ခဲ့ကြပြီ ဖြစ်လေသည်။ ယခု သင်၏ မြစ်သည်လည်း အလားတူပင် သင့်လမ်းသို့ လိုက်ခဲ့ချေပြီ။ အသင် ကိုယ်တိုင်လာရောက်၍ သင်၏မြစ်အား အသင်တို့စုဝေးနေထိုင်ရာ ဝိညာဉ်လောကသို့ အရောက်ခေါ် သွားပါလော့"ဟူ၍ ရွတ်ဆိုပန်ကြားရသည်။

ထိုသို့ အဘေးဖြစ်သူအား ပန်ကြားပြီးနောက် သေသူ၏ အဘိုးဖြစ်သူအားလည်းကောင်း၊ ကွယ်လွန်ပြီးဖြစ်သော ဖခင်အားလည်းကောင်း၊ တစ်ဦးပြီးတစ်ဦး ပန်ကြားရလေသည်။ သေဆုံးသူ၏ ဝိညာဉ်ကို ပန်ကြားရာတွင် "အသင် အသက် မသေစေရန် ကျွန်ုပ်တို့သည် အစွမ်းရှိသရွေ့ အမျိုးမျိုးအဖုံဖုံ ကုသခဲ့သည်။ သို့ရာတွင် ကျွန်ုပ်တို့ ကြိုးစားမှု မအောင်မြင်ပါ။ သင်၏အဘေး၊ သင်၏အဘိုး၊ သင်၏အဖေတို့ကဲ့သို့ပင် ကွယ်လွန်အနိစ္စ ရောက်ခဲ့ရသည်။ သို့ဖြစ်၍ သင်၏ဝိညာဉ်သည် သင့်အဘေး၊ သင့်အဘိုး၊ သင့်အဖေတို့ ရှိရာအရပ်သို့ သွားပါလေလော့" ဟူ၍ ပြောကြားပြီးနောက် သေသူအား ဝိညာဉ်အဖြစ်သာ အသိအမှတ်ပြု၍ လူနာမည်ကို မခေါ် တော့ဘဲ ဝိညာဉ် ဟုသာ ခေါ် တော့သည်။

ထိုနောက် သေသူ၏ဝိညာဉ်သည် ဘိုးဘေးများ၏ ဝိညာဉ်ရှိရာသို့ မရောက်ရှိပါက သေသူ၏ဝိညာဉ်သည် အိမ်တွင်း၌ အိမ်စောင့်နတ်ဖြစ်လာသည်ဟု အယူရှိသည်။ သေသူ၏ ဝိညာဉ်ကို သေသူ၏ဘိုးဘွားဝိညာဉ်များရှိရာသို့ ပို့ဆောင်ရာတွင် သေသူဝိညာဉ် စင်နေရာမှစွာ၍ အိမ်ရှေ့ပေါက်မှထွက်ရန် အမိန့်ထုတ်လေသည်။

ထို့နောက် မြက်တောများ၊ ချုံတောများ၊ သစ်တောများ၊ တောင်တန်းတောင်စွယ်များကို တစ်ဆင့်ပြီးတစ်ဆင့် ဖြတ်သန်း၍ မြစ်ငယ် ချောင်းငယ်များ၊ မြစ်ကြီး၊ ချောင်းကြီးများကို ဖြတ်ကျော်ကာ လူ့လောကနှင့် ဝိညာဉ်လောက ခွဲခြားသတ်မှတ်ရာ နယ်နိမိတ်ဖြစ်သော "ဥဖရောခ" (ခေါ်)မြစ်ကမ်းပါး တစ်ဖက်ကမ်းသို့ကူး၍ လမ်း ၉ ခွဆုံကို ဖြတ်သန်းသွားရန် ဒသာမမြောက် လမ်းဆုံတွင် ဘိုးဘွားများရှိရာ ဝိညာဉ်ကမ္ဘာသို့ ထွက်သွားရန် စေ့စေ့ အမိန့်ပြန်လေသည်။ ထိုသို့ သေသူဝိညာဉ်ပို့ရာတွင် တစ်ညလုံး ပို့ဆောင်ရသည်ဖြစ်၍ နံနက်မိုးလင်းမှ ဝိညာဉ်ခရီးလမ်းဆုံးသို့ ရောက်သည်ဟု ဆိုသည်။

# ရှမ်းလူမျိုးတို့၏ ဝိညာဉ်အယူအဆ

ရှမ်းလူမျိုးတို့သည် သေဆုံးခြင်းနှင့် တမလွန်ဘဝလောကမှာ ရှုပ်ထွေးသော အလေ့အထများ မတွေ့ရှိရချေ။ သေသည်၏အခြားမဲ့၌ ဝိညာဉ်လောကသို့ သွားရသည့် အယူအဆသည် ထင်ထင်ရှားရှား မပြဆိုပေ။ တမလွန်ဘဝ၌ ဝိညာဉ် အယူအဆ အနည်းငယ်သာ ပြဆိုထားသည်။ ကွယ်လွန်သွားသော ရှမ်းလူမျိုးတစ်ဦးအား ဝိညာဉ် ကူးတို့ခ ပိုက်ဆံထည့်ပေးလေ့ရှိသော အလေ့အထသာ ကျန်ရှိသည်။

ရှေးအခါက ရှမ်းပြည်၌ စော်ဘွားတစ်ဦးတစ်ယောက် သေဆုံးလျှင် ကျေးကျွန်များကိုသတ်၍ အတူမြှုပ်နှံကြလေ့ရှိသည်။ ဤသို့ ပြုလုပ်ခြင်းသည် သေသူဝိညာဉ် အခိုင်းအစေအဖြစ် ကျေးကျွန်များ လိုက်ပါသွားရသည်။ ဤအပြုအမူကို ထောက်ခြင်းအားဖြင့် ရှေးရှမ်းစော်ဘွားတို့သည် ဝိညာဉ်လောကကို လက်ခံယုံကြည်သော အစဉ်အလာရှိခဲ့ဖူးသည်။ ရှမ်းတို့ဒေသရှိ ကိုးကန့်အမျိုးသားများက ကလေးများ နေမကောင်းလျှင် ဝိညာဉ်လိပ်ပြာလွင့်သဖြင့် ဝိညာဉ်လိပ်ပြာ ပြန်ခေါ်ရသည့် အယူအဆရှိသည်။ ကွယ်လွန်သွားသော မိဘဘိုးဘွားများ၏ ဝိညာဉ် လိပ်ပြာများကိုလည်း ပူဇော်ပသလေ့ရှိသည်။ သေသူအတွက် ဆွေမျိုးများကို ရွှေစက္ကူ၊ ငွေစက္ကူများကို မီးရှို့ပေးသည်။ ၎င်းသေသူဝိညာဉ်သည် ဝိညာဉ်ကမ္ဘာသို့ ရောက်ရှိသွားလျှင် သုံးစွဲရန်အတွက် ရွှေစ ငွေစ ပေးခြင်းသဘော ဖြစ်သည်ဟု ကိုးကန့် အမျိုးသားက ယုံကြည်ကြသည်။

# ရခိုင်လူမျိုးတို့၏ ဝိညာဉ်အယူအဆ

ရခိုင်လူမျိုးသည် တစ္ဆေ သရဲနှင့် ဝိညာဉ်လိပ်ပြာ အယူအဆကို ယုံကြည်လက်ခံကြသည်။ တစ်စုံတစ်ခုကြောင့် ထိတ်လန့်ကြောက်ရွံ့မှု ဖြစ်သွားလျှင် "ပက်ကရု-ပက်ကရု" ဟု ရွတ်ဆို၍ လိပ်ပြာခေါ် လေ့ရှိကြသည်။

ရခိုင်လူမျိုးတို့သည် ဈေးအခါက အိမ်သို့ ညအချိန်မတော် ပြန်လာလျှင်လည်း အိမ်ထဲဝင်ခါနီး၌ "ပက်ကရု-ပက်ကရု"ဟု ရွတ်ဆို၍ ဖနောင့် ၃ ချက်ပေါက်ပြီးမှ အိမ်ထဲသို့ ဝင်လေ့ရှိသည်။ မိဘ တစ်ဦးဦး သေဆုံးသွားလျှင် သားသမီး၏ အရပ်အမောင်းကို ချည်ကြိုးဖြင့်တိုင်း၍ ခေါင်းထဲထည့်ပေးလိုက်ရသည်။ ထိုသို့ ပြုလုပ်ခြင်းသည် သားသမီး၏ ဝိညာဉ်လိပ်ပြာကို သေသူက ခေါ် ယူမသွားနိုင်ရန် ဝိညာဉ်လိပ်ပြာခွဲပေးသည့် အယူအဆတစ်ခုဖြစ်သည်။

တချို့နေရာများတွင် ဝိညာဉ်လိပ်ပြာခွဲတတ်သူ မိန်းမကြီးတစ်ဦးက ဦးဆောင်၍ သူ၏ဘယ်ဘက်လက်ဖျားတွင် ကြိုးခုနစ်ပတ်ပတ်ကာ ဖြုတ်ယူပြီး သေသူ၏ သားမြေး မြစ်တို့၏ ဘယ်ဘက်လက်တွင် ပတ်ချည်ကာ သေသူနှင့် အဆက်ဖြတ်ပြီးဖြစ်ကြောင်း ပြောဆိုပြီး ယင်းကြိုးကို ဖြတ်လိုက်ရသည်။ ဖြတ်ပြီးသားကြိုးကို သေသူ၏ ရင်ဘတ်ပေါ် တွင် တင်ထားရသည်။ သေသူ၏ ဝိညာဉ်ကူးတို့ခ ရွှေစ ငွေစများကိုလည်း အခေါင်းထဲ ထည့်ပေးလေ့ရှိသည်။

# မွန်လူမျိုးတို့၏ ဝိညာဉ်အယူအဆ

မွန်လူမျိုးတို့ တစ်ဦးတစ်ယောက် သေဆုံးသွားပါက သေသူ၏ ခေါင်းရင်းဘက်တွင် ဖယောင်းတိုင်တစ်တိုင် ထွန်းပေးရသည်။ နောက် ဝိညာဉ်လိပ်ပြာတောင်းကိုလည်း ထားရသည်။ ထိုလိပ်ပြာတောင်း၌ ငှက်ပျောသီး ၂ ဖီး၊ အုန်းသီး အခွံ ကျွတ် ၁ လုံး၊ သေသူ၏ အဝတ် ၁ စုံ၊ မှန် ၁ ချပ်၊ ဓားငယ် ၁ လက် ပါသည်။ အလောင်းစင်၏ ခြေရင်း၌ ထမင်းအိုး ၁ လုံး ချက်ထားရသည်။ နံနက်ပိုင်းတွင် ထမင်း ဟင်းစုံထည့်ပြီး သေသူ၏ ဝိညာဉ်လိပ်ပြာအားခေါ်ပြီး ကျွေးမွေးကြသည်။ သေသူ၏ ခံတွင်း၌လည်း ကွမ်းတစ်ယာနှင့် ငွေတစ်မတ် ထည့်ရသည်။ ငွေတစ်မတ်သည် သေသူဝိညာဉ်အတွက် ဘဝကူးရန် ကူးတို့ခပင် ဖြစ်သည်။

ဝိညာဉ်လိပ်ပြာ ဖမ်းစားခြင်းတို့ကိုလည်း မွန်လူမျိုးက ယုံကြည်ကြသည်။ တစ်ဦး တစ်ယောက် နေထိုင် မကောင်းလျှင် မွန်လူမျိုးတို့သည် ဗေဒင်ဆရာကိုမေး၍ ဝိညာဉ် လိပ်ပြာခေါ် ရသည်ဟု ဟောထွက်လျှင် ဝိညာဉ်လိပ်ပြာခေါ် ရသည်။ ထိုအခါ

ကွမ်း ၇ ရွက်ကို ကျော့ဖက်တွင် ထုံးသုတ်၍ ကွမ်းသီးအနည်းငယ်ထည့်ပြီး ကွမ်းသီး ၇ ခြမ်းကို ယူကာ လူနာပျောက်မည်ဆိုလျှင် ကွမ်းသီးခြမ်းများ အားလုံးပက်လက်လန် စေဟု အဓိဋ္ဌာန်ပြုပြီး ရေဇလုံထဲသို့ ပစ်ချရသည်။ ကွမ်းသီးခြမ်းအားလုံး ပက်လက် လန်လျှင် ဝိညာဉ်လိပ်ပြာ ခေါ်စရာ မလိုတော့ပေ။ အကယ်၍ အားလုံးပက်လက်လန် မကျပါက ဝိညာဉ်လိပ်ပြာ ခေါ်ရသည်။

ဝိညာဉ်လိပ်ပြာခေါ်ခြင်းကို နတ်ကတော်က ဦးဆောင်ရသည်။ ဝိညာဉ် လိပ်ပြာ ခေါ်ရန် နတ်ကတော်က ရေဇလုံတစ်ခုထဲ၌ ငွမ်းစတစ်စကိုထည့်၍ ကြိုးနှင့် ချည်ထားသော လက်စွပ်(သို့မဟုတ်) လက်ကောက်တစ်ခုခုကို ဂါထာများ မန်းမှုတ်၍ ငွမ်းစကို "လာ လာ" ဟု ခေါ်ရသည်။ နတ်ကတော်ဘက်သို့ ငွမ်းစ ရွေ့လာလျှင် လူမမာ အခြေအနေ ကောင်းမည်၊ သက်သာလာမည်။ အကယ်၍ ခေါ်သည့်ဘက်ကို မလာဘဲ တစ်ခြားဘက်သို့ ရွေ့သွားပါက လူမမာ၏ ရောဂါအခြေအနေ ပိုဆိုးလာလိမ့်မည်ဟု ယုံကြည်ကြသည်။

## ကယားတို့၏ ဝိညာဉ်အယူအဆ

သေသည်၏ အခြားမဲ့နှင့် သက်ဆိုင်သော ကယားအမျိုးသားတို့၏ ယုံ ကြည်မှုမှာ သေဆုံးသွားသောသူများသည် ဝိညာဉ်ဘဝသို့ ရောက်ရှိသွားသည်ဟု ယုံကြည်ကြသည်။ ထိုဝိညာဉ်အားလုံးတို့သည် "ဒီမောဆိုး"တောင်သို့ ရောက်ရှိသွား ကြသည်ဟု ယူဆကြသည်။ သေသူနှင့်အတူ သေသူပိုင်ဆိုင်ခဲ့သော အသုံးအဆောင် ပစ္စည်းများကိုလည်း ဝိညာဉ်ဘဝ၌ သုံးစွဲနိုင်ရန်အတွက် ပစ္စည်းများကို ထည့်ပေးလေ့ ရှိသည်။ ထိုပစ္စည်းများနှင့်အတူ အပ်တစ်ချောင်းလည်း ထည့်ပေးလေ့ ရှိသည်။ ဤကဲ့ သို့ အပ်တစ်ချောင်းထည့်ပေးခြင်းမှာ ကယားတို့၏ ဝိညာဉ်ယုံကြည်မှု တစ်ခုတည်း ဆက်စပ်နေကြောင်း တွေ့ရသည်။ ဆက်စပ်ပုံမှာ သေဆုံးသူ၏ ဝိညာဉ်သည် ဒီမောဆိုး ဂူသို့ နောက်ဆုံးခရီးအနေဖြင့် သွားရောက်သည့်အခါ ဂူဝတွင် အလွန်ကြီးမားသော ခူကြီးတစ်ကောင်နှင့် တွေ့ရသည်။ ထို ခူကောင်က ဂူဝကို ကန့်လန့်ဖြတ်၍ နေသော ကြောင့် ခူကောင်ကြီး လမ်းဖယ်ပေးစေရန် အပ်ဖြင့် ထိုးဖယ်ပြီးမှ ဂူတွင်းသို့ ဝင်နိုင် သည်ဟု ယူဆကြသည်။

ထိုနည်းတူ "ယင်းဘော်"အမျိုးသားတို့သည် ငွေတောင်ပြည်သို့ သေသူ၏ ဝိညာဉ်များ ရောက်သွားကြသည်ဟု ယုံကြည်ကြသည်။ ငွေတောင်ပေါ်ရှိ ဂူကြီးသို့ ရောက်သွားသောအခါ ဂူပေါက်ဝတွင်စောင့်သော "သူဖဲ" ခေါ် ခူကောင်အစိမ်းကြီးကို လမ်းဖယ်ပေးရန် အပ်နှင့် ထိုးရသည်။ ထို့ကြောင့် သေသူ၏ အလောင်းဘေးတွင်

အပ်တစ်ချောင်းကို ထည့်ပေးလေ့ ရှိသည်။

"ကယား"နှင့် "ဂေဘား"အမျိုးသားတို့သည် လူတစ်ဦးသေဆုံးခါနီးတွင် သေပြီး လူများ၏ ဝိညာဉ်များက သေခါနီးသူ၏ ဝိညာဉ်ကို လာရောက်ခေါ်ဆောင်သွားကြသည်ဟု ယူဆကြသည်။ အဘိုး အဘွား အဖော် မိတ်ဆွေများ၏ ဝိညာဉ်များကလည်း ဝမ်းမြောက်ဝမ်းသာ လာရောက်ဆီးကြိုကြသည်ဟု ယုံကြည်ကြသည်။

သေသောသူ၏ ဝိညာဉ်အချို့သည် တစ္ဆေ သရဲဖြစ်ပြီး ခြောက်လှန့်တတ်သည်ဟု "ပရဲ့"အမျိုးသားများက ယုံကြည်ကြသည်။ ပရဲ့ကလေးတစ်ဦးသေဆုံးလျှင် ဝိညာဉ် လိပ်ပြာခွဲသည့်သဘောမျိုးဖြင့် ကျန်ရှိသော ညီအစ်ကို မောင်နှမများက အိုးမဲသုတ်၍ ရုပ်ဖျက်ကြရသည်။ ဖခင်သော်လည်းကောင်း၊ မိခင်သော်လည်းကောင်း သေဆုံးလျှင် ကျန်ရစ်သော သားသမီးများကို မခေါ်သွားစေရန် မနှောင့်ယှက်စေရန် အိုးမဲသုတ်၍ ရုပ်ဖျက်ကြရသည်။

"မနမနော" အမျိုးသားတို့သည် နောင်တမလွန်ဘဝရှိသည်ဟု အယုံအကြည်ရှိကြသည်။ သေသူ၏အလောင်းနှင့်အတူ သေသူပိုင်ဆိုင်ခဲ့သော အသုံးအဆောင်ပစ္စည်းများကိုလည်း ဝိညာဉ်ဘဝ၌ သုံးစွဲရန်အတွက် ပစ္စည်းများကိုလည်း ထည့်ပေးလေ့ ရှိကြသည်။ ထိုသေသူပိုင်ပစ္စည်းများကို ယူထားခဲ့လျှင် သေသူ၏ဝိညာဉ်က ပြန်လာပြီး ထိုသူများကို အနှောင့်အယှက်ပေးတတ်သည်ဟု အယူအဆရှိကြသည်။

တစ်ဦးတစ်ယောက် ဖျားနာခဲ့လျှင် ထိုသူ၏ဝိညာဉ်လိပ်ပြာသည် တစ်နေရာရာတွင် ကျန်ရစ်ခဲ့ခြင်းကြောင့် ဖြစ်သည်ဟူ၍ ယုံကြည်ကြသောကြောင့် လမ်းဆုံတွင် စင်တစ်ခု ပြုလုပ်ကြသည်။ ထို စင်ပေါ်တွင် ဖက်ရွက်တစ်ရွက်နှင့် ထမင်းအနည်းငယ် တင်ထား၍ စင်၏ခြေရင်း၌ ဝါးကျည်တောက် ၂ ခု ၃ ခု ထဲတွင် ခေါင်ရည်ထည့်ပြီး ထောင်ထားရသည်။ ကြက်ကို မသတ်ဘဲ အမွေးအတောင်နုတ်ယူကာ စင်၏ခြေရင်းတွင် အမွေးအတောင်များကို စိုက်ထားရသည်။ ထို့နောက် မောင်းတီး၍ ဖျားနေသူ၏ ဝိညာဉ်ကို ခေါ်ယူရသည်။ အိမ်ရှေ့လှေကား အနီးသို့ ရောက်သောအခါ ဖျားနာသူမှာ မောင်ဖြူဖြစ်ခဲ့လျှင် လိပ်ပြာခေါ်လာသူများက "မောင်ဖြူ ဝိညာဉ် လိပ်ပြာ ပြန်လာပြီလား" ဟု မေးရသည်။ ထိုအခါ အိမ်တွင်းမှ "မောင်ဖြူက ပြန်လာပြီ" ဟု ဖြေဆိုရသည်။ ဤသို့ မနမနောတို့၏ ဝိညာဉ်လိပ်ပြာခေါ်သော အလေ့အထ ရှိကြသည်။

"ယင်းဘော်"အမျိုးသားတို့သည် ဝိညာဉ်လောကနှင့် နောင် တမလွန်ဘဝကို ယုံကြည်ကြသည်။ သေသူ၏ ဝိညာဉ်သည် အလောင်းမြေ မမြှုပ်မီ အိမ်မှာပင် ရှိသေးသည်ဟု ယုံကြည်ကြသဖြင့် နေ့စဉ် ခေါင်ရည်နှင့် ထမင်းအိုးကို အလောင်းခြေရင်းတွင် ချထားပေးရသည်။ ထို့အပြင် သေသူအသုံးအဆောင် ပစ္စည်းအနည်းငယ်ထည့်

၍ အတူ မြှုပ်နှံလေ့ရှိကြသည်။ အလောင်းမြေပုံပေါ် တွင် သေလွန်သူဝိညာဉ်အတွက် အိမ်သဘောမျိုး တဲကို ထိုးပေးခဲ့ရသည်။

"ယင်းတလဲ" အမျိုးသားများသည် လိပ်ပြာ ဝိညာဉ် ခွဲလေ့ရှိကြသည်။ ကျန်ရစ်သော ကလေး၏အရပ်ကို ချည်မျှင်နှင့်တိုင်းထွာပြီး သေသူမိခင် အလောင်းနှင့် အတူ ထည့်၍ ပေးရသည်။ တိုင်းထွာထားသည့် ချည်မျှင်သာလျှင် သေသူ၏ သားသမီးများ ဖြစ်ကြသည်။ ကျန်ရစ်ခဲ့သော ကလေးများနှင့် မသက်ဆိုင်ဟု ပြောကာ ဝိညာဉ် လိပ်ပြာခွဲလေ့ရှိသည်။

ရှေးအခါက အုပ်ချုပ်သူ "စောဖျာ"များသေလျှင် ယင်းတို့ပိုင် ရွှေ၊ ငွေ၊ ပစ္စည်း၊ ဓား၊ လှံ၊ လက်နက်များမကျန် ထည့်၍ မြှုပ်နှံလေ့ရှိကြသည်။ ကယားအမျိုးသားတို့သည် ရိုးရာဓလေ့များကို မလိုက်နာခဲ့လျှင် ဘေးအန္တရာယ်နှင့် တွေ့တတ်သည်ဟု စွဲလမ်းယုံကြည်ကြသဖြင့် ရိုးရာဓလေ့များကို မစွန့်ပံ့ကြပေ။ လုပ်လေ့လုပ်ထရှိသည့်အတိုင်း ပြုလုပ်ကြ ရသည်။

## ကရင်လူမျိုးတို့၏ ဝိညာဉ်အယူအဆ

သေပြီးနောက် တမလွန်ဘဝရှိသည်ဆိုသော အယူအဆသည် ရှေးပဝေသဏီမှ စ၍ ယနေ့အထိ ကရင်လူမျိုးတို့က လက်ခံထားသော အယူအဆဖြစ်သည်။ သေသည်၏ အခြားမဲ့၌ ဘဝသစ်တစ်ခုခုသို့ ရောက်ရှိသွားသည်ဟု ယုံကြည်ကြ၏။ ဤယုံကြည်ချက်သည် ရှေးကရင်တွေးခေါ်ရှင်တို့၏ ပြောပြချက်များ၌လည်းကောင်း၊ သမိုင်းဦးခေတ်လူမျိုးတို့၏ ဓလေ့ထုံးစံများ၌လည်းကောင်း တမလွန်ဘဝ အယူအဆသည် ထင်ရှားစေ၏။ တမလွန်ဘဝ ယုံကြည်မှုသည် သဘာဝဓမ္မ၏ ဖြစ်စဉ်နှင့် ကိုက်ညီသည်ဟု ယူဆကြသည်။ ဥပမာအားဖြင့် နေ့ဖြစ်ပြီးလျှင် ညရောက်၍ ညပျောက်သောအခါ၌ နေ့ပြန်လည်ပေါ် ပေါက်လာရ၏ တမလွန်ဘဝသည် ထိုနည်းတူအမြဲ သံသရာလည်နေလျက်ရှိ၏။ ဤသဘာဝနိယာမနှင့်အညီ လူသတ္တဝါတို့၏ ဘဝဖြစ်စဉ်သည် ဘယ်အခါမှ ဘဝပြတ်စဲခြင်းမရှိဘဲ သေသည်၏ အခြားမဲ့၌ ဘဝသစ်တစ်ဖန် ဖြစ်လာရမည်ဟုဆို၏။

သေသည်၏အခြားမဲ့ဘဝနှင့် ကရင်လူမျိုးတို့၏ အယူအဆမှာ လူသည် သေဆုံးပြီးနောက် ဝိညာဉ်ဘဝသို့ တစ်ဖန်ဖြစ်ပေါ် လာခဲ့သည်ဟု ယုံကြည်ကြသည်။ ယင်းယုံကြည်မှုနှင့်အတူ ကရင်လူမျိုးတို့သည် တစ်ဦးတစ်ယောက် သေဆုံးသွားပါက ထိုသေသူအား နောက်ဘဝတွင် သုံးစွဲနိုင်ရန် ဤဘဝတွင် သေသူ၏ အသုံးအဆောင်ပစ္စည်းများနှင့် ကူးတို့ခ ငွေပြားစေ့များ ထည့်ပေးရသည်။ သေသူ၏ ကျန်ရစ်သော

ကလေးများ၏အရပ်ကို ချည်မျှင်နှင့်တိုင်းထွာပြီး သေသူအလောင်းနှင့်အတူ ထည့်၍ ဝိညာဉ်ခွဲပြီး လက်ရစ်ချည် ထားပေးကြရသည်။ ဝိညာဉ်သည် လူ၏ ခန္ဓာကိုယ် မတည် ဆောက်မီကပင်ရှိနေ၍ လူသေပြီးနောက်တွင်လည်း ဆက်လက်ကျန်ရှိနေသည်ကို ယုံကြည်ကြသည်။ လူသေသည့်အခါ လူ၏ကိုယ်ခန္ဓာတွင် မှီတွယ်နေသော ဝိညာဉ် ကောင်သည် ထွက်ခွာ၍ "ဖလူးခေါင် (ဖှူ့ခါန်ႉ)"ခေါ် ဝိညာဉ်တိုင်းပြည်သို့ ပြန်သွားကြ သည်။

လူသတ္တဝါသည် သေဆုံးပြီးနောက် ဘဝသစ်အတွက် အမိဝမ်း၌ ချက်ချင်း ပဋိသန္ဓေ မတည်ဘဲ ဝိညာဉ်လောက "ဖလူးခေါင်"သို့ ရောက်သွားကြသည်ဟုဆိုသည်။ ဝိညာဉ်တိုင်းပြည်သို့ ပြန်ရောက်သွားသော ဝိညာဉ်တို့သည် "ဖလူး (ဖှူ့)" ဘဝက မိဟောင်း ဖဟောင်း ဝိညာဉ်များက လာ၍ကြိုဆိုခဲ့ကြသည်။ လူ့ပြည်မှ ကွယ်လွန် သွားသော ဆွေမျိုးသားချင်းတို့နှင့် အသိမိတ်ဆွေများ တွေ့ကြရ၏။ လူ့ပြည်တွင် ကျန်ရှိကြသူတို့ကို မေးမြန်းကာ အကြောင်းဟူမျှ ပြောပြရသည်။

ယင်းဝိညာဉ်တိုင်းပြည်သည် လူ့ပြည်နှင့် ဆန့်ကျင်ဘက်တွင် ရှိနေ၍ လမ်းညွှန်ပြသရာ၌ ဆန့်ကျင်ဘက် ပြသရသည်။ အရှေ့အရပ်ကို အနောက်အရပ်၊ အနောက်အရပ်ကို အရှေ့အရပ်ဟု ပြသရသည်။ ဖလူးတိုင်းပြည်ဝိညာဉ်သားတို့သည် ရုပ်ထူးနာမ်ထူးများ ရှိကြသည်။ ဖလူးတိုင်းပြည်နှင့် လူ့တိုင်းပြည်သည် တစ်ဘက်စီ သာ ခြားနေသည်ဟု ယူဆပြီး လူသားလောကသို့ ပြန်သွားလိုပါက မိမိ ဝင်စားမည့် မိခင်လောင်းအား အိပ်မက်ပေးပြီးမှ လူ့ပြည်သို့ ပြန်လာကြသည်။ ဖလူးဘဝမှ လူ့ ဘဝသို့ မွေးဖွားလာသော ကလေးမှန်သမျှသည် မွေးရာပါ တင်ပါး၌ အနက်ရောင် အမှတ်အသားများ ပါရှိကြသည်။ ထိုအနက်ရောင် အမှတ်အသားအရာသည် ဖလူး ဘဝမှ မထွက်ခွာမီ မိဘမောင်နမနှင့် အသိဆွေမျိုးတို့က တင်ပါးပုတ်၍ နှုတ်ဆက် ကာ ထင်ကျန်ခဲ့သော အရာဖြစ်သည်ဟု ဆိုကြသည်။

ကရင်လူမျိုးတို့၏ ကလေးမီးဖွားရာ အယူအဆတို့၌ မွေးကင်းစ ကလေးငယ် ၏ အဆက်ဖြစ်သော ဖလူးက မိဘဆွေမျိုး အသိုင်းအဝိုင်းတို့က လာရောက် နှောင့် ယှက်ခြင်း ကင်းဝေးစေရန်နှင့် ဝိညာဉ်ကြံ့ခိုင်မှုရှိစေရန် လက်ကောက်ဝတ်တွင် ချည်ဖြူဖွဲ့၍ ဝိညာဉ်လိပ်ပြာကို ဆုတောင်းပေးကြရသည်။

မှတ်ချက်။ ။ ဖလူး (ဖှူ့) = သေမင်းနိုင်ငံ၊ တမလွန်ဘဝ။
ဖလူးဖန်ဟန်ဖန် (ဖှူ့ဖိုင်ဃှိုင်ဖိုင်) = သေမင်းနိုင်ငံ။

# ဘိုးဘွားဝိညာဉ် ကိုးကွယ်မှု

ကရင်လူမျိုးတို့သည် လူသေလောင်းကို မြေမြှုပ်ခြင်း၊ မီးသင်္ဂြိုဟ်ခြင်း၊ အရိုးတောင်ပို့ခြင်းစသော ဓလေ့ထုံးစံ အမျိုးမျိုးရှိကြသည်။ ကရင်လူမျိုးတို့သည် တမလွန်ဘဝနှင့် ဝိညာဉ်လောကကို ယုံကြည်ကြသဖြင့် သေဆုံးသွားသော မိဘ၊ ဘိုးဘွားများကို လေးစားကြ၍ အလောင်းကို တရိုတသေ မြှုပ်နှံသင်္ဂြိုဟ်သည့် ဓလေ့ရှိကြသည်။ သေသူ မိဘဘိုးဘွားအလောင်းကို နေထိုင်ရာဒေသ၏အပတွင် မမြှုပ်နှံကြဘဲ အိမ်ဝင်း ခြံတွင်း၌သာ မြှုပ်နှံလေ့ရှိကြသည်။

ယင်းဓလေ့ အယူအဆတို့သည် သေသူ၏ဝိညာဉ်အား ဆွေမျိုးအသိုင်းအဝိုင်းက ပူဇော်လိုသည့် သဘောပင်ဖြစ်သည်။ အထူးသဖြင့် သစ်တစ်ပင်အောက်၌ အလောင်းကို မြှုပ်နှံခြင်း သို့မဟုတ် အရိုးအိုးကို မြှုပ်နှံခြင်းမှာ ကွယ်လွန်သွားကြသော ရှေးဘိုးဘေးကြီးများကို အထိမ်းအမှတ်အနေဖြင့် ပူဇော်ကန်တော့ကြခြင်းသာ ဖြစ်သည်။ ယင်းသစ်ပင်ကြီး၌ ရှေးဘိုးဘေးကြီးများ ဝိညာဉ်တည်ရာ ဖြစ်သည်ဟု တွေးထင်လာကြ၏။ ကာလကြာသော် ထိုသစ်ပင်ကြီးကို အစွဲပြု၍ ရှေးဘိုးဘေးကြီးအဖြစ် ယုံကြည်ကိုးကွယ်လာ ကြသည်။ ဤသည်ကား ရှေးဘိုးဘွားကြီးတို့၏ သင်္ဂြိုဟ်မြှုပ်နှံရာ ဌာနကို ရိုသေလေးစား၍ ပူဇော်ပသည့် အစဉ်အလာကို နောင်တွင် "ဖူးဖာဒိုး (ဖူ့ဖာဒော့ဟ်)" သို့မဟုတ် "ဖူးသိန်းကဆား(ဖူ့သိင်းကုံဆာ·)" ဘိုးဘိုးကြီး နတ်သစ်ပင်အဖြစ် ထင်ရှားလာခဲ့သည်။ "ဖူးဖာဒိုး"ဘိုးဘိုးကြီး နတ်သစ်ပင်သည် ရွာလုံးကျွတ် အလိုက် သို့မဟုတ် မျိုးနွယ်အလိုက် သက်ဆိုင်ရာ အနွယ်မှန်သမျှတို့က ရပ်ဝေးသို့ နေစေကာမူ လာရောက်၍ ပူဇော်ပသ ကြရသည်။ တချို့ သက်ဆိုင်ရာသူတို့သည် ဖူးဖာဒိုး ဘိုးဘိုးကြီး နတ်သစ်ပင်ကို သက်သတ်လွတ် တင်ရပြီး တချို့သက်ဆိုင်ရာ ဖူးဖာဒိုး နတ်သစ်ပင်က ကြက်၊ ဝက်၊ အသား တစ်မျိုးမျိုးနှင့် အရက်များ တင်ကြရသည်။

ထို နတ်သစ်ပင်ကြီး အိုမင်းလာ၍ သေဆုံးသွားသည်ရှိသော် တစ်ခြားသစ်ပင်တစ်ပင်ကိုရွေးချယ်၍ ပင့်ဖိတ်ကာ နေရာချထားပေးရသည်။ ဖူးဖာဒိုးဘိုးဘိုးကြီးနတ်သစ်ပင် ကိုးကွယ်ကြသည်မှာ ရွာလုံးကျွတ်စောင့်ရှောက်ပြီး ဘေးအန္တရာယ်တို့မှ ကာကွယ်ပေးသည်ဟု ယုံကြည်ကြသည်။ ယေဘုယျ အများ ပူဇော်မှုများမှာ မိုးဦးစ လယ်ထွန်ရာ၌လည်းကောင်း၊ ကျွဲ၊ နွားပျောက်ရာ၌ လည်းကောင်း၊ လူသေသပိတ်သွတ်ရာ၌လည်းကောင်း၊ ခရီးသွားရာ၌လည်းကောင်း၊ အိမ်ထောင်ပြုရာ၌လည်းကောင်း၊ ရှင်ပြု-ရဟန်းခံရာ၌လည်းကောင်း အကြောင်းကြား၍ ပူဇော်ပသရသည်။ ထိုကဲ့သို့ မလုပ်မိလျှင် အောင်မြင်မှု နည်းပါးပြီး ဘေးဥပါဒ် အန္တရာယ်များ ရင်ဆိုင်ကြုံတွေ့ရတတ်သည်ဟု ယုံကြည်ကြသည်။

# ကရင်ရိုးရာ ဂုဏ်ကျေးဇူး ပူဇော်ကန်တော့ပွဲ

ကရင်လူမျိုးတို့သည် သေလွန်သူ ဘိုးဘွား မိဘများ၏ ဝိညာဉ်ပူဇော် ကန်တော့ခြင်း ရိုးရာတစ်ရပ်ရှိသည်။ ထိုရိုးရာသည် ပိုးကရင်ဘာသာဖြင့် "အောင်းဟယ် (အင်းဃှယ်)" ဟု ခေါ်ဆိုကြသည်။

ရှေးမူရင်း စကားလာအရ "အောင်းဟောက် အောင်းဟယ် (အင်းဃှုက် အင်းဃှယ်)" စကားဖိုမဖြင့် တွဲသုံး ခေါ်ဝေါ် လေ့ရှိကြသည်။ မျက်မှောက်ကာလတွင် "အောင်းဟောက် အောင်းဟယ်" စကားလုံးတို့တွင် "အောင်းဟောက်"စကားလုံးကို ချန်လှပ်၍ "အောင်းဟယ်" စကားလုံးကိုသာ အတိုချုပ် ခေါ်ဆိုလာခဲ့ကြသည်။ "အောင်း ဟောက် အောင်းဟယ်"၏ ဆိုလိုရင်း အဓိပ္ပာယ်မှာ "အောင်းဟောက်" အဓိပ္ပာယ်က အတူတကွ စုပေါင်း၍စားခြင်း၊ "အောင်းဟယ်"က နှစ်မျိုးနှစ်စား အဓိပ္ပာယ်ရသည်။ "ဟယ်" ဆိုသော အဓိပ္ပာယ်သည် အက်ကွဲသည်၊ ဖြည်းဖြည်းညင်ညင်သာသာ ဟူ၍ လည်း အဓိပ္ပာယ်ရသည်။ "အောင်းဟောက် အောင်းဟယ်"၏ အဓိပ္ပာယ်အပြည့်အစုံ မှာ **တကွဲတပြားနေထိုင်လာကြသော သားသမီး ဆွေမျိုးသားချင်းအားလုံး အက်ကွဲ မသွားအောင် အတူတကွစုရုံး၍ ဖြည်းဖြည်းညင်သာစွာ စားသောက်သည်** ဟူ၍ပင် ဖြစ်သည်။

ဤသည်ကို "အောင်းဟယ်" ဟူသည့်စကားဖြင့် မျက်မှောက်ကရင်လူမျိုး တို့က အတိုချုပ်ကာ ခေါ်လိုက်ခြင်းဖြစ်လေသည်။ ဤရိုးရာဓလေ့သည် နတ်များကို ပူဇော်ပသသောဓလေ့ မဟုတ်ဘဲ သေဆုံးပြီးသော ဘိုးဘွားမိဘတို့၏ ဝိညာဉ်ကို ပြန်လည်ပူဇော်ပသခြင်းပင် ဖြစ်သည်။ အချို့သောသူတို့မှာ ကရင်လူမျိုးတို့၏ အောင်း ဟယ် ဓလေ့ကို နတ်တို့အား စားသောက်ဖွယ်တို့ဖြင့် ပူဇော်ပသသည်ဟူ၍ ထင်ကြ ယူဆကြသည်။ စင်စစ်သော်ကား အောင်းဟောက် အောင်းဟယ်၏ ထုံးတမ်းစဉ်လာ သည် အရပ်ရပ်သို့ တကွဲတပြား ရောက်ရှိနေကြသော ဆွေမျိုးသားချင်းတို့အား ပြန်လည် ဆုံစည်းစေလို၍လည်းကောင်း တမလွန်ဘဝ သို့မဟုတ် ဖလူးတိုင်းပြည်သို့ ရောက်ရှိသွားကြကုန်သော ဘိုးဘွားမိဘတို့၏ ဂုဏ်ကျေးဇူးကို အောက်မေ့တသ ရည်စူး ၍လည်းကောင်း၊ သားသမီးဆွေမျိုးသားချင်းအားလုံးကို တစ်စုတည်းခေါ် ယူ၍ တစ်နှစ်တစ်ခါ ဘိုးဘွားမိဘတို့၏ ဝိညာဉ်ကို ပူဇော်ကန်တော့ကြကာ ဘိုးဘွားမိဘ အား ရည်စူး၍ စားဖွယ်သောက်ဖွယ်တို့ဖြင့် ပူဇော်ပသ ကြလေသည်။

ဤသို့ ပူဇော်ကန်တော့ကြရာတွင် ညနေချမ်းအချိန်၌ သားသမီးနှင့်တကွ မြေးမြစ်တို့ အကုန်စုရုံးရောက်ရှိလာသောအခါ ညဦးယံတွင် တမလွန်ဘဝ သို့မဟုတ် ဖလူးတိုင်းပြည်သို့ ရောက်ရှိသော ဘိုးဘွားမိဘတို့၏ ဝိညာဉ်ကို ခေါ်ဆောင် ပင့်ဖိတ်လေသည်။

ဘိုးဘွား မိဘ ဝိညာဉ်ခေါ်ပုံမှာ အောက်ပါအတိုင်းဖြစ်သည်။

"အှ်ယိုဝ် အှ်လှ်ဖျူ့လှ်ခဝ့် ဖျူ့ဖှီဖျူ့ဖူ့<br>
ဖျူ့မောဝ်ဖျူ့ဖာ့သီး ကိုဝ်ဟှာဍေ<br>
ဟှယ့်ထာင်ထင်းလာ့ လှ်ဟှိုင်ဖိုင်ယှင့်ဖိုင်<br>
ဟှယ့်ထာင် သှီယာစူး သှီယာခင်း<br>
ဟှယ့်ထာင် အှ်ယုံင် ဍေဖောဟ်ဍေလီ<br>
ဖောဟ်လီလှ်ဆုက် ထံင်ကုံအှ်ခှ်ါယိုဝ်<br>
မှ်ကှ်လိုဝ်ထင်းထာင် ဖျူ့ဖှီဖျူ့ဖူ့ ဖျူ့မောဝ်ဖျူ့ဖာ့<br>
ဖောဟ်လီသယ် စေလှ်လင်ဓး ဆုံနှံ့ဆုဏာဓးသိုဝ်<br>
ဖောဟ်လီသယ် စုဂ်ဆာ့ စေလှ်အှ်ဓးသိုဝ်<br>
လှ်ခံင့်လှ်ယာ့ ဏှီခဝ့်ဏှီဖာ လှ်ထုဂ်လှ်ဟှာ့ဓး<br>
ဆုံမးအေအှ်ဆေဝ်စာ်ဓိုဝ် ဖောဟ်လီလှ်ဆုက်<br>
ကှ်လိုဝ်ထင်းထာင် ဖျူ့ဖှီဖျူ့ဖူ့ ဖျူ့မောဝ်ဖျူ့ဖာ့<br>
ကိုဝ်ဟှာဍေဏှ်ဆေဝ်လှ်"

အဓိပ္ပာယ်က "တမလွန်ဘဝ ဖလူးတိုင်းပြည်သို့ ရောက်သွားသော ဘိုးဘွား မိဘဝိညာဉ်တို့ ယနေ့ညနေတွင် သားသမီးမြေးမြစ်တို့ဆီ အိမ်ပေါ်သို့ပြန်လာ၍ ခြေလက် ဆေးကြောပြီး သားသမီးတို့ ပူဇော်ပသသော စားဖွယ်သောက်ဖွယ်တို့ကို သားသမီး မြေးမြစ်တို့နှင့် အတူအကွ လာရောက်သုံးဆောင်ပေးကြပါ။ သားသမီး မြေးမြစ်တို့၏ ပူဇော်ပသမှု ကိုလည်း ခံယူပေးကြပါ၊ ဘေးအန္တရာယ်များ မကျရောက်ပါစေနှင့်၊ ရောဂါဘယ ဆိုးကျိုးများ ကင်းဝေးပါစေရန် နှင့် သားသမီးများအား ကြည့်ရှုစောင့်ရှောက်ပေးတော်မူကြပါ။ သားသမီးမြေးမြစ်များ ပြစ်မှားကျူးလွန်မိသည်ရှိ သော် ခွင့်လွှတ်နားလည်ပေးကြပါ" ဟု ဘိုးဘွားဝိညာဉ်များအား တိုင်တည်၍ ပူဇော် ပသကြသည်။

ကရင်လူမျိုးတို့သည် မိဘနှစ်ပါးကို ရှိသေလေးစားကြ၍ နှစ်စဉ်နှစ်တိုင်း နေ့ကောင်းရက်မြတ်တို့တွင် မိဘတို့ထံပြန်လာ၍ စားဖွယ်သောက်ဖွယ်များဖြင့်လည်း ကောင်း၊ နံ့သာရည် အမွှေးအကြိုင်တို့ဖြင့်လည်းကောင်း မိဘတို့ကို ပူဇော်ကန်တော့ကြ၏။ မိဘတို့ အသက်ရှိ ထင်ရှားရှိနေချိန်တွင်သာ ရှိသေလေးစားကြသည် မဟုတ်ဘဲ ဘဝတစ်ပါးသို့ ပြောင်းသွားသော မိဘတို့ကို နှစ်ပေါင်းမည်မျှပင် ကြာညောင်းသွား

စေကာမူ မမေ့မလျော့ဘဲ နှစ်စဉ်နှစ်တိုင်းပင် မိဘတို့၏ ဝိညာဉ်ကို ပူဇော်ကန်တော့ကြသည်။

ဤကဲ့သို့ ဘိုးဘွားမိဘ ဂုဏ်ကျေးဇူးပူဇော်ခြင်း ဓလေ့ကို ရှေးပဝေသဏီက စ၍ နှစ်ရှည် လများ ကြာညောင်းလာသောအခါ နောက်ပိုင်းတွင် ခေတ်အခြေအနေကြောင့်လည်းကောင်း စီးပွားရေးအခြေအနေကြောင့်လည်းကောင်း၊ အခြားသော အကြောင်းများကြောင့်လည်းကောင်း ရိုးရာ ဂုဏ်ကျေးဇူးပူဇော်ပွဲ လုပ်ဆောင်ကြရာတွင် တဖြည်းဖြည်း ပြောင်းလဲ လာခဲ့သည်။

ရှေးက ရိုးရာဓလေ့များ ပူဇော်ပသရာတွင် တောကောင်ကြီးများ အသားနှင့်သာ ပူဇော်ပသကြ၏။ နောင်တွင် ထိုတောကောင်ကြီးတို့၏အသား ရှားပါးလာကာ ကြက်သားနှင့်သော်လည်းကောင်း၊ ငါးနှင့်သော်လည်းကောင်း၊ ထမင်းဖြူနှင့် နှမ်းလှော် ရောစပ်၍သော်လည်းကောင်း ပူဇော်ပသလေ့ရှိကြသည်။ ရှေးက ဘိုးဘွား ဝိညာဉ် ပူဇော်ပြီးသောအခါ မိသားစုအနွယ်ဝင် အားလုံးတို့အား ခမည်းအဖြစ် ရွှေဆွဲကြိုး ငွေဆွဲကြိုးကို တစ်ယောက် တစ်ကုံးစီ ဆွဲပေးလေ့ရှိကြသည်။ နောက်ပိုင်းတွင် ရွှေဆွဲကြိုး ငွေဆွဲကြိုးတို့ကို မဆွဲပေးနိုင်တော့ပေ။ ရွှေအစား မီးသွေးကိုလည်းကောင်း၊ ငွေအစား ဝါဂွမ်းကိုလည်းကောင်း အစားထိုး၍ တစ်ယောက်တစ်ကုံးစီ ဓလေ့ထုံးစံအဖြစ် သဘောသာ ဆွဲပေးရလေသည်။

ဘိုးဘွားမိဘဝိညာဉ် ပူဇော်ကန်တော့ကြရာတွင် သားသမီးများထဲမှ အကြီးဆုံး သမီးက ဦးဆောင်မှုပြုရသည်။ မိသားစုများကိုလည်း ဦးဆောင်၍ ခေါ်လာရသည်။ မည်သည့် အခြေအနေ အခက်အခဲ ရှိစေကာမူ ဘိုးဘွားမိဘ ပူဇော်ရာတွင် သမီးက ပျက်ကွက်၍ မရချေ။ မဖြစ်ဖြစ်အောင် မိဘရပ်ထံ အရောက်ပြန်လာခဲ့ရသည်။ သားယောကျ်ားတို့ကမူ အကြောင်းတစ်ခုခုကြောင့် မလာဘဲနေ၍ ရနိုင်သည်။ သာသနာ့ဘောင်ထဲဝင်သွားသော သားသမီးများမှာမူ လာရန် မလိုချေ။ ဘိုးဘွားမိဘဝိညာဉ် ပူဇော်ကန်တော့သော ထိုညတွင် သားသမီးမြေးမြစ်အားလုံး ထိုအိမ်၌အတူတကွ အိပ်ကြရသည်။ ဘိုးဘွားမိဘဝိညာဉ် ပူဇော်ကန်တော့ခြင်းကို နှစ်ညတိုင်တိုင် ပြုလုပ်ရသည်။ ပထမညသည် "မိုးထိုင်(မောဝ်ထော်)" ခေါ် မိခင်ဘက်မှ ဘိုးဘွားမိဘများ ဝိညာဉ်ကို ပူဇော်ကန်တော့ရသည်။ ဒုတိယညတွင် "ဖာထိုင် (ဖာ့ထော်)"ခေါ် ဖခင်၏ ဘိုးဘွား မိဘဝိညာဉ်များကို ပူဇော်ကန်တော့ရသည်။ ဘိုးဘွားမိဘ ဝိညာဉ်ပူဇော်ကန်တော့သည့်အချိန်တွင် ခွန်းကြီးခွန်းငယ် စကားဆိုခြင်း၊ ဒေါသ ခိုက်ရန်ဖြစ်ပွားခြင်း၊ ညီအစ်ကို မောင်နှမ အချင်းချင်း စကားများခြင်း မရှိရချေ။ တစ်ခုခု အမှားအယွင်းရှိပါက ဘိုးဘွားမိဘဝိညာဉ်ကို ပင့်ဖိတ်၍ မရတော့ချေ။ နောက်တစ်နေ့ ရွှေ့၍ လုပ်ဆောင်ရလေသည်။

သားသမီးမြေးမြစ်များအတွက် ဘိုးဘွား၏ဝိညာဉ်ကို ပူဇော်ကန်တော့ရာတွင် စကားမပြောဘဲ စိတ်ချမ်းချမ်းသာသာဖြင့် ငြိမ်သက်စွာနေရလေသည်။ ဤသို့ လုပ်ဆောင် ခြင်းဖြင့် ဘိုးဘွားမိဘဝိညာဉ်များ ပူဇော်ကန်တော့ရာတွင် အောင်မြင်သည်ဟု ယူဆသည်။ တချို့ ကရင်လူမျိုးတို့သည် ဆွေမျိုးတို့နှင့် အဆက်အသွယ်ဖြတ်ခြင်း၊ အောင်းဟယ်ရိုးရာကို မေ့ပျောက်ခြင်း၊ ထိုအကြောင်းကြောင့် အောင်းဟယ်အစား "သုံ့ဘုံးကလို(သုံ့စုံးကုံလိုဝ်)" "ဖူ့သိန်းကျာ(ဖူ့သိင်ႉကျာ)"ကို လုပ်ဆောင်ရသည်။ "သုံ့ဘုံး" အဓိပ္ပာယ်က ဘိုးဘွားမိဘ ဝိညာဉ်ထံသို့ စားစရာအလှူဒါနပို့ပေးခြင်း ဖြစ်သည်။ "ကလိုဖူ့သိန်းကျာ" လုပ်ထုံးလုပ်နည်းက ဆွေးမြေ့သွားသော သစ်ပင်အငုတ်ကို ပူဇော်ပသခြင်း ဖြစ်သည်။

ပူဇော်ပသပုံက ဆန်ကောတစ်ချပ်ထဲတွင် မလွှရွက်နှင့်ခင်းပြီး စားစရာများထည့်၍ ဖူ့သိန်းကျာသစ်ငုတ်နားတွင် ချကာ ကွယ်လွန်သွားသော ဘိုးဘွားဝိညာဉ်များအား ပင့်ဖိတ်၍ လာရောက်သုံးဆောင်ကြပါရန် ပြောရသည်။ ပြောဆိုပြီးလျှင် အထုပ် ၂ ထုပ်ကို ဖူ့သိန်းကျာသစ်ငုတ်ပေါ်တွင် တင်ထားရင်း "အဖူး သိန်းကျာရေ.. သင့်အတွက် တစ်ထုပ်ယူ၊ ကျန်တစ်ထုပ်ကို ကျွန်ုပ်၏မိဘထံ သွားပို့ပေးပါ" ဟု လျှောက်ထားပြောကြားရသည်။ ဤရိုးရာသည် မူလအစဥ် မျိုးရိုးစဉ်လာရှိခဲ့သော "ဖူးဖာဒိုး" နတ်သစ်ပင်ကို အခြေခံသည့် ပူဇော်မှုတစ်ရပ် ဖြစ်သည်။

နှစ်ပေါင်း ရာပေါင်း ကြာလာသောအခါ ဖူးဖာဒိုး နတ်သစ်ပင် သက်တမ်းကုန်ဆုံး၍ ယိုယွင်းဆွေးမြေ့ကာ ကျန်ရှိသောသစ်ငုတ်ကို "ဖူးသိန်းကျာ"အဖြစ် ခေါ်ဆို လာခဲ့ကြသည်။ ကရင်လူမျိုးတို့သည် ဘိုးဘွားမိဘဝိညာဉ် ပူဇော်ပွဲကို နှစ်စဉ်နှစ်တိုင်း ပြုလုပ်သွားကြရသည်။ မိဘနှစ်ပါး သေဆုံးပြန်သော် သားသမီးတို့သည် မိဘလုပ်ခဲ့သော ဝိညာဉ်ပူဇော်သည့် အလေ့အထကို ကိုယ့်အိမ်သို့ အသီးသီး ယူဆောင်သွားကြကာ မိမိတို့ အိမ်ထောင်စုတွင် မိမိတို့ကိုယ်တိုင် ပြန်လည်ဦးစီး၍ သေလွန်သောဘိုးဘွားမိဘ ဝိညာဉ်များကို ဆက်လက်၍ ပူဇော်ပသကြရသည်။

ဤသို့ ဘိုးဘွားမိဘအစဉ်အဆက် ပြုလုပ်လာခဲ့သော ဝိညာဉ်ပူဇော် ကန်တော့ခြင်း၏ မူလရည်ရွယ်ချက်သည် သားသမီးများ တကွဲတပြား မဖြစ်စေလိုခြင်း၊ မိမိတို့၏ အိမ်ထောင်စု မိသားစုထဲတွင် အသွင်မတူ တစ်ခြားလူမျိုး တစ်ဦးတစ်ယောက်ကို အလို မရှိခြင်း၊ မိမိတို့ အမျိုးအနွယ်မှတစ်ပါး အခြားသော အမျိုးအနွယ်က ပါဝင်ပတ်သက်မှု မရှိစေလိုခြင်း၊ ကွဲကွာနေသော ညီအစ်ကိုမောင်နမချင်း ဆွေမျိုး အုပ်စုချင်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် တစ်နှစ်တစ်ခါ တွေ့ဆုံခွင့်ရရှိကြသဖြင့် တစ်ဦးနှင့် တစ်ဦး တိုင်ပင်ခွင့်ရခြင်း၊ အကြောင်းကြီးငယ်များကို ကူညီဖြေရှင်းပေးနိုင်ခြင်း၊ ဆွေမျိုးအနွယ် မတိမ်ကောနိုင်ခြင်း၊ တစ်ခြားလူမျိုးတို့၏ ဝါးမျိုခြင်းမှ ကာကွယ်နိုင်ခြင်း

စသော ရည်ရွယ်ချက်များဖြင့် ပြုလုပ်ကြသည်။

ရှေးကရင်လူမျိုးများသည် ဘိုးဘွားမိဘများ၏ ဂုဏ်ကျေးဇူးကို နောင်လာနောက်သားတို့က မမေ့မလျော့ အစဉ်မြတ်နိုးစေရန် တစ်နှစ်တစ်ကြိမ် ဘိုးဘွား မိဘဝိညာဉ် ပူဇော်ကန်တော့သည့် ဓလေ့ထုံးထမ်းစဉ်လာတစ်ရပ်ကို စဉ်လာမပျက် ထိန်းသိမ်း လုပ်ဆောင်ရမည့် လမ်းစဉ်တစ်ရပ်ဖြစ်လေသည်။ ယင်းဘိုးဘွား ဝိညာဉ် ကိုးကွယ်မှု အစဉ်အလာသည် ရှေးအထက်ကျော်ကာရီကပင် ဆင်းသက်လာခဲ့သော ပင်ရင်းဖြစ်သည့် ရိုးရာအလေ့အထ(သို့မဟုတ်) ရှေးဟောင်းဓလေ့ တစ်ရပ်ပင် ဖြစ်သည်။

## သစ္စာတိုင် ဓူဝေ ရိုးရာဓလေ့ ယုံကြည်မှု

"ဓူဝေ"ဆိုသည်မှာ ရိုးရာအစဉ်အလာနှင့် ဗုဒ္ဓဘာသာ ရောပြွမ်းနေသော ကိုးကွယ်မှု တစ်ခုဖြစ်သည်။ ဓူဝေရိုးရာ စတင်ဖြစ်ပေါ်လာပုံကို ရှေးသားဖော်ပြလျှင် ထိုခေတ် ကရင်လူမျိုးတို့၏ ရိုးရာကိုးကွယ်မှုတို့ကိုပါ လေ့လာသင့်ပေသည်။ ရှေးကရင်လူမျိုးတို့သည် ထူးဆန်းသော အသွင်သဏ္ဍာန်ကို ဆောင်နေသော ကျောက်တုံးကျောက်ဆောင် သစ်ပင်ကြီးများကို တွေ့လျှင် စားစရာနှင့် ပန်းနံ့သာများဖြင့် ပူဇော်ပသလေ့ရှိကြသည်။ ထိုအစဉ်အလာ ပူဇော်မှုသည် နောင်တွင် ဗုဒ္ဓအယူဝါဒများ ဝင်ရောက်လာသောအခါ ရိုးရာနှင့် ဘာသာ တွဲဖက်၍ ကိုးကွယ်လာခဲ့ကြသည်။

ဓူဝေနှင့်ပတ်သက်သော အကြောင်းအရာတို့မှာ အများအားဖြင့် ရှေးလူတို့ ပြောလာခဲ့ကြသော ပါးစပ်သမိုင်းတွင်လည်းကောင်း၊ စာပေတွင် လည်းကောင်း၊ တေးကဗျာတွင်လည်းကောင်း ကြားသိရသည်။ ဤသို့ ဆိုစမှတ်ရှိခဲ့သည့်အတိုင်း ဟုတ်သည် မဟုတ်သည်ကို ဝေဖန်ရန် မရည်ရွယ်ဘဲ အစဉ်အလာ ပြောဆို ရှေးသားလာခဲ့သည့် အကြောင်းအရာကိုမူ ဤနေရာတွင် ထည့်သွင်း ဖော်ပြသင့်ပေသည်။ ဓူဝေ စေတီသမိုင်းအစမှာ စေတီတော်၏ တည်နေရာ၌ မူလက ကျောက်ဖျာတုံး တစ်ခု ရှိသည်ဟု ဆိုသည်။ တစ်ချိန်က အလွန်ကြီးမားသော သစ်ရိပ် ဝါးရိပ်အောက်တွင် တည်ရှိနေသော ကျောက်ဖျာတုံးသည် ရှေးလူတို့အဖို့ အထူးအဆန်းတစ်ခု ထင်မှတ်ကြသည်။

ရှေးကျသောကာလက လူတို့သည် အဆက်အစပ်မရှိသည့် တစ်စိုင်တစ်တုံးတည်း ဖြစ်သော ကျောက်တုံးကြီးတို့ကို လေးစားကိုးကွယ်သည့် ဓလေ့တစ်ခု ရှိခဲ့သည်။ ထို ယုံကြည်မှုကို အကြောင်းပြု၍ မဟာသေလာကျောက်တုံးကြီး ယဉ်ကျေးမှု ဟုလည်း အချို့သမိုင်း ပညာရှင်တို့က ခေါ်ဝေါ်ကြသည်။ ဆရာကျော်လေး၏ ဓူဝေသမိုင်း(ဓူဝေမေင်စိင်ႋ)အဆိုအရ ရှေးအခါက မုဆိုးတို့ တောလိုက်ရာတွင် သား

ကောင်များ ရရှိစေရန် ထို ကျောက်ဖျာတုံးကို တိုင်တည်ရွတ်ဖတ် သရဇ္ဈာယ်ပြီး တော လိုက်ကြသည်။ တောလိုက်၍ ရလာသော သားကောင်များ၏ အသားတို့ကိုလည်း ထိုကျောက်ဖျာတုံးပေါ်တွင် တင်၍ ပူဇော်ပသလေ့ရှိကြသည်။

ရှေးဦးအစ၌ ထိုကျောက်ဖျာတုံးသည် ရှေးမုဆိုးတို့၏ အစဉ်အလာအရ ပူဇော်ပသလာခဲ့သော အယူအဆတစ်ရပ်ပင် ဖြစ်သည်။ နောင်ကာလကြာသော အခါ ဖွဲကပင်တောင်တစ်ဝိုက်ရှိ ကျောက်ဖျာတုံးနှင့် မနီးမဝေးအရပ်၌ လူနေအိမ်ခြေ များ၊ ရွာများ တည်ထောင်၍ နေထိုင်လာခဲ့ကြသည်။ ထိုကျေးရွာဒေသတစ်ဝိုက်ကို အုပ်ချုပ်သော အကြီးအကဲ "ဆခေါင်း"(ခေါ် )ရွာသူကြီး တစ်ဦးရှိလေသည်။

ထိုရွာသူကြီးသည် ပစ္စည်းဥစ္စာကြွယ်ဝပြီး ဒေသခံများအပေါ် ဩဇာအာ ဏာကြီးသူလည်း ဖြစ်သည်။ ဆခေါင်းသူကြီး၌ တစ်ဦးတည်းသော သမီးပျို "မုကြည် အွာ(မူးစေဝ်အွာ)" တစ်ယောက်ရှိလေသည်။ ထိုသတို့သမီးသည် နာမည်နှင့်လိုက်စွာ ဖြူစင်လှပ၏။ မိမိတို့ နေအိမ်တွင် ခိုင်းစေ၍နေသော အစေခံ နွားကျောင်းသားလေး တစ်ဦးနှင့် ပျိုနုရွယ်တူဖြစ်သော ဘဝဖြစ်ကြလေသည်။ မုကြည်အွာနှင့် နွားကျောင်း သားလေးတို့သည် အနေကြာလာသောအခါ ကြိုးချင်းထားတော့ ကြိုးချင်းငြိ ဆိုသလို တစ်ဦးနှင့်တစ်ဦး စုံမက်လာခဲ့ကြသည်။ ကြာလာသော် မုကြည်အွာ မိဘနှစ်ပါး သိမြင် ၍ သမီးနှင့် နွားကျောင်းသားလေးတို့၏ ချစ်ချင်းမေတ္တာကို သဘောမတူဘဲ နွား ကျောင်းသားလေးကို အိမ်မှ နှင်ထုတ်လေသည်။ ချစ်သူနှစ်ဦးတို့၏ သံယောဇဉ်အချစ် မီးလျှံ အပူဒဏ်ကို မချိမဆံ့ ခံစားခဲ့ကြရရှာ၏။

ထိုတွင် ချစ်သူကို မခွဲနိုင် မခွာနိုင်ရှာသော မုကြည်အွာတစ်ယောက် မိဘ နှစ်ပါး၏ စကားကိုလွန်ဆန်၍ ချစ်သူနွားကျောင်းသားလေးနှင့်အတူ လိုက်ပြေးလေ သည်။ သို့သော် ချစ်သူတို့နှစ်ဦးသည် တွေးထင်သလောက် ခရီး မပေါက်ရောက်ခဲ့ကြ ပေ။ လူငယ်တို့၏ သဘောသဘာဝ စိတ်နေစိတ်ထားသည် နနယ်၏။ ထင်သလို စွတ် လုပ်တတ်သည့်အရွယ် ဖြစ်သည့်အလျှောက် မိမိတို့ ချစ်သူနှစ်ဦးတို့သည် နောင် ဘဝ ကျမှ ဘဝလှလှကြီး ပေါင်းရပါစေ၏ ဟူသော အတွေးနှင့် ကျောက်ဖျာတုံးရှိရာသို့ သွားကြပြီး ထိုနေရာ၌ပင် ချစ်သူနှစ်ဦး ရင်ကွဲနာကျကာ သေဆုံးကြရှာလေသည်။

ရှေးက ထိုနေရာ ထိုဒေသ၌ ဖြစ်ပျက်ခဲ့သော လွမ်းဆွတ်ကြေကွဲဖွယ်ရာ ဇာတ်လမ်းတစ်ပုဒ်အဖြစ် ဆရာကျော်လေးက အနုပညာရပ်၌ ရေးသားဖော်ထုတ် ထားလေသည်။ ဤသို့ ကာလရွေ့လျား၍ နောင်တွင် ထိုကျောက်ဖျာတုံးနှင့် နီးကပ် လျက်ရှိသော "ဆွောင်ကတုံး(ဆွင်ကိုတုံ)" ပျဉ်းမပင်ကြီးကို ညောင်ပင်အုံထားလေ သည်။ ညောင်ပင်အုံထားသော ပျဉ်းမပင်ကြီးနှင့် ကျောက်ဖျာတုံးက ဥတုသုံးလီ အမြဲတမ်း အုံ့ဆိုင်းလျက်ရှိပေသည်။ ကျွဲကျောင်းသား နွားကျောင်းသားတို့သည် ထို

သစ်ပင်ကြီးအောက် အရိပ်ခိုလှုံရန် ဆန္ဒရှိသော်လည်း ရှေးအစဉ်အလာ အဆိုအရ ချစ်သူမောင်နှံဝိညာဉ်တည်ရှိသော အယူအဆ ယုံကြည်မှုကြောင့် အနားသို့ မကပ်ဝံ့ကြပေ။

ထိုဒေသရှိ ရွာခေါင်းဆောင်လူကြီးကအစ လူငယ်များအထိ မထီလေးစားမပြုဝံ့ဘဲ တစ်ရွာလုံး တစ်နယ်လုံး ရိုသေဂါရဝပြုကာ ပူဇော်ပသကြလျှင်မူ အရာရာကောင်းကျိုးပေးနိုင်သည်ဟု ယုံကြည်ကြသည်။ အထူးသဖြင့် အိမ်ထောင်ပြုခါစ ဇနီးမောင်နှံတို့အတွက် အဓိက ပူဇော်ပသကြသည်။ ဓလေ့ထုံးတမ်း စဉ်လာဆိုသည်မှာ လူမျိုးတိုင်းတွင် သူ့နည်း သူ့ဟန်နှင့်ရှိပြီး လိုက်နာကျင့်သုံးကြသည်သာ များပေသည်။

သို့သော် အချို့သော လူတို့သည် နောင်အခါတွင် မိမိတို့ လက်ခံယုံကြည်လာကြသော ဘာသာရေးပညတ်ချက်များ၏ လွှမ်းမိုးမှုကြောင့် မလိုက်နာကြတော့ဘဲ ပျောက်ကွယ်သွားကြသလို အချို့က ယုံကြည်အပ်သော ကောင်းမြတ်သော ဘာသာရေး၏ အဆုံးအမအောက်တွင် အစဉ်အဆက်လိုက်နာအပ်သော ရိုးရာဓလေ့ ထုံးတမ်းများကို တွဲဖက်ကာ မဆန့်ကျင်ဘဲ လိုက်နာကြလေသည်။

ဤသို့ ဗုဒ္ဓဘာသာ ထွန်းကားလာသောအခါ ကရင်တို့သည် ရိုးရာလည်း မဆန့်ကျင်စေဘဲ အထိုက်အလျောက် လိုက်လျောမှုပြုကာ ရှေးမူလ ပူဇော်ပသခဲ့ကြသည့်နေရာ၌ ကိုးတောင်ပြည့် စေတီငယ်တစ်ဆူကို တည်ထားကိုးကွယ် ပူဇော်ပသခဲ့ကြသည်။ ထိုစေတီတော်၏ ကိုးကွယ်မှုသည် အထူးသဖြင့် အိမ်ထောင်ရေးတွင် အစပျိုးသော လက်ထပ်မင်္ဂလာမှုကိစ္စတွင် သတ်မှတ်ထားသော စည်းကမ်းချက်များကို မမေ့မလျော့ လိုက်နာရမည်။ ထိုသို့ မလိုက်နာပါက ဓူဝေရိုးရာ ပြစ်ဒဏ်သင့်မည်ဟူ၍ စွဲစွဲမြဲမြဲ ယုံကြည်ထား ကြသည့်အတိုင်း အမှန်ပင် မိမိအိမ်ထောင်ရေးတွင် တစ်မျိုးတစ်မည် ချွတ်ယွင်းချက် ရှိလာမည် ဖြစ်သည်။ ဓူဝေဓလေ့ ယုံကြည်သူ အနွယ်မှန်သမျှ အခြားနိုင်ငံ ရပ်ဝေးသို့ပင် ရောက်နေပါစေကာမူ အိမ်ထောင်ပြုသောအခါ ဓူဝေသို့ အရောက်ပြန်လာပြီး ပူဇော်ကန်တော့ကြရ၏။ ဓူဝေရိုးရာအနွယ်မှန်သမျှ ဇနီးမောင်နှံတို့သည် ရာသက်ပန် ပေါင်းသင်းနေထိုင်ရန် သစ္စာတိုင်တည်၍ ဆုမွန်ကောင်းများကို ရွတ်ဖတ်ကာ ဆုတောင်းကြလေ၏။ ထို့ကြောင့် ဓူဝေစေတီတော်ကို သစ္စာတိုင်စေတီဟူ၍ ခေါ် ဆိုလာခဲ့ကြ လေသည်။

ဓူဝေရိုးရာဓလေ့ကို ဘားအံမြို့နယ်နှင့် ကော့ကရိတ်မြို့နယ်၏ဒေသ အချို့တွင် တွေ့မြင်နိုင်သည်။

# ဝိညာဉ်ခေါ် လက်ရစ်ချည်ခြင်းအကြောင်း

ကရင်လူမျိုးတို့၏ သမိုင်းနောက်ခံ အစ ကာလသည် ကြမ်းတမ်းခက်ထန်သော ဘဝခရီးကို ဖြတ်သန်းခဲ့ကြရ၏။ သမိုင်းအစ၌ သဘာဝအလျောက် ဖြစ်ပေါ်ခဲ့သော ဘေးအန္တရာယ် အမျိုးမျိုးတို့ကြောင့် ဘဝရှင်သန် ရပ်တည်နိုင်ရေးအတွက် ယုံကြည်မှုများ ဖြစ်ပေါ်လာခဲ့သည်။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ကရင်လူမျိုးတို့သည် မြန်မာနိုင်ငံအတွင်းသို့ ရောက်မလာမီ ကာလ၌ဖြတ်သန်းလာခဲ့ကြသော ကုန်းမြင့်တောင်ပေါ်ဒေသတစ်လျှောက် တွေ့ကြုံခဲ့ကြသည့် မကောင်းဘေးဆိုး ပြဿနာများနှင့် မြေပြန့်တွင်ရင်ဆိုင်ခဲ့ရသော လူမျိုးအသီးသီးတို့၏ ဂယက်ရိုက်ခတ်မှု ဆိုးကျိုးမှုအမျိုးမျိုးတို့ကြောင့် နောင်လာနောက်သားများအတွက် အကာအကွယ်အနေဖြင့် လေးနက်သော ပညတ်ချက်တို့ကို ထားရှိခဲ့ကြသည်။ ထိုပညတ်ချက်တို့သည် ကရင်လူမျိုးတို့ ဝိညာဉ်ခေါ် ဆုတောင်းရာ၌ သမိုင်းကွင်းဆက်နေသော တားမြစ်ချက်စကားတို့ကို ရွေးထုတ်၍ ထည့်သွင်း ဖော်ပြထားသည်။

ဤသို့ ကရင်လူမျိုးတို့၏ ဝိညာဉ်ဆုတောင်းခြင်း အကြောင်းကိုလေ့လာရာ၌ ရှေးအထက်ကျော်ကာရီကပင် ဆင်းသက်လာခဲ့သော ယုံကြည်မှုတစ်ခုဖြစ်သည်။ ကရင်လူမျိုးတို့၏ ဝိညာဉ်ရိုးရာ ဆုတောင်းခြင်းသည် မည်သည့်ယဉ်ကျေးမှုအသွင်ဖြင့် ပေါ်ထွန်းလာခဲ့သည်ကို အတိအကျ မသိရပေ။ ချည်ဖြူဖွဲ့ မင်္ဂလာသမိုင်းနောက်ခံတို့တွင် ရှေးမဏ္ဍိုမဒေသရှိ "ပူရမ်"ကျမ်းများတွင် ချည်ဖြူဖွဲ့ မင်္ဂလာကို "ရက္ခဗန္ဓန"ဟုဆိုကြသည်။ "ရက္ခ"၏ အဓိပ္ပာယ်မှာ စောင့်ရှောက်ခြင်းဟူသော အဓိပ္ပာယ်ရ၏။ "ဗန္ဓန"၏ အဓိပ္ပာယ်မှာ ဖွဲ့ချည်ခြင်းဟု အဓိပ္ပာယ်ရသည်။

ထို့ကြောင့် အန္တ ရာယ်အသွယ်သွယ် ကင်းဝေးစေရန် ချည်ဖြူဖွဲ့နှောင် တားဆီးပေးခြင်းဟု အဓိပ္ပာယ်ရသည်။ မဏ္ဍိုမဒေသက ပြုလုပ်သော ချည်ဖြူဖွဲ့မင်္ဂလာပွဲသည် ကရင်အမျိုးသားများ ပြုလုပ်သော ချည်ဖြူဖွဲ့မင်္ဂလာနှင့် ဟန်ပန်ချင်း မတူညီသော်လည်း ရည်ရွယ်ချက် တူညီနေကြောင်း သိရသည်။ ထို့အပြင် ဝါခေါင်လတွင် တရုတ်လူမျိုးတို့သည် သေလွန်ပြီးသော ဘိုးဘွားများကို လဆုတ်ပိုင်းတွင် ပူဇော်ကြပြီး ကရင်လူမျိုးတို့၏ ချည်ဖြူဖွဲ့ မင်္ဂလာတစ်မျိုးဖြစ်သော ဝါခေါင်လ လက်ရစ်ချည်ပွဲသည် များသောအားဖြင့် လဆန်းပိုင်းတွင် ကျင်းပပြုလုပ်လေ့ရှိကြကြောင်း တွေ့ရှိရသည်။

ကရင်လူမျိုးတို့၏ ရိုးရာဝိညာဉ်လက်ချည်ပွဲသည် ကရင်သမိုင်းကြောင်းတွင် မူဟောင်း စနစ်ဟောင်းကို ကျော်လွန်၍ မူသစ် စနစ်သစ်ဖြင့် တစ်စတစ်စ ပြောင်းလဲ

လာခဲ့ကြသည်။ ရှေးအခါက ဝိညာဉ်လက်ချည်ပွဲ ပြုလုပ်ရာတွင် မိသားစု ဆွေမျိုးစုသာ လုပ်ဆောင်ခဲ့ကြသည်။ နောင်တွင် ရွာလုံးကျွတ် နယ်လုံးကျွတ် စုပေါင်းလုပ်ဆောင်ကြ၍ နေ့ထူးနေ့မြတ် မင်္ဂလာပွဲတော်တစ်ခုအဖြစ် စည်ကားသိုက်မြိုက်စွာ ကျင်းပလာခဲ့ကြသည်။

ကရင်လူမျိုးတို့၏ ဝိညာဉ် လက်ချည်ဆုတောင်းပွဲသည် ခေတ်အမြင်အားဖြင့် ဆိုလျှင် ဝိညာဉ်အသိစိတ် မြင့်မားရေးအတွက် နှိုးဆော်ပေးခြင်းသဘောဖြစ်သည်။ ထို့ကြောင့် ရှေးလူတို့၏ ကောင်းမွန်သော စေတနာ ကောင်းမွန်သော ရည်ရွယ်ချက်ဖြင့် ချန်ထားပေးခဲ့သော အမွေအနှစ်ကို ကရင်လူမျိုးအားလုံးက တန်ဖိုးထားကြပေသည်။

## ဝိညာဉ်အယူအဆနှင့် ယုံကြည်မှု

ကရင်လူမျိုးများသည် ခန္ဓာကိုယ်တွင် ဝိညာဉ်ကောင်ရှိသည်ဟု ယုံကြည်ကြသည်။ ယင်းဝိညာဉ်ကောင်ကို ပိုးကရင်ဘာသာဖြင့် "ဝိလာ"ဟုခေါ်ပြီး စကောကရင် ဘာသာဖြင့် "ဝိကလား"ဟု ခေါ် ဆိုကြသည်။

အိန္ဒိယ ဒဿနိကဗေဒ ဆရာတို့သည် ရုပ်နာမ်နှစ်ပါးမှ အခြားဖြစ်သော ဝိညာဉ်အသက်ဟူသော တည်မြဲသော အင်အားစုရှိသည်ဟု ယုံကြည်ကြသည်။ ကရင်လူမျိုးတို့၏ ဝိညာဉ်အသက် အတ္တကောင်ဟူသော အစွဲအလမ်း ယုံကြည်မှုများသည် အိန္ဒိယ ဒဿနိကဗေဒဆရာတို့၏ အယူအဆကို တစ်ပိုင်းတစ်စ ယုံကြည်လက်ခံထားခြင်း ဖြစ်သည်ဟု ယူဆရသည်။ ဝိညာဉ်ဟူသော အယူအဆ ယုံကြည်စွဲလမ်းမှုများသည် ရှင်တော်ဗုဒ္ဓ၏ ဟောပြောဆုံးမချက်များ မဟုတ်သော်ငြားလည်း ဗုဒ္ဓဘာသာဝင် ကရင်လူမျိုးတို့က ဘိုးဘွားအစဉ်အဆက် ယုံကြည်ခဲ့သော ဤအစွဲအလမ်း ယုံကြည်မှုကို မစွန့်လွှတ်နိုင်ခဲ့ကြပေ။

ကရင်လူမျိုးတို့သည် လူ၏ခန္ဓာကိုယ်တွင် ကပ်၍ နေသော ဝိညာဉ်ကောင်ရှိသည်ကို ယုံကြည်ကြသဖြင့် ဝိညာဉ်ကောင်သည် မိမိခန္ဓာကိုယ်နှင့် အမြဲမပြတ် တွဲလျက် ရှိနေမှသာလျှင် ကိုယ်ခန္ဓာ ကျန်းမာသန်စွမ်း၍ အသိဉာဏ် တိုးပွားနိုင်သည်။ ဝိညာဉ်ကောင်သည် အကြောင်းတစ်ခုခုကြောင့် ခန္ဓာကိုယ်မှ ထွက်ခွာသွားပါက ဖျားနာတတ်သည်ဟု ယုံကြည်ကြသည်။ ထို့ကြောင့် ကရင်လူမျိုး တစ်ဦးတစ်ယောက် အလွန်အမင်း ဖျားနာသည့်အခါ ဝိညာဉ်ကောင်လွင့်စဉ်တတ်သည်။ ကြောက်မက်ဖွယ် မြင်ကွင်း ထိတ်လန့်ဖွယ် အသံဗလံတို့နှင့် တွေ့ကြုံသောအခါ ထိတ်လန့်သွား၍ ကြောက်စိတ်ဝင်ကာ ကယောင်ချောက်ချားဖြစ်တတ်၏ ထို့ကြောင့် ကရင်လူမျိုးတို့သည် လန့်ဖျပ်သွားပါက တိုးတိုးတိတ်တိတ် အသံထွက်၍ "ပလူးလာ ဟဲ့ထိုင် ဟဲ့ထိုင်"

ရွတ်ဆိုတတ်ကြ၏။ ဤသို့ ရွတ်ဆိုရခြင်းသည် ဝိညာဉ်ကောင် ကိုယ်တွင် ပြန်တွယ်ကပ်ရန်နှင့် နဂို ပကတိစိတ်အတိုင်း ပြန်လည်ရှိစေခြင်း သဘောပင်ဖြစ်သည်။

ဗုဒ္ဓဘာသာအနွယ်ဝင် ကရင်လူမျိုးတို့သည် ဝိညာဉ်ရိုးရာ ဓလေ့ထုံးစံ မပျက်လိုက်နာ ဆောင်ရွက်တတ်ကြ၏။ ဖျားနာသည့်အခါ၊ ကလေးမျက်နာမြင်သည့်အခါ၊ ကိုယ်စိတ်နှစ်ပါးစလုံး ဒုက္ခဖြစ်သည့်အခါ ဝိညာဉ်သည် လူတို့ကိုယ်မှ ထွက်ခွာ မသွားနိုင်စေရန် ကာကွယ်သည့်နည်းဖြင့် ချည်ဖြူဖွဲ့၍ ဆုတောင်းပေးလေ့ရှိကြသည်။ လက်ရစ်ချည် ဝိညာဉ်ခေါ်ခြင်း လုပ်ဆောင်ရာတွင် ဝါဂွမ်းစစ်စစ် ချည်မျှင်ဖြူကိုသာ လက်ကောက်ဝတ်တွင် ၃ ပတ်ဖြစ်စေ၊ ၅ ပတ်ဖြစ်စေ၊ ၇ ပတ်ဖြစ်စေ၊ ၉ ပတ်ဖြစ်စေ သက်ကြီးရွယ်အိုတို့က ရစ်ချည်ပေးကြရသည်။

## လက်ရစ်ချည်ခြင်းအကြောင်း(၁၀)မျိုး

ကရင်လူမျိုးတို့၏ ဝိညာဉ်လက်ရစ်ဆုတောင်းခြင်း ရိုးရာဓလေ့တို့သည် ယနေ့တွင် ကွယ်ပျောက်လုနီးပါး မထင်မရှားဖြစ်လာသော တချို့တို့ကိုလည်း ပြန်လည် ဖော်ထုတ်ထားရလေသည်။ ထိုလက်ရစ်ချည်ဓလေ့တို့ကို ယခုလက်ရှိ ပြန်လည် စုစည်းဖော်ပြပါက ယေဘုယျအားဖြင့် ၁၀ မျိုးကို တင်ပြထားသည်။

၎င်းတို့မှာ

(၁) ဖျားနာသည့်အခါ လက်ရစ်ချည်ဝိညာဉ်ခေါ် ဆုတောင်းပေးခြင်း
(အှ်လုံဆံင်းဓး ခါင်ႋစူး)

(၂) ဝိညာဉ်လိပ်ပြာလွင့်၍ လက်ရစ်ချည်ဝိညာဉ်ခေါ် ဆုတောင်းပေးခြင်း
(လာဟှာ ခါင်ႋစူး)

(၃) သေသူနှင့် ဝိညာဉ်ခွဲ၍ လက်ရစ်ချည်ပေးခြင်း
(ထုၵ်ဖာဝိလာ ခါင်ႋစူး)

(၄) ဘိုးဘိုးကြီးနတ်သစ်ပင် ပူဇော်ပြီးနောက် လက်ရစ်ချည်ပေးခြင်း
(ကုံလိုဝ်ဖူ့ဖာဍောဟ်ဟှံင် ခါင်ႋစူး)

(၅) ကိုယ်ဝန်ဆောင်သူကို လက်ရစ်ချည်ဆုတောင်းပေးခြင်း
(ဆုံဍိုင်ဆာႋ ခါင်ႋစူး)

(၆) မွေးကင်းစကလေးအား လက်ရစ်ချည်ဆုတောင်းပေးခြင်း
(ဖောဟ်သးအှ်ဖွဲ ခါင်ႋစူး)

(၇) အရွှယ်ရောက်ပွဲ လက်ရစ်ချည်ဆုတောင်းပေးခြင်း
(မူးတ့်မှိုင် ခါင်ႉစူး)

(၈) အမှတ်တရ လက်ရစ်ချည်ဆုတောင်းပေးခြင်း
(စူးခါင်ႉသာသို့)

(၉) ထိမ်းမြားမင်္ဂလာ လက်ရစ်ချည်ဆုတောင်းပေးခြင်း
(အှ်ယှ့က် ခါင်ႉစူး)

(၁၀) ဝါခေါင်လ လက်ရစ်ချည်ဆုတောင်းပေးခြင်း
(လာခုဂ် ခါင်ႉစူး)

ဤ ၁၀ မျိုးတို့သည် ရှေးအစဉ်အလာက လုပ်ဆောင်လာခဲ့သော ရိုးရာဝိညာဉ် လက်ရစ်ချည်ခြင်း မူရင်းများပင် ဖြစ်သည်။ ထိုဝိညာဉ်လက်ရစ်ချည် ၁၀ မျိုးတို့တွင် တချို့ကို ချန်လုပ်ထား၍ ကောင်းနိုးရာရာ ဝိညာဉ်လက်ရစ်ချည် ဆုတောင်းပေးခြင်း ဓလေ့ကိုသာ ပြုလုပ်ခဲ့ကြတော့သည်။

## အှ်လ့်ဆံင်းစး ခါင်ႉစူး
## ဖျားနာသည့်အခါ လက်ရစ်ချည် ဆုတောင်းပေးခြင်း

ကရင်လူမျိုးတို့သည် ရှေးအခါက နာမကျန်းဖြစ်ခြင်း သဘောတရားများသည် ဝိညာဉ်နှင့်ပတ်သက်သော အယူအဆများ ရောထွေး ယှက်တင်လျက် ရှိနေပေသည်။ ကရင်လူမျိုးတို့သည် လူ၏ခန္ဓာကိုယ်တွင် စွဲကပ်လာသော ဝေဒနာများမှာ ကံ၊ စိတ်၊ ဥတု အာဟာရကြောင့် စွဲကပ်ခြင်းဖြစ်သည်ဟူသော ဆင်ခြင်တုံတရားဖြင့် ရောဂါ၏ ဇစ်မြစ်ကို ရှာဖွေခြင်းထက် ဝိညာဉ်လိပ်ပြာ လွင့်စဉ်ခြင်း၊ မကောင်းဆိုးဝါး ပူးကပ်ခြင်းနှင့် ရိုးရာနတ်များက ဖမ်းစားခြင်းကြောင့် လူများ နာမကျန်း ဖြစ်ရသည်ဟု စွဲလမ်းမှတ်ယူကြသည်။

ထို့ကြောင့် ရှေးကရင်လူမျိုးတို့သည် နာမကျန်းဖြစ်လျှင် ထိုက်သင့်သော ဆေးဝါးများဖြင့် ကုသခြင်းထက် ဝိညာဉ်ခေါ် လက်ရစ်ချည်ဆုတောင်းပေးသော ရိုးရာကုထုံးဖြင့် ကုသလေ့ရှိကြသည်။ ထိုသို့ လက်ရစ်ချည်ပေးကြပါက ဝိညာဉ်လိပ်ပြာသည် မိမိ၏ ခန္ဓာကိုယ်တွင် ပြန်လည်ရောက်ရှိပြီး ရောဂါဘယကင်းဝေးကာ မိမိအလိုဆန္ဒများ ပြီးမြောက်အောင်မြင်သည်ဟု ယုံကြည်ကြ သည်။ မိသားစု နာမကျန်းဖြစ်ပါက အိမ်ရှိအဘွား (သို့မဟုတ်) အမေက ဝိညာဉ်လိပ်ပြာခေါ် ရန်အတွက် ညအိပ်ရာ မဝင်မီ မိမိအိမ်ရှိ လှေကားဘောင်ကို ယောက်မဖြင့် ဖြည်းညင်းစွာ ရိုက်ခေါက်ပြီး

ပိုးကရင်ဘာသာဖြင့်-

"ပွူးလာ ဟှယ့်ထာင် ဟှယ့်ထာင်၊ အှ်လ်ဆံင်း အှ်လ်ခွာင့်ဓး ဆ်ဆာ့ဆာ့ အှ်ဝ်အှ်လာ ဟှယ့်ထာင် ဟှယ့်ထာင် ဟှယ့်ထာင် အှ် လ်ဟှိင်းဖိုင်ဃှင့်ဖိုင်ယိုဝ်၊ ဟှယ့်ထာင်အှ် ဍေဖှီ ဍေဖှူ့၊ ဟှယ့်ထာင်အှ် ဍေမောဝ်ဍေဖှာ၊ ဟှယ့်ထာင်အှ် ဍေဖှူဍေဝဲ၊ အှ်ဓးဖှူးဖိုင်လ်ယှေဝ်၊ အှ်ဓးလုံဆုဂ်လာင့်ဆုဂ်လ်ယှေဝ်၊ စာင်းဖှိုဝ် စာင်းမိင်ဓးလ်ယှေဝ် ပွူးလာ ဟှယ့်ထာင် ဟှယ့်ထာင်"

ဤကဲ့သို့ ဝိညာဉ်လိပ်ပြာ ခေါ်ပေးရသည်။

အဓိပ္ပာယ်အားဖြင့် "မကျန်းမမာသော လူနာဝိညာဉ်ပြန်လာပါ၊ ပြန်လာပါ၊ အိမ်တွင် ပြန်လာနေပါ၊ အဘိုး အဘွား အမေ အဖေ မောင်နှမတွေနှင့်အတူ ပြန်လာနေပါ၊ ဖလူးတိုင်းပြည်မှာလည်း မနေနှင့်၊ တောကြိုတောင်ကြားမှာလည်း မနေနှင့်၊ ယောင်မိယောင်မှား လျှောက်မသွားပါနှင့်၊ ပြန်လာပါ၊ အသင်ဝိညာဉ် ပြန်လာပါ။" ထိုကဲ့သို့ ရွတ်ဆိုပြီးပါက မိမိအိမ်ရှိ ကြပ်ခိုးစင်ကို ယောက်မဖြင့်ခေါက်၍ ထိုကဲ့သို့ တစ်ဖန် ရွတ်ဆိုရပြန်သည်။ ရွတ်ဆိုပြီးသည်နှင့် အဘွား သို့မဟုတ် အမေက မိမိ အိမ်ရှိ အိမ်သူ အိမ်သားများအား "ဤအိမ်အတွင်းမှာနေထိုင်ကြသော ခုနစ်ရက်သားသမီး တို့၏ ဝိညာဉ်လိပ်ပြာများအားလုံး ပြန်လာကြပြီလား" ဟု ၃ ကြိမ် ၃ ခါ မေးရာ အိမ်ရှိ လူများကလည်း "ပြန်ရောက်ပါပြီ" ဟု ၃ ကြိမ် ၃ ခါ ပြန်လည် ဖြေကြားရသည်။

ဆက်လက်၍ "အားလုံးနေကောင်းကြရဲ့လား" ဟု ၃ ကြိမ် ၃ ခါ မေး၍ "နေကောင်းကြပါတယ်" ဟု ၃ ကြိမ် ၃ ခါ ပြန်ဖြေကြားပေးရသည်။

ဤသို့ လှေကားခေါက်ခြင်း၊ ကြပ်ခိုးစင်ခေါက်ခြင်း၊ ၃ ည တိုင်တိုင် ဝိညာဉ် လိပ်ပြာ ခေါ်ပေးရသည်။ ၃ ညတိုင်ပြည့်၍ နံနက်မိုးသောက်ချိန်တွင် ဝိညာဉ်လိပ်ပြာ ခေါ် လက်ရစ်ချည်ခြင်းကို ပြုလုပ်ကြသည်။ လူနာကို လက်ချည်ရာတွင် လူနာ ကျန်းမာ ရေးအတွက် ကောင်းရာမွန်ရာ ဆုတောင်း ရွတ်ဆို ချီးမြှင့်ပေးကြသည်။

## ဝိလာဟာ ခါင်းစုး

## ဝိညာဉ်လိပ်ပြာလွင့်မျော၍ လက်ရစ်ချည်ဆုတောင်းပေးခြင်း

ဝိညာဉ်လိပ်ပြာကောင်သည် လူ၏ကိုယ်ခန္ဓာတွင် မှီတွင်နေပြီး ခန္ဓာကိုယ်အပြင်ဘက်သို့ ထွက်ခွာ၍လည်း သွားနိုင်သည်ဟု ယုံကြည်ကြသည်။ အမှောင်ပယောဂ ဆရာများ စုန်း ကဝေ ပညာတတ်သူများနှင့် ပရလောကသားတို့ကလည်း ဝိညာဉ်လိပ်ပြာကို ဖမ်းယူထားတတ်သည်။

ထိုသို့ ဝိညာဉ်လိပ်ပြာသည် ကိုယ်ခန္ဓာမှ လွင့်စဉ်သွားသည့်အခါ လူသည် မကြာခဏ လန့်ဖျပ်ခြင်း၊ ဖျားနာခြင်း၊ မေ့မျောခြင်း ဖြစ်တတ်သည်ဟု ယူဆကြသည်။ ဝိညာဉ်ကောင်သည် လူ၏ခန္ဓာကိုယ်အပြင်မှ ခွဲထွက်လှည့်ပတ်နေပြီး အချိန်အတော်ကြာအောင် ပြန်မရောက်လာဘဲ နေခဲ့သော် ယင်းလူသည် သေဆုံးခြင်းသို့ ရောက်ရှိသွားတတ်သည်ဟု ယုံကြည်ကြသည်။ ပမာအားဖြင့် အမှတ်မထင် ချော်လဲ၍ဖြစ်စေ၊ မြင့်သောနေရာမှ ကျ၍ဖြစ်စေ ထိုကျသောနေရာ၌ တံတွေးနှင့် ၃ ခါ ထွေးရသည်။ ရေရှိပါက ရေတစ်ခွက် ကိုယူ၍ ဖျန်းခနဲ လောင်းချပြီး "ပလူးလာ ပလူးလာ ဟုယ်ထာင်" ရွတ်ဆိုရသည်။ ဤသို့ ပြုလုပ်ပေးခြင်းသည် ဝိညာဉ်လွင့်ခြင်းမဖြစ်နိုင်တော့ပေ။ လူတို့ ဝိညာဉ်လွင့်မျောခြင်းကို ပြန်ခေါ်ပေးသော ဓလေ့များရှိသည်။ ထိုဓလေ့ လုပ်နည်းလုပ်ဟန်တို့သည် ဒေသအလိုက် ကွဲပြားခြားနားခြင်း အနည်းငယ်စီရှိကြသည်။

အချို့သောဒေသတွင် စကောတစ်ချပ်ကို သို့မဟုတ် သစ်သားဗျပ်တစ်ချပ်ထဲ တွင် ထမင်းဆုပ်၊ ပန်း၊ ကောက်ညှင်းထုပ်နှင့်အတူ ချည်မျှင်ရှည်တစ်ချောင်းကို ကန့်လန့်ဖြတ်၍ ချထားရန် ချည်စ တစ်ဖက်မှာ ဗျပ်၏ အပြင်ဘက်သို့ ရောက်သည်အထိ ရှည်ထားရသည်။ ထို့နောက်သစ်သားဗျပ်ကို ဝိညာဉ်လိပ်ပြာလွင့်သော သူ၏ ထိတ်လန့်ခဲ့သောနေရာ၊ လဲကျပြုတ်ကျခဲ့သောနေရာသို့ ယူသွားရ၏။ ဗျပ်အပြင်ဘက်သို့ ထွက်နေသော ချည်စတိုအလယ်မှ မီးဖြင့်ရှို့ကာ ဖြတ်လိုက်ရ၏။ ဝိညာဉ်လိပ်ပြာကို နှုတ်မှ ရွတ်ဖတ် ခေါ်ပေးရလေသည်။ ထိုအခါ သစ်သားဗျပ်ထဲတွင်ရှိသော ချည်စဘက်သို့ မီးကူးလာသော် ဝိညာဉ်လိပ်ပြာပြန်လာပြီဟု မှတ်ယူရ၏။ ဗျပ်ထဲသို့ ချည်မီးစမကူးလာပါက ဝိညာဉ် ပြန်မလာသေးဟု ယူဆရသည်။ ဝိညာဉ် ပြန်မလာမချင်း ထိုသို့ဆက်လက် လုပ်ဆောင်ရမည်သာဖြစ်သည်။

တချို့သောဒေသတွင်မူ ဝိညာဉ်လိပ်ပြာလွင့်မျောခဲ့သော သူ၏ ထိတ်လန့်သောနေရာ၊ လဲကျခဲ့သောနေရာသို့ သွား၍ ငွေဒင်္ဂါးပြား သို့မဟုတ် ကြက်ဥ တစ်ခုခုကို ယူ၍ ထောင်ထားရသည်။ ကြက်ဥ သို့မဟုတ် ဒင်္ဂါးပြား မလဲကျပါက ဝိညာဉ် ပြန်လာပြီဟု မှတ်ယူကြသည်။

တချို့သောဒေသများမှာလည်း ခေါစာကျွေးပြီး ဝိညာဉ်လိပ်ပြာခေါ်လေ့ရှိကြသည်။ ခေါစာကျွေးရာမှာ ဝါးခြမ်းနှစ်ခြမ်းကို အပေါ်သို့မြှောက်တင်ပြီး ပက်လက်လှန်ကျပါက ဝိညာဉ်လိပ်ပြာခေါ်၍ရပြီဟု မှတ်ယူကြပြီး ဝါးခြမ်းတစ်ခြမ်း မှောက်ကျပါက ဆက်လက်၍ ပြုလုပ်နိုင်သည်။ အကယ်၍ ဝါးခြမ်းနှစ်ခြမ်းစလုံး မှောက်ကျပါက ဝိညာဉ်ခေါ်မရကြောင်း လူနာဖြစ်ပါက အခြေအနေမကောင်းဟု ယူဆကြသည်။ ထို့နောက် ခေါစာကျွေးသည့်နေရာမှ လန့်ဖျပ်သူ အိမ်ရှေ့ရှိလှေကားရင်းသို့ ပြန်ရောက်လာသည့်အခါ အိမ်ပေါ်က အိမ်သူအိမ်သားတို့ကို ဦးဆောင်သောသူက ပိုးကရင်ဘာသာဖြင့် "ဝိနွယ့်ဟာ လာနွယ့်ဟာ ထွန်ကုံလောက်ယောက်ဟ (ဝိနှို့ဟှာ လာနှို့ဟှာ ထံင်ကုံ လုက်ယုဂ်ဟှုး)" ဟုမေးရသည်။ အိမ်သူအိမ်သားတို့က "ထွန်ကုံလောက်ယောက်(ထံင်ကုံလုက်ယုဂ်)" ဟု ပြန်လည်ဖြေကြရသည်။

တစ်ဖန် "ဝိနွယ့်ဟာ လာနွယ့်ဟာ အော့မောက်ဆွန်းခလိုင့် လောက်ယောက်ဟ (ဝိနှို့ဟှာ လာနှို့ဟှာ အှ်မုက်ဆံင်းခှာင့် လုက်ယုဂ်ဟှုး)" အိမ်သူအိမ်သားတို့က "အော့မောက်ဆွန်းခလိုင့် လောက်ယောက် (အှ်မုက်ဆံင်းခှာင့် လုက်ယုဂ်)" ဤသို့ သုံးကြိမ်သုံးခါ မေးဖြေပြီးသည်နှင့် လူနာ သို့မဟုတ် လန့်ဖျပ်သူကို ဝိညာဉ်ခေါ်၍ လက်ချည် ပေးကြရသည်။ ဝိညာဉ် လိပ်ပြာခေါ်ရာတွင် လူနာ သို့မဟုတ် လန့်ဖျပ်သူ၏ လက်နှစ်ဖက် လက်ဖဝါးပေါ်တွင် ထမင်းဆုပ် တစ်ဆုပ်၊ ကောက်ညှင်းဖင်ချွန် တစ်ခု၊ နတ်ပန်းညို ၃ ခက်၊ ငှက်ပျောသီးမှည့် တစ်လုံး ဆုပ်ကိုင်ကာ ထိုနောက် ချည်မျှင်ကို ရေနှင့်ဆွတ်၍ လိပ်ပြာလွင့်ပါးသူ၏ လက်ကောက်ဝတ်ကို စတင် ရစ်ချည်ကာ နှုတ်မှလည်း လိပ်ပြာ ခေါ်ဆိုပေးရသည်။

အောက်ပါအတိုင်း ပိုးကရင်ဘာသာဖြင့်

"ပျူးလာ ဟှယ့်ထောင် ဟှယ့်ထောင်
ဟှယ့်ထောင်အှ် လှ်ဟှိုင်းဖိုင်ဃှင့်ဖိုင်
ဟှယ့်ထောင်အှ် ဍေမောဝ်ꩻ ဍေဖာꩻ
ဟှယ့်ထောင်အှ် ဍေဖို့ ဍေဖူ့
ဟှယ့်ထောင်အှ် ဍေမူꩻ ဍေခွို
အှ်စးချုံထိုဝ် ချုံဏာ့လှ်ယှောဝ်
အှ်စး ဖိုင်သာထ်လှ်ယှောဝ်
အှ်စး ခေါဟ်လံင်ထုံလောတ် လှ်ယှောဝ်
လုံꩻဆုဂ် လာင့်ဆုဂ် အှ်စးလှ်ယှောဝ်
ပျူးလာ ဟှယ့်ထောင် ဟှယ့်ထောင်

ဟှယ့်ထောင်အှ် ဏုဆိုဒ်ဆက္ဂာ

ဟှယ့်ထောင်အှ် ခေါဟ်အ္ဂာ ယင်ႋလူးထိုဝ်"

အမိပ္ပာယ်အားဖြင့် "ဖလူးဝိညာဉ် ပြန်လာပါ၊ ပြန်လာပါ၊ အမေ အဖေ အဘိုး အဘွား မောင်နှမတွေနှင့်အတူ အိမ်တွင်ပြန်လာနေပါ။ နယ်စွန်နယ်ဖျားမှာ မနေပါနှင့်။ လမ်းဆုံလမ်းခွမှာလည်း မနေပါနှင့်။ တောလျှိုတောင်ကြားမှာ မနေပါနှင့်။ ကျောက်ဆောင်၊ ကျောက်ကြားမှာ မနေပါနှင့်။ ဆွေမျိုးအသိုင်းအဝိုင်းတွေနှင့် ဆုံဖြုံသည်အထိ ပြန်လာနေပါ" ဟူ၍ ဆုတောင်းပေးကြသည်။ ဆုတောင်းပေးကြရာတွင် တတ်မြောက်သူတို့က တတ်မြောက်သည့်အလျောက် ဆိုကြသည်။ ဤတွင် ကရင်လူမျိုးတို့၏ ရိုးရာဓလေ့မှ ဝိညာဉ် လိပ်ပြာလွင့်မျောသည် ဟု ယုံကြည်ကြသော သူတို့အား မိမိနှင့် ဝိညာဉ်လိပ်ပြာအတူ ပြန်လာနေထိုင်ရန် ဝိညာဉ် လိပ်ပြာခေါ် ပေးခြင်း ဓလေ့တစ်ရပ်ပင်ဖြစ်သည်။

## ထုဂ်ဖာဝိလာ ခါင်ႋစူး
## ဝိညာဉ်လိပ်ပြာခွဲ၍ လက်ရစ်ချည်ခြင်း

ကရင်လူမျိုးတို့သည် သေဆုံးသွားသူ၏ ဝိညာဉ်လိပ်ပြာနှင့် ကျန်ရစ်သူတို့၏ ဝိညာဉ်နှင့် အတူတကွ မနေသင့်ဟု ယူဆကြသည့်အတိုင်း ဝိညာဉ်လိပ်ပြာခွဲလေ့ရှိကြသည်။ သေသူ၏ ဝိညာဉ်လိပ်ပြာသည် မိသားစုတို့နှင့်အတူတကွ ဆက်လက် နေထိုင်သွားတတ်၏။ ထိုသေဆုံးသူ၏ ကြွင်းကျန်သော ဝိညာဉ်လိပ်ပြာသည် မိသားစု အိမ်ထောင်စုအတွင်း မှီခို တွယ်ကပ်နေခြင်းကြောင့် အိမ်သူအိမ်သားများက မကြာခဏ လန့်ဖျပ်ခြင်း၊ ဖျားနာခြင်း၊ အိမ်မက်ဆိုးများ မြင်မက်ခြင်း ဖြစ်တတ်သည်။

ထို့ကြောင့် သေဆုံးသွားသူ၏ ဝိညာဉ်လိပ်ပြာနှင့် ကျန်ရစ်သူ၏ ဝိညာဉ်လိပ်ပြာတို့ကို အတူ မနေသင့်ဟု ယူဆကြသည့်အတိုင်း ဝိညာဉ်ခွဲလေ့ရှိကြသည်။ ဝိညာဉ်ခွဲရာတွင် ကျန်ရစ်သော ကလေး၏အရပ်ကို ချည်မျှင်နှင့် တိုင်းထွာပြီး သေသူသည် မိခင်ဖြစ်စေ၊ ဖခင်ဖြစ်စေ ထိုအလောင်းနှင့်အတူ ချည်မျှင်ကို ထည့်ပေးရသည်။ တိုင်းထွာထားသည့် ချည်မျှင်သာလျှင် သေသူ၏ သားသမီးများ ဖြစ်ကြသည်။ ကျန်ရစ်သော ကလေးများနှင့်မသက်ဆိုင်ဟု ပြောကာ ဝိညာဉ်လိပ်ပြာ ခွဲလေ့ရှိကြသည်။ အထူးသဖြင့် အသုဘ မပို့ခင် ဝိညာဉ်ခွဲပေးခြင်း၊ အသုဘပို့ပြီးနောက် ဝိညာဉ် ခွဲပေးခြင်းနှင့် အရိုးကောက်ပွဲ ပြုလုပ်ပြီးစီးပြီးနောက် ဝိညာဉ်ခွဲပေးခြင်းတို့ကို လုပ်ဆောင်လေ့ရှိကြသည်။

ဝိညာဉ်လိပ်ပြာခွဲရာတွင် ဓလေ့ထုံးစံပြုလုပ်သည့်အတိုင်း "ဖလူး အသင်သည် ယနေ့မှစ၍ သင်သည် ငါတို့၏ အိမ်သား မဟုတ်တော့ပါ၊ သင်သွားလိုရာ သွားပါတော့၊ ငါတို့နှင့် အတူ မနေသင့်တော့ပေ" စသည်ဖြင့် ပြောဆိုပြီး အခြားသော နေရာသို့ နှင်ထုတ်ခြင်းပင်ဖြစ်သည်။ ထိုသို့သေဆုံးသူ၏ ဝိညာဉ်လိပ်ပြာနှင့် ကျန်ရစ်သူတို့၏ ဝိညာဉ်လိပ်ပြာကို ခွဲလိုက်ခြင်းဖြင့် ကျန်ရစ်သူမိသားစုတို့သည် ကျန်းမာပျော်ရွှင်စွာ နေထိုင်ကြတော့သည်။ ထို့အပြင် ဉစ္စာစောင့် သူယောင်စွဲ ကျက်တောင်များ ဖျားယောင်း သွေးဆောင်သွားကြောင်းတို့ကို ကရင်အခေါ် အားဖြင့် "ဆသိုနေး (ဆုံသိုဝ်ကေဝ်ႉ)"တို့ ဖြစ်ခြင်းကြောင့် စွဲလမ်း၍ ထပ်ခါထပ်ခါ အိပ်မက်ခြင်း၊ ညအခါ ယောင်ယမ်း၍ လျှောက်သွားတတ်ခြင်း စသည်တို့ဖြစ်လာပါက ထိုသူသည် မကောင်းဆိုးဝါးများ ဝိညာဉ်များက လာရောက်ပေါင်းသင်း ဆက်ဆံနေကြောင်း ယုံကြည်ကြသဖြင့် ဝိညာဉ်ခွဲ၍ လက်ရစ်ချည်ခြင်းကို ပြုလုပ်ပေးရ၏

ထိုနောက် မကောင်းဆိုဝါး ဖျားယောင်းပေါင်းသင်းခံရသူကို အခြားသော သူတစ်ယောက်နှင့် စတိအနေဖြင့် လက်ထပ်မင်္ဂလာ လက်ရစ်ချည် ပြုလုပ်ပေးရသည်။ ထိုသို့ လုပ်ဆောင်ပေးရခြင်းသည် ထိုသူ၏ ဝိညာဉ်လိပ်ပြာ ပြန်လည် စွဲကပ်နေရန် ရည်ရွယ်ပါသည်။ ထိုသို့ပြုလုပ်ပေးခြင်းဖြင့် သွေးဆောင်တတ်သော မကောင်းဆိုးဝါးက လာရောက် မနှောင့်ယှက်နိုင်ကြောင်း ယုံကြည်ကြလေသည်။

## ကုံလိုဝ်ဖူ့ဖာဘျောဟ်ဟုံင် ခါင်ႉစူး
## ဘိုးဘိုးကြီး နတ်သစ်ပင် ပူဇော်ပြီးနောက် လက်ရစ်ချည်ခြင်း

ကရင်လူမျိုးတို့၏ ရိုးရာအရ "ဖူးဖာဒိုး" ခေါ် ဘိုးဘိုးကြီးနတ်သစ်ပင်ကို ကိုးကွယ် ပူဇော်ကြသည်။ ကရင်လူမျိုးတို့၏ မူလကိုးကွယ်ယုံကြည်မှုတစ်ခုဖြစ်ပြီး ယနေ့တိုင် နေရာအနှံ့အပြားတွင်ရှိနေသော အများစုကိုးကွယ်မှုတစ်ရပ်ဖြစ်သည်။

ဖူးဖာဒိုး ဘိုးဘိုးကြီးကို ပူဇော်ကန်တော့ကြရာတွင် နတ်ပန်းညို ၅ ပွင့်၊ ကွမ်းယာ ၅ ယာ၊ ပျားဖယောင်း ၅ တိုင်၊ ထမင်း၊ ကောက်ညှင်း၊ ရေ စသည်တို့ဖြင့် ပူဇော်ပသကြသည်။ အချို့ဒေသတွင် ကြက်၊ ဝက်၊ အရက်များနှင့် ပသကြသည်။ အသားများကို ပသရာ၌ ဆားမပါဘဲ ပြုတ်၍တင်ရသည်။

ဤသို့ ပူဇော်ပသရာတွင် အကြောင်းအရာတစ်ခုခု ပေါ်ပေါက်လာသည့် အခါ သွားရောက် ပူဇော်ပသ တိုင်တည်လေ့ရှိကြသည်။ မိမိတို့ အိမ်သို့အသီးသီး ပြန်ရောက်လာသောအခါ အိမ်တွင်ရှိနေသူ တစ်ဦးဦးက ဘိုးဘိုးကြီးဆီ ပြန်လာကြ

ကာ "ဝိညာဉ်လိပ်ပြာ ပြန်ပါလာရဲ့လား" ဟူ၍ မေးရသည်။ အမေးခံရသူတို့က "ဝိညာဉ်လိပ်ပြာ ပြန်ပါလာကြပါတယ်" ဟု ပြန်လည်ဖြေကြားပြီးမှ နေအိမ်ပေါ်သို့ ပြန်တက်ခွင့်ရကြသည်။ ဘိုးဘိုးကြီး နတ်သစ်ပင်မှ ပြန်လာသူတိုင်းကို လက်ရစ်ချည် ဝိညာဉ်လိပ်ပြာခေါ်သည့် ရိုးရာဓလေ့အတိုင်း မိမိတို့ နှင့်အတူ ဝိညာဉ်လိပ်ပြာ ပြန်လည် စွဲကပ်နေထိုင်ရန် ဝိညာဉ်လိပ်ပြာ ခေါ်ပေးကြရသည်။

ဤသို့ ပြုလုပ်ကြရခြင်းသည် အထက်သို့ဖော်ပြခဲ့သည့်အတိုင်း ထိုဘိုးဘိုးကြီး နတ်သစ်ပင်သည် ရှေးဘိုးကြီးဘေးကြီးတို့၏ သင်္ဂြိုလ်မြှုပ်နှံရာ ဌာန သစ်ပင်ကြီး ဖြစ်ခြင်းကြောင့် သွားရောက် ပူဇော်ကန်တော့နေကြရသူတို့သည် သူတို့၏ ဝိညာဉ် လိပ်ပြာများက ဘိုးကြီး ဘေးကြီးတို့ဆီ ကျန်ရစ်မသွားအောင် ဝိညာဉ်လိပ်ပြာကို ပြန်ခေါ်၍ လက်ရစ်ချည် ပေးရသည်။ ဘိုးဘိုးကြီးနတ်သစ်ပင် ပူဇော်ပြီး လက်ရစ်ချည် ဝိညာဉ်ခေါ်ခြင်း ရိုးရာအမှုကိစ္စသည် အချို့ဒေသတွင် ပြုလုပ်မြဲ ပြုလုပ်နေကြသည်။

တချို့ဒေသများမှာ ဘိုးဘိုးကြီးနတ်သစ်ပင် ပူဇော်ပသမှုတစ်ခုသာ ပြုလုပ်ကြတော့သည်။ ဝိညာဉ်လိပ်ပြာပြန်လည်ခေါ်၍ လက်ရစ်ချည်ပေးခြင်း လုပ်ထုံး လုပ်နည်းကို မပြုလုပ်ကြတော့သည်ကို သိရှိရသည်။

## ဆုံချိုင်ဆား ခါင်ႉစူး
## ကိုယ်ဝန်ဆောင်သူကို လက်ရစ်ချည်ပေးခြင်း

ကရင်လူမျိုးတို့သည် အမျိုးသမီးတစ်ဦး ကိုယ်ဝန်ဆောင်စဉ်ကာလ၌ "အီမိုက်" (ခေါ်)သားဖွားလက်သည် မွေးဖွားပေးတတ်သူ မိန်းမများက အထူးတလည် ဂရုစိုက်ပေးကြသည်။ ကိုယ်ဝန်ဆောင်ချိန်၌ ကိုယ်ဝန်ဆောင်သူသည် သွေးလေဓာတ် လေးပါး အားနည်းလာ၍ ကိုယ်လက် မအီမသာ ဖြစ်လာတတ်သည်ကို "ဝိလာဖောင့် (ဝိလာဖုက်)" ဝိညာဉ် အားနည်းသည်ဟု ယူဆကြသည်။ ထိုအခါ တတ်သိနားလည်သူ တို့က ဝိညာဉ်လိပ်ပြာ ခေါ်ပေးရသည်။ ဤသို့ လုပ်ဆောင်ပေးခြင်းဖြင့် မိခင်ရော သန္ဓေသားပါ ဝိညာဉ်ကြံ့ခိုင်သည်ဟု ယုံကြည်ကြသည်။ ထို ဝိညာဉ်ကြံ့ခိုင်မှု ရှိမှသာလျှင် ကိုယ်ဝန်ဆောင် မိခင်နှင့် မိခင်ဝမ်းတွင်းရှိ ရင်သွေးငယ်တို့ ဘေးအန္တရာယ် အသွယ်သွယ် ကင်းဝေးပြီး ကလေးမွေးဖွားရာ၌ လွယ်ကူသည်ဟု ယုံကြည်ကြသည်။ ကိုယ်ဝန်ဆောင် မိခင်များအဖို့ သားကောင်းသမီးကောင်းကို ရရှိလိုကြသည်။

မွေးဖွားလာမည့် ရင်သွေးငယ်အဖို့လည်း ခြေလက်အင်္ဂါစုံလင်၍ ချမ်းသာ ပကတိ ကျန်းမာစွာလည်း ရှိစေချင်ကြပါသည်။ ဤတွင် မိခင်တို့၏ ကိုယ်ဝန်သန္ဓေသည် လေ ဖျက်ဆီးခြင်းကြောင့် လည်းကောင်း၊ မိုး ဖျက်ဆီးခြင်းကြောင့်လည်းကောင်း

ပျက်ကျတတ်သည်။ ဤသို့ သားသမီးငယ်လေးများ မပျက်စီးရလေအောင် ရှေးထုံး အတိုင်း လက်ရစ်ချည်၍ သားသမီး မအောင်မြင်သူတွေလည်း သားသမီးများ အောင် မြင်လာကြသည်ဟု ဆိုကြလေသည်။

## ဖောဟ်သးအ်ဖဲ ခါင်ႋစူး
## မွေးကင်းစကလေးအား လက်ရစ်ချည်ဆုတောင်းပေးခြင်း

မွေးကင်းစကလေးကို မကောင်းဆိုးဝါးများ အန္တရာယ် မပြုနိုင်စေရန် မွေး ဖွားသည်နှင့် ဆေးကြောသန့်စင်ပြီး မိဿလင်ဥကို အနည်းငယ်ဝါးပြီး နနွင်းနှင့် ရောနယ်ကာ ကလေးငယ်၏ ဦးခေါင်းထိပ်တည့်တည့်တွင် သုတ်လိမ်းပေးရသည်။ ပြီးနောက် အနီးအဝတ်ဖြူဖြင့်ထွေးပတ်ကာ ဆန်ကော (သို့) ထားစရာနေရာ တစ်ခုထဲ တွင် သိပ်ထားပေးရသည်။ ထိုအခါ တတ်သိနားလည်သူတစ်ဦးက ဝါဂွမ်း ချည်ဖြူဖြင့် ကလေးငယ်၏ လက်ကောက်ဝတ် နှစ်ဖက်စလုံးကို တစ်ဖက် သုံးပတ်စီ ရစ်ပတ် ချည်ပေးပြီး နှုတ်မှလည်း ဤကဲ့သို့ ရွတ်ဆိုပေးရသည်။

> "အ်ယိုဝ် ဖှူႉဝိလာပှောဝ် ဝိလာႉး ဟှယ့်ထင်း ဏ္ဍာ်ဒ္ဒိထင်း ယိုဝ်လုံကျႉး ဟှယ့်ထင်းအ် လုံအ်ပှောဝ်အ်ႉး"

အဓိပ္ပာယ်က "ဖလူး အသင် ဝိညာဉ်လိပ်ပြာကောင် လိပ်ပြာမြတ် လူ့ လောကတွင် ကောင်းရာမွန်ရာ လာရောက်နေထိုင်ပါ" ဟူ၍ ရွတ်ဆိုပေးရသည်။

အချို့ ကရင်လူမျိုးတို့သည် "စိုင်းလောင်မစ်ထိုင်/တိုင်ထောင်းမစ်ထိုင် (စာင်းလင်မ်ေထ်/တာ်ထင်းမ်ေထ်)" ခေါ် မီးဖွားပြီး ၇ ရက်နေ့မြောက် မွေးနေ့သို့ ပြန်ရောက်သောအခါ ရက်ချုပ် ကင်ပွန်းတပ် ခေါင်းဆေး မင်္ဂလာပြုလုပ်ကြပြီး နေ့သင့် နံသင့် နာမည်ကိုလည်း မှည့်ခေါ် ပေးကြသည်။ ထို့နောက် ကလေးငယ်၏ လက် ကောက်ဝတ်တွင်လည်း ဝိညာဉ် လိပ်ပြာခေါ် ၍ လက်ရစ်ချည် ဆုမွန်ကောင်းပေးကြ သည်။ ဆုတောင်းပေးကြရာတွင် ပိုးကရင်ဘာသာဖြင့် ရွတ်ဆိုကြရာတွင်

> "ပှူးလာ ပှူးလာ ပှူးလာ ပါဝ်ဝ်ဖောဟ် အ်ဝိအ်လာ ဟှယ့်ထင်ဟှယ့်ထင် ဝိလာပှောဝ်ဝိလာႉး ဝိလာဆံင်းခှာင့် ဇေလုံႉလာင့် အ်ႉးဖှူႉဖိုင်လုံယှော်ဝ် ဖှူႉဖောဟ်ယှိုင်ဖောဟ် ဏယ်ႉးလုံယှော်ဝ် ဟှယ့်ဏ္ဍာ်ဒ္ဒိထင်း လုံအ်ပှောဝ် ဟှယ့်ထင်းမာစ့် ဖုႉဝဲမောဝ်ႉဖာႉ ထုံလိုဒ်ႉး မောဝ်ႉဖာႉလုံယှော်ဝ် ဟှယ့် ထင် တာင်ဍှောဟ်ဂမှိုင်ႉ မောဝ်ႉဖာႉ ဝိလာညက်ဖှိုဝ် ဇေထိုယှာ ဏယ်ဖှိုဝ်ဏယ်မိင်လုံယှော်ဝ် ဏင်လဝ့်ဏင်ခှဝ်ႉ ဏယ်ႉးလုံယှော်ဝ်

ခုံးဆာင်းဆာမင် ကာယ်ဧးလု်ယေုာဝ် ဟုိင့်သိင်းဖိင်ႉ ကာယ်ဧးလု်ယေုာဝ် ဟုိင့်ဝးဖိင်ႉ ကာယ်ဧးလု်ယေုာဝ် ဧးကာယ်အင်း မောဝ်ႉဖာႉဆုံခွာင် ပှူႉလာ ဟှယ့်ထာင် ဟှယ့်ထာင် ဟှယ့်ထာင်အ့် ဍေမောဝ်ႉဖာႉ လု်ဆိုဝ်တာ ခေါဟ်အွာယင်ႉလူႉထိုဝ်"

အဓိပ္ပာယ်အားဖြင့် "ဖလူးက  လာသော ရင်သွေးငယ်၏ ဝိညာဉ်လိပ်ပြာ ကျန်းမာ သန်စွမ်းသော ဝိညာဉ်လိပ်ပြာဖြစ်ပါစေ၊ ကောင်းမြတ်သော ဝိညာဉ်ဖြစ်ပါစေ၊ ဖလူး တိုင်းပြည်မှာလည်း မနေပါနှင့် ဖလူး လောကသားတွေကိုလည်း အပေါင်းအပါ မပြုပါနှင့်၊ ကောင်းသော မွေးဖွားလာခြင်း ဖြစ်ပါစေ၊ မိဘမောင်နှမအပေါ် ကောင်းကျိုးဖြစ်ပါစေ၊ ဆိုးကျိုးမဖြစ်ပါစေနှင့်၊ မိဘဆွေမျိုး အသိုင်းအဝိုင်းကို ကြီးပွားအောင် လုပ်ဆောင်နိုင်ပါစေ၊ ရေစီးဆင်းကဲ့သို့ ဉာဏ်ပညာများ ထက်မြက် ပါစေ၊ သူစိမ်းတရံကိုလည်း မယုံနှင့်၊ မကောင်းသူတွေကိုလည်း မပေါင်းနှင့်၊ မကောင်းဆိုးဝါး မိစ္ဆာများကိုလည်း မယုံကြည်နှင့်၊ သုသာန်မှာလည်း မနေနှင့်၊ အရိုးတောင်မှာလည်း မနေနှင့်၊ အသင်ဝိညာဉ်လိပ်ပြာ ပြန်လာပါ၊ ပြန်လာပါ၊ မိဘ ဆွေမျိုးတွေနှင့် တစ်သက်တာ ဆံပင်ဖြူသွားသည်အထိ နေသွားပါ" ဟု ရွတ်ဆို၍ ဆုတောင်းပေးကြသည်။ လက်ရစ်ချည်ပေးခြင်း ဆုတောင်းပေးခြင်းကို ဘိုးဘွား၊ မိဘ၊ ဆွေမျိုးများကလည်း ဝိုင်းဝန်းချီးမြှောက်ပေးသည့်အနေဖြင့် တစ်ယောက်တစ်လှည့်စီ လက်ရစ်ချည် ဆုတောင်းပေးကြသည်။

မွေးကင်းစကလေးအား ခမည်းအဖြစ် ရွှေခြေကွင်း ငွေခြေကွင်း စတိပေးကြသည်လည်းရှိ၏။ ထိုကဲ့သို့ ဝိညာဉ်လိပ်ပြာခေါ် ဆုတောင်းပေးခြင်းဖြင့် ကလေးငယ်၏ အနာဂတ်တွင် လူတော်လူကောင်း ဖြစ်စေရန် ရည်ရွယ်၍ လုပ်ဆောင်ပေးကြသည်။ ဥစ္စာနေကြွယ်ဝသော မွေးနေ့ရှင် မိဘဘိုးဘွားတို့က ကြီးကျယ်ခမ်းနားသော လက်ရစ်ချည် ဆုတောင်းပွဲများ ပြုလုပ်ပေးလေ့ရှိကြသည်။

## မူးတ်မှိုင် ခါင်ႉစူး
## အရွယ်ရောက်ပွဲ လက်ရစ်ချည်ဆုတောင်းပေးခြင်း

ဒုံရင်းနယ် ပိုးကရင်များသည် အရွယ်ရောက်ပွဲများ ပြုလုပ်ကျင်းပလေ့ရှိကြသည်။ အချို့ဒေသတို့တွင် အရွယ်ရောက်ပွဲကို မွေးနေ့တွင် ကျင်းပ၍ ဝိညာဉ်လိပ်ပြာကို ဆုတောင်း ပေးလေ့ရှိကြသည်။

အများအားဖြင့် လဲကယ်ဘာသာဝင် ကရင်တို့သည် အရွယ်ရောက်လာသော အပျိုလေးနှင့် လူပျိုလေးတို့အတွက် အရွယ်ရောက်ပွဲ ကျင်းပရသော အလေ့အထ ရှိကြသည်။ လဲကယ်ဘာသာဝင်တို့၏ အရွယ်ရောက်ပွဲများကို အရွယ်ရောက်လာသော လူပျို အပျိုတို့ကို စုပေါင်း၍ တန်ဆောင်မုန်းလတွင် ကျင်းပလေ့ ရှိသည်။ ထိုပွဲကို ပိုးကရင်တို့က "သီးလောင်ခိုး(သီးလင်ခေါဟ်)"ဟုလည်း ခေါ်ဝေါ်လေ့ရှိကြသည်။ သီးလောင်ခိုး အဓိပ္ပာယ်မှာ ရှေးအခါက ကရင်လူမျိုးတို့၏ ကလေးမလေး အရွယ်တို့သည် ဂျပ်ခုတ်ရက်ကန်းဖြင့် ရက်လုပ်သော သင်တိုင်းရှည်အဖြူကိုသာ ဝတ်ဆင်ပေးကြသည်။ ကြက်တောင်စည်း ဆံပင်တိုလေးနှင့် ၁၄ နှစ် ၁၅ နှစ် အရွယ်သို့ ရောက်ရှိလာသည်အထိ ဆင်ယင်ထုံးဖွဲ့ကြသည်။ ထို ၁၄ နှစ် ၁၅ နှစ် အရွယ်သို့ ရောက်ရှိလာသောအခါ အပျိုဖြန်း အပျိုပေါက်အရွယ်ဟု ခေါ်ကြသည်။ ထိုအရွယ်မှ လွန်၍ ၁၆ နှစ် ၁၇ နှစ် အရွယ်သို့ရောက်ရှိလာသောအခါ ထဘီအင်္ကျီတို့ကို ဝတ်ဆင်၍ ဆံပင်ရှည် ဆံကျစ်ချနှင့်နေသည့် အပျိုစင်အရွယ်ကို သီးလောင်ခိုးအရွယ်ဟု ခေါ်ကြလေသည်။

ဤအကြောင်းနှင့်ပတ်သက်၍ မိန်းမပျိုတို့၏ အရွယ်အစားအလိုက် ဖော်ပြစေလိုသည်။ မိန်းမပျိုတို့၏ အရွယ်အစားအဆင့်ဆင့် ဖော်ပြပါက ယေဘုယျ အားဖြင့် လေးမျိုး ခွဲခြား၍ သတ်မှတ်ထားကြသည်။

ထိုလေးမျိုးတို့တွင် အပျိုဖြန်း- မုလုဘွန်(မူးလုခံင်)
အပျိုစင်- မုတမလန်(မူးတ်မှိုင်)
အပျိုကြီး- မုနောင်ဖာတွတ်(မူးဏင်ဖာဍောဟ်)
အပျိုဟိုင်း- မုနောင်ရှား(မူးဏင်ယှာႉ)

စသည်တို့ကို ဖော်ပြထားသည်။

ထိုအရွယ် ၄ မျိုးတို့တွင် ၁၆ နှစ် ၁၇ နှစ် စန်းပွင့်သောအချိန် အစွန်း အထင်း မဖြစ်သေးသည့် အပျိုစင်ဘဝ၌သာ အရွယ်ရောက်ပွဲ ပြုလုပ်ပေးကြသည်။ အရွယ်ရောက်ပွဲ ပြုလုပ်ပေးသည့်အခါ အခြားအဝတ်များ ဝတ်ဆင်၍မရ။ ရိုးရာ ထဘီ နှင့် သင်တိုင်း ခါးပြတ်ကိုသာ ဝတ်ဆင်ထားရသည်။ အရွယ်ရောက်ပွဲတွင် ဝိညာဉ် လက်ရစ်ချည် ဆုတောင်းပေးကြရာမှာ ပိုးကရင်ဘာသာဖြင့် ဆုတောင်းပေးကြသည်။

ဆုတောင်းရွတ်ဆိုရာတွင်-

“ပှူးလာ ပှူးလာ ပှူးလာ မူးကာင်တ်ုမှိုင်ဖောဟ် အ်ုဝိလာ ဟှယ့်ထာင် ဟှယ့်ထာင် ဟှယ့်ထာင်အ်ု လ်ုအ်ုပှောဝ်အ်ုစး ဟှယ့်ထာင်အ်ု ဍေမောဝ်·ဍေဖာ· ဟှယ့်ထာင်အ်ု လ်ုဖူ·ဲဝါက္ဂာ ကာယ်ဖှိုဝ်ပှောဝ် ကာယ်မိင်စးလ်ုယှောဝ် ကာင်လဝ့် အင်းလဝ့် ကာယ်စးလ်ုယှောဝ် ကာင်ခှုဝ်·အင်းလဝ့် ကာယ်စးလ်ုယှောဝ် အ်ုအေသေ့် အ်ုအေစး ဍွေတ်ပ်ုဝါ စးပှောဝ်အ္ဂာ မူးအ်ုကိုင် အ်ုလာ·အေစး ကျာ်ညီအ်ုထင့်လာ· ထံင်ခေါဟ်အ္ဂာ ယင်·လူ·အ္ဂာ”

ဟူ၍ ဆုတောင်းပေးကြသည်။

အဓိပ္ပာယ်မှာ "အပျိုစင် ဝိညာဉ် ပြန်လာပါ၊ ပြန်လာပါ၊ ကောင်းရာမွန်ရာ ပြန်လာပါ၊ မိဘနှင့်အတူ ပြန်လာနေပါ၊ မောင်နှမတွေနှင့်အတူ ပြန်လာနေပါ၊ ယောင်မိယောင်မှား၍ မယုံကြည်ပါနှင့်၊ မကောင်းယုတ်မာသူတွေကို မယုံကြည်ပါနှင့်၊ အနေအထိုင်တတ်ပါစေ၊ စာရိတ္တနှင့်ပြည့်စုံသော မိန်းကလေးဖြစ်ပါစေ၊ မင်္ဂလာကျက်သရေတွေ ဆံပင်ဖြူသည်အထိ အမြဲတမ်းတည်ရှိနေပါစေ" ဟူ၍ မွန်မြတ်သော ထောပနာဆုများ ချီးမြှင့်ပေးကြသည်။

အပျိုစင်တို့ဘဝသည် ပျော်ရွှင်ကြည်နူးတတ်သည့်အရွယ် မြူးထူးတက်ကြွသည့် အရွယ်လည်းဖြစ်၏။ တစ်သက်မှာ တစ်ခါသာ ပြုလုပ်ခွင့်ရသည့် အရွယ်ရောက်ပွဲကို အပျိုစင်တို့အဖို့ အားရဝမ်းသာ ကျေနပ်ကြသည်။ အပျိုစင်ဘဝကို ကရင်လူမျိုးတို့က တန်ဖိုးထား၍ အမွှမ်းတင် ဂုဏ်ယူကြသည်။

# စူးခါင်ႉသာသ့ီ
# ချည်ဖြူသက်သေ လက်ရစ်ချည်ပေးခြင်း

ဤလက်ရစ်ချည်ခြင်းသည် ရှေးအခါက ကရင်လူရွယ်မောင်မယ်တို့၏ ဘာသာ ဘာဝ အစဥ်အလာ လက်ရစ်ချည်ခြင်း တစ်ရပ်ဖြစ်သည်။ ဤလက်ရစ်ခြင်းသည် ခင်မင်ရင်းနှီးမှုအနေဖြင့် လက်ရစ်ချည်ပေးကြခြင်း၊ သမီးရည်စား ချစ်ခြင်း မေတ္တာ အနေဖြင့် လက်ရစ်ချည်ပေးကြခြင်း ဖြစ်သည်။ ရှေးကရင်လူမျိုးတို့ နေထိုင်ခဲ့ကြသော တောင်တန်းဒေသနှင့် မြေပြန့်ဒေသတို့တွင် ထိုခေတ်ကာလ အခြေအနေအရ သွားရေး လာရေး ခက်ခဲ၍။ တစ်နယ်တစ်ကျေး ရပ်ဝေးဒေသမှ အပေါင်းအသင်း သူငယ်ချင်းနှင့် ချစ်သူရည်စားတို့သည် တစ်နှစ်တာအတွင်း တော်ရုံနှင့် ပြန်လည်ဆုံတွေ့ဖို့ မလွယ်ကူပေ။ တစ်နယ်တစ်ကျေး ရပ်ဝေးမှခွဲခွာရမည့်အခါမျိုးတွင် အပေါင်းအသင်း သူငယ်ချင်းတို့သည် တစ်ဦးကိုတစ်ဦး အမှတ်တရအနေဖြင့် လက်ကောက်ဝတ်တွင် လက်ရစ်ချည်ထား ပေးခဲ့ကြသည်။

ချစ်သူရည်စားနှစ်ဦးအနေဖြင့် မိမိတို့ မခွဲခွာမီ တစ်ဦးကိုတစ်ဦး ချည်ဖြူဖွဲ့ကို သက်သေတည်၍ လက်ရစ်ချည်ထားပေးကြသည်။ တစ်ဦးနှင့်တစ်ဦး လက်ရစ်ချည် ဆုတောင်းပေးကြရာတွင် ပိုးကရင်ဘာသာဖြင့်-

*"ပှူးလာ ပှူးလာ ပှူးလာ ပ်သီးဏ့ီဟှာ ဆ်အဲဝိလာ ယာင်ယုးလင်ဖာ့ေး*
*လ်ယှေ့ဝ် စေ့ူးခါင်ႉသ့ိဝ် စုဂ်ဃု ဟှုင်ႉခိုင့်ေးလာႉဝေ့ လ်ဆိုဝ်တာ"*

ဆိုလိုသည့်အဓိပ္ပာယ်မှာ "အသင် ဝိညာဉ်လိပ်ပြာ၊ ငါတို့ ချစ်ခြင်းမေတ္တာချင်း ဝိညာဉ်လိပ်ပြာ မခွဲမခွာဘဲ ချည်ဖြူကဲ့သို့အလား တွယ်ကပ်၍ တစ်သက်တာ ခိုင်မြဲနေပါစေ" ဟူ၍ ကတိသစ္စာ ဆိုကြသည်။

ယင်းအမှတ်တရ လက်ရစ်ချည်ဖြူကို ပိုးကရင်အခေါ်အဝေါ်ဖြင့် "စူးခိုင်းသာသ့ီ (စူးခါင်ႉသာသ့ီ)" ချည်ဖြူသက်သေဟု တင်စားခဲ့ကြသည်။ ဤသို့ တစ်ဦးကိုတစ်ဦး လက်ရစ် ချည်ဖြူ ဖွဲ့ပေးထားသည်ကို မြင်လေတိုင်း အပြန်အလှန်သတိရကြ၏။ မိုးဦးကျ ရာသီ ရောက်ရှိလာသောအခါ တောင်ယာလုပ်ငန်းခွင် ဝင်နေကြလာသည့်အခါ ပို၍ သတိရကြလေ၏။ သတိရကြလေတိုင်း လက်ကောက်ဝတ် ချည်ဖြူကိုကြည့်ကာ ချစ်သူ ဝိညာဉ်လိပ်ပြာ မိမိအနားမှာရှိသလို ခံစားရ၍ ဝမ်းသာပီတိဖြစ်ခဲ့ရသည်။ ချစ်သူနှစ်ဦး ခွဲခွာချိန်ကာလတွင် တစ်ယောက်ယောက်က သစ္စာဖောက်ပြီး အခြားရည်းစား တစ်ယောက်ထားပြန်ပါက သို့မဟုတ် အိမ်ထောင်ပြုသွားပါက သံယောဇဉ်ပြတ်သွားပြီဟု မဆိုဘဲ "စူးခိုင်းသာသ့ီ ထစ်ခ့ျိက်ယောက် (စူးခါင်ႉသာသ့ီ ထေ့ခ့ိက်ယုဂ်)" ချည်ဖြူသက်သေ ပြတ်သွားပြီ ဟု ပြောဆိုလေ့ရှိသည်။

## အခန်းကြီး ခါင်းစဉ်
# ထိမ်းမြားမင်္ဂလာ လက်ရစ်ချည်ဆုတောင်းပေးခြင်း

လူမျိုးတိုင်းလိုလိုပင် အိမ်ထောင်ပြုကြရာ၌ သက်ဆိုင်သော ရိုးရာလက်ထပ်ခြင်း ဓလေ့များရှိခဲ့ကြသည်။ ထိုနည်းတူ ကရင်လူမျိုးတို့သည်လည်း အိမ်ထောင်ပြုကြသောအခါတွင် ၎င်းတို့၏ ရိုးရာဓလေ့အတိုင်း လက်ထပ်ထိမ်းမြားခြင်းတို့ကို ရှေးမူလ မပျက် ပြုလုပ်ကျင်းပကြသည်။

ကရင်လူမျိုးတို့၏ လက်ထပ်ထိမ်းမြားခြင်း ရိုးရာဓလေ့သည် နေရာဒေသလိုက်၍ ဟန်ပန်ခြင်း ကွာခြားသော်လည်း ဝိညာဉ်ခေါ် လက်ချည်ဆုတောင်း လက်ထပ်ပေးခြင်း စနစ်သည် အတူတူပင်ဖြစ်သည်။ ကရင်လူမျိုးတို့သည် ဘဝကြင်ဖော်အဖြစ် ရွေးချယ်ရာတွင် သွေးသားတော်စပ်သော တစ်ဝမ်းကွဲ နှစ်ဝမ်းကွဲ မောင်နှမတို့ကို ထိမ်းမြားလက်ထပ်လေ့ မရှိချေ။ သွေးဝေးသူများနှင့်သာ အိမ်ထောင်ဖက်လေ့ရှိကြသည်။ ကရင်လူမျိုးတို့သည် ဆွေမျိုးအုပ်စု စိတ်ဓာတ်ပြင်းထန်သည်။ မိမိအမျိုးနွယ်ကို စောင့်ထိန်း၍ မျိုးကွဲသူနှင့် အိမ်ထောင်ပြုသော အလေ့အထ မရှိချေ။ ယနေ့ ကရင်လူမျိုးများသည် အခြားတိုင်းရင်းသားများနှင့် ဒေသတစ်ခုတည်းတွင် ကြာရှည်စွာ နေထိုင်ကြသော်လည်း မျိုးမတူသူနှင့် အိမ်ထောင်ဖက်ခြင်းကို ရှောင်နိုင်သမျှ ရှောင်ကြပေသည်။ ကရင်လူမျိုးတို့သည် ထုံးတမ်းစဉ်လာစနစ်ကို လိုက်နာကျင့်သုံးကြသည်က များသည်။

ညီအစ်ကို မောင်နှမထဲတွင် ကြီးစဉ်ငယ်လိုက်ဖြင့် အိမ်ထောင်ပြုကြ၏။ အကယ်၍ အစ်ကို၊ အစ်မများထက် စော၍ အိမ်ထောင်ပြုပါက မိမိထက်ကြီးသော အစ်ကို၊ အစ်မများအား နနွင်း၊ ကင်ပွန်းရေနှင့် ခြေလက်သုတ်နယ်ပေးပြီး ကန်တော့ကြရသော ထုံးစံရှိသည့်အပြင် အစ်ကို အစ်မထက် ကျော်၍ မင်္ဂလာဆောင်ပွဲ မလုပ်သင့်ဟု အယူရှိကြသည်။ ကရင်လူမျိုးတို့သည် ရိုးမြေကျ ပေါင်းသင်းသွားမည့် ဘဝကြင်ဖော်အဖြစ် ရွေးချယ်ကြရာတွင် ခိုင်မြဲသောအိမ်ထောင်ရေးစနစ်ကိုသာ အလိုရှိကြသည်။ လွယ်လွယ်နှင့်ညား၊ လွယ်လွယ်နှင့်ကွဲ၊ အပျော်တမ်း အိမ်ထောင်ရေးစနစ်ကို မနှစ်သက်ကြဘဲ ရွံမုန်း၍ ရှုတ်ချကြသည်။ မိကောင်းဖခင်သားသမီးတို့၏ အိမ်ထောင်ဖက်ရွေးချယ်ရာတွင် ရိုးမြေကျ ပေါင်းသင်းသွားကြမည့် ရာသက်ပန် အိမ်ထောင်ရေးကို သုံးနှစ် သုံးမိုး အချိန်ယူပြီး စောင့်ကြည့်လေ့လာခဲ့ကြသည်။ မိမိ ရာသက်ပန် ပေါင်းသင်းရမည့် ချစ်သူမှာ သစ္စာ၊ မေတ္တာ ခိုင်မြဲမှု၊ အကျင့် စာရိတ္တကောင်းမှု၊ လုပ်ရည်ကိုင်ရည်ရှိမှု၊ စိတ်ထားမွန်မြတ်မှု ရှိမရှိကို အကဲခတ်လေ့လာစောင့်ကြည့်ခဲ့ကြသည်။

ထို သုံးနှစ် သုံးမိုး ပြည့်၍ ချစ်သူနှစ်ဦးတို့က ကြည်ကြည်ဖြူဖြူ မေတ္တာမျှကြသောအခါ လူကြီးမိဘတို့ကို ဖွင့်ပြောကြပြီး ကြောင်းလမ်းစေ့စပ်ကြသည်။ စေ့စပ်ကြောင်းလမ်းရာ၌ ယောကျ်ားလေးဖက်မှ လူကြီးမိဘများက မိန်းကလေးမိဘများထံသို့ လက်ဆောင် ပစ္စည်းများဖြင့် သွားရောက်၍ တင်တောင်းရသည်။ ထို တင်တောင်းခြင်းကို ပိုးကရင်ဘာသာဖြင့် "အောင်းတလို/အောင်းထောင်း (အင်းတ့်လိုဝ်/အင်းထင်ႋ)" ဟု ခေါ်ကြသည်။

ထိုသို့ လူကြီးမိဘတို့ သဘောတူညီမှု ရရှိပြီးလျှင် နေ့ကောင်းရက်မြတ်ရွေးချယ်ကြပြီး ထိမ်းမြားမင်္ဂလာပွဲကို ပြုလုပ်ပေးကြလေသည်။ ထိမ်းမြားမင်္ဂလာပွဲကျင်းပပုံမှာ သတို့သားကို သတို့သမီးအိမ်သို့ ပို့ပေးကြသည်။ သတို့သားဘက်မှ အပေါင်းအဖော် လူပျိုအသင်းအဖွဲ့တို့နှင့် သီချင်းဆိုသူဆို၊ လက်ခုပ်တီးသူတီး၊ လူငယ်လူရွယ်များ ပျော်စရာတစ်ခုပင် ဖြစ်သည်။ မိမိတို့အဖွဲ့ကိုလည်း ဆင်ပြောင်ကြီးအဖွဲ့ဟူ၍ တင်စားခေါ်ဝေါ်ကြပြီး "ငါတို့အဖွဲ့လာကြပြီဟေ့ လမ်းဖယ်ပေးကြပါ"။ ဤသို့ ဟစ်အော်ပြောဆိုရင်း သတို့သမီးအိမ်သို့ ချီတက်သွားလေသည်။ သတို့သမီးအိမ်သို့ တက်သောအခါ ကင်ပွန်းနန္ဒင်းရည်တို့ဖြင့် သတို့သားကို တစ်ကိုယ်လုံးစိုရွှဲသွားအောင် လောင်းချရင်း နှုတ်မှလည်း "ကောင်းသောလာခြင်းဖြစ်ပါစေ" ပိုးကရင်ဘာသာဖြင့် "ဟယ့်ဟေ ဟယ့်ဘလားဆိုက် (ဟ့ယ့်ဟေ့ဝ် ဟ့ယ့်ႋလာႋဆာ်)" ဟူ၍ ရွတ်ဆိုရလေသည်။

တချို့ဒေသတို့မှာ ကင်ပွန်းရည် နန္ဒင်းရည်အစား နံ့သာရည် အမွှေးရည်တို့နှင့် သတို့သမီးက သတို့သားကို သပြေခက်ဖြင့် ဖျန်းပက်ပြီး "ကျက်သရေ မင်္ဂလာအဖြာဖြာနှင့် တိုးတက်နိုင်ပါစေ" ပိုးကရင်ဘာသာဖြင့် "ကျိုက်သရိ ထောင်းထော့လားဆိုက် (ကျာ်ဒ္ဒိထင်းထဝ့်လာႋဆာ်)" ဟု ကြိုဆို၍ ချီးကျူးထောပနာပြုကြလေ့ရှိသည်။ ထို့နောက် သတို့သားကို အိမ်ခန်းသို့ ခေါ်ဆောင်သွားပြီး သတို့သမီးနှင့် သတို့သားတို့အား လက်ရစ်ချည်ပေးကြလေသည်။

သတို့သမီးနှင့် သတို့သားတို့အား လက်ရစ်ချည်ပေးကြရာတွင် ရှေးဦးဆုံးစုံတွဲလင်မယားက ချည်ပေးရသည်။ စုံတွဲလင်မယားပြီးသည့်နောက် ဆွေမျိုးအပေါင်းအသင်းတို့က တစ်ဖန် ထပ်မံ ချည်ပေးကြပြန်သည်။ ထိမ်းမြားမင်္ဂလာ လက်ချည်ရာတွင် လင်ဗန်း သို့မဟုတ် ဇျပ်ကျယ်ကြီး တစ်ချပ်ပေါ်တွင် ကောက်ညှင်းထုပ်ဖင်ချွန်၊ ထမင်းဆုပ်၊ နတ်ပန်းညို၊ အုန်းသီး၊ ငှက်ပျောသီး၊ ကြံပိုင်းနှင့် ရေတစ်ဖလား ထည့်ထားပြီး ချည်ဖြူ ချည်နီများကို ဖြန့်ခင်းထားရသည်။ ချည်ဖြူ "လုဖော့အွာ (လူ့ဖဝ့်အွာ)" သည် သတို့သားကို ကိုယ်စားပြုသော အထိမ်းအမှတ်ဖြစ်သကဲ့သို့ ချည်နီ "လုဖော့ဝေါ် (လူ့ဖဝ့်ဝဝ်)" သည် သတို့သမီးကို ကိုယ်စားပြုသော သင်္ကေတ အမှတ်

အသားများ ဖြစ်ပေသည်။ ထိမ်းမြားမင်္ဂလာ လက်ချည်ရာတွင် ဆုတောင်း ရွတ်ဆို ပေးခြင်းအပြင် ဆိုဆုံးမစကားတို့ကိုပါ ချီးမြှင့်ပေးကြသည်။

ထိမ်းမြားမင်္ဂလာ လက်ရစ်ချည်ဆုတောင်းရာတွင် လူကြီးတို့က ပိုးကရင် ဘာသာဖြင့်-

"ပှူးလာ ပှူးလာ ပှူးလာ ဟုယ့်ထောင် ဟုယ့်ထောင် ကာင်ႋဝိလာ ကျဝ်ဝိလာ ဝိလာပောဝ် ဝိလာစး မူးပောဝ်လာအွာ အ့်ယုက်တာင်ပောဝ်သာ လုံကာီယိုဝ် ဝိလာဆိင့်ဖွေဝ့် ဟုယ့်ထောင်လာႋ ဍေမှာ့ ဍေဝါကာီဟာ တုံတွယ်စူးပါတ္ာ အ့်ယုဂ်လုံယာ ဟုယ့်ဒ့ာဓာဝ်ႋ ဖောဟ်ပောဝ်ဖောဟ်စး ဒြိုပ်စေဝ်ခံင့် အ့်ထင်းလာႋ ပောဝ်စးလာႋ ဍွေတ်ပုံဝါ ဝါသီးခဝ့် ကာယ်ဖွိုဝ် ကာယ်မိင်လုံယောဝ် မာ့သီးခဝ့် ကာယ်ဖွိုဝ် ကာယ်မိင်လုံယောဝ် ကာင်လဝ့်ကာင်ခှဝ်ႋ အင်းလဝ့် ဝါကာယ်စးယောဝ် ကာင်လဝ့်ကာင်ခှဝ်ႋ အင်းလဝ့် မာ့ကာယ်စးယောဝ် ဝါသီးခဝ့် ဝိလာယာင်ယုး ဍေမှာ့ လုံယောဝ် မာ့သီးခဝ့် ဝိလာယာင်ယုး ဍေဝါလုံယောဝ် ပှူးလာ ဟုယ့်ထောင် ဟုယ့်ထောင် ကာင်ႋဝိလာ ဍေကျဝ်ဝိလာ ဟုယ့်ထောင် ပါသိုဝ်လောဟ်သာ ခေါဟ်အွာယင်ႋလူးထိုဝ်"

ဆိုလိုသည့် အဓိပ္ပာယ်မှာ "ပြန်လာပါ ပြန်လာပါ၊ ဇနီးမောင်နှံ ဝိညာဉ်ကောင်း ဝိညာဉ်မြတ်တို့ နေ့ကောင်းနေ့မြတ် မင်္ဂလာလက်ထပ်ပွဲနေ့တွင် သန့်ရှင်းသောဝိညာဉ် ပြန်လာပါစေ။ နှစ်တစ်ရာအောင် လက်တွဲနိုင်ပါစေ။ ကောင်းမြတ်သော ရတနာသား သမီးလေးများ ထွန်းကားနိုင်ပါစေ။ ဉစ္စာပစ္စည်းများ တိုးတက်နိုင်ပါစေ။ ကောင်းမြတ် သော စာရိတ္တရှိကြပါစေ။ ဇနီးဘက်ကလည်း ဖြားယောင်းတတ်သူ စကားကိုလည်း မယုံပါနှင့်။ လင်ဘက်ကလည်း ဖြားယောင်းတတ်သူ စကားကိုလည်း မယုံကြပါနှင့်။ မိန်းမယုတ် မိန်းမပျက်တို့ စကားကိုလည်း လင်သားက မယုံကြည်ပါနှင့်။ မိန်းမယုတ် မိန်းမပျက်တို့ စကားကိုလည်း မယားက မယုံကြည်ပါနှင့်။ လင်သားဝိညာဉ်လည်း မယားကို ရှောင်ကြဉ် မသွားပါနှင့်။ မယားဝိညာဉ်သည်လည်း လင်သားကိုရှောင်ကြဉ် မသွားပါနှင့်၊ အသင်ဝိညာဉ် ပြန်လာပါ ပြန်လာပါ။ မောင်နှင့်မယ် ဝိညာဉ်တို့ပြန်လာပါ ပြန်လာပါ၊ လက်တွဲဖော်အဖြစ် ဆံဖြူ သွားကျိုးသည်အထိ ပေါင်းသင်းနိုင်ကြပါစေ။"

ဤသို့ ထိမ်းမြားမင်္ဂလာ လက်ရစ်ချည် ဆုတောင်းပြီးနောက် သတို့သား သတို့သမီးတို့သည် တစ်ဦးကိုတစ်ဦး ထမင်း စားစရာတို့ကို ၃ ကြိမ် တိုင်တိုင် တစ်လှည့်စီ ခွံ့ကျွေးကြရသည်။ ထမင်းလက်ဆုံစားပြီးသောအခါ နှစ်ဖက်သော မိဘတို့ကို ကန်တော့ကြရသည်။ ထိုသို့ ထုံးတမ်းစဉ်လာကို ဆောင်ပြီးသောအခါ လင်မယားအရာ မြောက်သွားသည်ဟု ဆိုလေသည်။

# လာခုဂ်ခါင်ႉစူး
# ဝါခေါင်လ လက်ရစ်ချည် ဆုတောင်းပေးခြင်း

နှစ်စဉ် ဝါခေါင်လ ရောက်လေတိုင်း ကရင်လူမျိုးတို့သည် ရွာလုံးကျွတ် စုပေါင်း၍ ကြီးကျယ်ဆုံး လက်ရစ်ချည်ဆုတောင်းပွဲကို ပြုလုပ်ကျင်းပကြသည်။ ဝါခေါင်လ အတွင်း ဝိညာဉ်ခေါ် လက်ရစ်ချည်ဆုတောင်းပေးကြသည့် ရည်ရွယ်ချက်မှာ ရှေး ခေတ်အဆက်ဆက်က ဖြစ်ပေါ်ခဲ့သည့် အကြောင်းဆက်တစ်ရပ်ပင်ဖြစ်သည်။

ကရင်လူမျိုးတို့ ဆင်းသက်လာစဉ်က တောတောင်အထပ်ထပ် ဖြတ်သန်း လာခဲ့ကြပါသည်။ ထိုသို့ ဖြတ်သန်းလာခဲ့ကြရာတွင် သဘာဝဘေး အစာရေစာ ငတ် ပြတ်သည့်ဘေး၊ ဖျားနာရောဂါဘေးများကြောင့် လမ်းခရီးတစ်လျှောက် အသေ အပျောက်နှင့် ကြုံတွေ့ ကြရသည်။ ထိုသို့ သေဆုံးသွားသော ဆွေမျိုးများအနက် နာနာဘာဝ ဝိနာဘာဝသို့ ရောက်ရှိသွားသူများလည်း ရှိခဲ့ကြသည်။ နာနာဘာဝ ရောက်ရှိသူတို့သည် ကျန်ရှိသူများကို ခြောက်လှန့် ပြုစားမှုများ ပြုလုပ်ကြသည်။ ထို သို့ ပြုစားမှုကြောင့် မိမိခန္ဓာကိုယ်တွင် ကပ်ငြိနေသော ဝိညာဉ်များလွင့်ပါးသည်ဟု ယူဆကြပြီး ဝိညာဉ်ကိုခေါ် ယူ၍ လက်ရစ်ချည် ဆုတောင်းပေးကြသည်။

ရှေးက ကရင်လူမျိုးစုများ အခြေချနေထိုင်လာခဲ့ကြသည့် တောတောင် အရပ် ဒေသတို့တွင် ရောဂါဘယ ထူပြောပြီး အနေဆင်းရဲ အစားဆင်းရဲနှင့် ဘဝ အမျိုးမျိုး ရင်ဆိုင်နေ ကြရသည်။ ရှေးလူတို့သည် လေ၏သဘော၊ မိုး၏ သဘော၊ ရာသီဥတုဖောက်ပြန်မှုသဘောတို့ကို နားမလည်ခဲ့ကြပေ။ ရာသီဥတုဖောက်ပြန်မှု ကြောင့် မမာမကျန်းဖြစ်လာသောအခါ ဝိညာဉ်အားနည်းနေသည် ဟု ယူဆကြသည်။ ထိုသို့ ဝိညာဉ်အားနည်းလာသည့်အခါ မကောင်းဆိုးဝါး ဝိညာဉ်များက လာရောက် မှီတွယ်နေတတ်သည်။ ထိုမကောင်းဆိုးဝါးဝိညာဉ်များ ပူးကပ် သွားငြိတွယ်သည့် အခါ ခန္ဓာကိုယ်အတွင်း၌ရှိသော ဝိညာဉ်လိပ်ပြာများ လွင့်ပါး မသွားစေရန် မကောင်း ဆိုးဝါး ဝိညာဉ်များကို နှင်ချ၍ မိမိဝိညာဉ် လိပ်ပြာကိုယ်၌ မြဲမြံကြံ့ခိုင်စေရန်အတွက် ချည်ဖြူနှင့် အကာအကွယ်သဘောဖြင့် ချည်ထားပေးကြသည်။

အချို့က ဝါခေါင်လသည် အေးသောရာသီဖြစ်၍ အစားအသောက်များ ခါတိုင်းထက် ထမင်းစားနိုင်သည်။ ထိုသို့စားနိုင်ခြင်းမှာ မကောင်းဆိုးဝါး တစ္ဆေ ဖုတ် သရဲများ ပူးကပ်ပြီး ထမင်းစားသည်ဟု အယူရှိသောကြောင့် ဝါခေါင်လကို "လာဖု လာန(လာဖူ့ လာဏး)" မကောင်းဆိုးဝါးလ ဟု ဆိုလေသည်။ နောက် အယူအဆ တစ်ခုမှာ မိုးများသော ဝါခေါင်လတွင် ရောဂါဘယ ထူပြောသော လ ဖြစ်ပေရာ ရောဂါ ဘေးဆိုးကြီးများလည်း ကျရောက်လာတတ်၏။

ထိုရောဂါဘေးဆိုးကြီးတို့ကြောင့် ရွာလုံးကျွတ်ဆိုသလို သေကြေပျက်စီးခဲ့ကြသည်။ ရှေးက ရွာပျက်သည်အထိ ဝင်ရောက်နှိပ်စက်တတ်သော ကပ်ရောဂါဘေးဆိုးကြီးတို့သည် နေ့မြင် ညပျောက် ဆိုသလို ကူးစက်မှုကလည်း အလွန်လျင်မြန်လှသည်။ ရှေးက သေသွားသော တစ်ယောက်၏ အသုဘကိုပို့ပြီးသည်နှင့် နောက်ထပ် တစ်လောင်းပြီးတစ်လောင်း အဆက်မပြတ် သေဆုံးကြရာသည်။

တစ်ရွာလုံးက ထိတ်လန့်ချောက်ချားနေကြ၏ ရောဂါမရသေးသောသူများ လွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ကြသည်။ တချို့ကလည်း ရောဂါဖြစ်နေသူများကို ပစ်ထားခဲ့ပြီး ထွက်ပြေးကြရသည်။ ရှေးက ဝါခေါင်လအတွင်း ကရင်လူမျိုးတို့ ရင်ဆိုင် ခံစားကြရသော မိုးဘေး၊ ရေဘေး၊ လေဘေး ငတ်မွတ်ခေါင်းပါးသည့်ဘေးနှင့် ရောဂါဘယဘေးဆိုးကြီးတို့ကြောင့် နောင်တွင် ထိုဘေးဆိုးကြီးများ မိမိတို့အပေါ် မကျရောက်နိုင်စေရန် အရံအတားသဘောဖြင့် ဝိညာဉ်လိပ်ပြာခေါ်၍ လက်ရစ်ချည် ဆုတောင်းပေး လေ့ရှိကြသည်။

ဤသို့ ဝါခေါင်လအတွင်း ဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးဆိုးကြီးတို့ကြောင့် ဝါခေါင်လ ရောက်လေတိုင်း ပြုလုပ်မြဲ ပြုလုပ်နေကျ ဝါခေါင်လ လက်ချည်ပွဲတစ်ရပ် ဖြစ်ပေါ်လာခဲ့သည် ဟု ဆိုလေသည်။ ဝါခေါင်လ လက်ရစ်ချည် လိပ်ပြာခေါ်ပွဲ ပြုလုပ်ကျင်းပမည် ဆိုပါက အောက်ဖော်ပြပါ ပစ္စည်းများ ပါရှိကြောင်းတွေ့ရှိရသည်။ များသောအားဖြင့် ပစ္စည်း(၇)မျိုး (၇)စား တို့မှာ-

| | | |
|---|---|---|
| ထမင်းဆုပ် | - | ၇ ဆုပ် |
| ကောက်ညှင်းဖင်ချွန် | - | ၇ ဆုပ် |
| နတ်ပန်းညို | - | ၇ ခက် |
| ငှက်ပျောသီး | - | ၇ လုံး |
| ကြံပိုင်း | - | ၇ ပိုင်း |
| ချည်ဖြူမျှင် | - | ၇ ချောင်း |
| ရိုးရိုးရေ | - | ၁ ဖလား တို့ဖြစ်သည်။ |

ပစ္စည်း(၇)မျိုးတို့ကို လင်ဗန်း(သို့မဟုတ်)စကောတစ်ချပ်ပေါ်တွင် အသင့်ပြင်ဆင်ထားရသည်။ ထိုပစ္စည်း(၇)မျိုးတို့သည် လူတွင် ဆင်ယင်သုံးဆောင်စရာကိုသာ ရေတွက်လေသည်။ ထိုကဲ့သို့ ပစ္စည်း(၇)မျိုးနှင့် အမျိုးအစား(၇)မျိုးစီ ထားရှိရခြင်း ရည်ရွယ်ချက်မှာ ဝိညာဉ်(၇)ပါး ကြံ့ခိုင်စေရန်အတွက် ပြုလုပ်ပေးသည့်သဘော သို့မဟုတ် ၇ ရက် သားသမီးများ ဘေးအန္တရာယ်ကင်းရှင်းစေသည့် သဘောကို ဆောင်ပါသည်။

ဝိညာဉ်လိပ်ပြာခေါ် လက်ရစ်ချည်ပြုလုပ်ပုံမှာ ရှေးဦးစွာ လက်ချည်မည့် ကာလသမီး ကာလသား (၇)ရက် သားသမီးတို့၏ မွေးနေ့နံကို ရွေးယူကြရသည်။ လက်ချည်ပေးမည့် သက်ကြီးရွယ်အို ပုဂ္ဂိုလ်တို့သည်လည်း လင်စုံ မယားစုံ (၇)စုံ ဖြစ်ရမည်။ မုဆိုးဖို တစ်ခုလပ် ပုဂ္ဂိုလ်များ လက်ချည်ပေးခွင့် မရှိချေ။ ပထမ အိမ်ထောင်မှ လင်စုံ မယားစုံ ရှိနေသူတို့ကိုသာ လက်ချည် ချီးမြှင့်ပေးရန် ကြိုတင်၍ ဖိတ်ကြားထားရသည်။

ဖိတ်ကြားခံရသူ သက်ကြီးရွယ်အိုတို့ကလည်း လက်ရစ်ချည်ပေးခြင်း ဆုတောင်းပေးခြင်းတို့သည် ကောင်းမြတ်သော မင်္ဂလာတစ်ရပ်ဖြစ်၍ ငြင်းဆန်လေ့မရှိချေ။ ရိုးရာဓလေ့ နည်းစနစ်အတိုင်း ရှေးဦးစွာ လက်ရစ်ချည်ပေးမည့် သက်ကြီးရွယ်အို (၇)စုံတို့နှင့် လက်ချည်မည့် (၇)သားသမီး (၇) စုံတို့သည် (၇) မျိုးသော ပစ္စည်းများရှေ့တွင် ရိုကျိုးစွာထိုင်ပြီးလျှင် နေရာယူထားကြရသည်။

ယောကျာ်းဖြစ်ပါက အဘိုး၏ရှေ့တွင် နေရာယူပြီး မိန်းကလေးဖြစ်ပါက အဘွား၏ ရှေ့တွင် နေရာယူကြရသည်။ လက်ချည်ပေးမည့် သက်ကြီးရွယ်အိုတို့က လက်ရစ်ချည်မည့် (၇)ရက်သားသမီးတို့၏ လက်နစ်ဖက်ကို ဖြန့်ကာ ပစ္စည်း (၇)မျိုး စလုံး တို့ကို လက်ပေါ်တွင်တင်၍ ချည်ဖြူကိုယူကာ ရှေးဦးစွာ ချည်မျှင်စကို ရေဖြင့် ဆွတ်၍ လက်ကောက်ဝတ်ကို သပ်ချေပြီး(...............) ပူးကပ်နေသော မကောင်း ဆိုးဝါးနှင့် (၉၆)ပါးသော ရောဂါတို့ကို ခြစ်ချ ဆွဲနှုတ်လေဟန်ဖြင့် လုပ်ဆောင်ရသည်။

ထို့နောက် လက်ကောက်ဝတ်ကို ချည်မျှင်ဖြင့် စတင်ရစ်ချည်ကာ နှုတ်မှလည်း အောက်ပါအတိုင်း ရွတ်ဆိုလေသည်။ ထိုသို့ ရွတ်ဆိုပုံမှာ ပိုးကရင်ဘာသာဖြင့်-

“ပှူးလာ ပှူးလာ ပှူးလာ ဟှယ့်ထောင် ဟှယ့်ထောင် ဟှယ့်ထောင်အှ် ဍေမောဝ်ႉဍေဖာႉ ဟှယ့်ထောင်အှ် ဍေဖှိဍေဖူ့ ဟှယ့်ထောင်အှ် ဍေဖူႉဍေွဝါ ကာယ်ဖှိုဝ် ကာယ်မိင်လုဲယေုဝ် ကာင်လဝ့်အင်းလဝ့် ကာယ်ဓးလုဲယေုဝ် ဟှိုင့်သိင်းဖံင်ႉ ကာယ်ဓးလုဲယေုဝ် ဟှိုင့်ဝးဖံင်ႉ ကာယ်ဓးလုဲယေုဝ် အှ်ဓးလုံးဆုဂ် လာင့်ဆုဂ်လုဲယေုဝ် ချံုလင့် ဖင့်ကျာ အှ်ဓးလုဲယေုဝ် ကာင့်ဆာႉဆံင်းခှာင့် ဓေလုံႉလာင့် ဝိလာညာဂ်ဖှောဝ် ယူဓေဖှာႉ ဟှယ့်ထောင် ပါတှာကုဲသေုဲကုဲဆင့် ဟှယ့်ထောင်ပါတှာ စူးဖင့် အာင်ဖင့် ဟှယ့်ထောင်ပါတှာ ဍေကှောပဟ်ဍေစေဝ် ဍေခံင့် မှိုက်သိင်လာ့ ဟှယ့်ထောင်အှ်စုဂ် ထိုင့်ဖူႉွဝါဆိဒ်ဆကှာ ခေါဟ်အှွာယင်လူးအှွာ”

အဓိပ္ပာယ်အားဖြင့် "ဖလူး ဝိညာဉ် ပြန်လာပါ၊ ပြန်လာပါ၊ မိဘဘိုးဘွားတို့နှင့် ပြန်လာနေပါ၊ ညီအစ်ကိုမောင်နှမတွေနှင့် အတူတကွ ပြန်လာနေပါ၊ အရပ်တစ်ပါး

ကိုလည်း ယောင်လည်းမသွားနှင့်၊ သူတစ်ပါးစကားကိုလည်း နားမယောင်ပါနှင့်၊ မကောင်းသော မိန်းမယုတ် မိန်းမပျက်တို့ သွေးဆောင်ရာကိုလည်း မယုံကြည်ပါနှင့်၊ မကောင်းဆိုဝါး မိစ္ဆာတို့ကိုလည်း မယုံကြည်ပါနှင့်၊ သုသာန်တစနှင့် အရိုးတောင်ကို လည်း မနေပါနှင့်၊ သစ်ပေါက်သံ ဝါးပေါက်သံလို ကောင်းကျိုးမပေးသော စကားကို လည်း မယုံကြည်လေနှင့်၊ တောင်ကြိုတောင်ကြားမှာလည်း မနေနှင့်၊ ရှေးလူတို့ နေရာဌာန ဖုန်းဆိုး ကုန်းဆိုးကိုလည်း မနေနှင့်၊ ခန္ဓာကိုယ်ကျောက်သားကဲ့သို့ မာ ပါစေ၊ ဝိညာဉ်အသိစိတ် မြားကဲ့သို့ လျှင်မြန်ပါစေ၊ ဆင်စီးမြင်းရံ၍ ဆန်စပါး ပေါ ကြွယ်ဝသူ ဖြစ်ပါစေ၊ ရွှေငွေ ဖားစည် ကျောက်သံပတ္တမြား ပိုင်ဆိုင်သူဖြစ်ပါစေ၊ ညီ အစ်ကို မောင်နှမ ဆွေတော် မျိုးတော်တွေနှင့် ဆုံဖြူသည်အထိ ပြန်လာနေပါ" ဟု အမိပွာယ်ရသည်။

ထိုသို့ ဆုတောင်းရွတ်ဆိုပြီးသည့်နောက် ဆက်၍ လက်ချည်သူ၏ချည်စ ကို ဖြတ်ကာ ရေအနည်းငယ်ဆွတ်၍ ထမင်းဆုပ် ကောက်ညှင်း စသော (၇) မျိုး တို့ကို အနည်းငယ်စီ စတိသဘောယူ၍ "ခို့အွှာယောင်းလုထို (ခေါဟ်အွှာ ယင်ႋလူး ထိုဝ်)" ဆံဖြူသည်အထိ အသက်ရာကျော် ရှည်ပါစေဟု ဆုတောင်းပြီး (၇) ရက် သားသမီးများကို ဦးခေါင်းဆံဖျားပေါ်သို့ တင်ရသည်။ ထို့နောက် (၇) ရက် သားသမီး တို့သည် (၇) မျိုးသော စားစရာတို့ကို စားသောက်ပြီး ရေကို အနည်းငယ်စီ ပေး သောက်ကြရသည်။ ထို့နောက် တက်ရောက်လာကြသော (၇)ရက် သားသမီး ပရိသတ် များအတွက် ပြောတတ် ဆိုတတ်သော အဘိုးအဘွားတစ်ဦးဦးက အောက်ပါ အတိုင်း ပြောကြားရသည်။

ကရင်ဘာသာဖြင့်-

"မူႋဟော့ဝ်လာအွှာ လုံဏီယိုဝ် မူႋနို့ဟှာ လာဲနို့ဟှာ ဖောဟ်လီလုံဖး
လင်ႋ ဆုံလုံဟော့ဝ်ဆုံလုံ‌ႋဝးသယ် ခေမ့်ဖံင်ဖွေဝ်သိုဝ် မူႋနို့ဟှာ
လာဲနို့ဟှာ ထံင်ကုံလုက်ယုဂ်ဟှး"

တက်ရောက်လာကြကုန်သော (၇)ရက် သားသမီး ပရိသတ်များက "ထွန် ကုံ လောက်ယောက် (ထံင်ကုံ လုက်ယုဂ်)" စသည်ဖြင့် ၃ ကြိမ် ၃ ခါ မေးဖြေပေးကြ ရသည်။

အမိပွာယ်က "ဤရက်ကောင်းရက်မြတ်နေ့တွင် (၇)ရက်သားသမီးများ မကောင်းဘေးဥပဒ်ရန်အသွယ်သွယ် လွတ်ကင်းနိုင်စေရန် (၇)ရက်သားသမီးများ ရောက်ရှိလာကြကုန်ပြီလား။"

(၇)ရက်သားသမီး ပရိသတ်တို့က "ရောက်ရှိလာပါပြီ" ဟု ၃ ကြိမ် ၃ ခါ

ဖြေဆိုပေးကြရသည်။

ကရင်လူမျိုးတို့၏ ဝိညာဉ်လိပ်ပြာ ဆုတောင်းပေးခြင်းတို့သည် ဒေသတစ်ခုနှင့်တစ်ခု အစီအစဉ် ကွဲပြားခြားနားနိုင်သည်။ ထိုဆုတောင်းရာတွင်လည်း တတ်မြောက်သူတို့က တတ်မြောက်သည့်အလျှောက် ဆိုကြသည်။

အသင့်အတင့်ရသူတို့ကလည်း တိုတိုတုတ်တုတ်နှင့် လိုရင်းကိုသာ ဆုပေးနိုင်ကြသည်။ ရှေးအခါက ဆုပေးခြင်းအတတ်ကို တစ်ဆင့်ပြီးတစ်ဆင့် နှုတ်တိုက် သင်ကြားပေးခြင်းရှိသော်လည်း ယခုအခါ သင်ပေးခြင်း သင်ကြားယူခြင်း မရှိသလောက် ဖြစ်လာကြသည်ကိုတွေ့ရသည်။ အဘိုးအဘွားတို့က (၇)ရက် သားသမီး လက်ရစ်ချည် ဆုတောင်းပေးခြင်းကို ပြုပြီးသည်နှင့် တက်ရောက်လာကြသော လူကြီး လူရွယ် လူငယ်များက တစ်ဦးနှင့်တစ်ဦး တပျော်တပါးနှင့် လက်ရစ်ချည်ဖြူဖွဲ့ ပေးကြသည်။ ထိုပွဲတော်တွင် ကရင်လူမျိုးအချင်းချင်း ချစ်ကြည်သွေးစည်း ညီညွတ်မှု ခိုင်မြဲရေးအတွက် လူငယ်များက သရုပ်ဆောင်ခြင်း၊ သီချင်းဆိုခြင်းနှင့် လူကြီးသူမများနှင့် လူရွယ် လူလတ်တို့က ရိုးရာယဉ်ကျေးမှုနှင့် သက်ဆိုင်ရာများကိုလည်းကောင်း၊ ကရင်လူမျိုးတို့ သမိုင်းကြောင်းနှင့် သက်ဆိုင်ရာများကိုလည်းကောင်း၊ အနှစ်သာရရှိသော မိန့်ခွန်းသြဝါဒစကားများ တက်ရောက်ဟောပြော မြွက်ကြားပေးခြင်း စသည့် အမျိုးသားရေးနှင့်ပတ်သက်သော ဗဟုသုတများ ရရှိကြသည်။

ဝါခေါင်လ ချည်ဖြူပွဲ လက်ရစ်ချည်ခြင်းသည် ရှေးကရင်လူကြီးတို့က ကြီးမားသော ရည်ရွယ်ချက်များ ထားရှိကြလေသည်။ ဤသို့ ဝါခေါင်လ လက်ရစ်ချည်ခြင်း၏ ရည်ရွယ်ချက်ကို လေ့လာကြည့်လျှင် ရှေး ဘိုးဘွားတို့သည် သားသမီးများ အပေါ် သဘာဝဘေး အန္တရာယ်များ မကျရောက်စေခြင်း၊ ကွဲကွဲပြားပြား မဖြစ်စေလိုခြင်းနှင့် မိမိလူမျိုးများ မတိမ်ကော မပပျောက်စေရေးအတွက် အတားအဆီးတစ်ခု အနေဖြင့် ပြုလုပ်လာခဲ့ကြသည်။ ရှေးဘိုးဘွားတို့နည်းတူ နောင်လာနောက်သား ကရင်လူမျိုးများသည်လည်း ဘိုးစဉ်ဘောင်ဆက် လုပ်ဆောင်လာခဲ့သော ဝါခေါင်လ လက်ရစ်ချည်ပွဲကို နှစ်စဉ်နှစ်တိုင်း ဆက်လက်ထိန်းသိမ်း လုပ်ဆောင်သွားကြရမည်သာ ဖြစ်ပေသည်။

# လက်ရစ်ချည်ဆုတောင်းထဲမှ ပညတ်ချက် ၈ ချက်

ကရင်လူမျိုးတို့၏ သမိုင်းကြောင်းသည် ရှည်လျားလာသည်နှင့်အမျှ ဝိညာဉ်ခေါ် လက်ရစ်ချည် ဆုတောင်းပေးခြင်း ဓလေ့တို့သည်လည်း နှစ်ပေါင်း ကြာညောင်းခဲ့ပြီဟု ခန့်မှန်းရလိမ့်မည်။ ရှေးက ဝိညာဉ်ခေါ် လက်ရစ်ချည်ဆုတောင်းရာ၌ ရှေးလူတို့၏ ပညတ်ထားခဲ့သော စကားကြီး ၈ မျိုး ပါရှိသည်။ ထိုပညတ်ချက် စကားစု ဝေါဟာရတို့သည်လည်း နှစ်ပေါင်းကြာလာ၍ မျက်မှောက်ကာလတွင် ယောင်ဝါးဝါး ဖြစ်လာခဲ့သည်။ ထိုပညတ် စကားစုတို့သည် အကြောင်းမဲ့ ပညတ်တားမြစ်ထားသည် မဟုတ်။ သူ့ခေတ်သူ့ကာလ သူတို့ပတ်ဝန်းကျင် လူနေမှုအခြေအနေ အကြောင်းတစ်ခုခု ဖြစ်ပေါ်မှုကြောင့် တားမြစ်ထားသော ပညတ်ချက်များဖြစ်သည်။

ရှေးလူတို့အစဉ်အဆက်မှ အကြောင်းအရာ ပြဿနာတစ်ခုခု ဖြစ်ပေါ်လာတိုင်း ဖြစ်ပေါ်လာတိုင်း တားမြစ်ချက်များ ထားရှိခဲ့ကြလေသည်။ ထိုပညတ်ချက် ၈ မျိုး တို့ကို သုံးသပ်၍ ဖော်ထုတ်ခဲ့လျှင် ကရင်လူမျိုးတို့၏ ဘဝနောက်ခံသမိုင်း အပိုင်းအစပင် ဖြစ်သည်။ ထိုပညတ်ချက် ၈ မျိုးတို့တွင်

(၁) ကာယ်ဖှိုဝ် ကာယ်မိင်ဓးလ်ယှော်
ကာယ်ဖလို ကာယ်မိန် ဘားလဟေ

(၂) ကာင်လဝ့် ကာင်ခှဝ်ႋ ကာယ်ဓးလ်ယှော်
နောင်လော့ နောင်ခလော် ကာယ်ဘားလဟေ

(၃) ခှုံးဆာင်း ဆာမင် ကာယ်ဓးလ်ယှော်
ခလုံးဆိုင်း ဆာမောင် ကာယ်ဘားလဟေ

(၄) သွးခေါဟ် လံင့်ထာ် အှ်ဓးလာႋယှော်
သွခွတ် လွန့်ထိုင် အောဘားလဟေ ဟူ၍ ပညတ်ချက်များပင်ဖြစ်သည်။

ဤပညတ်ချက်သည် စာတစ်ကြောင်းကို အနက်အဓိပ္ပာယ်နှစ်မျိုး ခွဲထွက်နေ၍ စာကြောင်း ၄ ကြောင်းကို အဓိပ္ပာယ်အားဖြင့် ၈ မျိုးစီ ပါဝင်နေသည်ကို တွေ့ရသည်။ ယင်း ပညတ်ချက် စကားစုတို့သည် ရှေးကရင်တို့၏ အစဉ်အဆက်က ရွတ်ဆိုလာခဲ့ကြသည့် အတိုချုံး ဝေါဟာရများဖြစ်သည်။ ပညတ်ချက် ၈ ချက်၏ အဓိက ရည်ရွယ်ချက်မှာ မြင်အပ် မမြင်အပ်သော လောက သဘာဝဘေး နှစ်ရပ်တို့၏ ရန်ကို နောင်လာနောက်သားများအတွက် အကာအကွယ်ပေးခြင်း၊ အသိ သတိပေးခြင်းများပင် ဖြစ်သည်။

# ကာယ်ဖလို ကာယ်မိန်၏ အဓိပ္ပာယ်ကောက်နုတ်ချက်

ကာယ်ဖလို ကာယ်မိန်ဆိုသော စကားသည် ယခုမှ ပေါ်ပေါက်လာသော စကား မဟုတ်။ ချည်ဖြူဖွဲ့အစမပေါ်မီက ဖြစ်ပေါ်ခဲ့ဖူးသော အရေးအကြောင်းတို့ကို နောင်အခါ လက်ရစ်ချည် ဆုတောင်းပေးရာ၌ ရှေးဦးစွာ ထည့်သွင်းလာခဲ့သည့် တားမြစ်ချက် စကားများ ဖြစ်လေသည်။

ရှေးကရင်လူမျိုးတို့၏ ချည်ဖြူဖွဲ့အစ ဖြစ်ပေါ်လာခဲ့ခြင်းသည် တရုတ်ပြည် ယူနန်နယ်မှတစ်ဆင့် တောင်ပိုင်းဒေသသို့ လမ်းခွဲ၍ စတင်ဆင်းသက်လာချိန်က ချည်ဖြူ ဖွဲ့ခြင်း အမှတ်အသားများ ပြုလုပ်ထားပေးခဲ့ကြသည်။ ယင်းချည်ဖြူ အမှတ်အသားနှင့်တကွ သတိပေးတားမြစ်ချက်တွေလည်း တစ်ပါတည်း ပညတ်ထားခဲ့သည်ဟု ယူဆရသည်။ ထိုတားမြစ်ချက်တို့တွင် ရှေးကမိမိတို့ ကြုံတွေ့ခံစားခဲ့ရသော မကောင်းဆိုးဝါး ဖလူးတို့၏ အနှောင့်အယှက်တို့နှင့် မိမိတို့ လူမျိုးစုများ အခြားလူမျိုးတို့ မရောမိ မမှားမိစေရန် တားမြစ်ချက်များပါ ရှိလေသည်။ ထိုသို့ တားမြစ်ထားသည်က မိမိတို့ လူမျိုးများ အခြားလူမျိုးတို့၏ ဝါးမျိုခြင်းမှ ကာကွယ်ဖို့အတွက်ပင်ဖြစ်သည်။

ဤသို့ဖြစ်ပေါ်လာခဲ့သည့်အကြောင်းကို ကောက်ချက်ချ၍ ကာယ်ဖလို ကာယ်မိန်၏ အဓိပ္ပာယ်ခိုင်လုံစေရန် ထုတ်ဖော်တင်ပြပါက ကာယ်ဖလို ကာယ်မိန်စကား၏ အဓိပ္ပာယ်မှာ တိမ်မြုပ်နေသဖြင့် ပဟေဠိဆန်သော ဝေါဟာရစကားလုံးများ ဖြစ်ကြသည်။ အဓိပ္ပာယ်ပေါ်လွင်စေရန် စကားဖို စကားမနှင့် တွဲဖက်ဖော်ထုတ်မှသာ လိုရာအဓိပ္ပာယ်ရောက်လိမ့်မည်။ ဥပမာအားဖြင့် ဗမာလူမျိုးတို့၏ဝေါဟာရ စကားဖို စကားမ သုံးနှုန်းရာ၌ "အားထောက်အားနာ/သက်သောင့်သက်သာ" ဆိုကြရာတွင် "အားထောက်/သက်သောင့်" သည် စကားဖို ဖြစ်ပြီး"အားနာ/သက်သာ"သည် စကားမပင် ဖြစ်သည်။

ဤသာဓကနည်းတူ ကာယ်ဖလို ကာယ်မိန် စကားစုကို ဖော်ထုတ်ပါလျှင် "ကာယ်ဖလို ကာယ်ဖလူး- ကာယ်မိန် ကာယ်မွီ" ဤစကားနှစ်ရပ်သည် စကားမ အပိုင်း၌ ဖြစ်သော "ကာယ်ဖလူး ကာယ်မွီ" ဟု ဆိုသည်။ အဓိပ္ပာယ် ပြည့်ပြည့်စုံစုံ ဖော်ပြပါက "ကာယ်ဖလူး လဟေ ကာယ်မွီဟေ" ဟု အဓိပ္ပာယ်ရရှိသည်။ ဗမာလိုဖော်ပြပါက "ကာယ်ဖလူး လဟေ - ဖလူးဘုံသားတွေကိုလည်း မယုံကြည်နှင့်၊ ကာယ်မွီလဟေ- တစိမ်းသွေးသည်တွေကိုလည်း မယုံကြည်နှင့်" ဟူ၍ အဓိပ္ပာယ် ရရှိလေသည်။ ကာယ်ဖလူးလဟေ-ကာယ်မွီလဟေ စကားသည် အမျိုးသားရေးနှင့် ပတ်သက်၍ အမှုမဲ့အမှတ်မဲ့ မနေကြဖို့ တားမြစ်ထားလေသည်။

အထက်ပါရေးသားတင်ပြထားသည့်အတိုင်း ရှေးလူတို့၏ ခေတ်သဘောကို အကဲဖြတ်ကြည့်ရာတွင် ထိုစဉ်က လူမျိုးရေးနှင့်ပတ်သက်သော ပြဿနာရှုပ်ထွေးများမြောင်ခြင်း မရှိလှ၊ မိမိတို့ရပ်တည်ရာ လောကအခြင်းအရာကိုသာ အရေးတစိုက်စူးစိုက်ကြပြီး ဘိုးဘွားတို့၏ အဆုံးအမအပေါ် ၌သာ ရပ်တည်နေခဲ့ကြသည်။

ယနေ့ခေတ်ကြီးတွင် အဖက်ဖက်မှ မိမိတို့လူမျိုးနှင့် မိမိတို့ယဉ်ကျေးမှုတို့ကို လူမျိုးခြားပေါင်းစုံကနေ တိုက်ခတ်လာနေကြသည်ကို တွေ့ရသည်။ ကိုယ့်လူမျိုးကို သူတို့လူမျိုးဖြစ်အောင် ကိုယ့်ယဉ်ကျေးမှုကို သူတို့ယဉ်ကျေးမှု လွှမ်းမိုးသွားအောင် နည်းအမျိုးမျိုး လုပ်ဆောင်နေကြ၏။ ယင်းအရေးကြောင့် ရှေးဘိုးဘွားတို့က ဏယ်ဖလူးလပော - ဏယ်မွီလပော တားမြစ်ချက် အဆုံးအမတို့ကို ပညတ်ထားပေးခဲ့သည်။ လူမျိုးတစ်မျိုး၏ ရပ်တည်မှုသည် ရှေးဘိုးဘွားတို့ ချမှတ်ပေးထားခဲ့သော ရိုးရာ ယဉ်ကျေးမှုနှင့် ဆိုရိုးစကားတို့ကို အစဉ်အလာအရ ထိန်းသိမ်းစောင့်ရှောက်သွားပါက လူမျိုးတစ်မျိုး ထာဝရရှင်သန်ခြင်းပင်ဖြစ်သည်။

## နောင်လော့ နောင်ခလော် အဓိပ္ပာယ်ကောက်နုတ်ချက်

"နောင်လော့ နောင်ခလော်"စကားသည် အဓိပ္ပာယ် တိမ်မြုပ်နေ၍အကြောင်းအရင်း အခြေမှန်ကို ဖော်ထုတ်ပါလျှင် အထက်နည်းတူ စကားဖို၊ စကားမနှင့်တွဲ၍ အဓိပ္ပာယ် ကောက်ယူရသည်။ စကားဖို စကားမနှင့် အဓိပ္ပာယ်ကောက်ယူရာတွင်

နောင်လော့ - နောင်လောက်

နောင်ခလော် - နောင်ခလုံ့ ပင် ဖြစ်သည်။

နောင်လော့ နောင်ခလော်သည် စကားဖိုအပိုင်း ဖြစ်ပြီး "နောင်လောက် နောင်ခလုံ့"သည် စကားမအပိုင်းတွင် ဖြစ်သည်။ အပြည့်အစုံဖော်ပြပါက "နောင်လောက် နောင်ခလုံ့ ဏယ်ဘားလပော- (ဏင်ႋလုက်ဏင်ႋခွံ့ ဏယ်ဓႋလုံယှော်)" ဗမာလို အဓိပ္ပာယ် ဖော်ပြပါက "နောင်လောက်" ဆိုသော ဝေါဟာရစကားသည် လောကလူသား အမျိုးသမီးကို ဆိုလိုသည်။ "နောင်ခလုံ့"ဆိုသော ဝေါဟာရစကားမှာ ကရင်လူမျိုးတို့ ယူဆကြသော ဖလူး ခေါ် ပရလောကဘုံ သို့မဟုတ် ဝိညာဉ်ဘုံသားဖြစ်ကြသော အမျိုးသမီးတို့ကို ဆိုလိုသည်။ "နောင်လောက် နောင်ခလုံ့" ပညတ်စကားနှစ်ရပ်သည် ဣတ္ထိလိင် နာမ်များဖြစ်ကြ၍ အဓိကအားဖြင့် အမျိုးသားများဘက်က ဆိုင်သော ပညတ်ချက်ပင် ဖြစ်သည်။

## နောင်လော့ (ခေါ်) နောင်လောက် အကြောင်း ယူဆချက်

ကရင်လူမျိုးတို့သည် မွန်ဂိုလီးယားမှတစ်ဆင့် တိဘက်ကုန်းပြင်မြင့်ဒေသ တစ်လျှောက်ကို ဖြတ်ကျော်၍ ယူနန်နယ်သို့ တစ်ဆင့်ပြီးတစ်ဆင့် ရွှေ့ပြောင်းလာရာ လမ်းတစ်လျှောက်တွင် လူပျိုလူရွယ် တချို့တို့သည် အုပ်စုချင်းမတူသော မျိုးခြား မိန်းမပျိုတို့နှင့် ပေါင်းသင်းနေထိုင်သွားသူလည်း ရှိသည်။

တချို့ကမူ မိန်းမယုတ်တို့၏ ဆွဲဆောင်သိမ်းသွင်းရာနောက်သို့ လိုက်၍ မျိုးခြားအုပ်စုထဲသို့ ဝင်ရောက်နေထိုင် သွားကြသူလည်း ရှိသည်။ ယင်း အကြောင်း ကြောင့် မိမိတို့လူမျိုးစုထဲတွင် အုပ်စုကာကွယ်ခြင်းနှင့် အားကိုးအားထားရမည့် လက် ရုံးရည် အမျိုးသားများ လျော့ပါးလာခဲ့ရခြင်းတို့ကြောင့် အမျိုးသားနှင့်ပတ်သက်သော စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လာခဲ့သည်။ ဤအရေးကြောင့် "နောင်လော့ အောင်းလိုက် ဏယ်ဘားလပော" အဆိုတစ်ရပ် ဖြစ်ပေါ်လာခဲ့သည်။ နောင်တွင် ကရင်လူမျိုးစုတို့ သည် အခြားလူမျိုးစုတို့၏ လှည့်ဖြားသွေးဆောင်မှုကို မခံရလေအောင် အုပ်စု မတူ သူတို့နှင့် ဝေးရာသို့ တစ်သီးတစ်ခြား နေထိုင်သွားကြသည်။ မိမိတို့ ဘဝရပ်တည်မှု ဘဝလုံခြုံမှုတို့သည်လည်း နေရာသစ်များသို့ ရွှေ့ပြောင်းနေထိုင်လာခဲ့ရာမှ ရှေ့ပြေး လူမျိုးစုများ ဖြစ်လာခဲ့ရသော အကြောင်းတစ်ရပ်ပင်ဖြစ်သည်။

ရှေးကရင်လူမျိုးတို့သည် ဤတားမြစ်ချက်ကို ထားရှိရသော ရည်ရွယ် ချက်မှာ လူမျိုးခြားသူစိမ်းတစ်ရံတို့၏ လှည့်ဖြားသွေးဆောင်မှုကြောင့် မျိုးပျောက်မည့် ဘေးကို ရည်ရွယ်တွေး၍ ချမှတ်ထားခဲ့သော ပညတ်ချက်ပင်ဖြစ်သည်။

## နောင်ခလော် (ခေါ်) နောင်ခလုံ့ အကြောင်း ယူဆချက်

ရှေးပဝေသဏီမှစ၍ ယနေ့အထိ ကမ္ဘာသူကမ္ဘာသားတို့သည် မမြင်တွေ့ ရသော ပရလောကဘုံသားများရှိသည်ဟု လက်ခံယုံကြည်ကြသည်။ ဤပရလောက ဘုံသားအကြောင်းတို့ကို ဒဏ္ဍာရီသဖွယ် လက်ဆင့်ကမ်း ပြောဆိုလာကြသူများလည်း ရှိသလို ရေးသား ဖော်ပြကြသူလည်း ရှိသည်။ ပရလောကသားတို့သည် ဘဝအမျိုးမျိုး ရှိသည်ဟု ဆိုလေသည်။ အချို့ပရလောကသားတို့သည် အရွယ်သင့်၊ အဆင်းလှ၊ နုနယ်ယဉ်ယဉ်နှင့် ပြောကောင်း ဆိုကောင်း ရှိကြသည်။ ယင်းတို့ သည် မျိုးချင်းတူ စုရုံး ၍ ရွာတည်နေထိုင်ကြ၏ ယင်းတို့အပေါ် အုပ်ချုပ်သူလည်း ရှိသည်ဟု ဆိုလေသည်။ အချို့ ပရလောကသားတို့က လူတွေကို ဘေးဥပဒ်ပေးတတ်သောကြောင့် မကောင်း ဆိုးဝါး ဟုလည်း ခေါ်ဝေါ် ပြောဆိုလေ့ရှိကြသည်။ အချို့ပရလောကသားတို့သည် မိမိ

ကိုယ်ကိုယ် အလွန်လှပ ပြေပြစ်သော မိန်းမပျိုအသွင်ကို ဖန်ဆင်းနိုင်ကြ၏။

လူပျိုလူလွတ်တွေကို ချစ်ခင်စဖွယ်ကောင်းအောင် မှုယာမာယာများနှင့် မြူဆွယ် ဖြားယောင်းတတ်ကြသည်။ ထိုမြူဆွယ်ဖြားယောင်းခြင်းကို ပိုးကရင်တို့က ဆသိုဏေး (ဆုံသိုဝ်ဏေဝ်·)ဟု ပြောစမှတ်ပြုကြသည်။

ဗုဒ္ဓစာပေကျမ်းဂန်လာ ခုဒ္ဒကနိကယ် သုတ္တန်ပါတပေတဝတ္ထုမှာ သုလသာ ဆိုသော မိန်းကလေးတစ်ဦးသည် ရက္ခစိုးနတ်သားနှင့် ခုနစ်ရက်ပတ်လုံး ပေါင်းသင်း နေထိုင်သွားသည့် ဝတ္ထုသာဓကများလည်းရှိသည်။ ထိုအဖြစ်အပျက်တို့ကို ယနေ့တိုင် ရှိနေသေးကြောင်း မကြာခဏ ကြုံဖူး ကြားဖူးနေရသည်။

အများအားဖြင့် သွေးဆောင်ဖြားယောင်း ခံရသူတို့မှာ လူပျိုလူရွယ်များ သာ ဖြစ်လေ့ဖြစ်ထရှိသည်။ ဣတ္ထိလိင် ပရလောက မိန်းမပျိုတို့သည် ခုံညားထည်ဝါ သော ဗိမာန်တွေနှင့် တစ်ဦးတည်းသာ နေတတ်ကြသည်။ အချို့က ၂ ဦး ၃ ဦး လည်း နေတတ်ကြ သည် ဟုဆိုသည်။ သူတို့က ယောကျ်ားတွေနှင့် ကင်းကွာ၍ စိတ်မချမ်း မြေ့မှု၊ ပျင်းရိငြီးငွေ့မှု တို့ ဖြစ်ပေါ်လာတတ်၏။ ထိုအခါ ယောကျ်ားတွေနှင့် ထိတွေ့ ခံစားလိုကြသည်။ ယင်းကြောင့် ကာမဂုဏ်အာရုံကို ခံစားလို၍ လူပျိုလူရွယ်တို့ကို သွေးဆောင်ယူကာ ၄ - ၅ ရက်ကြာအောင် ပေါင်းသင်းနေထိုင်တတ်ကြသည်။

သွေးဆောင်ဖြားယောင်းခံရသူ ဟူသမျှတို့သည် စိတ်နေစိတ်ထား မမှန် သော အခြေအနေမျိုး ဖြစ်လာတတ်၏။ အလိုလိုနေရင်း လွမ်းစိတ်တွေပို၍ ငိုတတ် ကြသည်။ စိတ်ချောက်ချားသလို ခံစားရပြီး နေလို့မရ အိပ်လို့မရ ဖြစ်လာတတ်၏။ ထို အခါ မိမိအသက်ကိုပါ ကြုံစည်လာတတ်ကြသည်။ ဤအဖြစ်မျိုးတို့သည် ရှေးအခါက အလွန်ဆိုးဝါးသော ဘေးဒုက္ခတစ်ရပ် ရှိခဲ့ခြင်းကြောင့် ရှေးဘိုးဘွားတို့သည် သားသမီး မြေး မြစ်တို့ဘဝ ဆုံးရှုံးမှု ဘေးမှ ကာကွယ်သောအနေဖြင့် လက်ရစ်ချည်ရာတွင် "ဏယ်ဘား နောင်ခလော် လပော" တားမြစ်ချက်တစ်ရပ် ရှိခဲ့လေသည်။

# ခလုံးဆိုင်း ဆာမောင် အဓိပ္ပာယ် ကောက်နုတ်ချက်

"ခလုံးဆိုင်း ဆာမောင်" ဆိုသော ဝေါဟာရစကားတို့မှာ အဓိပ္ပာယ်နှစ်မျိုးကို ပိုးကရင်ဘာသာဖြင့် ခွဲ၍ဆိုကြရာတွင် "ဏယ်ဘား ခလုံးဆိုင်း လပော ဏယ်ဘား ဆာမောင် လပော" ဟု ခေါ် ဆိုလေသည်။ ထိုပညတ်ချက်နှစ်မျိုး၏ အနက်အဓိပ္ပာယ် ထင်ရှားပေါ် လွင်စေရန် အောက်ပါအတိုင်း ရေးသားဖော်ပြထားသည်။

## ခလုံးဆိုင်းအကြောင်း ယူဆချက်

ခလုံးဆိုင်း ဆိုသောအရာသည် ဗမာအခေါ် အားဖြင့် "ကျိုတ်"ထွက်ခြင်းကို ဆိုလိုသည်။ ပိုးကရင်လူမျိုးတို့ ခေါ် ဆိုကြရာ၌ (ခွံးဆာင်းသ္ဘာ ခွံးဆာင်း ဏဲဖ့ဟ်သာ ခွံးဆာင်း ဆံင်ႋအ့်ဖောဟ်) ဟုခေါ် ဆိုကြသည်။ ကျိုတ် ဟူသည်မှာ နိမိတ်ပေါ် ခြင်း နိမိတ်အထူးပြခြင်းကို ဆိုလိုသည်။ နေထွက်ခါစအချိန်နှင့် နေဝင်ခါစအချိန်တွင် ထွက်လေ့ရှိသည်။ နံနက်အခါ နေအရှေ့ဘက်အရပ်မှနေ၍ အနောက်အရပ်ဘက်မှာ ပေါ် လာသောကျိုတ်၊ ညနေအခါ နေက အနောက်ဘက်ကနေ၍ အရှေ့ဘက်အရပ်သို့ ပေါ် လာသောကျိုတ်၊ ညနေဆည်းဆာ မှောင်ရီဖျိုးဖျအချိန်တွင် အရပ် ၄ မျက်နှာလုံး ထွက်ပေါ် လာသော ကျိုတ်ဟူ၍ ဆို၏။ ကျိုတ်ထွက်ခြင်းနှင့် နိမိတ်ဖြစ်ပေါ် လာပုံက မင်းဆိုးမင်းယုတ် အနိစ္စရောက်ချိန်၌ ထွက်ပေါ် ခြင်း၊ နိုင်ငံတော်ပျက်စီးယိုယွင်းလာမည့် အခြေအနေကြောင့် ထွက်ပေါ် လာခြင်း၊ မိစ္ဆာကောင်များ သောင်းကျန်းလာသည့် အခါ ထွက်ပေါ် ခြင်းစသည်အဖြစ်မျိုး ကြုံရသည်ဟု ဆိုလေသည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်းက အရပ်လေးမျက်နှာလုံး ကျိုတ်ထွက်ခြင်းကြောင့် ဖက်ဆစ်ဂျပန်များ မြန်မာနိုင်ငံကို ဝင်ရောက်သိမ်းပိုက်သွားသည်ဟု ဘိုးဘွားတို့ အဆို ရှိကြသည်။ ရှေးကရင်လူမျိုးတို့သည် ကျိုတ်ထွက်ပေါ် လာခြင်းကို အလွန်အမင်း ထိတ်လန့်ကြသည်။ စာရေးသူငယ်စဉ်က ရွာနားရှိ လယ်ကွင်းပြင်ထဲတွင် ဆော့ကစားနေရင်းအချိန်၌ ကျိုတ်ထွက်ပေါ် လာသည်နှင့် ကြုံတွေ့ခဲ့ဖူး၏။ ကျိုတ်ထွက်ပေါ် ခြင်းကြောင့် လယ်ရှင်နှင့် ကောက်ရိတ်သမားများ ရုတ်ရုတ်သဲသဲ ဖြစ်လာကြပြီး တချို့က ပျာယီးပျာယာနှင့် ရွာထဲသို့ ပြန်သွားကြသည်။ စာရေးသူနှင့် အပေါင်းအသင်းတို့သည်လည်း ကြောက်ကြောက်လန့်လန့် နှင့် ရွာထဲသို့ ပြေးဝင်သွားကြရသည်။ စာရေးသူငယ်စဉ်က ကျိုတ်ထွက်နိမိတ်ပြခြင်းနှင့် ပတ်သက်၍ အများအပြား ယုံကြည်ကြသေးကြောင်း တွေ့ရှိရသည်။

ရှေးဘိုးဘွားတို့အဆိုအရ ကျိတ်ထွက်ပေါ်လာခြင်းသည် ဘေးအန္တရာယ် တစ်မျိုးတစ်မည် ကျရောက်လာနိုင်၏။ ရှေးလူတို့ အဆိုအရ ကျိတ်ထွက်ပေါ်ချိန်၌ မကောင်းဆိုးဝါး မိစ္ဆာများ ကိုယ်ယောင်ထင်ပြ၍ လူကိုဒုက္ခပေး၏။ အချို့က အစအန ရှာမရအောင် ပျောက်ဆုံးသွားသူလည်း ရှိသလို အသေဆိုးနှင့် ကြုံရသူလည်း ရှိကြသည်ဟု ရှေးအဆိုတစ်ရပ် ရှိခဲ့ကြလေသည်။

ထို့ကြောင့် ကျိတ်ထွက်ပေါ်လာပါက မိစ္ဆာအမျိုးမျိုး ထင်ပေါ်လာတတ်သောကြောင့် ခလုံးဆိုင်းခေါ် ကျိတ်ထွက်ပေါ်ချိန်၌ ဘယ်သူဘယ်ဝါကိုမှ မယုံကြည်ကြပါလေနှင့်။ သတိရှိရှိနှင့်နေကြပါဟု ရှေးဘိုးဘွားတို့က သားသမီးတို့ကို အသိသတိပေးသောအနေဖြင့် ဤတားမြစ်ချက်ကို ထားရှိကြလေသည်။

## စမောင်း(ခေါ်)ဆာမောင်အကြောင်း ယူဆချက်

ကရင်လူမျိုးတို့ အဆိုရှိခဲ့သော ဆာမောင်သည် မွန်လူမျိုးတို့က "စမောင်" ဟူ၍ လည်းကောင်း၊ "ရက္ခ"ဟူ၍လည်းကောင်း ခေါ်ဆိုကြသည်။ မလေးလူမျိုးတို့က လည်း စမောင်းကို မွန်လူမျိုးနည်းတူ "စမောင်း" ပင် ခေါ်ဆိုကြသည်။ စမောင်းတို့သည် အရပ်ပု၍ အသားမည်း၏။ တုတ်ခိုင်သန်မာပြီး ဆံပင်လိုင်းထနေသကဲ့သို့ တွန့်လိမ်သည်။ နှာခေါင်းပြား၍ အမွေးအမှင်ထူသည်။ ရှေးကျသော နီဂရိုးအနွယ် ကပ္ပလီလူမျိုးစုလည်း ယူဆကြသည်။

စမောင်းတို့သည် မုတ္တမ ပင်လယ်ကွေ့ ပေါ်စအချိန်၌ ကမ်းရိုးတန်းတစ်လျှောက်တွင် မှီတင်းနေထိုင်သော လူမျိုးစုတစ်စုဖြစ်သည်။ သမိုင်းခေတ်ဦးကာလလောက်တွင် ကရင်လူမျိုးတို့သည် မြန်မာနိုင်ငံအရှေ့တောင်ဘက်ရှိ သံလွင်မြစ်ဝှမ်းတစ်လျှောက်နှင့် စစ်တောင်းမြစ်ဝှမ်းတစ်လျှောက်တွင် လှုပ်ရှားရွှေ့ပြောင်းနေထိုင်ခဲ့ကြသည်။

ထိုအချိန်၌ ထိုဒေသတွင် မွန်လူမျိုးတို့ မရောက်မီ ရှေးဦးစွာ ဝင်ရောက်နေထိုင်သော လူမျိုးများကား ဆလုံ၊ မလေး၊ စမောင်းတို့နှင့် ကရင်တောင်သူ လူမျိုးများပင် ဖြစ်ကြသည်။ ယင်းလူမျိုးတို့သည် လွန်ခဲ့သော နှစ်တစ်သောင်းခန့်ကပင် ကျောက်ခေတ်လူသားအဖြစ် နေထိုင်ခဲ့ကြသည်ဟု ဆိုသည်။

ထိုခေတ် လူရိုင်းတို့သည် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် အနိုင်ယူတိုက်ခိုက်ကြရာ အမျိုးမတူပါက ဖမ်းဆီး၍ သတ်စားခဲ့ကြသည် ဟု မွန်ပါဒသမိုင်း၌ ရေးသား ဖော်ပြထားသည်။ ရက်စက်ကြမ်းကြုတ်သော စမောင်းတို့သည် တစ်ခြားလူမျိုးတို့နှင့် သင့်မြတ်မှု ဆက်ဆံမှု မရှိချေ။ လစ်ရင်လစ်သလို ချောင်းမြောင်း တိုက်

ခိုက်တတ်၏။ မကြာခဏ အသက်အိုးအိမ်စည်းစိမ်များ ဝင်ရောက် ဖျက်ဆီးတတ်သော စမောင်းတို့၏ ရန်ကြောင့် ဆလုံလူမျိုး၊ မလေးလူမျိုးတို့နှင့် တချို့ ကရင်လူမျိုးစုတို့သည် မုတ္တမပင်လယ်ကွေ့ တောင်ပိုင်းဒေသများသို့ တရွေ့ရွေ့ ပြောင်းရွှေ့သွားကြသည်ဟု ဆိုသည်။ မွန်လူမျိုးတို့ ဝင်ရောက်လာသည့်ကာလ၌ သုဝဏ္ဏဘူမိ သထုံပြည်တွင် ဘီလူးများ မကြာခဏ ဝင်ရောက်နှောင့်ယှက်ကြောင်း ရေးသားဖော်ပြထားသည်။

အဆိုပါ ဘီလူးများသည် စမောင်းကို ရည်စူးရေးသားဖော်ပြချက်များပင်ဖြစ်သည်။ သာသနာ သက္ကရာဇ် (၂၃၅)၊ ဘီစီ (၃၀၉) ခု ၌ အရှင်သောဏနှင့် အရှင်ဥတ္တရ ထေရ်ကြီးနှစ်ပါးသည် နောက်လိုက်နောက်ပါ ထေရ်ငယ်သုံးပါးနှင့်အတူ သုဝဏ္ဏဘူမိသို့ သာသနာပြုရန် ကြွရောက်ရာတွင် ထေရ်မြတ်တို့က မနုဿသီဟရုပ်ကိုဖန်ဆင်း၍ ယင်းရေဘီလူးတို့ကို နှိမ်နင်းခဲ့ရကြောင်း သမိုင်း၌ဖော်ပြထားသည်။ ဤဖော်ပြချက်အရ တစ်ချိန်က ကရင်လူမျိုးတို့သည် စမောင်း(ခေါ် ) ရေဘီလူးတို့နှင့် တကယ် ရင်ဆိုင်ခဲ့ရကြောင်း သာဓက အထောက်အထား တစ်ရပ်ပင် ဖြစ်သည်။ စမောင်းလူရိုင်းတို့သည် မျက်စိအလွန်လျင်၍ ဖျတ်လတ်သွက်လက်သည်။ အခြားအုပ်စုကို တိုက်ခိုက်ရာ၌ ပရိယာယ်အမျိုးမျိုးနှင့် ဟန်ဆောင် လှည့်စားသည့် အတတ်များရှိသည်။ ကျေးငှက်တို့၏ တွန်ကျူးသံ၊ သားရဲတိရစ္ဆာန်တို့၏ မြူးထူးသံတို့ကို တုပြီး ထင်ယောင်ထင်မှားဖြစ်အောင် မှူးခေါ် တတ်၏။ အုပ်စုချင်း အချက်ပေး ခေါ် သံမျိုးကိုလည်း ဆင်တူရိုးမှားပြုကာ မြူဆွယ်သွေးဆောင်၍ တိုက်ခိုက် သတ်ဖြတ်လေ့ရှိသည်။ ထိုနည်းဖြင့် စမောင်းရေဘီလူးတို့၏ လှည့်ဖြားမှုကြောင့် အုပ်စုတချို့ အသေအပျောက်များနှင့် ရင်ဆိုင်တွေ့ကြုံကြရသည်။

ဤအဖြစ်ဆိုးကြောင့် ကရင်လူမျိုးသည် ဆွေမျိုးအုပ်စု ဘဝ မနစ်မွန်းရလေအောင် "ဏယ်ဘားဆာမောင်လပော - စမောင်းတို့၏ အပြုအမူကို မယုံကြည်ကြပါလေနှင့်" ဟူသော တားမြစ်ချက်တစ်ရပ် ဖြစ်ပေါ် လာခဲ့လေသည်။

## သွခွတ်လွန့်ထိုင် အောဘားလပေ
## အဓိပ္ပာယ်ကောက်နုတ်ချက်

"သွခွတ်လွန့်ထိုင်"ဆိုသောအရာသည် မကောင်းသောနေရာဌာနအဖြစ် ခံယူထားကြသည်။ ဆိုလိုသည့်အချက်ကို အဓိပ္ပာယ်ရှင်းအောင်ဖော်ပြပါက "သွခွတ်" က တစ်ကဏ္ဍ၊ "လွန့်ထိုင်"က တစ်ကဏ္ဍ၊ တစ်သီးတစ်ခြား ဖော်ထုတ်ရပေသည်။

"သွခွတ်"ဆိုသော အဓိပ္ပာယ်မှာ သုသာန်သင်္ချိုင်း လူသေသင်္ဂြိုဟ်ရာအရပ်ကို ဆိုလိုသည်။ "လွန့်ထိုင်"၏ အဓိပ္ပာယ်ကား မျိုးနွယ်၏ အစဉ်အလာဓလေ့အရ သေသူ၏ အရိုးအိုး အထုပ်တို့ကို သီးသန့်ထားရှိရာ ဌာနကိုဆိုလိုသည်။ လွန့်ထိုင်သည် သေသူတို့၏ ဝိညာဉ်ဌာနတစ်ခုအဖြစ် သတ်မှတ်ထားကြသည်။

## အောဘား သွခွတ် လပေ ယူဆချက်

ကရင်လူမျိုးတို့သည် ရှေးအခါက လူသေမြှုပ်နှံရာ နေရာတစ်ခု သီးသန့် သတ်မှတ်ထားခြင်း မရှိခဲ့ပေ။ လူတစ်ဦး သေဆုံးပါက ထိုသေသူ၏ အိမ်အနီးအနား တစ်ဝိုက်၌သာ သင်္ဂြိုဟ်မြှုပ်နှံလေ့ရှိကြသည်။ ရှေးကရင်လူမျိုးတို့သည် လူသေ မြှုပ်နှံရာ ဌာနတစ်ခုကို အတိအကျ သတ်မှတ်ထားခြင်း မရှိခဲ့ကြ။ နောင်တွင် မင်းပြစ်မင်းဒဏ်သင့်သူဟူသမျှကို တစပြင်သို့ခေါ်ဆောင်သွားကာ လည်ကိုဖြတ်၍ ရက်ရက်စက်စက် ကွပ်မျက်ကြလေသည်။ ဤသို့ လည်ဖြတ်ကွပ်မျက် သတ်ဖြတ်သည့်နေရာ တစပြင်ကို အစွဲပြု၍ "သွခွတ်" ဟု ခေါ်တွင်လာခဲ့ကြသည်။

"သွခွတ်" အဓိပ္ပာယ်ထင်ရှားပြပါက "သွ" စကားလုံးသည် ဗမာအခေါ်ဖြင့် ပိုင်းဖြတ်သည်။ "ခွတ်" စကားလုံးကား "လည်ကုပ်"ကို ဆိုလိုသည်။ အဓိပ္ပာယ် အပြည့်အစုံမှာ လည်ကုပ်ကို ပိုင်းဖြတ်သည်ဟု ဆိုလိုသည်။ သွခွတ် အစဉ်အလာ ခေါ်ဝေါ်မှုကို အခြေခံ၍ ရှေးကရင်လူမျိုးတို့ ဘဝ နေထိုင်မှု အခြေအနေသည် အလွန် ဆိုးဝါးသည့်အဖြစ်များ သိသာထင်ရှားလေသည်။ ရှေးက ထိုအဖြစ်မျိုးတို့ကို ကောက်နုတ်၍ ဝိညာဉ် လက်ချည်ရာတွင် ထည့်သွင်းရွတ်ဆိုလာခဲ့ကြသည်။ ကရင်လူမျိုးတို့ ဝိညာဉ် လက်ချည် ဆုတောင်းကြရာ၌ တားမြစ်ချက်စကားတို့သည် တစ်ခါတည်းနှင့် ထည့်သွင်းရွတ်ဆိုလာခဲ့ကြသည်မဟုတ်။ ကျောက်ခေတ်၊ ကြေးခေတ်နှင့် ပဒေသရာဇ်

ခေတ် စသည့် ခေတ်အဆက်ဆက်တို့၌ အမျိုးမျိုး အဖုံဖုံကိုလည်း ဆုံတွေ့ ရင်ဆိုင် ခဲ့ရသည်။

သူ့ခေတ် သူ့ကာလနှင့်အတူ ဖြစ်ပေါ်လာခဲ့သော ဘဝအခြေအနေဆိုး အမျိုးမျိုးတို့ကြောင့် တစ်ခေတ်ပြီး တစ်ခေတ် ရင်ဆိုင်ကြရလေတိုင်း ပညတ်ချက်များ ထားရှိလေသည်။ "အောဘား သွခွတ် လဟေ" တားမြစ်ချက် စကားကို သူ့ခေတ် ကာလနှင့် ချင့်ချိန်ညှိနှိုင်းကြည့်ပါက ပဒေသရာဇ်မင်းတို့ စိုးမိုးအုပ်ချုပ်သော ကာလ တွင် ဖြစ်ပေါ်လာခဲ့သည်ဟု ယူဆ နိုင်သည်။ အဘယ့်ကြောင့်ဆိုသော် ထိုခေတ်ကာလ တွင် တောရပ်ဒေသ၌ နေထိုင်ကြကုန်သော လူမျိုးစုတို့ကို သူပုန် သူကန် ခိုးသား ဓားပြ အထင်အမြင် အမျိုးမျိုးဖြင့် စွပ်စွဲ၍ ကွပ်မျက်တတ်ကြသည်။

ပဒေသရာဇ်မင်းတို့သည် အာဏာတည်မြဲရေးအတွက် စစ်ပွဲတွင် ဖမ်းဆီး ရမိသော သုံ့ပန်း သုံ့ရ တို့ကို သုသာန်တစပြင်သို့ ခေါ် ဆောင်ကာ အမျိုးမျိုး ညှဉ်းဆဲ၍ သတ်ဖြတ်ကြသည်။ ဤဆိုးရွားသော ပဒေသရာဇ်မင်းတို့၏ လောင်းရိပ်အောက်၌ နေရ ခြင်းသည် သုသာန်တစပြင်တွင် နေရတာနှင့် အတူတူပင် ဖြစ်သည်ဟု ရှေးဘိုးဘွား တို့ ဆိုစမှတ် ရှိခဲ့ကြသည်။ ယင်းကြောင့် ရှေးကရင်လူမျိုးတို့သည် ပဒေသရာဇ် မင်းဆိုး တို့၏ လောင်းရိပ်အောက်တွင် ရှောင်နိုင်သမျှ ရှောင်သွားကြသည်။ ထို အကြောင်း ကြောင့် ရှေးဘိုးဘွားတို့က သားသမီးများအား မင်းပြစ်မင်းဒဏ်မှ လွတ်ကင်းစေရန် ရည်ရွယ်ချက်ဖြင့် သွခွတ် ဆိုသော နေရာမျိုးကို မရောက်ရပါစေနှင့်၊ မနေရပါစေနှင့်၊ ဤသို့ ဝိညာဉ်လက်ချည်ရာ၌ ဆုတောင်းပေးကြလေသည်။

## အောဘား လွှန့်ထိုင် လဟေ အကြောင်း

ကရင်လူမျိုးတို့သည် သေသူအလောင်းကို မီးသင်္ဂြိုလ်ပြီး ကြွင်းကျန်သော အရိုးများကို ပြန်ကောက်ကာ အလှူဒါန ပြုပေးကြသည်။ တချို့က မီးသင်္ဂြိုလ်ခြင်း မပြုဘဲ ရှေးဦးစွာ မြေမြှုပ်ထားကြပြီး အနည်းဆုံး တစ်နှစ်အတွင်း ထားရှိကြပြီး သို့ မဟုတ် အကန့်အသတ်မရှိ စီးပွားရေး အဆင်ပြေရှိကာမှ သေသူအလောင်းကို ပြန် လည်ဖော်ထုတ်ကာ မီးသင်္ဂြိုလ်၍ အရိုးကောက်ပွဲ ပြုလုပ်ကြသည်။ ဆွေမျိုးရင်းချာ တချို့က မီးသင်္ဂြိုလ်ပြီး အရိုးမကောက်ရသေးလျှင် တစ်ကြိမ်တည်း တစ်ပြိုင်တည်း စုပေါင်း၍ အရိုးကောက်ပွဲ ပြုလုပ်တတ်ကြသည်။ ကရင်လူမျိုးတို့ ပြုရမြဲရှိသည့် ရိုးရာ ဓလေ့အနက် အရိုးကောက်ပွဲဓလေ့တစ်ရပ်လည်း ပါဝင်လေသည်။ သေလွန်သူကို မီးသင်္ဂြိုလ်ပြီး အရိုးကို ကောက်ယူ၍ အလှူအတန်းကိစ္စပြီးသောအခါ အရိုးတောင်သို့ ပြန်၍ပို့ရသောဓလေ့ ဖြစ်သည်။ အရိုးတောင်ကို ပိုးကရင်အခေါ်အားဖြင့် လွှန့်ထိုင်

(လံင့်ထါ်)ဟူ၍ ခေါ်လေသည်။ "လွန့်ထိုင်" အခေါ်အဝေါ်စကားသည် အဓိပ္ပာယ်မပေါ်လွင်၍ လွန့်ထိုင် လာထိုင်(လံင့်ထါ်လာထါ်) စကားဖို စကားမနှင့် တွဲကြည့်ပါက "လာထိုင်" ဆိုသော ဝေါဟာရ စကားသာလျှင် အဓိပ္ပာယ်ရှိသည်ဟု ယူဆရသည်။

"လာထိုင်"၏ အဓိပ္ပာယ်က ဝိညာဉ်ဌာနပင်ဖြစ်သည်။ သေသူ၏အရိုးထုပ်ကို အရိုးတောင်သို့ ပို့တော့မည် ဆိုပါက ဆွေမျိုးညာတိများနှင့် သူငယ်ချင်းမိတ်ဆွေများက သေသူအား နောက်ဆုံးအနေဖြင့် အစားအသောက်များကို ကျွေးမွေးကြရသည်။ ကျွေးမွေးပြီးနောက် ယောက်ျားကြီး ၃ ယောက် သို့မဟုတ် ၅ ယောက် မဂဏန်းဖြင့်ယူရသည်။ ထိုအရိုးထုပ်ကိုယူ၍ အရိုးတောင်သို့ ပို့ရသည်။ အရိုးတောင်သို့ ရောက်သောအခါ ဦးဆောင်သူတစ်ဦးက ဤသို့မိန့်ကြားရသည်။ "ကွယ်လွန်သူဖလူးတို့… ယနေ့သင့်တို့၏ ညှော့သည်တစ်ယောက်ကို လာရောက်ပို့ဆောင်ပါသည်။ သင်တို့၏ မြို့တံခါးကို ဖွင့်ပေးပါလော့။ သင်တို့၏ ခွေးများအန္တရာယ် ပြုတတ်သောအကောင်များရှိလျှင် ထိန်းထားပေးပါ" ဟူ၍ ပြောဆိုတိုင်ကြားရလေသည်။ ထိုသို့ အရိုးတောင်သို့ ဝင်ရောက်ပြီး အသင့်ဆောက်လုပ်ထားသော အရိုးစင်ဝါးအိမ်ကလေးပေါ်တွင် အရိုးထုပ်ကို တင်ထား လိုက်သည်။ နောက်ဘဝတွင် စားသောက်ရန် စားဖွယ်သောက်ဖွယ် ထမင်းဟင်း၊ အရက်၊ ကွမ်း၊ ဆေး၊ ရေများနှင့် အလုပ်လုပ်နိုင်ရန် ဓားမတစ်ချောင်းကိုပါ ထားပေးခဲ့ကြောင်း ပြောကြားရသည်။ အပြန်လမ်းခရီးတွင် မှတ်သားရလွယ်သော သစ်ပင်ကြီးတစ်ပင် ရှေ့သို့ရောက်သည့်အခါ သေသူဝိညာဉ်အား မိမိတို့နောက်ကို ဆက်၍ မလိုက်ရန်နှင့် ထိုသစ်ပင်ကိုကျော်၍ မလာရန် ပြောရသည်။ အရိုးတောင်ပို့ပြန်လာသူတို့သည် မိမိအိမ်သို့ပြန်လည် ရောက်ရှိလာကြသောအခါတွင် သေဆုံးသူ၏ အိမ်သူအိမ်သားနှင့်တကွ ဝိညာဉ်လိပ်ပြာခေါ်ခြင်း ဓလေ့ကိုပြုလုပ်ကြရသည်။

ဤသို့ပြုလုပ်ရခြင်းသည် အရိုးတောင်သို့ အရိုးပို့သူတို့သည် မိမိတို့ ဝိညာဉ်များ အရိုးတောင်သို့ ကျန်ရစ်နေသွားမည်ကို စိုးရိမ်ခြင်းဖြင့် လက်ချည်ခြင်း အမှုကိုပြုလုပ်ကြရသည်။

ဤသည်တွင် "အောဘား လွန့်ထိုင် လဟေ" ဆိုသော တားမြစ်ချက် စကားတစ်ရပ်ကို ရှေးလူကြီးတို့က ထားရစ်ကြလေသည်။

ဤ ၈ မျိုးသော ရှေးဘိုးဘွားတို့၏ တားမြစ်ချက် စကားတို့သည် တန်ဖိုးကြီးမားလှသော အမွေအနှစ်များပင် ဖြစ်သည်။ ရှေးဘိုးဘွားတို့သည် မိမိတို့အမျိုးအနွယ်ကို တန်ဖိုးထားကြ၏။ ထိုကဲ့သို့ တန်ဖိုးထား ရှိကြသည့်အတိုင်း မိမိတို့အမျိုးအနွယ်တို့ကို သူစိမ်းတရံဆိုသော လူမျိုးခြားတို့၏ သွေးဆောင်ဖြားယောင်း ဝါးမျိုခြင်းဘေးမှ ရှောင်ကြဉ်စေလိုခြင်း၊ မျိုးနွယ်စုအသက်ဘေး အန္တရာယ်တို့မှ ကာကွယ်စေခြင်း၊

ခေတ်ဆိုးစနစ်ဆိုးအောက်မှ မနေစေလို မခံစားစေလိုခြင်း စသော ထိုဘေးအပေါင်းတို့မှ လွတ်မြောက်စေလိုသော ဆန္ဒဖြင့်တားမြစ်ချက်တို့ကို ထားရှိကြသည်ကို တွေ့ရသည်။

ရှေးကရင်လူမျိုးတို့၏ ထုံးတမ်းဓလေ့တို့သည် အမျိုးသားရေးအတွက် ညီညွတ်စေလိုခြင်း၊ ခွဲခွဲခြားခြား မဖြစ်စေလိုခြင်း စသော ရှေးဘိုးဘွားတို့ လိုအင်ဆန္ဒအာသီသ တစ်ရပ်ပင်ဖြစ်သည်။ ယနေ့ မျက်မှောက်ခေတ် ကရင်လူမျိုးတို့၏ စည်းလုံးညီညွတ်မှုကို ပျက်ပြားစေသည့် လူမျိုးရေးခွဲခြားမှု၊ အဖွဲ့အစည်းခွဲခြားမှု၊ ဘာသာရေးခွဲခြားမှု တို့ကြောင့် အမျိုးသားရေးစိတ်ဝမ်းကွဲကြရသည်ကို မျက်မြင်ကိုယ်တွေ့ပင်ဖြစ်သည်။ မညီညွတ်သောကာလ၌ အစိတ်စိတ်အမြွှာမြွှာကွဲရာမှ မည်မျှအောက်တန်းကျခဲ့ရသည်ကို သင်ခန်းစာရရှိစေရေးအတွက် မျိုးသက်မကျိုင်စာအုပ်ကို ဖတ်ရှု၍ သတိတရားရယူကြပြီး စစ်မှန်သောမျိုးချစ်စိတ်ကို တည်ဆောက်ကြပါစို့။

မန်းနဲကံ(ဖာသိမ်)

၁၃၇၈ ခုနှစ် နတ်တော်လပြည့်နေ့တွင် အဆုံးသတ်သည်။

## မှီငြမ်းကိုးကားထားသောကျမ်းများ

၁။ တွင်းသင်းမြန်မာရာဇဝင်သစ်(ပထမတွဲ)

၂။ ရခိုင် ဗမာ တလိုင်း သုံးတိုင်းရာဇဝင်ချုပ်ကျမ်းကြီး

၃။ မြန်မာ့နိုင်ငံရေးသမိုင်း(ပထမတွဲ)

၄။မြန်မာနိုင်ငံတော်သမိုင်း(ဗိုလ်မှူးဘရှင်)

၅။ အနော်ရထာအရင်က မြန်မာနိုင်ငံတော်(ဗိုလ်မှူးဘရှင်)

၆။ ဒို့နိုင်ငံတော် (အရှင် သံဝရာလင်္ကာရ)

၇။ တိုင်းရင်းသား နယ်ချဲ့ဆန့်ကျင်ရေးသမိုင်း

၈။ မွန်သမိုင်း၏ ပုံရိပ်များ (နိုင်ခင်မောင်လေး)

၉။ မွန်တို့ဌာနေ ရာမည (မာမက-သုတေသီ)

၁၀။ ဦးကုလား မဟာရာဇဝင်ကြီး (ဒုတိယတွဲ တတိယတွဲ)

၁၁။ မြန်မာ့စွယ်စုံကျမ်းများ

၁၂။ မြန်မာအဘိဓာန်

၁၃။ ကရင်ရာဇဝင် (ဦးပညာ)

၁၄။ မြန်မာတိုင်းရင်းသား ယဉ်ကျေးမှု ရိုးရာဓလေ့များ

၁၅။ မြန်မာပြည်ချစ် ကရင်အမျိုးသားခေါင်းဆောင်များ (မောင်စင်ကြယ်)

၁၆။ ကရင့်တော်လှန်ရေးသမိုင်း (ဖူးစကောလယ်တော)

၁၇။ အရှေ့ပိုးကရင် ( မန်းသင့်နောင်)

၁၈။ ကရင်အမျိုးသား လက်ရစ်ချည်လိပ်ပြာခေါ်ခြင်း ရိုးရာဓလေ့ (မန်းသင့်နောင်)

၁၉။ သစ္စာတိုင်ဓူဝေ (မာန်နဲစံ - ဘားအံ)

၂၀။ ထိုင်းနိုင်ငံ ကရင်ရာဇဝင်သမိုင်း (မာန်နဲပုညာ)

၂၁။ ဖွဲကပင်ဆံတောင်ရှင်သမိုင်း (ဘဒ္ဒန္တ ကဝိဓဇ)

၂၂။ ကမ္ဘာပတ်၍ ဘုရားရှာဖွေခြင်း ( မာမက - သုတေသီ ဦးစိန်ထွန်း)

၂၃။ သေသည်၏ အခြားမဲ့၌ (ဦးအေးမောင်၊ ဦးဝင်းမောင်)



စာအုပ်ထုတ်ဝေရန် တိုင်ပင်ဆွေးနွေးစဉ် (၆၊ ၆၊ ၂၀၁၇)
မန်းနဲကံ(ဖာသိမ်)၊ ဦးသောဘန(ခလယ်တံခွန်တိုင် ဇီးဖြူကုန်းကျောင်း)၊ စောယောင့်သာအဲဆန်



စာအုပ်ထုတ်ဝေရန် တိုင်ပင်ဆွေးနွေးစဉ် (၂၃၊ ၄၊ ၂၀၁၈)
ဦးနိမာလဗုဒ္ဓိ(ကျောက်အင်းကျောင်း)၊ ဦးဥတ္တမသာရ(နွတ်အောက်ကျောင်း)၊
ဦးသောဘန(ခလယ်တံခွန်တိုင် ဇီးဖြူကုန်းကျောင်း)၊ မန်းနဲကံ(ဖာသိမ်)၊ စောယောင့်သာအဲဆန်

## စာပေဒါန

| | | |
|---|---|---|
| ၁။ | ဦးဆန္ဒ(မရင်းကုန်းကျောင်း) | ၅၀၀၀၀ |
| ၂။ | ဦးတေဇိန္ဒ(ဖာသိမ်အရှေ့ကျောင်း) | ၅၀၀၀၀ |
| ၃။ | ဦးသုန္ဒရ(ညောင်းကုန်းကျောင်း) | ၅၀၀၀၀ |
| ၄။ | ဦးအဂ္ဂဝံသ(တောင်ကလေးကျောင်း) | ၃၀၀၀၀ |
| ၅။ | နဲဟန်စိန်(မိကာသစ်ရွာမကျောင်း) | ၁၀၀၀၀ |
| ၆။ | ဦးအာဇိန္ဒ(ရွာသစ်ကုန်းကျေ) | ၃၀၀၀၀ |
| ၇။ | ကျိုက်ထော်ဦးဣန္ဒက | ၂၆၀၀၀ |
| ၈။ | ဦးကုမာရ(မိခွမ်းကျောင်း) | ၁၃၀၀၀ |
| ၉။ | ဦးပညာဝံသ(ဖာသိမ်ကမ်းနား) | ၁၀၀၀၀ |
| ၁၀။ | ဦးမင်္ဂလိတ(ဖာသိမ်တောင်ကလေး) | ၁၀၀၀၀ |
| ၁၁။ | ဦးဝိသုဒ္ဒ(ငါးဖယ်ချောင်းတောင်ပေါ်ကျောင်း) | ၅၀၀၀ |
| ၁၂။ | အရှင်နန္ဒိယ(ဖာသိမ်ရွာသစ်ကုန်းကျောင်း) | ၅၀၀၀ |
| ၁၃။ | ဦးအဂ္ဂ(ထခနိမ်းကျောင်း) | ၅၀၀၀ |
| ၁၄။ | မစန္ဒာမာလာ(ဖာသိမ်တောင်ကလေးကျောင်း) | ၅၀၀၀ |
| ၁၅။ | ဒေါ်ကစ္စနရုံသီ(ဖာသိမ်တောင်ကလေးကျောင်း) | ၅၀၀၀ |
| ၁၆။ | မူးဝါဆရာတော် | ၂၀၀၀၀ |
| ၁၇။ | ကျောက်အင်းကျောင်းဆရာတော် | ၂၀၀၀၀ |
| ၁၈။ | ကော့ခလောက်ကျောင်းဆရာတော် | ၃၀၀၀၀ |

| | | |
|---|---|---|
| ၁။ | ဦးခင်ကြည်+ဒေါ်အုံးသင် | ၁၀၀၀၀ |
| ၂။ | မခင်မြင့် | ၁၀၀၀၀ |
| ၃။ | စောမိုးကျော်ကျော် | ၂၀၀၀၀ |
| ၄။ | ဦးနဲရောင် | ၁၀၀၀၀ |
| ၅။ | ဒေါ်အုန်းမြင့်+ဦးဘငွေ မိသားစု | ၂၀၀၀၀ |
| ၆။ | ဦးသူမောင်+ဒေါ်မုဟိုင် မိသားစု | ၁၀၀၀၀ |
| ၇။ | ဦးသောင်းညွန့် +ဒေါ်မြသွေး မိသားစု | ၁၀၀၀၀ |
| ၈။ | ဦးအေးဝင်း+ ဒေါ်ရွှေ မိသားစု | ၁၀၀၀၀ |
| ၉။ | ဒေါ်မုဖော် မိသားစု | ၁၀၀၀၀ |
| ၁၀။ | ဖိုးအကျော်+ဘွားမြမြ | ၂၀၀၀၀ |
| ၁၁။ | ဦးကျော်ရင်အေး+ ဒေါ်နောပူပူ | ၁၀၀၀၀ |
| ၁၂။ | ဦးရွှေဗျိုင်း+ ဒေါ်နောကီကီ | ၁၀၀၀၀ |
| ၁၃။ | ဦးအပယ်+ ဒေါ်မသောင်းဝင်း | ၁၀၀၀၀ |
| ၁၄။ | ဒေါ်နော်ဒါးဒါး မိသားစု | ၁၀၀၀၀ |
| ၁၅။ | နန်းပြည်တော် | ၁၀၀၀၀ |
| ၁၆။ | ဦးတောလိပ်+ ဒေါ်မကျားမိသားစု | ၁၀၀၀၀ |
| ၁၇။ | ဦးကျော်ပလာ+ဒေါ်မလှထွန်း | ၁၀၀၀၀ |
| ၁၈။ | ဦးအောင်ကြာ+ဒေါ်မအောင်မြင့် | ၁၀၀၀၀ |
| ၁၉။ | ဦးမောင်သိန်း+ဒေါ်စမ်းစမ်းအေး | ၁၀၀၀၀ |

| | | |
|---|---|---|
| ၂၀။ | ဦးအောင်ခလောက်+ဒေါ်ငြိမ်း | ၁၀၀၀၀ |
| ၂၁။ | ဒေါ်မရီသောင်း | ၂၀၀၀၀ |
| ၂၂။ | ဦးရန်နိုင်+ဒေါ်နောပေါင် | ၅၀၀၀၀ |
| ၂၃။ | ဦးလေးမင်း+ဒေါ်ဖွားကြည်ဝင်းသလွဲ | ၅၀၀၀၀ |
| ၂၄။ | နဲဗိန်ကယ်+ဒေါ်လှမြင့် | ၁၁၀၀၀၀ |
| ၂၅။ | ဦးစောဝင်းနိုင်(နယ်ခြားတပ်) | ၂၅၀၀၀ |
| ၂၆။ | နှဲယုးစူးဖဝ့် | ၂၀၀၀၀ |
| ၂၇။ | နှဲဖိုးဦး | ၁၀၀၀၀ |
| ၂၈။ | မာန်နဲခုတ် | ၁၀၀၀၀ |
| ၂၉။ | ဦးကျော်အေး(မိကသစ်) | ၁၀၀၀၀ |
| ၃၀။ | ကျုံဒိုးမြို့နယ် လူငယ်အဖွဲ့အစည်း | ၅၀၀၀၀ |
| ၃၁။ | ဖွဲကပင်ကျော်လေးသမီး နန်းထမုအောင် | ၃၀၀၀၀ |
| ၃၂။ | ဒေါ်မာမာအေး နွတ်မီဝေါ် | ၁၀၀၀၀ |
| ၃၃။ | ဦးစမ်းအေး မိသားစု | ၅၀၀၀ |
| ၃၄။ | ဦးညသြတင် မိသားစု | ၅၀၀၀ |
| ၃၅။ | ဦးလှရွှေ မိသားစု | ၅၀၀၀ |
| ၃၆။ | ဦးဇောတိက | ၅၀၀၀ |
| ၃၇။ | အပျိုကြီး မိသားစု | ၅၀၀၀ |
| ၃၈။ | ဦးဖိုးဇော် မိသားစု | ၅၀၀၀ |
| ၃၉။ | ဦးပနားအွာ+ဒေါ်မပြုံး | ၅၀၀၀ |
| ၄၀။ | ဦးသိန်းနိုင် | ၅၀၀၀ |
| ၄၁။ | ဦးအောင်လှိုင်+ဒေါ်ကျင်သိန်း | ၁၀၀၀ |
| ၄၂။ | ဦးဌေးဌေး+ဒေါ်သိန်းရင် | ၁၀၀၀ |
| ၄၃။ | ကိုတင်ဦး+မသီသီအောင် | ၂၀၀၀ |
| ၄၄။ | ဦးစိန်လင်း+ဒေါ်တင်သောင်း | ၁၀၀၀ |
| ၄၅။ | ဦးကရင်+ဒေါ်မြိုင်ရွှေ | ၁၀၀၀ |
| ၄၆။ | ဦးစိုးဝင်းသန်း+ဒေါ်စန္ဒာဦး | ၂၀၀၀ |
| ၄၇။ | ဦးရွှေဝါထွန်း+ဒေါ်စမ်းသီတာ | ၃၀၀၀ |
| ၄၈။ | ဦးခိုလာ+ဒေါ်မလေး | ၁၀၀၀ |
| ၄၉။ | နန်းဇင်မာထွန်း | ၃၀၀၀ |
| ၅၀။ | နန်းနန္ဒာ | ၁၀၀၀ |
| ၅၁။ | ဦးအမောက်+ဒေါ်သူနော်င် | ၁၀၀၀ |
| ၅၂။ | ဦးကနက်+ဒေါ်ချမူး | ၃၀၀၀ |
| ၅၃။ | နန်းစပယ်လှိုင် | ၂၀၀၀ |
| ၅၄။ | ဦးမောင်ဌေးစိုး+ဒေါ်အေးခိုင် | ၂၀၀၀ |
| ၅၅။ | ဦးမိုတို+ဒေါ်ကြည်မြိုင် | ၁၀၀၀ |
| ၅၆။ | ကိုငြိမ်း+ မနေအောင် | ၁၀၀၀ |
| ၅၇။ | မတင်တင်စိုး | ၁၀၀၀ |
| ၅၈။ | အမည်မသိ | ၂၀၀၀ |
| ၅၉။ | ဦးကျော်အေး | ၁၀၀၀၀ |
| ၆၀။ | မန်းအောင်သာရွှေ+ဒေါ်ဖော့သိန်းထော့ | ၁၀၀၀၀ |

| | | |
|---|---|---|
| ၆၁။ | ဦးမောင်ရွှေယုံ မိသားစု | ၃၀၀၀၀ |
| ၆၂။ | ဦးခိုလာ+ဒေါ်ရင်ကြိုင်မိသားစု | ၁၀၀၀၀ |
| ၆၃။ | ဦးစိုးပိုင်+ဒေါ်နောကြူ | ၃၀၀၀၀ |
| ၆၄။ | ဦးငွေဝင်+ဒေါ်အေးသီတာ | ၂၀၀၀၀ |
| ၆၅။ | ဦးထော်နာ+ဒေါ်ဖာသိမ် | ၅၀၀၀ |
| ၆၆။ | ဦးသက်ဝေ+ဒေါ်ပြုံးအေး | ၁၀၀၀၀ |
| ၆၇။ | ဒေါ်မသန်းလှ | ၅၀၀၀ |
| ၆၈။ | ဒေါ်ဖော်ခလိန်း | ၃၀၀၀ |
| ၆၉။ | ဒေါ်ထူးဝေါ်မိသားစု | ၁၀၀၀၀ |
| ၇၀။ | စောနိုင်စိုး | ၅၀၀၀ |
| ၇၁။ | ဦးမြအောင်+ဒေါ်နန်းအောင်မြ | ၁၀၀၀၀ |
| ၇၂။ | ဒေါ်တသိန်း | ၁၀၀၀၀ |
| ၇၃။ | မုကိုင်းကွန်း | ၂၀၀၀ |
| ၇၄။ | ဦးအေးဝင်း+ဒေါ်နောဝေါ်န | ၅၀၀၀ |
| ၇၅။ | ဦးသိန်းအောင်+နန်းအကူ | ၅၀၀၀ |
| ၇၆။ | ရှူးခလိန်းအွာ | ၂၀၀၀၀ |
| ၇၇။ | စောအေးမြင့်+နန်းဇင်မာကျော် | ၅၀၀၀ |
| ၇၈။ | အနွဲ့ | ၅၀၀၀ |
| ၇၉။ | ဦးစောဆီပူး+ဒေါ်သန်းမြင့် | ၅၀၀၀ |
| ၈၀။ | နော်ဥုးစိုဒ် | ၁၂၀၀၀ |
| ၈၁။ | မန်းတိုင်လုံး(ခ)တာပလီ | ၁၀၀၀၀ |
| ၈၂။ | ဒေါ်မရွှေကြာ | ၅၀၀၀ |
| ၈၃။ | ဒေါ်ဖာလဲမိ | ၅၀၀၀ |
| ၈၄။ | ဒေါ်အနောဝတ် | ၂၀၀၀ |
| ၈၅။ | ဒေါ်အားအေ | ၃၀၀၀ |
| ၈၆။ | ဖိုးစိန်လှ မိသားစု | ၇၀၀၀ |
| ၈၇။ | ဦးအောင်ထူး+ဒေါ်မုတလောင် | ၂၀၀၀၀ |
| ၈၈။ | ဦးကျော်တက်နဲ | ၁၀၀၀ |
| ၈၉။ | ဒေါ်မုအဲထွန့် | ၅၀၀၀ |
| ၉၀။ | ဦးပစ်ခ | ၁၀၀၀ |
| ၉၁။ | ဒေါ်ကြည်အွာ | ၅၀၀ |
| ၉၂။ | ဦးနေဝ+ဒေါ်မကြည်အေး | ၁၀၀၀၀ |
| ၉၃။ | မူးနော် | ၁၀၀၀၀ |
| ၉၄။ | ဦးထွေးလှိုင် | ၅၀၀၀ |
| ၉၅။ | ဦးကြာညို | ၁၀၀၀၀ |
| ၉၆။ | ဦးချစ်ထွန်း+ဒေါ်သိန်းသိန်းမြင့် | ၁၀၀၀၀ |
| ၉၇။ | ဦးကောက်ကောက် +ဒေါ်ခင်ဝင်း | ၅၀၀၀ |
| ၉၈။ | ဒေါ်မုစိန် | ၁၀၀၀၀ |
| ၉၉။ | ဒေါ်မကျောက်ခဲ | ၅၀၀၀ |
| ၁၀၀။ | မန်းနဲခွဲ့ | ၅၀၀၀ |

ကာယ်ဖှိုဝ်   ကာယ်မိင်စးလိုယှော့ဝ်
(ကာယ်ဖလို ကာယ်မိန် ဘားလဟော)

ကာင်လဝ့်   ကာင်ခှဝ်ႉ   ကာယ်စးလိုယှော့ဝ်
(နောင်လော့ နောင်ခလော် ကာယ်ဘားလဟော)

ခှုံးဆာင်း   ဆာမင်   ကာယ်စးလိုယှော့ဝ်
(ခလုံးဆိုင်း ဆာမောင် ကာယ်ဘားလဟော)

သွးခေါဟ်   လံင့်ထဝ်   အှ်စးလာႉယှော့ဝ်
(သွခွတ် လွန့်ထိုင်အောဘားလဟော)

